ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်၊ တနင်္ဂနွေနေ့ (20-10-2013) (၇၆၃၉)

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့၌ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့် နေပြည်တော်တစ်ခွင် စည်ကား

နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့သည် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ဖြစ်သည့်အားလျော်စွာ နေပြည်တော်တစ်ခွင်ရှိ ဘုရား၊ ကျောင်းကန်၊ စေတီ၊ ပုထိုးများ၌ ကုသလပုညဆည်းပူးကြသူများဖြင့် စည်ကားသက်ဝင်လှုပ်ရှားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ပရိဝုဏ်နှင့် လိုဏ်တော်အတွင်း၌ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည့် မုဒြာစုံဗုဒ္ဓရုပ်ပွားတော်မြတ်များအား ပန်း၊ ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာတိုင်များ ကပ်လှူပူဇော်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ လိုဏ်တော်အတွင်း၌ ပဉ္စမအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၄၅)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ကျင်းပခဲ့ပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညိုကြသူ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာ ပရိသတ်အပေါင်းတို့ကို စေတနာရှင်၊ ကုသိုလ်ရှင်များက

စာမျက်နှာ ၈ ကော်လံ ၅ သို့



သီတင်းကျွတ်လပြည့်နေ့က နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်းကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး၌ ဝါကျွတ်မြန်မာမှုအစဉ်အလာ မီးပုံးပျံလွှတ်တင်ပွဲကျင်းပ

ထားဝယ် အောက်တိုဘာ ၁၉

ဝါလကင်းလွတ်သီတင်းကျွတ်လသည် မြန်မာတို့၏ ဝါကျွတ်အချိန်အခါဖြစ်ပြီး မြန်မာမှုအစဉ်အလာအရ သီတင်းကျွတ်လပြည့်နေ့တွင် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးရောင်စုံတို့ဖြင့် ပူဇော်ကြသကဲ့သို့ သက်ကြီးရွယ်အို၊ ဘိုးဘွားမိဘ၊ ဆရာသမားများကိုလည်း ပူဇော်ကန်တော့သည့် ဓလေ့များရှိခဲ့ရာ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးဝင်းအတွင်း၌ ရိုးရာအစဉ်အလာမပျက် မီးပုံးပျံများ လွှတ်တင်ပွဲအခမ်းအနား**(ဓါတ်ပုံ)**ကို အောက်တိုဘာ ၁၈ ရက် ညနေ ၆ နာရီက ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များ၊ ဗုဒ္ဓဘာသာနွယ်ဝင် ရဟန်းရှင်လူပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ပူဇော်ကြသည်။

(ကျော်ကျော်လတ်)

ကြေးမုံစာတည်းရှုထောင့် ၂၀-၁၀-၂၀၁၃ (တနင်္ဂနွေနေ့)

ပွင့်လင်းရာသီ ခရီးသွားမည်

မြန်မာနိုင်ငံ၌ ခရီးသွားစရာနေရာများ ပေါများလှသည်။ လည်ပတ်လေ့လာစရာနေရာများ၊ အပန်းဖြေအနားယူစရာနေရာများ ပေါများလှသည်။ ယခုကဲ့သို့ ဝါကျွတ်ကာလ ပွင့်လင်းရာသီမှစ၍ ပြည်ပခရီးသွားဧည့်သည်များသာမက ပြည်တွင်းခရီးသွားများလည်း ပိုမိုလည်ပတ်သွားလာကြသည်။

ထိုနေရာများသို့ ခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာကြသည်မှာ အဆန်းတကြယ် မဟုတ်သော်လည်း ယခုနှစ်တွင်မူ ယခင်နှစ်များထက်စာလျှင် ခရီးသွားဧည့်သည်များ ပိုမိုလာရောက်ကြသည်ဟု ဆိုထားပါသည်။

ပြည်တွင်းခရီးသွားများအတွက် အပန်းဖြေနှင့် ဘုရားဖူးခရီးများပြီး ပြည်ပခရီးသွားများအတွက် ဒေသန္တရ ဗဟုသုတရှာမှီးလေ့လာလိုသူများပါသည်။ ပြည်ပခရီးသည်များသည် မြန်မာတို့၏ လူနေမှုဘဝ ဓလေ့ထုံးစံများနှင့် အံ့ချီးမကုန်သော ရှေးဟောင်းဗိသုကာ အဆောက်အအုံများနှင့် သာယာလှပသော မြန်မာ့ရှုခင်းများကို ဦးစားပေးလေ့လာကြသည်။

ထိုသို့ခရီးသွားလုပ်ငန်း ပွင့်လင်းလာသော အချိန်အခါသမယတွင် မကြာသေးမီက ဖြစ်ပျက်ခဲ့သည့် ဗုံးကွဲ၊ ဗုံးလန့်မှုများကြောင့် ပြည်သူများအထိတ်တလန့်ဖြစ်စေကာ ခရီးသွားလုပ်ငန်းများကို ထိခိုက်မည်လောဟု သို့လော သို့လော တီးတိုးစကားများကို ကြားသိလိုက်ရသည်။

အမှန်တွင် မသမာသူအဖျက်သမားအချို့က မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာလာမှုများ၊ တိုးတက်ဖြစ်ထွန်းမှုများနှင့် အိမ်သာ၍ ဧည့်လာမှုများကို မရှုဆိတ်သောအားဖြင့် ဖျက်လိုဖျက်ဆီး လုပ်ပြကြခြင်းသာဖြစ်သည်။

ယင်းသို့ပြုလုပ်ခဲ့ကြသော်လည်း မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း ထိခိုက်ခြင်းမရှိခဲ့သည်ကို ယနေ့လှည့်လည်သွားလာနေကြသည့် ခရီးသွားလုပ်ငန်းဧည့်သည်များက သက်သေပြလျက်ရှိသည်။ လက်ရှိတွင် ခရီးသွားဦးရေ လျော့နည်းသွားခြင်းမရှိသည့်အပြင် ပြည်တွင်းခရီးသွားများ သာမက ပြည်ပခရီးသွားများပါ ပိုမိုတိုးတက်လာပြီး ပျော်ရွှင်စွာသွားလာနေကြသည်ကို တွေ့ရသည်။

ယင်းသို့ မြန်မာနိုင်ငံတွင် အမှန်တကယ် သွားလာချင်ဖွယ်ကောင်းပုံ၊ အန္တရာယ်မရှိသွားလာနိုင်ကြပုံများကို လူသတင်းလူချင်းဆောင်ကာ သတင်းစကား ပါးကြရမည်ဖြစ်သည်။ အချို့နိုင်ငံများ၏ မြန်မာနိုင်ငံသို့ မသွားကြရန် ပြောကြားချက်များအား အမှန်တကယ်သွားလာနေကြသူများဖြင့် သက်သေထား၍ ချေဖျက်ကြရမည်ဖြစ်သည်။

ထို့ကြောင့် မြန်မာနိုင်ငံတစ်ဝန်း သွားလာလည်ပတ်နေကြသည့် ဧည့်ကောင်းဆောင်ကောင်းများအား ကောင်းမွန်စွာဧည့်ဝတ်ကျေပွန်ကြရမည်ဖြစ်သလို ကူညီစောင့်ရှောက်ပေးကြရမည်ဖြစ်သည်။ ဧည့်သည်များအတွက်အဆင်ပြေလျှင် ပြီးရောဟု သာမန်မျှသာ သဘောမထားဘဲ တာဝန်ရှိသူများက ဧည့်သည်များသွားလာတတ်သည့် နေရာများအားလုံးကို မျက်ခြည်မပြတ်ဂရုစိုက်ကာ လုံခြုံ စိတ်ချအောင် စောင့်ရှောက်ပေးရမည်ဖြစ်သည်။

ဧည့်ကြို၊ ဧည့်လက်ခံနှင့် ဧည့်လုပ်ငန်းနှင့် ဆက်နွယ်သူများသည် ခရီးသွားဧည့်သည်များ စိတ်ပြိုငြင်မှုမရှိအောင်၊ ဆက်ဆံရေးမှအစ ငွေရေးကြေးရေးအဆုံး လျော်ကန်သင့်မြတ်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

အချို့အိမ်ရှင်များအနေဖြင့်လည်း အခွင့်သာလျှင်အခွင့်သာသလို၊ အခြေအနေပေးလျှင် အခြေအနေပေးသလို အခွင့်အရေးရယူဆောင်ရွက်တတ်သော အလေ့အထများကို ရှောင်ရှားကြရမည်ဖြစ်သည်။

လူသတင်းသည် လူချင်းဆောင်သည်ဖြစ်၍ မိမိတို့၏ ကောင်းမွန်နွေးထွေးသော ဆက်ဆံမှု၊ မှန်ကန်သောလုပ်ဆောင်မှုများကို ဖော်ထုတ်ပြသကြရန်၊ ကောင်းသတင်းများဝေဆာအောင် ဆောင်ရွက်ကြရန်နှင့် ပွင့်လင်းရာသီတွင် မြန်မာနိုင်ငံအတွင်း စိတ်အေးချမ်းသာစွာ သွားလာလည်ပတ်နိုင်ရန်တို့အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

ရန်ကုန်-မူဆယ် ကုန်စည်ပို့ဆောင်ခများ မြင့်တက်

ရန်ကုန် အောက်တိုဘာ ၁၉

အောက်မြန်မာပြည်မှ ဖရဲသီးစတင်တင်ပို့မှုရှိလာသဖြင့် ရန်ကုန်-မူဆယ် ဖရဲသီး တစ်တန်ကားခ ကျပ် ၇၀၀၀၀ ဖြစ်လာကြောင်း၊ ဆန်တစ်တန်တင်ပို့ခမှာလည်း အောက်တိုဘာလဆန်းတွင် တစ်တန်ကျပ် ၅၀၀၀၀နှုန်းရှိရာမှ အောက်တိုဘာ ၁၄ ရက်တွင် ကျပ် ၆၀၀၀၀ နှုန်း၊ အောက်တိုဘာ ၁၇ ရက်တွင် ကားခ ၆၂၀၀၀ နှုန်းဖြစ်လာကြောင်း ရန်ကုန်-မန္တလေး-မူဆယ်ကုန်ပို့ကား ဂိတ်မှသိရသည်။

ပဲခူးဒေသ တိုးဂိတ်အနီး သာယာကုန်းကျေးရွာဝန်းကျင် ကားလမ်းမမှ အတွင်းဘက်သို့ ၁၀ မိုင်ခန့်ကွာဝေးသော ဖရဲစိုက်ခင်းများမှ ဖရဲသီးများ မူဆယ်သို့ စတင်တင်ပို့မှုများရှိလာသောကြောင့် ကားခနှုန်းထားများ မြင့်တက်လာခြင်းဖြစ်သည်ဟု သိရသည်။

ရန်ကုန်-မူဆယ် ကားခဈေးတက်သော်လည်း ရန်ကုန်-မန္တလေး ခရီးစဉ်တွင်ကားခ တစ်ပိဿာ ၆၀-၆၃ ကျပ်နှုန်း၊ မန္တလေး-ရန်ကုန် ကုန်တစ်ပိဿာ ကားခ ၃၀-၃၅ ကျပ်နှုန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းခရီးစဉ်တွင် ရန်ကုန်မှ ဆန်တစ်အိတ်ကျပ်၁၆၀၀ နှုန်း၊ ရန်ကုန်သို့ အဆင်းကုန်တစ်ပိဿာ ၄၀-၄၅ ကျပ်အတွင်းရှိနေပြီး ကားခဈေးနှုန်းများ ပြောင်းလဲမှုမရှိသေးကြောင်း ကားဂိတ်လုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

ရန်ကုန်မှ ဒေသစုံသို့ ကုန်စည်ပို့ဆောင်ခနှုန်းထားများ မူဆယ်ခရီးစဉ်မှလွဲ၍ သိသာစွာပြောင်းလဲခြင်းမရှိသေးကြောင်း၊ မြစ်ဝကျွန်းပေါ်ဒေသတွင် ရန်ကုန်ပို့ကုန်ရှားပါးသဖြင့် ကားအများစု ခေတ္တရပ်နားထားရကြောင်း၊ ပုသိမ်မှ ရန်ကုန်သို့ ဆန်တစ်အိတ်ကားခနှုန်းမှာ ၂၅၀ ကျပ်သာရှိပြီး ရန်ကုန်မြို့တွင်း ခေါက်တိုကားခနှုန်းထက် တစ်အိတ်လျှင် ၁၀၀ သာပိုကြောင်း၊ ပုသိမ်မြို့တွင်း ကုန်ချခွင့်နှင့် ရင်ဆိုင်ခဲ့ရသော အောက်တိုဘာ ၅၊ ၆၊ ၇ ရက်တို့တွင် ကုန်ကားရှားမှုကိုအကြောင်းပြု၍ ဆန်တစ်အိတ်ကားခ ကျပ် ၃၅၀ နှုန်းသို့ ပြန်လည်မြင့်တက်လာသော်လည်း ဖြေလျှော့မှုပေးလိုက်သဖြင့် ယခုအခါ ဆန်တစ်အိတ်ကားခ ကျပ် ၂၅၀ နှုန်းသို့ပြန်လည်ကျဆင်းလာကြောင်း ပုသိမ်ဂိတ်တာဝန်ခံတစ်ဦးက ဆိုသည်။

သယ်ယူပို့ဆောင်ရေး ကားခနှုန်းများကြောင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်ရသည်ဟု ဈေးကွက်များတွင် ပြောဆိုလေ့ရှိသော်လည်း ၂၀၁၃ ခုနှစ်အတွင်း နယ်စုံအဝေးပြေးခရီးစဉ်များတွင် ကုန်ကားခနှုန်းများအနိမ့်တွင် ရှိနေဆဲဖြစ်သော်လည်း ဆန်၊ ကြက်သွန်နီ၊ ငရုတ်ဈေးနှုန်းများ မြင့်တက်နေခြင်းသည် သယ်ယူပို့ဆောင် ကားခနှုန်းထားများနှင့် ပတ်သက်မှုမရှိကြောင်း ကားခဈေးနှုန်းကျဆင်းနေခြင်းမှ သိမြင်နိုင်သည်ဟု ကားဂိတ်လုပ်ငန်းလုပ်ကိုင်သူများက ဆိုသည်။

(မောင်စေအောင်)

ကျောင်းတွင်း အစားအစာရောင်းသောဆိုင်များ ဆုငွေတိုးမြှင့်ချီးမြှင့်ရန်စီစဉ်ထား

ရန်ကုန် အောက်တိုဘာ ၁၉

ကျောင်းတွင်း မုန့်ဈေးတန်းရှိ အစားအစာရောင်းချသော အရောင်းဆိုင်များကို စစ်ဆေးကာ ဆုချီးမြှင့်သည့်လုပ်ငန်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ကျန်းမာရေးဌာနက နှစ်စဉ်လုပ်ဆောင်လျက်ရှိရာ ယခုနှစ်တွင် ဆုငွေများ တိုးမြှင့်ကာ ချီးမြှင့်ပေးရန် စီစဉ်ထားကြောင်း အဆိုပါဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်မြို့တော်ဝန်၏ ဦးဆောင်လမ်းညွှန်မှုအရ မြို့တော်စည်ပင်ကျန်းမာရေးဌာနသည် ကျောင်းတွင်း အစားအစာရောင်းသော ဆိုင်များကို ဆုပေးရာ၌ ယခင်က ပထမဆု ကျပ်နှစ်သိန်း၊ ဒုတိယဆု ကျပ်တစ်သိန်းခွဲ၊ တတိယဆု ကျပ်တစ်သိန်းနှင့် နှစ်သိမ့်ဆုများကို ချီးမြှင့်ခဲ့သော်လည်း ယခုနှစ်တွင် ပထမဆု ကျပ်ငါးသိန်း၊ ဒုတိယဆုကျပ် သုံးသိန်း၊ တတိယဆုကျပ်နှစ်သိန်းနှင့် နှစ်သိမ့်ဆုများကိုလည်း တိုးမြှင့်၍ ဆုချီးမြှင့်လုပ်ဆောင်သွားရန် စီစဉ်ထားခြင်းဖြစ်သည်။

"ဆုရွေးချယ်ဖို့ဆိုတာ ကျောင်းတစ်ကျောင်းမှာ အနည်းဆုံး ၁၀ ဆိုင်အထက်ရှိရမယ်။ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းစနစ်တွေနဲ့အညီ ရွေးချယ်ဆုချီးမြှင့်တာလည်း ဖြစ်ပါတယ်"ဟု ၎င်းက ရှင်းပြသည်။ ထိုသို့ ကျောင်းတွင်း အစားအစာရောင်းချသောဆိုင်များကို စစ်ဆေးရာတွင် ကိုယ်ပိုင်အမှိုက်ပုံးထားခြင်း၊ သတ်မှတ်ဝတ်စုံဝတ်ဆင်ခြင်း၊ အစားအစာကို ကိုင်တွယ်ရောင်းချသူက ခေါင်းစည်း၊ လက်အိတ်၊ ရင်ကာအသုံးပြုခြင်း၊ အစားအစာများကို ယင်လုံစေရန် ဆန်ခါဖြင့် ဖုံးအုပ်ခြင်း၊ မှန်ပုံးများဖြင့် ထည့်သွင်းခြင်း၊ ကွဲအက်နေသော ပန်းကန်ခွက်ယောက်များ အသုံးပြုမှုရှိ၊ မရှိစစ်ဆေးခြင်း၊ ရေသန့်ရေခဲ သုံးစွဲခြင်း၊ ငွေကိုင်သီးသန့်ထားခြင်း၊ ဆိုးဆေးမရောင်းခြင်း၊ ရောင်းချသူသည် တစ်ကိုယ်ရေသန့်ရှင်းကာ ဆေးစစ်ထားသည့် ဝန်ထမ်းဖြစ်ခြင်း၊ ဆေးကြောရန် သုံးစွဲသော ရေသန့်ရှင်းမှုရှိခြင်း၊ ဆေးကြောရေသည် ရေဘုံပိုင်ဖြင့် တိုက်ရိုက်သွယ်တန်းထားခြင်း သို့မဟုတ် ရေဆေးသော ဇလုံအနည်းဆုံး သုံးခုလောက်ထားရှိခြင်း၊ စားသောက်ဆိုင်ဝန်းကျင်သည် သန့်ရှင်းမှုရှိပြီး လေဝင်လေထွက် ကောင်းသော အဆောက်အအုံမျိုးဖြစ်ခြင်း စသည်တို့အပါအဝင် အစားအသောက်ရောင်းချသောဆိုင်များကို မြို့တော်စည်ပင်၊ ကျန်းမာရေးဌာနက ထုတ်ပြန်ထားသည့် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ကျောင်းတွင်းအစားအသောက် အရောင်းဆိုင်များကို စစ်ဆေး၍ အကဲဖြတ်အမှတ်ပေးကာ ဆုချီးမြှင့်ခြင်းဖြစ်သည်။

"ကျောင်းမုန့်ဈေးတန်းထဲမှာ ဝက်သားတုတ်ထိုး ရောင်းတာမျိုးတွေ့ရင် အမှတ်မပေးတော့ဘူး။ နောက်တစ်ခုက ရောင်းတဲ့သူဟာ အစားအစာကိုင်လိုက် ပိုက်ဆံပြန်အမ်းလိုက် လုပ်နေရင် စားတဲ့သူအတွက် ရောဂါရနိုင်တာဖြစ်လို့ ပိုက်ဆံကိုင်တဲ့သူသပ်သပ်ထားပြီး ရောင်းတာမျိုးဟုတ်၊ မဟုတ်ကိုပါ စစ်ဆေးအမှတ်ပေးတာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

(၆၈၀)

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများ အသင်းကကြီးမှူးကျင်းပသည့် စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲနှင့် စာအုပ်ဈေးပွဲတော်

မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကကြီးမှူးကျင်းပသည့် မြန်မာရသစာပေဝတ္ထုရှည်၊ ဝတ္ထုတို၊ ကဗျာ၊ (ဂန္ထဝင်ကဗျာ၊ ခေတ်ပေါ်ကဗျာ)၊ အက်ဆေး၊ ဘာသာပြန်စာပေနှင့်စာပေထုတ်ဝေရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကြီးကို အမှတ်(၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ရှိ (UMFCCI) မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ခန်းမတွင် ၂၀-၁၀-၂၀၁၃ ရက်မှ ၂၂-၁၀-၂၀၁၃ ရက်အထိ (၃)ရက်တိုင်တိုင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅နာရီအထိ ကျင်းပသွားမည်ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ၌ စာပေပညာရှင်(၃၀)ကျော်က ကဏ္ဍအလိုက် ဆွေးနွေးဟောပြောကြမည်ဖြစ်ပြီး စာအုပ်တိုက်ပေါင်း (၅၀)ကျော်၏ စာအုပ်ဈေးရောင်းပွဲတော်ပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ရာ စာရေးဆရာများ၊ ထုတ်ဝေ/ဖြန့်ချိသူများ၊ စာပေလောကသားများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့ တက်ရောက်နိုင်ပါသည်။

Main Sponsor by KBZ Bank — မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း

ပြင်ဆင်ဖတ်ရှုပါရန်

၁၉-၁၀-၂၀၁၃ ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂)ပါ ရောဝတီမြေပဲဆီ ကြော်ငြာတွင် လက်လီဆီ (၁)ပိဿာ ၃၄၀၀ ကျပ်နှုန်းအစား ၃၆၀၀ ကျပ်နှုန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

လူဦးရေနှင့် သန်းခေါင်စာရင်းလုပ်ငန်းစဉ်များ ပြည်ထောင်စုဝန်ကြီးဦးခင်ရီ ရှင်းလင်းပြောကြား

နေပြည်တော် အောက်တိုဘာ ၁၉

ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဧည့်ခန်းမ၌ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်၊ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ထွန်းလူနှင့် တာဝန်ရှိသူများအား တွေ့ဆုံကာ ၎င်းတို့ဒေသအတွင်းအိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေးရေးနှင့် သန်းခေါင်စာရင်းကောက်ယူနိုင်ရေးလုပ်ငန်းစဉ်များ၊ စာရင်းဇယားမှန်ကန်ရေးအတွက် ပံ့ပိုးကူညီနိုင်ရေးနှင့်စာရင်းစစ်၊ စာရင်းကောက်များအတွက် လုပ်ငန်းဆောင်ရွက်မှုအဆင်ပြေချောမွေ့စေရေး စီမံဆောင်ရွက်မည့်အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လောက်ကိုင်မြို့ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန်းမဆောင်ကြီး၌ ကျင်းပသည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံ၌ လွန်ခဲ့သည့် နှစ်ပေါင်း ၃၀ ကျော်ကတည်းက ဆောင်ရွက်နိုင်ခြင်းမရှိသည့် ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကိုလာမည့် ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်သည်ကြီးမားကျယ်ပြန့်၍ ငွေကုန်ကြေးကျမှုအထိုက်အလျောက်များပြားသည့်အတွက် ဖွံ့ဖြိုးပြီးနိုင်ငံများပင်လျှင် ၁၀ နှစ်လျှင် တစ်ကြိမ်ဆောင်ရွက်ကြပါကြောင်း၊ ၂၀၁၄ ခုနှစ် လုပ်ငန်းအကြိုအဖြစ် မြို့နယ် ၂၀ ရွေးချယ်၍စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခဲ့ပြီးဖြစ်ပါကြောင်း၊ စမ်းသပ်ကောက်ယူမှုမှ ရရှိလာသည့် အတွေ့အကြုံများ၊ လုပ်ငန်းအခက်အခဲများကို သင်ခန်းစာ ဖော်ထုတ်သုံးသပ်၍ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်အဆင့် ကောက်ယူမှု အောင်မြင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် စစ်ရေး၊ နိုင်ငံရေးတို့နှင့်လုံးဝမသက်ဆိုင်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းများရေးဆွဲနိုင်ရန် တိကျသော လူဦးရေဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များရရှိရေးအတွက်သာ ဖြစ်ပါကြောင်း၊ ပြည်သူများအနေဖြင့် မေးမြန်းသည့်မေးခွန်းများအပေါ် မှန်ကန်စွာဖြေကြားမှသာ တိကျသော ကိန်းဂဏန်းအချက်အလက်များ ရရှိနိုင်မည်ဖြစ်၍မှန်မှန်ကန်ကန် ဖြေကြားကြရန် အရေးကြီးပါကြောင်း၊ ကိုးကန့်ဒေသအတွင်း သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းများအဆင်ပြေစေရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဒေသခံဘာသာစကားတတ်ကျွမ်းသူများကူညီနိုင်ရေးနှင့် သွားလာမှုအဆင်ပြေစေရေးတို့အတွက် စီမံဆောင်ရွက်ပေးကြစေလိုကြောင်း၊ သန်းခေါင်စာရင်းဆိုင်ရာလုပ်ငန်းစဉ်များကို မိမိတို့ပတ်ဝန်းကျင်ရှိ တခြားသူများထံ လက်ဆင့်ကမ်း ဖြန့်ဝေ ရှင်းပြခြင်းဖြင့် ပြည်သူအားလုံးသိရှိနားလည်သဘောပေါက်ကာ ပြည်လုံးကျွတ်အဆင့် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစဉ်ကြီး အောင်မြင်မည်ဖြစ်ပါကြောင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေဆောင်ရွက်ရမည့် အမျိုးသားရေးလုပ်ငန်းစဉ်ကြီးအဖြစ် ခံယူကာ အားလုံးတက်ညီလက်ညီ လက်တွဲပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှင်းလင်းပွဲတက်ရောက်လာကြသူများက သန်းခေါင်စာရင်းဆိုင်ရာသိရှိလိုသည်များ၊ မရှင်းလင်းသည့် အချက်များကိုမေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဖောင်တော်ဦးပရဟိတဘုန်းတော်ကြီးသင်ပညာရေးကျောင်း စနစ်သစ်ဆရာအတတ်သင်လေးထပ်ကျောင်းဆောင်ဖွင့်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ဖောင်တော်ဦးပရဟိတဘုန်းတော်ကြီးသင်ပညာရေးတွဲဖက်အထက်တန်းကျောင်းရှိ စနစ်သစ်ဆရာအတတ်သင် လေးထပ်ကျောင်းဆောင်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင်ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးတိုင်းဒေသကြီး ရွှေဘိုတိုက် ရွှေကိန္နရီကျောင်းဆရာတော် ဘဒ္ဒန္တကုသလ အရှင်သူမြတ်အမှူးပြုသော ပင့်သံဃာ ၁၁ ပါး၊ ဖောင်တော်ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေး တွဲဖက်အထက်တန်းကျောင်း ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံစွမ်းဆောင်ရည်ဆုရ ဘဒ္ဒန္တနာယကနှင့်သင်ကြားစီမံဆရာတော်များ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦး၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စနစ်သစ်ဆရာအတတ်သင်လေးထပ်ကျောင်းဆောင်ကို မန္တလေးတိုင်းဒေသကြီး သံဃနာယက အဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်ကျောင်းတိုက် ပါဠိကျောင်းဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ မန္တလေးတိုင်းဒေသကြီး ရွှေဘိုတိုက် ရွှေကိန္နရီကျောင်းဆရာတော် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တကုသလ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့်ကျောင်းဆောင်အလှူရှင်များ အဖွဲ့ဝင် Mrs. Marriann Granz တို့ကဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က စနစ်သစ်လေးထပ်ကျောင်းဆောင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ဆရာတော်များနှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လေးထပ်ကျောင်းဆောင်သစ်ကြီးအတွင်း လှည့်လည်၍ ဆရာဆရာမများက စနစ်သစ်ဖြင့်စာသင်ကြားနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**(အပေါ်ပုံ)**

အဆိုပါ စနစ်သစ်လေးထပ်စာသင်ကျောင်းဆောင်ကို ဂျာမနီနိုင်ငံပြည်သူများနှင့်အစိုးရအဖွဲ့တို့ ပါဝင်ကူညီမှုဖြင့် ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ဖောင်တော်ဦးပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးတွဲဖက်အထက်တန်းကျောင်းတွင် ဆရာ ဆရာမ ၃၀၀ ကျော်ရှိပြီး ပညာသင်ကြားနေသည့် ရှင်သာမဏေနှင့် ကျောင်းသားကျောင်းသူ ၆၀၀၀ ကျော်ရှိသည်။ ၎င်းတို့အနက် ရှင်သာမဏေကျောင်းသားကျောင်းသူ ၁၀၀၀ ကျော်သည် ကျောင်းနေကျောင်းစားများဖြစ်ပြီး နာဂစ်မုန်တိုင်းသင့် မိဘမဲ့ကလေးများနှင့် နွမ်းပါးသော မိသားစုဝင်များမှ ပညာသင်စရိတ်မထောက်ပံ့နိုင်သော ကျောင်းသားကျောင်းသူလေးများပါဝင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆီးဂိမ်းပြိုင်ပွဲဝင်မည့် ပြေးခုန်ပစ်သမားများ၏အစွမ်းကိုမြင်တွေ့ရမည့် ဆီးဂိမ်းအကြိုပြေးခုန်ပစ်ပြိုင်ပွဲ

နေပြည်တော် အောက်တိုဘာ ၁၉

ဆီးဂိမ်းပြိုင်ပွဲကြီးတွင် အောင်မြင်မှုရရှိရန်မှာ အားကစားအဖွဲ့တိုင်း မျှော်လင့်နေသည့်အရာ ဖြစ်သည်။ အားကစားအဖွဲ့များ၏အောင်မြင်မှုများပေါင်းစပ်မှသာ နိုင်ငံတစ်နိုင်ငံ၏ ရွှေရောင်အိပ်မက်များ လက်တွေ့ဖြစ်လာနိုင်ပေသည်။ နိုင်ငံအလိုက် ဆုရရှိမှုတွင် မြန်မာအသင်းအဆင့် မြင့်မြင့်မားမား ရပ်တည်နိုင်ရန်အတွက် အားကစားအဖွဲ့တိုင်းတွင် တာဝန်ရှိနေပေသည်။

ဆီးဂိမ်းပြိုင်ပွဲစတင်ရန် တဖြည်းဖြည်းနီးကပ်လာပြီဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များမှာ အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသလို အချို့အားကစားအဖွဲ့များမှာလည်း ကစားသမားများ၏အစွမ်းများ ပိုမိုတိုးတက်စေရန် ဆီးဂိမ်းအကြိုပြိုင်ပွဲများကျင်းပလျက်ရှိသည်။ ဆီးဂိမ်းအကြိုပြေးခုန်ပစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၂၊ ၂၃၊ ၂၄ ရက်များတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိလေ့ကျင့်ရေးကွင်း (၁)၌ ကျင်းပသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ပြည်ပနိုင်ငံများ ပါဝင်မည်မဟုတ်ဘဲ ပြည်တွင်းကစားသမားများဖြင့်သာ ကျင်းပမည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲအတွက် လေ့ကျင့်နေသည့် ပဏာမလက်ရွေးစင်ကစားသမားများ အပါအဝင် အား/ကာသိပ္ပံ (မန္တလေး)နှင့် (ရန်ကုန်)၊ ရန်ကုန်မြို့တွင် ဖွင့်လှစ်ထားသည့် Gold Camp (B)မှ ကစားသမားစုစုပေါင်း ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင် ဆီးဂိမ်းပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲအမျိုးအစား ၄၆ မျိုးစလုံး ထည့်သွင်းကျင်းပမည် ဖြစ်သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်ကစားသမား ၇၅ ဦးဖြင့် လေ့ကျင့်ပြင်ဆင်နေပြီး တာဝေးကစားသမားအချို့မှာ တရုတ်နိုင်ငံတွင် လေ့ကျင့်လျက်ရှိသည်။

သတင်း - ချစ်ကိုကို
ဓာတ်ပုံ - ရှိုင်းထက်ဇော်

ဆီးဂိမ်းပြိုင်ပွဲအတွက် မြန်မာပြေးခုန်ပစ်ကစားသမားများ လေ့ကျင့်နေစဉ်။

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

အာဖဂန်မှ တပ်ရုပ်သိမ်းရေးအတွက် ရုရှားမဟုတ် ကာဂျစ္စတန်တွင်းမှ ရှိမေးနီးယားလေတပ်စခန်း အမေရိကန် သုံးခွင့်ရရှိ

ရှိမေးနီးယားနိုင်ငံရှိ မီပေးကိုဂါနီစီယာနူး လေတပ်စခန်းကို တွေ့ရစဉ်။

ဝါရှင်တန် အောက်တိုဘာ ၁၉

အာဖဂန်နစ္စတန်နိုင်ငံမှ အမေရိကန်တပ်ဖွဲ့များ ထွက်ခွာသောအခါ ကြားစခန်းအဖြစ် ရှိမေးနီးယားနိုင်ငံ၏ လေတပ်စခန်းတစ်ခုကိုအသုံးပြုရန် အမေရိကန်ပြည်ထောင်စုနှင့် ယင်းနိုင်ငံတို့ သဘောတူညီမှုရရှိပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး ချပ်ဟာဂဲလ်နှင့် ရှိမေးနီးယားနိုင်ငံခြားရေးဝန်ကြီး မေစီယာဒူဆာတို့သည် အမေရိကန်စစ်ဌာနချုပ် ပင်တဂွန်၌ဆွေးနွေးကြရာ၌ ရှိမေးနီးယားနိုင်ငံ၏ မီပေးကိုဂါနီစီယာနူး လေတပ်စခန်းကို အသုံးပြုရန် သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ကာဂျစ္စတန်နိုင်ငံ၏ မာနာ(စ်)လေတပ်စခန်းကို အမေရိကန်ပြည်ထောင်စုက ငှားရမ်းထားသောစာချုပ်မှာ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် ကုန်ဆုံးတော့မည်ဖြစ်ရာ အဆိုပါသဘောတူညီမှုအရ အမေရိကန်ပြည်ထောင်စုက ယင်းစခန်းမှ ရှိမေးနီးယားသို့ ပို့သန်းရေးလုပ်ငန်းများ ရွှေ့ပြောင်းခွင့်ရရှိမည်ဖြစ်သည်။

၂၀၁၄ ခုနှစ်ကုန်ခန့်တွင် အာဖဂန်နစ္စတန်နိုင်ငံရှိ ၎င်း၏တပ်ဖွဲ့ဝင် ၅၂၀၀၀ မှ အများစုကို ဝါရှင်တန်က ရုပ်သိမ်းရန် စီစဉ်ထားသည်။

ရှိမေးနီးယား၏ လေတပ်စခန်းမှာ ပင်လယ်နက်ဆိပ်ကမ်းမြို့ ကွန်စတန်တာအနီး၌ တည်ရှိသည်။

သဘောတူညီချက်ပါ အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ကြေညာခြင်းမပြုပေ။

မာနာ(စ်)စခန်းကို အမေရိကန်ငှားရမ်းထားသောစာချုပ်အား ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် အဆုံးသတ်ရန် ကာဂျစ္စတန်လွှတ်တော်က ဇွန်လတွင် မဲခွဲဆုံးဖြတ်ခဲ့သည်။ အမေရိကန်နိုင်ငံက ၂၀၀၁ ခုနှစ်တွင် စတင်ငှားရမ်းခဲ့ပြီး ယင်းငှားရမ်းခအတွက် ကာဂျစ္စတန်နိုင်ငံကို တစ်နှစ်လျှင် ဒေါ်လာ ၃၉ သန်းပေးရသည်။

ရုရှားနိုင်ငံကလည်း ယင်းနိုင်ငံမှ လေတပ်စခန်းတစ်ခု ငှားရမ်းထားပြီး ယမန်နှစ်က ၁၅ နှစ်သက်တမ်းတိုးမြှင့်ခွင့်ရရှိခဲ့သည်။ **ဘီဘီစီ။**

ကိုလံဘီယာနိုင်ငံတွင် သတ္တုတွင်းပြိုကျ၊ လူ ၂၀ ပိတ်မိလျက်ရှိ

ဘိုဂိုတာ အောက်တိုဘာ ၁၉

ကိုလံဘီယာနိုင်ငံ အနောက်မြောက်ပိုင်း အင်တီယိုကွီယာခရိုင်ရှိ သတ္တုတွင်းတစ်တွင်းပြိုကျမှု အောက်တိုဘာ ၁၈ ရက်ကဖြစ်ပွားရာ မိုင်းအလုပ်သမား ၂၀ ထက်မနည်း တွင်းပိကာ ပိတ်မိလျက်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါသတ္တုတွင်းမှာ အင်တီယိုကွီယာခရိုင် ဘာရီတီကာဒေသ၌တည်ရှိကြောင်း အင်တီယိုကွီယာခရိုင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ဆီဇာဟာနန်ဒက်ဇ်က ပြောကြားသည်။

တွင်းပြိုကျ၍ ပိတ်မိနေသူများအား ကယ်ဆယ်ရေးအဖွဲ့များက ကြိုးစား၍ကယ်တင်လျက်ရှိကြောင်း၊ မိုင်းအလုပ်သမားနှစ်ဦးကိုကယ်တင်နိုင်ပြီး ဒဏ်ရာရရှိထားသဖြင့် ဘာရီတီကာဒေသရှိဆေးရုံသို့တင်ပို့ကုသပေးလျက်ရှိကြောင်း တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။ ဒေသခံကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ကြက်ခြေနီတပ်ဖွဲ့မှ ကယ်ဆယ်ရေးလုပ်သားများရောက်ရှိလာပြီး အကူအညီများပေးလျက်ရှိသည်ဟု ဆိုသည်။ **ဆင်ဟွာ။**

နယူးဒေလီ အောက်တိုဘာ ၁၉

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ အောက်တိုဘာ ၁၈ရက်ညနှင့် ၁၉ရက်နံနက်ပိုင်းတွင် လူ ၃၇ ဦး လိုင်စင်မဲ့ချက်လုပ်သောအရက်ပြင်းကို သောက်သုံးမိရာမှ သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဥတ္တရာပရာဒေ့ရှ်ပြည်နယ် အဇမ်ဂါ့ခ်ျခရိုင်တွင် အဆိုပါဖြစ်ရပ် ပေါ်ပေါက်ခြင်းဖြစ်ကြောင်း၊ အရက်စွဲနေသော ဆင်းရဲသားအလုပ်သမားများက ဈေးပေါပေါဖြင့်ရသော အရက်ကိုဝယ်ယူသောက်သုံးမိရာက အားလုံးသေဆုံးသွားကြခြင်းဖြစ်ကြောင်း၊ အဆိုးဆုံးကြေကွဲဖွယ်ရာဖြစ်ရပ်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဒေသခံအခွန်စည်းကြပ်ရေးအရာရှိတစ်ဦး အပါအဝင် လူ ၁၀ဦးကို ခေတ္တရာထူးချထားရန် ဥတ္တရာပရာဒေ့ရှ်ပြည်နယ် ဝန်ကြီးချုပ်က ညွှန်ကြားလိုက်ကြောင်း၊ အရက်သောက်၍ သေဆုံးသူများသည် ဒေသတွင်းရှိ ဈေးဆိုင်များမှ ရောင်းချသောအရက်ပြန်နှင့် ရေရောပြီး ပြုပြင်ထားသောအရက်ကို သောက်သုံးမိကြောင်း ရဲတပ်ဖွဲ့တာဝန်ရှိသူက ပြောကြားသည်။

ဈေးပေါသော တရားမဝင်အရက်များ အိန္ဒိယနိုင်ငံရှိ ဈေးဆိုင်များတွင် ရောင်းချပြီး အရက်ပုန်းဟု ခေါ်ဆိုသည်ဟု သိရသည်။ **ဆင်ဟွာ။**

ဘရာဇီးဆိပ်ကမ်း၌ သကြားတန် ၁၈၀၀၀၀ မီးလောင်

ဆန်းတို့စ် အောက်တိုဘာ ၁၉

ဘရာဇီးနိုင်ငံ၏ အကြီးဆုံးပင်လယ်ဆိပ်ကမ်းတွင် သဘာဝသကြားတန်ချိန် ၁၈၀၀၀၀ ခန့် မီးလောင်ခဲ့ရာ ကုန်ပစ္စည်းသိုလှောင်ရုံခြောက်လုံး ပျက်စီးသွားကြောင်း၊ ယခုနှစ်အတွင်း နိုင်ငံတကာ သကြားဈေးကွက်တွင် အမြင့်ဆုံးဈေးနှုန်းအထိ ထိုးတက်သွားကြောင်း စနေနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

မီးလောင်မှုမှာ ဆန်းတို့စ်ဆိပ်ကမ်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ၆ နာရီကြာမျှ ငြိမ်းသတ်ခဲ့ရသည်ဟု ဆိုသည်။ မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို စုံစမ်းစစ်ဆေးဆဲရှိသေးသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာ့အကြီးဆုံး သကြားတင်ပို့သောနိုင်ငံဖြစ်ပြီး နိုင်ငံတကာသကြားအရောင်းအဝယ်၏ ထက်ဝက်နီးပါးကို ရောင်းချသည်။

အဆိုပါ မီးလောင်မှုသတင်း ထွက်ပေါ်လာသောအခါ နယူးယောက်သကြားဈေးကွက်၌ ၆ ရာခိုင်နှုန်း မြင့်တက်သွားခဲ့ပြီး ယင်းနေ့နောက်ပိုင်းတွင် ဈေးပြန်ကျသွားခဲ့သည်။

ကုန်လှောင်ရုံတစ်ခုသို့ သကြားအိတ်များသယ်ပို့ပေးသော ကွန်ဗေယာခါးပါတ်မှ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ဆိပ်ကမ်းအာဏာပိုင်များက ပြောကြားသည်။

အခင်းဖြစ်ရာဆိပ်ကမ်းသည် ဆာပေါ်လိုမှ မိုင် ၅၀ ခန့်အကွာတွင် တည်ရှိသည်။ **ဘီဘီစီ။**

ဘရာဇီးနိုင်ငံ ဆန်းတို့စ်ဆိပ်ကမ်း၌ သကြားသိုလှောင်ရုံများ မီးလောင်မှုဖြစ်ပွားစဉ်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ၅၀၀ KVA Generator ဝယ်ယူရေးအတွက် တင်ဒါတင်သွင်းထားသူများ၏ Short List စာရင်းကြေညာချက်

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ (MRTV ရန်ကုန်)တွင် အသုံးပြုရန် 500 KVA Generator (Open Type)(1 Lot) အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် ၃၁-၈-၂၀၁၃ ရက် သတင်းစာများမှနေ၍ တင်ဒါခေါ်ယူခဲ့ရာ တလ္လိုသတ်မှတ်စည်းမျဉ်းအတိုင်း တင်သွင်းလာသည့် တင်ဒါ (၂၂)စောင်အား လက်ခံရရှိခဲ့ပါသည်။

၂။ ယင်းတင်ဒါတင်သွင်းလာသော ကုမ္ပဏီ(၂၂)ခုကို Long List အဖြစ် သတ်မှတ်လက်ခံပြီး စက်ပစ္စည်း၏ Brand နှင့် အရည်အသွေးကို အောက်ပါအတိုင်း စစ်ဆေးခဲ့ပါသည်။
(က) ဌာနမှ တောင်းခံထားသော FG Wilson (UK) ဖြင့် တင်သွင်းခြင်း ရှိ/မရှိ
(ခ) Engine မှာ Parkins(UK) ဟုတ်/မဟုတ်
(ဂ) Alternator မှာ Leroy Somer (France) (သို့) Stamford(UK) ဟုတ်/မဟုတ်
(ဃ) သတ်မှတ် Specification ကိုက်ညီမှု ရှိ/မရှိ
(င) ဂါလံ(၅၀၀)ဆံ့ External Tank ပါ/မပါ
(စ) Fuel Piping System ပါ/မပါ
(ဆ) Installation ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိ

၃။ အဆိုပါဌာနမှ သတ်မှတ်ထားသော Brand နှင့် Specification များအပေါ် မူတည်၍ တင်သွင်းလာသော အောက်ဖော်ပြပါကုမ္ပဏီ (၃)ခုအား Short List အဖြစ် ဆန်ခါတင်ရွေးချယ်ရရှိခဲ့ပါသည်-
(က) Armahn Trading Co.,Ltd.
(ခ) Step by Step Co.,Ltd.
(ဂ) Tiger Supply Co.,Ltd.

၄။ အထက်ပါ Short List စာရင်းပါ ကုမ္ပဏီ(၃)ခုအား ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်တွင်း ပြည်ပ စက်ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီမှ ၂၂-၁၀-၂၀၁၃ ရက် နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စုဝေးခန်းမ (ရုံးအမှတ်-၇)တွင် စိစစ်ရွေးချယ်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

အရည်အချင်းရှိပြီး ဘက်စုံထူးချွန်သည့် ဘွဲ့ရများဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးနိုင်ရေး အလေးထားဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၁၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးသည် ယမန်နေ့ နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသော ဝန်ကြီးဌာန အောက်ရှိနည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်နှင့် အစိုးရနည်းပညာကောလိပ်များ၏ လုပ်ငန်းဆိုင်ရာညှိနှိုင်း အစည်းအဝေး၌ အမှာစကားပြောကြားရာတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူ့စွမ်း အားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ သည် ပြည်သူအခြေပြုသည့် စီမံချက်များရေးဆွဲ၍ အရည် အချင်းရှိပြီး ဘက်စုံထူးချွန်သည့် ဘွဲ့ရများဖြစ်လာစေရန် ကျောင်းသား ကျောင်းသူများအား လေ့ကျင့်သင်ကြား ပေးနိုင်ရေးအတွက် အလေးထား၍ ဆောင်ရွက်ရန်ဖြစ် ကြောင်း၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများသည် မိမိတို့ တက္ကသိုလ်၊ ကောလိပ်များအလိုက် စီမံချက်များကို သေသေချာချာလေ့လာ၍ တိတိကျကျရေးဆွဲပြီး အဖွဲ့ အလိုက် အရှိန်အဟုန်ဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများအနေဖြင့် ဆရာ ဆရာမများနှင့် ဝန်ထမ်းများ အရည်အချင်းမြှင့်တင် ရေးနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ဆောင်ရွက်ချက်၊ စီမံချက်များကို ဆောင်ရွက်မည့်အခြေအနေ၊ အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား လစဉ် အလိုက်ဇယားပြုလုပ်၍ အချိန်နှင့်တစ်ပြေးညီ ရေးဆွဲ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်ထားသော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ တွင် သတ်မှတ်ထားသော ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများ နှင့်အညီ ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ အောင်မြင် အောင် ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ဆောင်ရွက် ကြရန် လိုအပ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ်ရှိ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များနှင့်တွေ့ဆုံ၍ လိုအပ်ချက်အတိုင်း ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပညာ ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲရေးနှင့် စပ်လျဉ်း၍ A.G.T.I, B.Tech နှင့် B.E သင်တန်းများအတွက် သင်ရိုးညွှန်းတမ်း များကို ပြန်လည်သုံးသပ်၍ ယခုအစည်းအဝေးတွင် ညှိနှိုင်း သွားကြရန်လိုအပ်ကြောင်း။

နိုင်ငံတော်၏ မူဝါဒများ၊ ရည်မှန်းချက်များနှင့်အညီ ပညာရည်မြင့်မားရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက် နေမှုများ၊ ဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ပြုပြင် ပြောင်းလဲရေးဆိုင်ရာ လုပ်ငန်းကိစ္စများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပါမောက္ခချုပ်၊ ခေတ္တကျောင်းအုပ်ကြီးများက ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ သိရှိစေရေး ရှင်းလင်းပြောကြားကြရန် မှာကြားကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့နံနက် ၉ နာရီခွဲအထိ

မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်း ပြည်နယ်တို့တွင် နေရာကွက်ကျား၊ ဧရာဝတီတိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည် နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် နှင့် ကျန်တိုင်းဒေသကြီး နှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်း ဒေသကြီးတို့တွင် ဒေသအလိုက်မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှတိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။

ကွမ်းစားခြင်းအန္တရာယ် သတိပေးနှိုးဆော်ချက်

- ကွမ်းယာကို အမြဲမပြတ် စားခြင်း၊ ဝါးနေခြင်း၊ ငုံခြင်း၊
- ကွမ်းယာထဲတွင် ဆေးရွက်ကြီးထည့်၍ စားခြင်း၊
- ကွမ်းယာထဲတွင် ဆေးရွက်ကြီးကို အမျိုးမျိုးပြုပြင်ထားသော ဆေးပေါင်း၊ နှပ်ဆေးထည့်၍ စားခြင်းတို့ကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါကဲ့သို့သော မကူးစက်နိုင်သော နာတာရှည်ရောဂါများ၊ ခံတွင်းကင်ဆာ၊ ပါးစောင် ကင်ဆာ၊ အသံအိုးကင်ဆာ၊ လည်ချောင်းကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုးတို့ ဖြစ်ပွားစေနိုင်ပါသည်။

ထို့ကြောင့် ကွမ်းစားခြင်းကို လုံးဝရှောင်ကြဉ်ကြပါရန် ကျန်းမာရေးဝန်ကြီးဌာနက နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဖခင်မေတ္တာငတ်နေသူဇာတ်ရုပ်ဖြင့် ထပ်မံမြင်တွေ့ရဦးမည့် အမန်ဒါဆေးဖရှိုင်း

အမေရိကန်မော်လ်ဒယ်၊ အဆိုတော်နှင့် သရုပ်ဆောင် အမန်ဒါဆေး ဖရှိုင်းက အော်စကာဆုရဇာတ်ကားဖြစ်သည့် Les Miserables ဇာတ်ကား တွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ရက်ရှဲလ်ခရိုဝီလ်၏ဇာတ်ကားသစ်တွင် ၎င်းနှင့် အတူ သားအဖအနေဖြင့် ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်သည်။

ယင်းဇာတ်ကားသစ်တွင် အမန်ဒါသည် ဖခင်မေတ္တာငတ်မွတ်နေရသဖြင့် ဖခင်ကိုလိုက်လံရှာဖွေနေသည့် သမီးတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်မည် ဖြစ်သည်။ အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဇာတ်အိမ်တည်မည့် ယင်း ဇာတ်ကားကို လာမည့်ဒီဇင်ဘာလတွင် စတင်ရိုက်ကူးသွားမည်ဖြစ်ကြောင်း သိရသည်။

ဂီတနှင့်ရုပ်ရှင်ကဏ္ဍတွင် ထင်ရှားသည့် မင်းသမီး တစ်ဦးဖြစ်သူ အမန်ဒါသည် ၂၀၁၂ ခုနှစ်က အော်စကာဆုရ ဇာတ်ကားတစ်ကားဖြစ်သည့် Les Miserables တွင် ပါဝင်ခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ထွက်ရှိမည့် The Girl Who Conned the Ivy League ဇာတ်ကားနှင့် Z for Zachariah တို့တွင်လည်း ပါဝင် သရုပ်ဆောင်ထား သည်။

အငှမပြောက်အယ်လ်ဘမ်ကို မိသားစုနာမည်ပေးထားသူ ဘရစ်တနီ

တေးသံရှင် ဘရစ်တနီစပီးယားက ၎င်း၏ အငှမပြောက်တေးအယ်လ်ဘမ် ကို Britney Jean ဟု အမည်ပေးထားပြီး ယင်းသည် သူမ၏ မိသားစုနာမည် ဖြစ်ပါကြောင်း၊ ယင်းသို့ အမည်ပေးရခြင်းမှာ ပုဂ္ဂိုလ်ရေးနှင့် မိသားစုရေးရာ များ ပါဝင်သော်လည်း အဆိုပါ နာမည်သည် ချစ်ခင်နှစ်သက်မှုအသွင်ကို ဆောင်သဖြင့် ပရိသတ်များကိုလည်း မျှဝေလိုပါသောကြောင့် ယင်းကဲ့သို့ အမည်ပေးရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ Britney Jean အယ်လ်ဘမ်ကို လာမည့်ဒီဇင်ဘာလတွင် ဖြန့်ချိသွားရန် စီစဉ်ထားပြီး ယင်းအယ်လ်ဘမ်နှင့်ပတ်သက်ပြီး မကြာမီတွင် လတ်စ်ဗီးဂတ်စ်သို့ အလည်အပတ်သွားရမည့် ခရီးစဉ်အတွက်လည်း ရင်ခုန် လျက်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

မျိုးစန္ဒာမောင် - စုစည်းရေးသားသည်

ပြင်ဆင်ဖတ်ရှုပါရန်

(၁၃-၁၀-၂၀၁၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၅)တွင် ဖော်ပြခဲ့သော ဆီးဂိမ်းလှုံ့ဆော်မှုဘောလုံးပြိုင်ပွဲသတင်းအညွှန်းမှ **မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ် သံတမန် 'နန်းခင်ဇေယျာ'** ပုံစာကို **'ကေကေမိုးမြင့်'** ဟု ပြင်ဆင်ဖတ်ရှုပါရန်။ [(၁၄-၁၀-၂၀၁၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၅)မှ ရုပ်ရှင်သက်ကြီးပူဇော်ပွဲနှင့် အနုပညာရှင်၏ ဝမ်းသာပီတိ သတင်းတွင်လည်း **ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ကေကေမိုးမြင့်** ၏ ဓာတ်ပုံ နှင့် အမည်ကိုယှဉ်တွဲ၍ ဖော်ပြပေးပြီးဖြစ်ပါသည်။] **(စာတည်း)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေလေ့လာစို့

မဟာဘုံကထိန်အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

မဟာကျိန်သစ္စာရှင်ဘုရားကြီး ပဓာနနာယက၊ မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော် ဘဒ္ဒန္တကုလရက္ခိတအားအမှူးပြု၍ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုနန္ဒာ လမ်းမကြီး၊ မဟာကျိန်သစ္စာရှင်ဘုရားကြီး၏ ဒုတိယအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲကို (၁၃၇၅ခု၊ သီတင်းကျွတ်လပြည့်ကျော် ၈ရက်) ၂၇-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ဓမ္မမိတ်ဆွေ အပေါင်းတို့အား ကြွရောက်ကုသိုလ်ယူနိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကုသိုလ်ပါဝင်လှူဒါန်းလိုပါက အောက်ပါဖုန်းနံပါတ်များသို့ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

၁။ ဦးဌေးလွင်ဦး-ဒေါ်အေးအေးမော်(တာမွေမြို့နယ်) ၀၁-၅၄၈၇၀၈

၂။ ဦးကျော်ညွန့်(မရမ်းကုန်းမြို့နယ်) ၀၉-၅၁၂၅၄၄၀

၃။ ဦးသိန်းဟန်(လှိုင်သာယာမြို့နယ်) ၀၉-၅၀၄၄၆၄၇

မဟာကျိန်သစ္စာရှင်ဘုရားကြီး
ဂေါပကအဖွဲ့

ရန်ကုန်တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါတတိယအကြိမ်ခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အရေးယူသိမ်းဆည်းထားသော ပိုင်ရှင်မဲ့စက်ဘီး(၄၃၁) စီးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည် ဖြစ်ပါသည်။ ရောင်းချမည့်စက်ဘီး (၄၃၁) စီးအား မျက်မြင် အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပြီး နိုင်ငံသားမည်သူမဆို ဝယ်ယူနိုင်ပါသည်-

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်	၂၁-၁၀-၂၀၁၃
တင်ဒါလျှောက်လွှာပိတ်မည့်ရက်	-၂၅-၁၀-၂၀၁၃ (၁၆း၃၀)နာရီ
တင်ဒါဖွင့်မည့်ရက်	-၂၈-၁၀-၂၀၁၃၊ ၁၁ နာရီ
တင်ဒါတင်သွင်း	- ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး
စိစစ်ရွေးချယ်မည့်နေရာ	ဦးစီးဌာန၊ အလုံလမ်းနှင့် ပြည်လမ်းထောင့်၊ ဒဂုံမြို့နယ်

၂။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၃၀၂၁၁၃၊ ၀၁-၂၁၆၆၄၂ သို့ ဆက်သွယ်စုံစမ်း နိုင်ပါ သည်။

အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့



ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review- CESR)

မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန

နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်၏ လမ်းညွှန်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (Comprehensive Education Sector Review-CESR)ကို ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ပညာရေးအသိုင်းအဝိုင်းများမှ ပြည်တွင်းပြည်ပ အတွေ့အကြုံရင့်ကျက်သော ပညာရှင်ကြီးများ၊ ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ (Development Partners)နှင့် အာဆီယံဒေသတွင်း အတွေ့အကြုံများရှိကြသော နိုင်ငံတကာပညာရှင်များအားလုံး ပူးပေါင်းလက်တွဲဆောင်ရွက်နေပြီဖြစ်ပါသည်။

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်သမ္မတရုံးမှ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းဆောင်ရွက်ရန် သဘောတူညီခဲ့ပြီး ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံတော်သမ္မတရုံးမှ ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းတွင် ဆောင်ရွက်မည့်လုပ်ငန်း (Terms of Reference-TOR)အား ခွင့်ပြုခဲ့ပါသည်။

၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် နေပြည်တော်ရှိ MICC ခန်းမ၌ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။ ထိုဖွင့်ပွဲအခမ်းအနားမှာပင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ (Development Partners-DP) ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သဘောတူညီမှုစာချွန်လွှာ (Letter of Agreement-LOA) ကို လက်မှတ်ရေးထိုးခဲ့ပါသည်။

မြန်မာနိုင်ငံပညာရေးစနစ်၏ အားသာချက်များနှင့် အားနည်းချက်များအပေါ် အခြေခံ၍ ပြုပြင်ပြောင်းလဲရမည့်လုပ်ငန်းနယ်ပယ်များကို ဖော်ထုတ်ရန်၊ အထောက်အထားခိုင်မာသော မူဝါဒများ၊ ဥပဒေများ ပေါ်ပေါက်ရေးနှင့် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပံ့ပိုးပေးနိုင်ရန်၊ လေ့လာသုံးသပ်မှုများမှ တွေ့ရှိချက်များကို အခြေခံ၍ ကုန်ကျစရိတ် လျာထားချက်များပါဝင်သည့် ပညာရေးစီမံကိန်းများရေးဆွဲတင်ပြရန် စသည့်ရည်ရွယ်ချက်များဖြင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းသည် မြန်မာနိုင်ငံပညာရေးအား ကမ္ဘာ့အဆင့်မီပညာရေးအဖြစ်သို့ ဆောင်ရွက်ရာတွင် အရေးကြီးသောလုပ်ငန်းဖြစ်ပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းကို အဆင့် (၁)အချိန်တိုအတွင်း အကဲဖြတ်ခြင်း၊ အဆင့်(၂) အသေးစိတ်လေ့လာဆန်းစစ်ခြင်း၊ အဆင့်(၃) ပညာရေးကဏ္ဍ စီမံကိန်းရေးဆွဲတင်ပြခြင်းဟူ၍ အဆင့်သုံးဆင့်ခွဲပြီး ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ အဆင့်(၁)အချိန်တိုအတွင်း အကဲဖြတ်ခြင်းလုပ်ငန်းကို ၂၀၁၂ ခုနှစ် ဇူလိုင်လမှ ၂၀၁၃ ခုနှစ် မတ်လအထိ၊ အဆင့်(၂) အသေးစိတ်လေ့လာဆန်းစစ်ခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ် မေလမှ ဒီဇင်ဘာလအထိ၊ အဆင့်(၃) ပညာရေးကဏ္ဍစီမံကိန်းရေးဆွဲတင်ပြခြင်းလုပ်ငန်းကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှ ဇွန်လအထိလျာထားပြီး ဆောင်ရွက်လျက်ရှိပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းသည် နိုင်ငံတော်ကဦးဆောင်၍ ပညာရေးနှင့် သက်ဆိုင်သူများပါဝင်သော လုပ်ငန်းစဉ်ဖြစ်ပါသည်။ အဆင့်(၁) အချိန်တိုအတွင်း အကဲဖြတ်ခြင်းဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာနအပြင် ပညာရေးနှင့် ဆက်စပ်သည့်ဌာနများဖြစ်သည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အားကစားဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြပါသည်။ ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းစဉ်တွင် ပညာရေးကဏ္ဍလေ့လာ သုံးသပ်မှုသာမက ပါဝင်ဆောင်ရွက်သော နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးလည်း ပါဝင်ပါသည်။

ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှာ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank-ADB)၊ နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဩစတြေးလျအေဂျင်စီ (Australian Agency for International Development-Aus AID)၊ ဗြိတိသျှကောင်စီ (British Council-BC)၊ ဒိန်းမတ် (Denmark)၊ ဗြိတိသျှနိုင်ငံတကာဖွံ့ဖြိုးရေးဦးစီးဌာန (Department for International Development-DFID)၊ ဥရောပသမဂ္ဂ (European Union-EU)၊ ဂျာမနီနိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Gesellschaft für International Zusammenarbeit- GIZ)၊ ဂျပန် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency -JICA)၊ အလှူရှင်စုံပညာရေးရန်ပုံငွေ (Multi Donor Education Fund-MDEF)၊ နော်ဝေ (Norway)၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (United Nations Educational, Scientific and Cultural Organization- UNESCO)၊ ကုလသမဂ္ဂအပြည်ပြည်ဆိုင်ရာ ကလေးများပညာရေးရန်ပုံငွေအဖွဲ့ (United Nations International Children's Education Fund-UNICEF)နှင့် ကမ္ဘာ့ဘဏ် (World Bank)တို့ ဖြစ်ကြပါသည်။

အဆင့်(၁)ဖြစ်သော အချိန်တိုအတွင်း အကဲဖြတ်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် (က)ပညာရေးဥပဒေအသစ်များရေးဆွဲရေး (သို့မဟုတ်) ပြုပြင်မွမ်းမံရေးနှင့် ပညာရေးမူဝါဒများပြုပြင်ပြောင်းလဲရေး မူဘောင်တစ်ခုချမှတ်နိုင်ရေးတို့အတွက် ဦးစားပေးလုပ်ငန်းများကို ရွေးချယ်တင်ပြရန်၊ (ခ)လုပ်ငန်းနယ်ပယ်များတွင်အသုံးပြုရန်နှင့် ပညာရေးကဏ္ဍစီမံကိန်းဆိုင်ရာ အခြေခံစာရင်းအင်းပြုစုရာတွင် ထပ်မံလိုအပ်ချက်များကိုဖော်ပြနိုင်ရန်အတွက် အဓိကအရေးအတွက်ဆိုင်ရာ အညွှန်းကိန်းများဖော်ထုတ်တင်ပြရန်၊ (ဂ) အရေးကြီးသောမူဝါဒ၊ စီမံခန့်ခွဲမှု၊ ဘဏ္ဍာငွေသုံးစွဲမှု၊ ဖွဲ့စည်းမှုပုံစံနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပြဿနာများအား ခြုံငုံသုံးသပ်တင်ပြပြီး ဖြစ်နိုင်ခြေရှိသော လတ်တလောဆောင်ရွက်ရမည့် နည်းဗျူဟာများနှင့် အလျင်အမြန်ဆောင်ရွက်ရမည့် အဓိကကျသောစနစ်ဆိုင်ရာ အခက်အခဲပြဿနာများ၊ ဒေသဆိုင်ရာအဆင့်အသီးသီး၌ စွမ်းဆောင်ရည်မြင့်မားရေးဆိုင်ရာ လတ်တလောအစီအစဉ်များကို အချိန်နှင့်တစ်ပြေးညီ ဦးစားပေးဆောင်ရွက်ရမည့်နယ်ပယ်များနှင့် အဆင့်(၂)တွင် အသေးစိတ်လေ့လာဆန်းစစ်သင့်သည့် လုပ်ငန်းနယ်ပယ်များကို ဖော်ထုတ်သတ်မှတ်ရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အချိန်တိုအတွင်းအကဲဖြတ်ခြင်းလုပ်ငန်းတွင် အဓိကနယ်ပယ်များဖြစ်သော (၁)အရေအတွက်ဆိုင်ရာ လေ့လာဆန်းစစ်ခြင်း၊ (၂)ပညာရေးမူဝါဒ၊ ဥပဒေနှင့် စီမံခန့်ခွဲမှုတို့အား လွှမ်းခြုံလေ့လာဆန်းစစ်ခြင်းနှင့် မူကြိုပညာရေး၊ အခြေခံပညာရေး၊ ကျောင်းပြင်ပပညာရေး၊ ဆရာအတတ် ပညာရေးတို့အား လေ့လာဆန်းစစ်ခြင်း၊ (၃) နည်းပညာနှင့် သက်မွေးပညာရေးအား လေ့လာဆန်းစစ်ခြင်းနှင့် အဆင့်မြင့်ပညာရေးအားလေ့လာဆန်းစစ်ခြင်း၊ (၄)ပညာရေးကဏ္ဍ ဘဏ္ဍာငွေသုံးစွဲခြင်းအား လေ့လာဆန်းစစ်ခြင်း၊ (၅)ပညာရေးတွင် ပါဝင်သူများအား လေ့လာဆန်းစစ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှု စနစ်တိုးတက်ဖွံ့ဖြိုးမှုအတွက် ပူးပေါင်းဆောင်ရွက်မည့်သူများကို ဖော်ထုတ်ခြင်း၊ (၆)ကျောင်းသုံးစာအုပ်ပုံနှိပ်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းတို့အား လေ့လာဆန်းစစ်ခြင်းဖြစ်ပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းသည် နိုင်ငံတော်ကဦးဆောင်ပြီး ပညာရေးနှင့် သက်ဆိုင်သူများပါဝင်သောလုပ်ငန်းစဉ်ဖြစ်ရာ အဆင့်(၁)အချိန်တိုအတွင်း အကဲဖြတ်ခြင်းလုပ်ငန်းကို ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတို့မှ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအထိ အချက်အလက်များ၊ ပညာရေးဝန်ကြီးဌာန၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ်မှ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အထိ ပညာရေးစီမံခန့်ခွဲမှုနှင့် သတင်းအချက်အလက်စနစ် (Education Management and Information System-EMIS)မှ ရရှိသောကိန်းဂဏန်းများ၊ လူတိုင်းအတွက်ပညာရေးကာလဝက်အကဲဖြတ်ခြင်း (Education For All-Mid-Decade Assessment Report,2007)မှရရှိသောအချက်အလက်များ၊ ပညာရေးဝန်ကြီးဌာနမှ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ နှစ်အလိုက်ပြုစုထားသော ဘတ်ဂျက်နှင့် အသုံးစရိတ်အချက်အလက်များ၊ ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ယူအင်ဒီပီတို့ ပူးပေါင်းဆောင်ရွက်သည့် အိမ်ထောင်စုစားဝတ်နေရေးအခြေအနေ ဘက်စုံလေ့လာမှုစာတမ်း (Integrated Household Living Condition Survey-IHLCS)နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန၊ ယူနီဆက်တို့ ပူးပေါင်းဆောင်ရွက်သည့် ဘက်ပေါင်းစုံအစုလိုက် အညွှန်းကိန်းဆိုင်ရာ လေ့လာခြင်းစစ်တမ်း (Multiple Indicators Cluster Survey-MICS)တို့မှရရှိသော ကိန်းဂဏန်းများကို ရင်းမြစ်အဖြစ်အသုံးပြုပြီး ဆန်းစစ်လေ့လာအကဲဖြတ်ခြင်းဖြစ်ပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့်(၁)ဖြစ်သော အချိန်တိုအတွင်းအကဲဖြတ်ခြင်းလုပ်ငန်း၏ အဓိကလုပ်ငန်းနယ်ပယ်ကြီး ခြောက်ရပ်မှ အဓိကလေ့လာဆန်းစစ်တွေ့ရှိချက်များ၊ ဦးစားပေးဆောင်ရွက်ရန် ထောက်ခံအကြံပြုချက်များနှင့် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအဆင့် (၂)တွင်ဆောင်ရွက်ရန် လျာထားသည့် လုပ်ငန်းများကို သက်ဆိုင်ရာပညာရေးကဏ္ဍခွဲမှ ပညာရှင်ကြီးများကိုဖိတ်ကြားပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ တင်ပြဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့အပြင် နိုင်ငံတကာ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ (Development Partners-DP) ၏ သဘောထားများနှင့် အကြံပြုချက်များကို ၂၉-၃-၂၀၁၃ ရက်တွင် လည်းကောင်း၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပါဝင်သည့် (Education Thematic Working Group)အဖွဲ့ဝင်များ၏ သဘောထားနှင့် အကြံပြုချက်များကို ၈-၄-၂၀၁၃ ရက်တွင် လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနကိုယ်စားလှယ်များ၏ သဘောထားနှင့် အကြံပြုချက်များကို ၂၀၁၃ ခုနှစ် ဧပြီ ၂၃ ရက်မှ ၂၅ ရက်အထိ ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသော အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲတွင်လည်းကောင်း၊ မြန်မာ့ပညာရေးတွင် ပါဝင်သူများဖြစ်ကြသည့် မိဘများ၊ ရပ်ရွာပြည်သူလူထုများ၊ တိုင်းရင်းသား မျိုးနွယ်စုများ၊ ဘုန်းတော်ကြီးသင် ပညာရေးနှင့် သက်ဆိုင်သူများ၊ ဘာသာရေး အဖွဲ့အစည်းဝင်များ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လွှတ်တော်အမတ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ နိုင်ငံရေးအဖွဲ့အစည်းများ၏ သဘောထားအကြံပြုချက်များကို ၁၄-၅-၂၀၁၃ ရက်တွင် မန္တလေးမြို့၌ လည်းကောင်း၊ ၃၁-၅-၂၀၁၃ ရက်တွင် ရန်ကုန်မြို့၌လည်းကောင်း၊ ၃၀-၈-၂၀၁၃ရက်တွင် နေပြည်တော်၌လည်းကောင်း ဖြည့်စွက်အကြံပြုချက်များကို ရယူနိုင်ခဲ့ပြီးဖြစ်ပါသည်။

အချိန်တိုအတွင်း အကဲဖြတ်ခြင်းလုပ်ငန်းဆောင်ရွက်ချက် သုတေသနလုပ်ငန်းများကို ၂၀၁၂ခုနှစ် ဩဂုတ်လမှ ၂၀၁၃ ခုနှစ် ဇန်နဝါရီလအထိ နယ်ပယ်အလိုက် ဆောင်ရွက်ကြရာတွင် အမျိုးသားအကြံပေးပုဂ္ဂိုလ် ခြောက်ဦး၊ ပြည်တွင်းပညာရှင် ရှစ်ဦး၊ အမျိုးသားညှိနှိုင်းရေးမှူးတစ်ဦး၊ လုပ်ငန်းမန်နေဂျာတစ်ဦး၊ လက်ထောက်လုပ်ငန်းမန်နေဂျာ တစ်ဦးတို့နှင့် နိုင်ငံတကာ အကြံပေးပုဂ္ဂိုလ် တစ်ဦး၊ နိုင်ငံတကာ ညှိနှိုင်းရေးမှူး တစ်ဦး၊ နိုင်ငံတကာပညာရှင် ၂၆ ဦး စသည့် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်တို့၏ ကြီးကြပ်မှုဖြင့် ပညာရေးနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ ပညာရှင် ၅၉ ဦးတို့နှင့် ဖွဲ့စည်းထားသည့် လုပ်ငန်းအဖွဲ့ခွဲအလိုက်ရရှိနိုင်သော ကျမ်းများ၊ ဖွဲ့စည်းပုံများ၊ ဥပဒေများ၊ စာအုပ်၊ စာတမ်း၊ စာစောင်များ၊ ဆောင်းပါးများ၊ Education Sector Study-ESS(1992) အပါအဝင် အစီရင်ခံစာများ၊ မှတ်တမ်းမှတ်ရာများနှင့် အင်တာနက်တို့မှ ရှာဖွေလေ့လာခြင်း၊ သက်ဆိုင်ရာ တက္ကသိုလ်၊ ကျောင်း၊ စက်ရုံ၊ ကျောင်းသုံးစာအုပ် သိုလှောင်ရုံများသို့ ကွင်းဆင်းလေ့လာခြင်း၊ တွေ့ဆုံမေးမြန်းခြင်း၊ round table meeting များပြုလုပ်ခြင်း၊ သိရှိလိုသည့် အချက်အလက်များပေါ် မူတည်၍ စုံစမ်းမေးမြန်းလွှာပြုစု၍ သက်ဆိုင်ရာ တက္ကသိုလ်၊ ကျောင်း၊ ဌာနများသို့ ပေးပို့ခြင်းတို့ပြုလုပ်၍ သတင်းအချက်အလက်များ စုစည်းခဲ့ကြပါသည်။ ထို့နောက် လုပ်ငန်းအဖွဲ့ခွဲအလိုက် အမျိုးသားအကြံပေးပုဂ္ဂိုလ်များနှင့် နိုင်ငံတကာ အကြံပေးပုဂ္ဂိုလ်များ၊ ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ အကူအညီဖြင့် ရရှိသော သတင်းအချက်အလက်များကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း၊ သုံးသပ်ခြင်းတို့ပြုလုပ်၍ လေ့လာဆန်းစစ် တွေ့ရှိချက်များနှင့် ထောက်ခံအကြံပြုချက်များ ပါဝင်သော အစီရင်ခံစာ ၁၁ စောင်ကို ရေးသားပြုစုခဲ့ကြပြီး ဖြစ်ပါသည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း အဆင့် (၁)၏ အချိန်တိုအတွင်း အကဲဖြတ်ခြင်းလုပ်ငန်းသည် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရန် လတ်တလော ဆောင်ရွက်သင့်သော ပညာရေးစနစ်ဆိုင်ရာ မူဝါဒရေးရာ ပြဿနာများ၊ အနာဂတ် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေး အတွက်လိုအပ်သော မူဝါဒ၊ ဥပဒေ၊ စီမံခန့်ခွဲမှုများကို လေ့လာဆန်းစစ်အကဲဖြတ်ထားခြင်းဖြစ်ရာ အလျင်အမြန် ပြောင်းလဲနေသော ခေတ်နှင့်အညီ ပြည်သူလူထု၏ လိုအပ်ချက်နှင့်ကိုက်ညီပြီး လူတိုင်းအကျိုးဝင်သော ပညာရေးစနစ်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးသော အခြေခံရင်းမြစ်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

(ဆက်လက်ဖော်ပြပါမည်။)

နေပြည်တော်မီးသတ်ဦးစီးဌာနတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်းဖွင့်

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်မီးသတ်ဦးစီးဌာန ဗဟိုမီးသတ်တပ်ဖွဲ့စခန်း စစ်ရေးပြကွင်းတွင် ရှာဖွေရေးနှင့် ကယ်ဆယ်ရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကျင်းပရာ နေပြည်တော်မီးသတ်တပ်ဖွဲ့စခန်းအသီးသီးမှ မီးသတ်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၀၀ တက်ရောက်ခဲ့ပြီး သင်တန်းမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမြင့်က တန်းအပ်ပြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသန်းကျော်ကျော်က အဖွင့်အမှာစကားပြောကြားကြောင်း သိရသည်။ **(ယာပုံ)**

(မီးသတ်ဦးစီးဌာန)

ပြည်တွင်းငါးဈေးကွက်တွင် အမြင့်ဈေးဖြင့် ဈေးငြိမ်နေ

ရန်ကုန် အောက်တိုဘာ ၁၉

ပြည်တွင်းငါးဈေးကွက်တွင် ဈေးနှုန်းများသည် အမြင့်ဈေးဖြင့်ငြိမ်နေကြောင်း အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပသော သားငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲမှ သိရသည်။

ငါးမွေးမြူထုတ်လုပ်မှု အပိုင်းတွင်လည်း တစ်ခါမျှ မဖြစ်ဖူးသေးသော ဈေးနှုန်းများဖြစ်နေပြီး ငါးကုန်တက်ဖြင့် ဈေးဆွဲချသော်လည်း မနိုင်ဘဲ အမြင့်ဈေးတွင်တန့်နေကြောင်း မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ ဦးဝင်းကြိုင်က ပြောသည်။

"ငါးမြစ်ချင်းဆိုရင် ခြစ်သားအရွယ် အကောင်လောက်ကနေ စပြီးတော့ 2 up, 3up exportပို့တဲ့ အရွယ်ထိ ဈေးကောင်းရနေတယ်။ အရင်နှစ်တွေက ဒီအချိန်ဆိုရင်ငါးဈေးက ပြန်ကျပြီးတော့ ဈေးနိမ့်သွားတယ်" ဟု ၎င်းက ရှင်းပြသည်။

အင်းအိုင်များတွင် ငါးဖမ်းဆီးသောအချိန် ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးစသည့် တိုင်းဒေသကြီးများ၌ မြစ်ချောင်း အင်းအိုင်များတွင် ရေကြီးသည့်အခါ ဝင်ရောက်လာသော ငါးများကို နည်းမျိုးစုံဖြင့်ဖမ်းဆီးကြခြင်းကြောင့် ပြီးခဲ့သောနှစ်က ယခုလိုကာလတွင် သဘာဝငါးများဈေးကွက်ဝင်ကာ exportမှလွဲ၍ ပြည်တွင်းစားသုံးမှုတွင် ဈေးနိမ့်သွားသော်လည်း ယခုနှစ်တွင် ထူးခြားစွာ ဈေးနှုန်းမြင့်မားလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ဈေးကွက်အတွင်း ဝင်ရောက်သည့် ငါးကုန်တက်အခြေအနေမှာလည်း ယခင်ကထက် လျော့ပါးနေကာ အမြင့်ဈေးနှုန်းဖြင့် ဈေးတန့်နေခြင်းဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

သဘာဝဓာတ်ငွေ့အိုးများအား စစ်ဆေးရာတွင် ၁၁၅၀၀ စစ်ဆေးပြီးစီး၊ ပယ်အိုး ၃၀၀ နီးပါးရှိ

ရန်ကုန် အောက်တိုဘာ ၁၉

ခရီးသည်တင်ယာဉ်များတွင် အသုံးပြုလျက်ရှိသော သဘာဝဓာတ်ငွေ့အိုးများအား Hydro Test ဖြင့်စစ်ဆေးခြင်းမှာ အောက်တိုဘာ ၁၇ ရက်တွင် ၁၁၅၀၀ နီးပါးစစ်ဆေးပြီးစီး၍ ပယ်သည့်အိုးမှာ ၃၀၀ နီးပါးရှိကြောင်း စွမ်းအင်ဝန်ကြီးဌာန သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ဦးကိုလေးထံမှ သိရသည်။

အဆိုပါ CNG အိုးများအား Hydro Test Machine ဖြင့် စစ်ဆေးခြင်းကို ဇွန် ၁ ရက်မှစ၍ ဆောင်ရွက်ခဲ့ပြီး CNG ယာဉ်များ၏ သဘာဝဓာတ်ငွေ့အိုးပေါက်ကွဲမှုဖြစ်စဉ်များကြောင့် စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

"Type-1 စတီးအိုးတွေကိုပဲ စမ်းသပ်စစ်ဆေးပေးတာပါ၊ အခုလိုစစ်ဆေးရာမှာ ပယ်တဲ့အိုးတွေလည်းရှိတယ်၊ သံချေးတက်လို့ပယ်တာရှိတယ်၊ ဒဏ်ရာဒဏ်ချက်ရှိလို့ ပယ်တာမျိုးတွေရှိတယ်" ဟု စွမ်းအင်ဝန်ကြီးဌာန သဘာဝဓာတ်ငွေ့လုပ်ငန်း အထွေထွေမန်နေဂျာ ၎င်းက ဆက်လက်ပြောသည်။

ယင်းကဲ့သို့ သဘာဝဓာတ်ငွေ့အိုးများအား စစ်ဆေးရာတွင် တစ်ရက်လျှင် အလုံးရေ ၁၀၀ ခန့်စစ်ဆေးမှုပြုလုပ်ခဲ့ပြီး ငါးနှစ်လျှင် တစ်ကြိမ်ခန့် စစ်ဆေး၍ သတ်မှတ်ချက်နှစ် ချက်နှင့် ကိုက်ညီမှုမရှိသည့် သဘာဝဓာတ်ငွေ့အိုးများအား ပယ်သည့်အိုးအဖြစ် သတ်မှတ်ကြောင်း သိရသည်။

(ကေသိန်းဆွေ)

စာတည်းမှူးထံရောက်ရှိလာသော ပေးစာများ

ရေမြောင်းပေါ်က လက်ဖက်သုပ်ဆိုင်

အလုံမြို့နယ် ဆင်မင်းရပ်ကွက် စက်တွင်းလမ်း တိုက်အမှတ် (၅၉)နှင့် ကွင်းကျောင်းလမ်းတိုက်အမှတ် (၃၆)ကြားရှိ အရေးပေါ်လမ်းကြားအားပိတ်၍ လက်ဖက်သုပ်ဆိုင်ဖွင့်ထားသဖြင့် ရေမြောင်းများဖော်ထုတ်မှုများပြုလုပ်၍ မရပါ။ ထို့ပြင် ညှော်နံ့နှင့် ကျယ်လောင်စွာပြောဆိုဆူညံခြင်းများ မခံနိုင်ပါသဖြင့် လက်ဖက်သုပ်ဆိုင်အား သက်ဆိုင်ရာမှ အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

အမှိုက်ပုံကအနံ့ဆိုးကြီးများ

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ် (၇)ရပ်ကွက်ထိပ်တွင် စည်ပင်ကား ပုံမှန်လာမသိမ်းသဖြင့် အနံ့ဆိုးကြီးများထွက်သော အမှိုက်ပုံကြောင့် လမ်းသွားလမ်းလာများ ကျန်းမာရေးထိခိုက်နိုင်ပါသဖြင့် သက်ဆိုင်ရာမှ ဆောင်ရွက်ပေးပါရန် တင်ပြလာသောစာ။

ခရေလမ်းအတွင်းက လောင်းကစားရုံ

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံတန်းရှိ ခရေလမ်းအတွင်းတွင် ငမန်းခေါ် လောင်းကစားရုံများ ကြိတ်ဝိုင်းသဖွယ်ပြုလုပ်လောင်းကစားနေကြပါသည်။ ယင်းလောင်းကစားရုံများကြောင့် ကျောင်းနေအရွယ်လူငယ်များနှင့် ပျံကျကုန်ထမ်းသမားများ၊ ကားသမားများမှာ လောင်းကစားပြုလုပ်နေကြရာ စာရိတ္တပျက်စီးခြင်း၊ ခိုက်ရန်ဖြစ် ပွားခြင်းများ နေ့စဉ်တွေ့မြင်နေရပါသဖြင့် လိုအပ်သလိုစိစစ်ပေးပါရန် တင်ပြလာသောစာ။

ဝင်ပေါက်လမ်းပေါ်မှာ ဆောက်လုပ်ထားသောကားဂိုဒေါင်

ဘုရင့်နောင်ပွဲရုံဝင်းအတွင်းသို့ ဝင်သော ဝင်ပေါက်လမ်းတစ်ခုအား ဇေယျာမွန်တိုက်သုံးလုံးကြားတွင် ကားဂိုဒေါင်တစ်ခု အခိုင်အမာဆောက်လုပ်ထားရာ ကားလမ်းပိတ်ဆို့မှုဖြစ်ပေါ်နေပါသဖြင့် ဖယ်ရှားပေးပါရန် တင်ပြလာသောစာ။

လူနေရပ်ကွက်အတွင်းရှိ ငါးလုပ်ငန်းမှအနံ့ဆိုးများ

ဒဂုံမြို့သစ်(မြောက်ပိုင်း)(၄၃)ရပ်ကွက် ဖိုးရာဇာ (၁)လမ်းနှင့် ဒူးယားလမ်းထိပ်ရှိ ငါးလုပ်ငန်းအိမ်မှ နေ့စဉ်နှင့်အမျှ ငါးပုပ်နှင့် ငါးပုပ်ရေများကို ရေမြောင်းအတွင်းသို့ စွန့်ပစ်ခြင်း၊ ယင်းလုပ်ငန်း၌လုပ်ကိုင်နေသော အလုပ်သမားများသည် အချင်းချင်းအော်ဟစ်ဆဲဆိုခြင်း၊ သီချင်းများကို ကျယ်လောင်စွာ ဖွင့်ခြင်း၊ TV ကို ကျယ်လောင်စွာဖွင့်ခြင်းနှင့်အတူ လမ်းသွားလမ်းလာမိန်း ကလေးများအား အော်ဟစ်နောက်ပြောင်ခြင်းများကို နေ့စဉ်နှင့်အမျှ ပြုလုပ်နေပါသဖြင့် အနီးဝန်းကျင်ရှိ ပြည်သူများသည် ကျန်းမာရေးထိခိုက်နိုင်သည့် အနံ့ဆိုးများကို ရှူရှိုက်နေရသည့် ဒုက္ခနှင့် မိမိတို့၏သမီးပျိုများအား နေ့စဉ်နှင့်အမျှ အော်ဟစ်နောက်ပြောင်နေမှုများကြောင့် ရတက်မအေးစိတ်သောကများ ရောက်နေရပါသဖြင့် သက်ဆိုင်ရာမှလိုအပ်သလို အမြန်ဆုံးအရေးယူဆောင်ရွက်ပေးပါရန် တင်ပြလာသောစာတို့ဖြစ်ပါသည်။

CNG TAXI ယာဉ်မောင်း
AA-7--ကယ်ဒီနား/နေ့မောင်း/ညမောင်း
၃၅ ဒဂုံမြောက်
ဖုန်း-၀၉-၄၅၀၀၃၀၁၇၅၊
၀၉-၃၆၀၆၈၀၀၅

ရောင်း/ငှားမည်
အောင်သိဒ္ဓိလမ်းအနီး (မရမ်းကုန်း)
190' 190' မြေ (၃၀၀၀၀)သိန်း(ညှိ)
အောင်သိဒ္ဓိလမ်း 90' 80' 2RC (၄၀သိန်း)
(ညှိ) ဖုန်း-၅၀၁၈၀၇၆၊ ၃၁၅၄၈၃၄၈(ပွဲစားမလို)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိုဘိုင်းဆက်သွယ်ရေးကွန်ရက်၏ Transmission Media စက်ပစ္စည်းများပေးသွင်းတပ်ဆင်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမိုဘိုင်းဆက်သွယ်ရေးကွန်ရက်၏ Transmission Media များအတွက်အောက်ဖော်ပြပါစက်ပစ္စည်းများအား ဝယ်ယူတပ်ဆင်လိုပါသဖြင့် ပေးသွင်းဆောင်ရွက်လိုသည့်ကုမ္ပဏီ/အဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) Mini Link - (250)Hops(Sets) (Including Service)
(ခ) Optical Fiber Cable - (500)Km(12 Core)

၂။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များ၊ တင်ဒါပုံစံတို့ကို (၁)စုံလျှင် (၅၀၀၀၀ိ/)ကျပ်ငါးသောင်းတိတိဖြင့် ၂၂-၁၀-၂၀၁၃ ရက်မှစ၍ အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

အင်ဂျင်နီယာချုပ်ရုံး
ရုံးချုပ်အခြေစိုက်မိုဘိုင်းဆက်သွယ်ရေးစခန်း
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
နေပြည်တော်(ဒက္ခိဏသီရိအိတ်ချိန်းဝင်း)
ဖုန်း-၀၉-၄၄၈၀၀၀၀၂၃

၃။ တင်ဒါတင်သွင်းမည့်သူသည် လုပ်ငန်းစိတ်ဝင်စားကြေးအဖြစ်တင်ဒါ(၁)စုံလျှင် ကျပ်သိန်း (၅၀) (ကျပ်ငါးဆယ်သိန်းတိတိ)အားဌာနသို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ တင်ဒါတင်သွင်းရာတွင် သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်ကိုက်ညီရမည့်အပြင် လူကိုယ်တိုင်လာရောက် တင်သွင်းရပါမည်။

၅။ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တွင် ရုံးချိန် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း တင်သွင်းရန်ဖြစ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၄၃၊ မြေကွက်အမှတ်(၁၄၃၆)၊ မြေကွက်တည်နေရာအမှတ်(၁၄၃၆)၊ ဗိုလ်မင်းရောင်လမ်း (၄၃)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးထွန်းငွေ [၁၂/သဃက(နိုင်)၀၆၉၉၉၇] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးထွန်းငွေထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၃၁၈/၀၂)/(၁၂-၇-၀၂)ဖြင့် ကိုယ်စားလှယ် ရရှိသူ ဒေါ်ခင်ဝေ[၁၂/သဃက(နိုင်)၀၈၅၄၅၆]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါ ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်နှင့် မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရန်အောင် (၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/တပ်ကုန်းရပ်၊ ဦးပိုင်အမှတ် (၁၂ည၊ ၁၂ဟ/၂၊ ၁၂၆)၊ ဧရိယာ(၈. ၈၈၉)ဧကရှိ မြေကွက်အား အမည်ခုတင်(၂၀၀) ပြည်သူ့ဆေးရုံကြီး၊ ပျဉ်းမနားမြို့မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားဂရန်စာချုပ်သစ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးခြင်း

CDC 56723 ကိုင်ဆောင်သူ ကျွန်တော် ထွန်းလှဝင်း၏ SID CARD ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက အကြောင်းကြားပေးပါ။
ဖုန်း-၀၉-၄၅၀၀၀၅၅၆၄



ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြောက်)၊ မြေကွက်အမှတ်(၁၂၂၃/က)၊ ဧရိယာပေ(၂၀×၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ တိုးချဲ့(၂)လမ်း၊ အမှတ်(၁၂၂၃/က)ဟု ခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့ကို ပိုင်ရှင်ဖြစ်သူ ဦးမြင့်ဌေး[၁၂/သကတ(နိုင်)၁၂၁၂၅၈]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန်စရန်ငွေပေးချေပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), H.G.P, R.L, D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel:294866, HP:09-5017044, 09-73107094

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၀-၁၀-၂၀၁၃ (တနင်္ဂနွေနေ့)

၆း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၆း၄၀	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ/အက
၈း၅၀	"အမွန်မြတ်ဆုံးလက်ဆောင်"
၁၀း၁၅	"အခမဲ့ကူလီထမ်းခြင်းအကျိုး"
၁၁း၀၀	ဂီတတံခါးလေးဖွင့်ပါဦး
၁၂း၃၅	ဖြူ/မည်းရုပ်ရှင် "ထမင်းဆီဆမ်းရွှေလင်ပန်းနဲ့" (ညွန့်ဝင်း၊ ထွန်းထွန်းဝင်း၊ နွဲ့နွဲ့မူ၊ ချိုပြုံး)(ဒါရိုက်တာ-မောင်မောင်မြင့်)
၅း၁၅	ဆိုကြမယ်၊ ပျော်ကြမယ်
၆း၅၀	"သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင်" (ကိုယ့်အထာနဲ့ကိုယ်)
၈း၀၀	ပြည်တွင်းသတင်း -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -ရင်ခုန်လက်ကမ်း တေးသစ်လမ်း

ပျောက်ဆုံး

ကျွန်မ မကျင်မေ မှတ်ပုံတင်နံပါတ်[၇/တငန(ဧည့်)၀၀၀၀၅၁]ကိုင်ဆောင်သော PP. M-690917 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **Ph:09-5024269**



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပဌမအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၄၅)ကြိမ်မြောက် အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော်ရှိဥပ္ပါတသန္တိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပဌမအကြိမ် အဘိဓမ္မာအခါတော်နေ့နှင့် (၄၅)ကြိမ်မြောက် အသံမစဲမဟာပဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော် လိုဏ်တော် အတွင်း၌ ကျင်းပသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ဘဒ္ဒန္တ ကဝိသာရ အမှူးပြုတော်မူသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများမှ ဝတ်အသင်း အဖွဲ့များ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်း ကျောင်းတိုက် ပဓာနနာယကဆရာတော်ထံမှ ဒါယကာ၊ ဒါယိကာမများက ကိုးပါး သီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွား သရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ်ပရိတ်တရားတော်များနှင့် ဘုရား ဂုဏ်တော်များကို နာယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ နေပြည်တော် ကောင်စီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများက ဆရာ တော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြ သည်။

ထို့နောက် ပျဉ်းမနားမြို့ မဟာဝိသုတာရာမစျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီ ဝင်များနှင့် ဒါယကာ၊ ဒါယိကာမများက အဘိဓမ္မာအခါတော်နေ့ တရားတော်ကို နာယူကြပြီး **(အောက်ပုံ)**လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြ သည်။

ညနေပိုင်းတွင်လည်း ဝန်ကြီးဌာနများမှ ဝတ်အသင်းအဖွဲ့များစုပေါင်း၍ ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်း၌ ဝတ်ရွတ်ပူဇော်ကြပြီး ညပိုင်း တွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဝင်များ၊ ဌာန ဆိုင်ရာအကြီးအကဲများ၊ ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာပြည်သူများက စုပေါင်းပါဝင်ကုသိုလ်ယူကြကာ ဆီမီးထွန်းညှိပူဇော်ကြသည်။ **(သတင်းစဉ်)**

●ရွှေဖုံးမှ

စတုဒိသာကုသိုလ်အဖြစ် ရေသန့်ဘူးများ၊ အချိုရည်ဘူးများ လာရောက်လှူဒါန်းကြပြီး ဓမ္မဒါနအဖြစ် ဆရာတော် သံဃာတော်များ ဟောကြားတော်မူသည့် တရားတော်များပါဝင်သော စီဒီချပ်များနှင့် ရောင်စုံရုပ်ပြ ပဌာန်းစာအုပ်များကို ကုသိုလ်ဖြစ်ပေးလှူကြသည်ကို တွေ့မြင်ရသည်။

ထို့အတူ နေပြည်တော်ပျဉ်းမနားရှိ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရားများနှင့် နေပြည်တော်လယ်ဝေးရှိ ရန်အောင်မြင်ရွှေလက်လှဘုရား၊ နေပြည်တော်ရှိ ဓာတုစယစေတီတော်နှင့် မဟာမြတ်မုနိရုပ်ပွားတော်မြတ်၊ သတ္တသတ္တာဟမဟာဗောဓိစေတီတော် စသည့်စေတီပုထိုးများတွင်လည်း ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာဒါယကာ ဒါယိကာမ များနှင့် စည်ကားများပြားလျက်ရှိနေသည်ကို တွေ့မြင်ရသည်။

သီတင်းကျွတ်လပြည့်နေ့တွင် တာဝတိံသာနတ်ပြည်၌ ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရား ဟောကြား တော်မူကာ လူ့ပြည်လူ့လောကသို့ ပြန်လည်ကြွချီတော်မူလာသည့်အဖြစ်ကို ရည်မှန်းကော်ရော် ဖူးမြော်ကြည်ညို သောအားဖြင့် ဆီမီးများထွန်းညှိပူဇော်ကြခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်ပူဇော်ကြခြင်း၊ ဥပုသ်သီလ ဆောက်တည်ကြခြင်းများကိုလည်း ပြုလုပ်ကြသည်။

ညပိုင်းတွင်လည်း နေပြည်တော်တစ်ခွင်ရှိ စျေးများ၊ လူနေအိမ်ရာများ၊ ရုံးများနှင့် လမ်းများထက်တွင် ရောင်စုံမီးအလှများ ထွန်းညှိတပ်ဆင်ထားရှိကာ ဖြာဝေနေသည့်အလင်းရောင်များဖြင့် လွန်စွာပနံရ တင့်တယ် လှပလျက်ရှိသည်ကို တွေ့မြင်ရသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

သီတင်းကျွတ်လပြည့်နေ့ညပိုင်းတွင် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်ရင်ပြင်၌ ဘုရားဖူးလာပြည်သူများနှင့် ဘာသာရေးအသင်းအဖွဲ့များက ဆီမီးပူဇော်ကြစဉ်။ (ဌေးခိုင်)

ဆေးလိပ်သောက်ခွင့်မရှိသောနေရာများ သတိပေးနှိုးဆော်ချက်

ဆေးလိပ်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး ဥပဒေအရ အောက်ပါပရိဝုဏ်အဆောက်အအုံအခန်းနှင့် နေရာများသည် ဆေးလိပ်လုံးဝသောက်ခွင့်မရှိသော နေရာများဖြစ်သည်-

(က) ဆေးရုံပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ ဆေးရုံအဆောက်အအုံ၊ ရုံးခန်းပရိဝုဏ်နှင့် ပရိဝုဏ်အတွင်းရှိ အခြားအဆောက်အအုံများ၊
(ခ) ဆေးကုဂေဟာနှင့် ဆေးခန်းများ၊
(ဂ) အားကစားရုံနှင့် အမိုးအကာရှိသည့် အားကစားကွင်းများ၊
(ဃ) ကလေးကစားရုံနှင့် ကစားကွင်းများ၊
(င) ကျောင်းပရိဝုဏ်အတွင်းရှိ ဝန်ထမ်းအိမ်ရာနှင့် အိမ်ခန်းများမှအပ သင်ကြားရေးအဆောက်အအုံ စာသင်ခန်းရုံးခန်းပရိဝုဏ်နှင့် ပရိဝုဏ် အတွင်းရှိ အခြားအဆောက်အအုံများ။
(စ) တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်နှင့် သိပ္ပံတို့၏ သင်ကြားရေး အဆောက်အအုံစာသင်ခန်းနှင့် ရုံးခန်းများ၊
(ဆ) ဇာတ်ရုံ၊ ရုပ်ရှင်ရုံ၊ ဗီဒီယိုရုံနှင့် အခြားပွဲကျင်းပပြသသည့် အဆောက် အအုံများ၊
(ဇ) ကုန်တိုက်၊ ကုန်ပဒေသာဆိုင်၊ စတိုးဆိုင်နှင့် အမိုးအကာရှိသည့် စျေးရုံများ၊
(ဈ) ပြတိုက်၊ မော်ကွန်းတိုက်၊ အများပြည်သူသုံးစာကြည့်တိုက်နှင့် စာဖတ်ခန်းများ၊
(ည) ဓာတ်လှေကားနှင့် ရွေ့လျားစက်လှေကားများ၊
(ဋ) ခရီးသည်သယ်ယူပို့ဆောင်သော မော်တော်ယာဉ်နှင့် လေယာဉ်များ၊
(ဌ) လေအေးစက်တပ်ဆင်ထားသော အများပြည်သူသုံးအခန်းများ၊
(ဍ) အများပြည်သူသုံးခန်းမကြီးများ၊
(ဎ) ဘာသာရပ်သင် ကိုယ်ပိုင်သင်တန်းနှင့် သင်တန်းကျောင်းများ၏ သင်ကြားရေးအဆောက်အအုံနှင့် စာသင်ခန်းများ၊
(ဏ) ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ် သည့်အများပြည်သူဆိုင်ရာ အခြားပရိဝုဏ်အဆောက်အအုံနှင့် နေရာများ။

ကျန်းမာရေးဝန်ကြီးဌာန

အဘိဓမ္မာအခါတော်နေ့မှာ ထူးခြားတဲ့အလှူလေး

ရန်ကုန် အောက်တိုဘာ ၁၉

သီတင်းကျွတ်လပြည့်အဘိဓမ္မာ အခါတော်နေ့တွင် ရွှေဟင်္သာခရီး သည်ပို့ဆောင်ရေးနှင့်လူမှုကူညီရေး အသင်း (ရန်ကုန်)မှ သတ်မှတ်ထား သော တက္ကစီ ယာဉ်ငယ်များဖြင့် မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရား မှစတင်၍ ခရီးသွားရဟန်းရှင်လူ ပြည်သူများအား ယာဉ်စီးခတစ်ဝက် နှုန်းဖြင့် လိုရာခရီးသို့ပို့ဆောင်ပေးခဲ့ ကြောင်း သိရသည်။

"ကျွန်တော်တို့ အသင်းအနေနဲ့ အခုလို နေ့ကြီးရက်ကြီးတွေမှာ ခရီးသွား ရဟန်းရှင်လူပြည်သူ တွေကို တက္ကစီ ယာဉ်စီးခတစ်ဝက် နှုန်းနဲ့ ကုသိုလ်ယူပို့ဆောင်ပေးရ တဲ့အတွက် အရမ်းကိုဝမ်းသာပီတိ ဖြစ်ရပါတယ်။ နောက်နောင်ကို လည်း တတ်နိုင်တဲ့ဘက်က ပြည်သူ တွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်း ပေးသွားဖို့ အစီအစဉ်တွေရှိပါ တယ်"ဟု အသင်းဒုဥက္ကဋ္ဌဦးစံမြင့် ကျော်က ရှင်းပြသည်။

အဆိုပါအသင်းကို ယခင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန (အငှားယာဉ် လုပ်ငန်း)မှ စိတ်ပါဝင်စားသော သာရေးနာရေး အသင်းဝင်ယာဉ် မောင်းအချို့ဖြင့် အသစ်ပြန်လည် ဖွဲ့စည်းထားကြောင်း သိရ သည်။

(၆၈၂)

ဥဏ္ဏာသိဒ္ဓိရုပ်ကွက်ဓမ္မာရုံ၌ နိဗ္ဗာန်စျေးပွဲတော်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဥဏ္ဏာသိဒ္ဓိရုပ်ကွက်ရှိ ရပ်ကွက်လုံး ဆိုင်ရာ ဓမ္မာရုံသစ်ရှေ့မျက်နှာစာ၌ သီတင်းကျွတ်လပြည့်နေ့ ညနေ ၆ နာရီက နိဗ္ဗာန်စျေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပ ခဲ့သည်။ ဥဏ္ဏာသိဒ္ဓိရပ်ကွက်အတွင်း ရှိ ပြည်ထဲရေး၊ ကျန်းမာရေး၊ နိုင်ငံခြားရေး၊ ပညာရေး၊ ဆောက်လုပ်ရေးတို့မှ ကျင်းပသော နိဗ္ဗာန်စျေးပွဲတော်တွင် ဆိုင်ခန်း ပေါင်း ၂၀၀ ဖြင့် မြန်မာ့ရိုးရာ အစားအစာမျိုးစုံ၊ လူအသုံး အဆောင်ပစ္စည်းများနှင့်မီးဖိုချောင် သုံးပစ္စည်းများကို နိဗ္ဗာန်စျေးပွဲတော် ဖြစ်မြောက်ရေးကော်မတီမှ မဲစနစ် ဖြင့် အခမဲ့ဖွင့်ဖောက်ပေးပြီး နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်း မှဒေသခံအင်အား ၁၇၀၀၀ ကျော် တို့ပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

ကိုကိုနေ(ပျဉ်းမနား)

စာပေမြင့်မှ လူမျိုးတင့်မည်

သီတင်းကျွတ်လပြည့်နေ့က မဟာဝိဇယစေတီတော်တွင် ဘုရားဖူးများ စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ **(ခင်မောင်ဝင်း)**

○ကျောဖုံးမှ

ရွှေတိဂုံစေတီတော်သို့ နံနက် အရုဏ်တက်ချိန်မှစ၍ ညပိုင်းအထိ ဘုရားဖူးပြည်သူများ အထူးစည်ကား များပြားစွာ လာရောက်ဖူးမြော် ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ဆူးလေစေတီတော်၌ ယမန်နေ့ နှင့်ယနေ့ နံနက် ၅ နာရီတွင် ဆွမ်း၊ ပန်း၊ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ကပ်လှူပြီး မွန်းလွဲ ၁ နာရီတွင် ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော် ကြီး ပရိယတ္တိစာသင်တိုက် ဆရာ တော် အပါအဝင် သံဃာတော်ကိုးပါး ထံမှ အဘိဓမ္မာအခါတော်နေ့ အခမ်းအနားအကြို အန္တရာယ်ကင်း ပရိတ်တရားတော် နာယူခြင်း၊ ဝတ်အသင်းများမှ ဝတ်ရွတ်ခြင်း၊ ညပိုင်းတွင် ဆီမီး ၅၀၀၀ ထွန်းညှိ ပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။

ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၌ ယနေ့ နံနက် ပိုင်းတွင် ဂေါပကအဖွဲ့က ကြီးမှူး၍ စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတု တော်များအား ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းများ ကပ်လှူခြင်း၊ ဒါန၊ သီလကောင်းမှုများ ပြုလုပ်ခြင်း၊ ဆေးဝါးများလှူဒါန်း၍ အခမဲ့ ဆေးကုသပေးခြင်း၊ စတုဒိသာတိုက် ကျွေးခြင်းတို့ ပြုကြသည်။ နံနက် ၁၀ နာရီတွင် သီရိမင်္ဂလာကျောင်းဆရာ တော် ဘဒ္ဒန္တသူရိယက သီလပေး တရားဟောကြားတော်မူပြီး မွန်းလွဲ ၁၂ နာရီခွဲတွင် ယောဆရာတော်နှင့် ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃ မဟာနာယကအဖွဲ့ဝင် ဆရာတော် များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ချီးမြှင့်တော် မူကြကာ ညပိုင်းတွင် စေတီတော်အား ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြ သည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေး စေတီတော်၌ ဂေါပကအဖွဲ့က ကြီးမှူး ၍ အဘိဓမ္မာအခါတော်နေ့ ဓမ္မပူဇာ မင်္ဂလာအခမ်းအနားကို ကျင်းပပြီး ညပိုင်းတွင် စေတီတော်ရင်ပြင်၌ ဆီမီးများထွန်းညှိပူဇော်ကြသည်။

မဟာဝိဇယစေတီတော်၌ ပန်း၊ ဆီမီး၊ သစ်သီး၊ ဆွမ်းတော်ကြီး တင်လှူခြင်း၊ ဝတ်အသင်း ခြောက်သင်းက ဝတ်ရွတ်ပူဇော်ခြင်း၊ ညပိုင်းတွင် ဆီမီး ၃၀၀၀ ဖြင့် သုံးရက်တိုင် ထွန်းညှိပူဇော်ခြင်းများ ပြုကြသည်။

ရွှေဘုန်းပွင့်စေတီတော်၌ နံနက် ပိုင်းတွင် သစ်သီးနှင့် မုန့်ဆွမ်းများ ကပ်လှူခြင်း၊ ဝတ်အသင်းအဖွဲ့များက ပဌာန်း၊ ဓမ္မစကြာ၊ ပရိတ်ကြီး(၁၁) သုတ်နှင့် ဝတ်ရွတ်ပူဇော်ခြင်း၊ ဆရာ တော်များက သီလပေးတရားနှင့် နိဗ္ဗာန်ရောက်ကြောင်းတရားများကို ဟောကြားချီးမြှင့်တော်မူခြင်း၊ စတု ဒိသာကျွေးမွေးခြင်း၊ ညပိုင်းတွင် (၃၆)ကြိမ်မြောက် ပဝါရဏာပွဲ ကျင်းပခြင်း၊ ညပိုင်းတွင် ဆီမီးထွန်းညှိ ပူဇော်ခြင်းများ ပြုကြသည်။

ထို့အတူ ရန်ကုန်မြို့ရှိ ရှေးဟောင်း သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ဝရဒါဌာ ဓာတုစေတိယ စွယ်တော်မြတ်စေတီ တော်၊သမိုင်းဝင်ကျိုက္ကစံဆံတော်ရှင် စေတီတော်၊ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘ မုနိရုပ်ပွားတော်မြတ်ကြီး၊ မယ်လမု၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ မိုးကောင်း၊ ကျိုက်ခေါက်၊ ကျိုက်မှော်ဝန်းရေလယ်ဘုရား၊ ခရမ်းမြို့ သွန်းဘုရားကြီး၊ တောင်ဥက္က လာပစေတီတော်၊ သာကေတမြို့နယ် ရှိ ဇိနမာရ်အောင်၊ မင်္ဂလာဒုံမြို့နယ် ရှိ ကျိုက္ကလို့၊ ကျိုက္ကလဲ့စေတီတော် များ၌ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) အခမ်း အနားများ ကျင်းပကြပြီး ညပိုင်း တွင် ဘုရား၊ စေတီများအား ဆီမီး၊ လျှပ်စစ်ရောင်စုံမီးများဖြင့် ထွန်းညှိ ပူဇော်ကြသည်။

ယနေ့ သီတင်းကျွတ်လပြည့်နေ့ တွင် ရန်ကုန်မြို့ရှိ အချို့သော မော်တော်ယာဉ်လိုင်းများနှင့် အငှား ယာဉ်များကလည်း သံဃာတော် များနှင့် ဘုရားဖူးပြည်သူများအား အခမဲ့ကုသိုလ်ယူ ပို့ဆောင်ပေးသည် ကိုတွေ့ရသည့်အပြင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများ၊ ကမ္ဘာလှည့် ခရီးသွားဧည့်သည်များ စေတီတော် များသို့ လာရောက်ကြည်ညိုမှု များပြားသည်ကိုလည်း တွေ့ရ သည်။

ညပိုင်းတွင် အစိုးရအဆောက် အအုံများ၊ စျေးဝယ်စင်တာများ၊ လူနေအဆောက်အအုံများ၊ ရပ်ကွက် များ၊ လမ်းများ၌ ရောင်စုံဆီမီးများ ထွန်းညှိကာ လမ်းအလိုက် နိဗ္ဗာန် စျေးပွဲတော်များ စည်ကားများပြားစွာ ကျင်းပခြင်းဖြင့် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ကို ရိုးရာ ယဉ်ကျေးမှုနှင့်အညီ ကျင်းပကြသည် ကို တွေ့ရသည်။ **(သတင်းစဉ်)**

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့က ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်တွင် ဘုရားဖူးပြည်သူများ စည်ကားလျက်ရှိစဉ်။ (ခင်မောင်ဝင်း)

သီတင်းကျွတ်လပြည့်နေ့က ခြောက်ထပ်ကြီးဘုရား၌ ဘုရားဖူးများ စည်ကားလျက်ရှိစဉ်။ (ခင်မောင်ဝင်း)

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့က ငါးထပ်ကြီးဘုရား၌ ဘုရားဖူးများ စည်ကားလျက်ရှိစဉ်။ (ခင်မောင်ဝင်း)

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့် နံနက်က ဘုရားဖူးပြည်သူများ၊ ဥပုသ်သီတင်းဆောက်တည်သူများ၊ ကောင်းမှုကုသိုလ်ပြု သူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။ (သက်ခိုင်-IPRD)

အောက်တိုဘာ ၁၉ ရက် သီတင်းကျွတ်လပြည့်နေ့ အခါသမယတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မင်းဓမ္မကုန်းတော်ပေါ်ရှိ လောကချမ်းသာအဘယလာဘမုနိ ရုပ်ပွားတော်မြတ်ဘုရားရင်ပြင်ပေါ်၌ အေးချမ်းစွာ လာရောက်ဘုရားဖူးသူပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့မြင်ရစဉ်။ (ခင်မောင်ဝင်း)

ဖတ်စရာ၊ မှတ်စရာ

သတိပြုဆင်ခြင်သင့်သည့် ကားမောင်းရင်းဖုန်းပြောခြင်းအန္တရာယ်

ဖြိုးဇင်

ယနေ့မြန်မာနိုင်ငံတော်တွင် ဒီမိုကရေစီ၏ အသီးအပွင့်များကို ရရှိခံစားလာရပြီဖြစ်သည့်အတွက် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများ ရှိလာသည့်နည်းတူ နိုင်ငံသူနိုင်ငံသားများအနေဖြင့် စိတ်ပိုင်းဆိုင်ရာဖွံ့ဖြိုးမှုများလည်း ရှိလာရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်အနည်းငယ်မှစတင်ကာ မော်လ်ဒယ်မြင့်ကားများ တင်သွင်းခွင့်ပြုခဲ့သည့်အတွက် မြန်မာနိုင်ငံတွင် ကားသစ်များကို နေရာတိုင်းလိုလိုတွင် တွေ့မြင်နေရပြီး ၎င်း၏ အကျိုးဆက်အဖြစ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ၊ ယာဉ်မတော်တဆမှုများ တစ်စထက်တစ်စ အဖြစ်များလာသည်ကို နေ့စဉ်လိုလို ကြားသိနေရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသူ နိုင်ငံသားတိုင်း ဆက်သွယ်မှုကွန်ရက် လွယ်ကူချောမွေ့စေရန်အတွက် တန်ဖိုးနည်းဖုန်းများကို အဆက်မပြတ်ချထားပေးလျက် ရှိသဖြင့် ဖုန်းပြောသူများလည်း များပြားလာလျက် ရှိပေသည်။ ဤသို့ဆိုရာတွင် ကားမောင်းရင်း ဖုန်းပြောသူများလည်း တစ်နေ့တခြား များပြားလာပါသည်။

ကမ္ဘာ့နိုင်ငံအတော်များများတွင် ကားမောင်းရင်း ဖုန်းပြောဆိုမှုကို တင်းတင်းကျပ်ကျပ် တားမြစ်ထားပါသည်။ မြန်မာနိုင်ငံတွင် ထိုသို့သောဥပဒေမျိုး မရှိသေးသော်လည်း အသက်ကိုဥာဏ်စောင့်ဟူသော စကားပုံအတိုင်း မိမိအသက်ကို မိမိတို့၏ အသိတရားဖြင့် ကာကွယ်ရန် လိုအပ်ပေသည်။

ကားမောင်းခြင်းဆိုရာ၌ မျက်စိ၊ လက်၊ နား၊ ခြေထောက် စသည့်ခန္ဓာကိုယ်အစိတ်အပိုင်း အတော်များများကို သူ့နေရာနှင့်သူ အာရုံစူးစိုက်စွာ တာဝန်ပေးထားရပါသည်။ လမ်းများပေါ်တွင် အမြန်နှုန်းနှင့် သဘာဝချင်း မတူညီသော ယာဉ်များဖြစ်သည့် ကား၊ ဆိုင်ကယ်၊ စက်ဘီး၊ ဘက်ထရီဆိုင်ကယ် စသည့်ယာဉ်များသည် အဆင်ပြေသလိုသွားလာနေကြသဖြင့် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း အန္တရာယ်ကြီး/ငယ် အသွယ်သွယ် ကျရောက်လာနိုင်သည်ဖြစ်ရာ ကားမောင်းနေစဉ် ဖုန်းပြောခြင်းသည် အသက်အန္တရာယ်ကြီးမားသည့် စိန်ခေါ်မှုတစ်ခုဖြစ်လာနိုင်ပါသည်။

ကားမောင်းနေစဉ် ဝင်လာသည့် ဖုန်းသည် မိမိအတွက် အရေးကြီးကိစ္စတစ်ခုဖြစ်နိုင်သော်လည်း မိမိအသက်အန္တရာယ်ကိုတော့ ကာကွယ်သင့်ပါသည်။ အကယ်၍ မိမိတွင် အရေးကြီးကိစ္စဖုန်းများ ဝင်လာလေ့ရှိပါက ကားမောင်းစဉ် အသုံးပြုရန် Bluetooth Hand Free တစ်ခုကို ဆောင်ထားသင့်ပါသည်။ ဤသို့မဟုတ်ဘဲ အရေးကြီးဖုန်းဖြစ်၍ ပြောမှဖြစ်မည်ဆိုပါကလည်း ကားကို လမ်းဘေးချရပ်ကာ ဖုန်းပြောဆိုပြီးမှ လိုရာခရီးဆက်သင့်ပါသည်။ ယင်းသည် အချိန်အနည်းငယ်ပိုကြာနိုင်သော်လည်း မိမိအသက်အန္တရာယ်အတွက် ပိုမိုဘေးကင်းလုံခြုံစေပါသည်။

၂၀၁၃ ခုနှစ်အတွင်း ယာဉ်တိုက်မှုကြောင့် တစ်နေ့လျှင် အနည်းဆုံး လူရှစ်ဦး သေဆုံးနေရပါသည်။ ယနေ့မျက်မှောက်ခေတ်တွင် နေ့စဉ်လိုလို တွေ့မြင်ကြားသိနေရသည့် ယာဉ်တိုက်မှုများသည် အရက်သေစာ သောက်စားပြီး ကားမောင်းမှုကြောင့်လည်းကောင်း၊ ယာဉ်မောင်းအိပ်ငိုက်မှုကြောင့်လည်းကောင်း၊ အရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့် လည်းကောင်း၊ ကားမောင်းစဉ်ဖုန်းပြော၍ စိတ်ဝေဝါးပြီးလည်းကောင်း ဖြစ်ပွားသည့် ယာဉ်တိုက်မှုများက အများဆုံး ဖြစ်ပါသည်။

ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်လာသည့် ယနေ့ခေတ်ကြီးတွင် ကားသစ်များနှင့် တန်ဖိုးနည်းဖုန်းများ ပေါများလာသည့် နောက်ဆက်တွဲဖြစ်ရပ်အဖြစ် မလိုလားအပ်သည့် အသက်အန္တရာယ်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မိမိအသက်အန္တရာယ်ကို အသိ၊ သတိတရားဖြင့် ထိန်းသိမ်းနိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ တက်ညီလက်ညီ ပူးပေါင်းဖော်ဆောင်

နေပြည်တော် အောက်တိုဘာ ၁၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် မွေးမြူရေးနှင့် သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပြင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ် (၈)ရပ်ကို Focal Ministry အဖြစ် တာဝန်ယူဆောင်ရွက်နေခြင်းကြောင့် ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိရေးအတွက် မိမိတို့ ဝန်ကြီးဌာနမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ၇၀ ရာခိုင်နှုန်းကျော်ရှိသော ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝနှင့် ကျေးလက်ဒေသများ အမြန်ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် မြို့ပြများပါ စည်ပင်ဖွံ့ဖြိုးလာကာ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ကျေးလက်နှင့် မြို့ပြတန်းတူညီတူ တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ အဓိကအကျဆုံးလိုအပ်ချက်များအား ဖြည့်ဆည်း လုပ်ကိုင်ပေးခြင်းသည် ကျေးလက် ဖွံ့ဖြိုးရေးအတွက် အခြေခံအကျဆုံးဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိအရည်အချင်း မိမိသိရှိပြီး ကိုယ့်တာဝန်ကိုယ်ကျေပွန်စွာ ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ လုပ်ငန်းစဉ်(၈)ရပ်ပါ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ညီလက်ညီ ပူးပေါင်းပြီး ပေးအပ်လာသော လုပ်ငန်းတာဝန်များကို ရေရှည်အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆားလင်းကြီးမြို့နယ် ဖောင်းကား(တောင်)၊ ဖောင်းကား(လယ်)နှင့် ဖောင်းကား(မြောက်) ကျေးရွာများ၌ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ မိသားစုအပိုဝင်ငွေ ရရှိရေးအတွက် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သွားရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံ လိုအပ်ချက်များ ဖြည့်ဆည်းပေးမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျော်ရွာ၌ရွာသူ ရွာသားများနှင့် တွေ့ဆုံ၍ သန့်ရှင်းသော သောက်ရေရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် အပိုဝင်ငွေရရှိရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဖြည့်ဆည်းပေးရေး ရှင်းလင်းပြောကြားပြီး ကျေးလက်လူငယ်ငါးဦး ဖွဲ့စည်းပေးကာ Sky Net ရုပ်သံဖမ်းစက်နှင့် အဝတ်အထည်များပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အသားတိုးကြက် ခြံဖမ်းဈေးကျသော်လည်း လက်လီဈေးတွင် ကျဆင်းခြင်းမရှိ

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ရှိ ကြက်သားစားသုံးမှုဈေးကွက်တွင် အသားတိုးကြက်ဈေးကွက်၌ ခြံဖမ်းဈေးကျဆင်းနေသော်လည်း လက်လီဈေးကွက်တွင် ဈေးနှုန်းများကျဆင်းမှုမရှိသည်ကို တွေ့ရှိရကြောင်း မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ (၁) ဦးဝင်းစိန်က ပြောသည်။

အဆိုပါအသားတိုးကြက်ဈေးကွက်တွင် ယခင်သီတင်းပတ်က အခြေအနေထက် ယခုသီတင်းပတ်တွင် ခြံဖမ်းဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၂၂၅၀ သို့ ကျဆင်းသွားသော်လည်း လက်လီဈေးကွက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ အထက်တွင် ရှိနေခြင်းလည်းဖြစ်သည်။

ရန်ကုန်မြို့ရှိကြက်၊ ဘဲဈေးကွက်တွင် ဝယ်ယူစားသုံးနိုင်မှု အခြေအနေသည် တစ်ပတ်လျှင် ပျမ်းမျှပိဿာချိန် ၄၀၀၀၀ ကျော် ရှိသော်လည်း ယခုဈေးကွက်သို့ဝင်ရောက်မှုမှာ ယင်းအခြေအနေထက်ကျော်၍ တစ်ပတ်လျှင် ပျမ်းမျှပိဿာချိန် ၆၀၀၀၀ ကျော်ဖြစ်နေကာ Over Production အခြေအနေဟု သုံးသပ်ခြင်းလည်း ဖြစ်ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

စက်မှုကဏ္ဍတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်

အောင်နိုင်(သတင်းစဉ်)

ကမ္ဘာ့နိုင်ငံအသီးသီးအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် အလွန်အရေးပါသည်ကို နားလည်လက်ခံထားကြပါသည်။

မိမိတို့နိုင်ငံ စက်မှုကဏ္ဍမြင့်မားတိုးတက်လာစေရေးအတွက် စွမ်းဆောင်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသော စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များအပေါ် စိတ်ဝင်စားမိသည့်အတွက် စက်မှုသင်တန်းကျောင်း(မြင်းခြံ)လွှဲပြောင်း၊ လက်ခံပွဲအခမ်းအနားသို့ သွားရောက်သတင်းယူခိုက် စက်မှုဝန်ကြီးဌာန စက်မှုစီမံကိန်းဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာနမှ ညွှန်ကြားရေးမှူး ဦးကိုကိုလွင်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

မေး။ ။စက်မှုသင်တန်းကျောင်း (မြင်းခြံ)ကို ဖွင့်လှစ်ရတဲ့ ရည်ရွယ်ချက်လေးကို ပြောပြပေးပါခင်ဗျာ။

ဖြေ။ ။ရည်ရွယ်ချက်ကတော့ ကျွမ်းကျင်လုပ်သားထုတွေကို စက်မှုကဏ္ဍလိုအပ်ချက်နဲ့အညီ မွေးထုတ်ပေးနိုင်ဖို့ဖြစ်ပါတယ်။ ဒီကျွမ်းကျင်လုပ်သားတွေကို မွေးထုတ်ပေးတဲ့နေရာမှာ ကျွန်တော်တို့ရဲ့ အဓိကရည်မှန်းချက်ကတော့ တက္ကသိုလ်ပညာကို ဆက်လက်ဆည်းပူးနိုင်ခြင်းမရှိတဲ့ အသက်ငယ်ရွယ်သော လူငယ်လုပ်သားထုများကို စက်မှုအတတ်ပညာများသင်ကြားပေးခြင်း၊ ကျွမ်းကျင်လုပ်သားထုများကို မွေးထုတ်ပေးခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံရဲ့ စက်မှုကဏ္ဍမှာ ကျွမ်းကျင်လုပ်သားထု လိုအပ်မှုကိုဖြည့်ဆည်းပေးနိုင်ဖို့ ရည်ရွယ်ပြီးတော့ ဒီစက်မှုသင်တန်းကျောင်း(မြင်းခြံ)ကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။

မေး။ ။ဒီသင်တန်းကျောင်းကြီးကို စတင်ဆောက်လုပ်ခဲ့တဲ့နေ့ရက်နဲ့အတူ ဒီနေ့မှာ ဖွင့်လှစ်နိုင်ဖို့ပြင်ဆင်ခဲ့ရမှုလေးတွေကို သိပါရစေ။

ဖြေ။ ။ဒီစက်မှုသင်တန်းကျောင်းကြီးကို နိုင်ငံတော်အစိုးရနဲ့ အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား ပူးပေါင်းကူညီဆောင်ရွက်မှုနဲ့ တည်ထောင်ခြင်းဖြစ်ပါတယ်။ ဒီစက်မှုသင်တန်းကျောင်း(မြင်းခြံ)ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှာ စတင်အုတ်မြစ်ချခဲ့ပါတယ်။

မေး။ ။ဒီစက်မှုသင်တန်းကျောင်းမှာရှိနေတဲ့ စာသင်ခန်းတွေနဲ့ သင်ကြားပို့ချမဲ့ဘာသာရပ်တွေကိုလည်း သိပါရစေခင်ဗျာ။

ဖြေ။ ။စက်မှုသင်တန်းကျောင်းမှာ ဘာသာရပ်ရှစ်ခု သင်ကြားပို့ချဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ဒီဘာသာရပ်တွေကတော့ အထွေထွေစက်မှုပညာသည်သင်တန်း၊ တွင်ခုံအထူးပြုစက်ခုတ်စားမှုပညာသည်သင်တန်း၊ ပုံစံခွက်ပြုလုပ်ခြင်းပညာသည်သင်တန်း၊ ကွန်ပျူတာသုံးစက်များဖြင့် စက်ခုတ်စားမှု ပညာသည်သင်တန်း၊ သံထည်နှင့် ဂဟေဆက်အတတ်ပညာသည်သင်တန်း၊ သံရည်ကျိုပညာသည်သင်တန်း၊ စက်ရုံ အလုပ်ရုံသုံး လျှပ်စစ်ပညာသည်သင်တန်းနဲ့ လျှပ်စစ်ပစ္စည်းများ ပြုပြင်မှုပညာသည်သင်တန်းတို့ပဲဖြစ်ပါတယ်။

မေး။ ။ဒီသင်တန်းကျောင်းကြီးကို စတင်ဖွင့်လှစ်ပြီဆိုရင် ဘာသာရပ်တစ်ခုအတွက် ကျောင်းသားဘယ်လောက်အထိ လက်ခံသင်ကြားသွားနိုင်မှာလဲဆိုတာရယ်၊ စုစုပေါင်းဘာသာရပ်ရှစ်ခုအတွက် ကျောင်းသားဦးရေ ဘယ်လောက်အထိ လက်ခံသင်ကြားပေးသွားနိုင်မှာလဲဆိုတာသိပါရစေ။

ဖြေ။ ။ဘာသာရပ်တစ်ခုအတွက် သင်တန်းသား ၂၄ ယောက်နှုန်းနဲ့ စုစုပေါင်း ဘာသာရပ်ရှစ်ခုအတွက် သင်တန်းသား ၁၉၂ ယောက်ကို လက်ခံသင်ကြားပို့ချပေးသွားမှာဖြစ်ပါတယ်။

မေး။ ။ဒီသင်တန်းကျောင်းကြီးက အိန္ဒိယနိုင်ငံနဲ့ ပူးပေါင်းပြီး ဆောင်ရွက်တာဆိုတော့ အိန္ဒိယကနေ နည်းပညာအကူအညီတွေ ဘယ်လိုရယူခဲ့တယ်ဆိုတာလေး ပြောပြပေးနိုင်မလားခင်ဗျာ။

ဖြေ။ ။ ဟုတ်ကဲ့။ အိန္ဒိယနိုင်ငံရဲ့ အကူအညီအထောက်အပံ့နဲ့ ကျွန်တော်တို့ဆီက နည်းပြဆရာ ဆရာမ စုစုပေါင်း ၁၇ ဦး၊ သက်ဆိုင်ရာဘာသာရပ်ရှစ်ခုအလိုက် အိန္ဒိယနိုင်ငံမှာ သွားရောက်လေ့လာသင်ယူခဲ့ကြပါတယ်။ ဒါ့အပြင် အုပ်ချုပ်မှုအတွက်လည်း ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်နဲ့ ဌာနမှူးနှစ်ယောက် စုစုပေါင်းလေးယောက်ကို အိန္ဒိယနိုင်ငံမှာ နှစ်လကြာစေလွှတ်ပြီး လေ့ကျင့်သင်ကြားစေခဲ့ပါတယ်။ သင်တန်းဖွင့်လှစ်တဲ့အချိန်မှာလည်း အိန္ဒိယနိုင်ငံက ကျွမ်းကျင်ပညာရှင်တွေက ဒီမှာ တစ်နှစ်လာရောက်နေထိုင်ပြီး ဆရာ ဆရာမတွေ၊ ကျောင်းသားတွေနဲ့ ပူးပေါင်းပြီးတော့ လေ့ကျင့်ပေးမှာဖြစ်ပါတယ်။ အဲဒီမှာလည်း သင်ကြားရေးအထောက်အကူပြု စက်ပစ္စည်းကိရိယာတွေကိုင်တွယ်ပြီးတော့ လေ့ကျင့်မှုတွေ၊ သင်ကြားမှုတွေနဲ့ သင်ရိုးညွှန်းတမ်းတွေလည်း ရေးဆွဲသွားမှာ ဖြစ်ပါတယ်။

မေး။ ။သင်ကြားမှုအပိုင်းနဲ့ ပတ်သက်လို့ အချိန်ကာလအားဖြင့် ဘယ်လောက်အထိ သင်ကြားပေးသွားမယ်ဆိုတာလေး သိပါရစေ။

ဖြေ။ ။ကျွန်တော်တို့ သင်ကြားမှုပြုတဲ့အခါ စာတွေ့ ၃၀ရာခိုင်နှုန်း၊ လက်တွေ့ ၇၀ ရာခိုင်နှုန်းနဲ့ သင်ကြားပေးသွားမှာဖြစ်ပါတယ်။ စုစုပေါင်း သင်ကြားချိန် နာရီ ၁၆၀၀ ရှိမှာပါ။ စာမေးပွဲကိုလည်း နှစ်ခါခွဲပြီး စစ်ဆေးသွားမှာပါ။ စုစုပေါင်းသင်ကြားချိန်က တစ်နှစ်ပေါ့။ သင်ကြားမှုအချိန် နာရီ ၈၀၀ ပြည့်တဲ့အချိန်မှာ ပထမအဆင့်စာမေးပွဲကို စစ်ဆေးပါမယ်။ သင်တန်းသားတွေအနေနဲ့ သင်ကြားပို့ချမှုတွေအပေါ်မှာ တကယ်တတ်မြောက်မှုရှိရဲ့လားဆိုတာ သေချာအောင် စစ်ဆေးမှာဖြစ်ပါတယ်။ ဒုတိယအဆင့်စာမေးပွဲကို စစ်ဆေးတဲ့အခါမှာလည်း ကျွမ်းကျင်မှုအပိုင်းအနေနဲ့ စာတွေ့လက်တွေ့ တကယ်တတ်မြောက်မှုရှိမှသာ အမျိုးသားအဆင့် သတ်မှတ်ချက်အဆင့်(၂) အထိရောက်အောင် သင်ကြားပေးသွားမှာဖြစ်ပါတယ်။

မေး။ ။အခုလို စက်မှုသင်တန်းကျောင်းတွေ ဖွင့်လှစ်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ စက်မှုလက်မှုလုပ်ငန်းများအပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိမယ်ဆိုတာ သိပါရစေ။

ဖြေ။ ။ဒီစက်မှုသင်တန်းကျောင်းတွေဟာ စက်မှုသက်မွေးသင်တန်းကျောင်းတွေဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်ကလည်း တက္ကသိုလ်ပညာကို ဆက်လက်သင်ကြားနိုင်ခြင်းမရှိတဲ့ အသက်ငယ်ရွယ်သော လူငယ်များကို စက်မှုအတတ်ပညာများသင်ကြားပေးခြင်းဖြင့် စက်မှုကဏ္ဍမှာ လိုအပ်နေတဲ့ ကျွမ်းကျင်လုပ်သားထု လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မှာဖြစ်ပါတယ်။ နောက်တစ်ခုက မကြာခင်ပေါ်ပေါက်လာမယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများနဲ့အတူ ရရှိလာနိုင်မယ့် အလုပ်အကိုင်အခွင့်အလမ်းများမှာ ကျွန်တော်တို့ရဲ့ စက်မှုသင်တန်းဆင်းကျောင်းသားများဟာ အလုပ်အကိုင်အခွင့်အလမ်းတွေရရှိပြီးတော့ နိုင်ငံတော်အတွက် များစွာအထောက်အကူပြုစေနိုင်မှာဖြစ်ပါတယ်။

မေး။ ။ဒီစက်မှုသင်တန်းကျောင်းမှာ တက်ရောက်ပညာသင်ကြားချင်ကြတဲ့သူတွေအတွက် ဘယ်လို စည်းမျဉ်းစည်းကမ်းတွေ သတ်မှတ်ထားပါသလဲခင်ဗျာ။

ဖြေ။ ။ကျွန်တော်တို့သတ်မှတ်ချက်ကတော့ အသက်(၁၇)နှစ်ကနေ(၂၅)နှစ်အကြားရှိပြီး တက္ကသိုလ်ဝင်တန်းဖြေဆိုဖူးသူဖြစ်ပါရမယ်။ အောင်မြင်ထားဖို့မလိုပါဘူး။ အနည်းဆုံးတော့ ဆယ်တန်းတစ်ကြိမ် ဖြေဆိုဖူးသူဖြစ်ရပါမယ်။ နောက်တစ်ချက်က ကျန်းမာရေးကောင်းမွန်တဲ့သူဖြစ်ရပါမယ်။ ပြီးတော့ စက်မှုအတတ်ပညာကို စိတ်ပါဝင်စားသူလည်း ဖြစ်ရပါမယ်။ အနာဂတ်မှာ ရည်မှန်းချက်ကြီးကြီးမားမားနဲ့ လုပ်ကိုင်ဆောင်ရွက်ဖို့ ဆုံးဖြတ်ထားတဲ့သူတွေကို ကျွန်တော်တို့ ဦးစားပေးရွေးချယ်သင်ကြားပေးသွားမှာပါ။

မေး။ ။သင်တန်းကာလတစ်နှစ်ပြီးဆုံးသွားချိန်မှာ တက်ရောက်ပညာသင်ယူခဲ့တဲ့ သင်တန်းသားတွေအတွက် ဘယ်လိုသင်တန်းဆင်းလက်မှတ်မျိုးတွေ ထုတ်ပေးသွားမှာပါလဲခင်ဗျာ။

ဖြေ။ ။သက်ဆိုင်ရာဘာသာရပ်အလိုက် သင်ကြားခဲ့တဲ့အပေါ်မူတည်ပြီးတော့ သင်တန်းဆင်းလက်မှတ်တွေ ထုတ်ပေးသွားမှာပါ။ ကျွမ်းကျင်မှုစံနှုန်းများအပေါ် အခြေခံပြီး သင်ကြားသွားမှာဖြစ်တဲ့အတွက် ဒီလက်မှတ်က Level 2 Certificate ဖြစ်ပါတယ်။ National Skill Standard Authorties (NSSA)လို့ခေါ်တဲ့ မြန်မာနိုင်ငံ ကျွမ်းကျင်လုပ်သားများစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ရဲ့ သတ်မှတ်ချက် Level 2 အတွင်းမှာ ရရှိမှာဖြစ်ပါတယ်။

အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။

၎င်းသင်တန်းကျောင်းသည် မြင်းခြံမြို့မှ ၁၄ မိုင်အကွာကုက္ကဲကျေးရွာအနီး မြင်းခြံ-နဘူးအိုင်-မြို့သာ-မန္တလေး အသွားကားလမ်းအရှေ့ဘက်၊ မိုင်တိုင်အမှတ်(၄၇၂)တွင် တည်ရှိသည်။ ဧရိယာအကျယ်အဝန်းအားဖြင့် ၁၃၆ ဧကရှိသည်။ စက်မှုသင်တန်းကျောင်းကို မူလက နဘူးအိုင်စက်မှုဇုန်အနီး၌ ဆောက်လုပ်ရန် ရည်ရွယ်ခဲ့သော်လည်း နောက်ပိုင်းဖြစ်ပေါ်လာမည့် မြို့သာစက်မှုဇုန်စီမံကိန်းကို အထောက်အကူပြုနိုင်ရန်ရည်ရွယ်ပြီး ယခုနေရာတွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စက်မှုဝန်ကြီးဌာန စက်မှုစီမံကိန်းဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ်ဌာနအောက်တွင် ယခုအခါ၌ စက်မှုသင်တန်းကျောင်း ခြောက်ကျောင်းရှိပြီဖြစ်သည်။ ၁၉၇၉ ခုနှစ်တွင် ဂျာမနီနိုင်ငံအကူအညီဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် စက်မှုသင်တန်းကျောင်း (ဆင်တဲ)၊ ၂၀၀၈ ခုနှစ်တွင် တရုတ်နိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် စက်မှုသင်တန်းကျောင်း(မန္တလေး)၊ ၂၀၀၉ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် စက်မှုသင်တန်းကျောင်း(သာဂရ)၊ ၂၀၁၀ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် စက်မှုသင်တန်းကျောင်း(ပခုက္ကူ)၊ ၂၀၁၁ ခုနှစ်တွင် ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီဖြင့်ပင် ထပ်မံတည်ဆောက်ဖွင့်လှစ်ခဲ့သည့် မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း(မကွေး)နှင့် ယခု ၂၀၁၃ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ထပ်မံတည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည့် စက်မှုသင်တန်းကျောင်း(မြင်းခြံ)တို့ပင် ဖြစ်ပါသည်။

စက်မှုသင်တန်းကျောင်း(ဆင်တဲ)သည် ပြည်ခရိုင် ပန်းတောင်းမြို့နယ်တွင် တည်ရှိပြီး စက်ကိရိယာကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ ကိရိယာနှင့် ပုံနှိပ်ပုံပြုလုပ်သူသင်တန်း၊ စက်ရုံပစ္စည်း ဖစ်တာသင်တန်း၊ မော်တော်ယာဉ်မက္ကင်းနစ်သင်တန်း၊ လျှပ်စစ်ပညာသည်သင်တန်း၊ လျှပ်စစ်စက်ပစ္စည်းထုတ်လုပ်သူသင်တန်း၊ သွန်းလောင်းပုံသွင်း ပုံစံထုတ်လုပ်သူသင်တန်း၊ စက်မှုပုံဆွဲ သင်တန်း စသည့် သင်တန်းရှစ်ခုဖြင့် သင်ကြားပို့ချပေးလျက်ရှိသည်။

အလားတူ စက်မှုသင်တန်းကျောင်း(မန္တလေး)တွင်လည်း စက်မှုပုံဆွဲသင်တန်း၊ စက်ခုတ်စားမှုစက်ကိရိယာများကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ ကွန်ပျူတာသုံးစက်ခုတ်စားမှုစက်ကိရိယာများ ကိုင်တွယ်မောင်းနှင်မှုသင်တန်း၊ လျှပ်စစ်ပညာသည်သင်တန်း၊ ကွန်ပျူတာနှင့် ကွန်ပျူတာသုံးဒီဇိုင်းထုတ်လုပ်မှုသင်တန်း၊ ဂဟေဆော်ခြင်း၊ မျက်နှာပြင်အရောင်တင်ခြင်းနှင့် အမာတင်သင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။

စက်မှုသင်တန်းကျောင်း(သာဂရ)တွင် စက်ရုံပစ္စည်းပညာသည်သင်တန်း၊ ကွန်ပျူတာသုံးဒီဇိုင်းထုတ်လုပ်သူသင်တန်း၊ လျှပ်စစ်ပညာသည် သင်တန်း၊ အီလက်ထရွန်နစ်ပညာသည်သင်တန်းများကို သင်ကြားပို့ချပေးလျက်ရှိသည်။

ထို့အတူ စက်မှုသင်တန်းကျောင်း(ပခုက္ကူ)တွင် ဘာသာရပ်ကိုးမျိုးဖြင့် စနစ်တကျသင်ကြားပို့ချပေးလျက်ရှိနေသကဲ့သို့ မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း(မကွေး)တွင်လည်း မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းမှုသင်တန်း၌ အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်းဘာသာ၊ မော်တော်ယာဉ်လျှပ်စစ်နှင့် အီလက်ထရွန်နစ်ဘာသာ Transmission and Chassis ဘာသာ၊ မော်တော်ယာဉ်ကိုယ်ထည်ပြုပြင်ခြင်းနှင့် ဆေးမှုတ်ခြင်းဘာသာရပ်များကိုလည်းကောင်း၊ ကွန်ပျူတာသုံးဒီဇိုင်းထုတ်လုပ်မှုသင်တန်းကို လည်းကောင်း သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည့်အတွက် မြန်မာနိုင်ငံ၏ အနာဂတ်စက်မှုလောကအတွက် အလွန်အမင်း ဂုဏ်ယူဝမ်းမြောက်မိသည်။

အဆိုပါ စက်မှုသင်တန်းကျောင်းများဆီမှ တစ်နှစ်လျှင် စက်မှုပညာတတ်လူငယ်မျိုးဆက်သစ် ၁၀၈၈ ဦး နှစ်စဉ် ပေါ်ထွက်လာပေတော့မည်။ ထို့အတွက် မကြာမီဖွင့်လှစ်တော့မည့် စက်မှုသင်တန်းကျောင်း(မြင်းခြံ)တွင်လည်း အနာဂတ်မျိုးဆက်သစ်လူငယ်များ အားထားစရာကျောင်းတော်သာအဖြစ် မကြာမီသောကာလတွင် တွေ့မြင်ရတော့မည်ဖြစ်သည်။

ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ ဦးတည်လျှောက်လှမ်းလျက်ရှိသော မိမိတို့ နိုင်ငံအနေဖြင့် လယ်ယာစိုက်ပျိုးရေးကို အခြေခံကာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနေသည့် အခါသမယတွင် စက်မှုဖွံ့ဖြိုးတိုးတက်ရေး အခန်းကဏ္ဍသည် များစွာအရေးပါလာပြီဖြစ်ပါသည်။

မိမိတို့ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် မိမိတို့၏ နိုင်ငံကိုညီတူညီမျှ ချစ်ခင်သောစိတ်ထား၊ သဘောထားမျိုးနှင့် ဝိုင်းဝန်းကြိုးစားကာ အနာဂတ်နိုင်ငံတော်ကြီးကို စက်မှုစွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အဘက်ဘက်မှ ဝိုင်းဝန်းကြိုးကြိုးစားသင့်ပါကြောင်း။ ။

ရန်ကုန်မြို့ လယ်ကောင် မီးလောင်မှုနှစ်ကြိမ်ဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၁၉

အောက်တိုဘာ ၁၈ ရက် ညပိုင်းက ကျောက်တံတားမြို့နယ် ပန်းဆိုးတန်းလမ်း(အလယ်)ရှိ SAMSUNG ShowRoom ၌ တစ်နေကုန်ဖွင့်ထားသော မီးချောင်းမှအပူဟပ်ကာ အနီးရှိကတ်ထူပုံးများသို့ မီးကူးစက်ပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။**(ယာပုံ)**

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၈ ရက် ည ၇ နာရီ မိနစ် ၅၀ တွင် ကျောက်တံတားမြို့နယ် အမှတ်(၄)ရပ်ကွက် ပန်းဆိုးတန်းလမ်း(အလယ်)လမ်းအမှတ်(၂၀၃/၂၀၅) အာရ်စီ ခြောက်ခန်းတွဲငါးထပ်တိုက် မြေညီထပ် အခန်းအမှတ်(၄/၅) ရှိ ပိုင်ရှင်ဦးတင်မောင်လတ်၏ SAMSUNG ShowRoom အကျယ်အဝန်း (၂၅×၆၀) ပေ၌ စတိုခန်းအတွင်း တစ်နေကုန်ဖွင့်ထားသော လေးပေမီးချောင်းမှ ခြောက်လက်မအကွာတွင်သိုလှောင်ထားသည့် ရေခဲသေတ္တာကတ်ထူပုံးများသို့ အပူဟပ်ရာမှစတင်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

မီးသတ်ယာဉ် BA Tender တစ်စီး၊ ကွပ်ကဲမှုယာဉ်များဖြစ်သော သီတာတစ်စီး၊ ဇင်ယော်တစ်စီး၊ ဇော်ဂျီ(၁)တစ်စီး၊ စန္ဒာ(တိုင်း)တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၈၄ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၆၈ ဦးတို့ဖြင့် ပူးပေါင်းဆောင်ရွက်မီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ ၁၈ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုတွင် မီးငြိမ်းသွားခဲ့သော်လည်း အခန်းအတွင်းပိုင်းနှင့် အဲကွန်းများထားရှိရာနေရာအပြင်ဘက်မျက်နှာစာဆိုင်းဘုတ်ကြားမှ မီးခိုးများမှာ တစ်လှည့်စီအူထွက်နေသဖြင့် ည ၁၀နာရီဝန်းကျင်တွင် မီးသတ်တပ်ဖွဲ့ဝင်များက ခက်ခက်ခဲခဲ ဆောင်ရွက်ခဲ့ကြရာ တာမွေ(ခွဲ)မှမီးသတ်တပ်သား နိုင်အောင်လင်းမှာ ညာလက်သူကြွယ်စုတ်ပြဒဏ်ရာ(မစိုးရိမ်ရ)နှင့် ကျောက်တံတားမြို့နယ်မီးသတ်စခန်းမှ တပ်သားဇော်မင်းဦးသည် ဘယ်ပခုံးဆစ်ပြုတ်ဒဏ်ရာများရရှိခဲ့ကာ အခြားမီးသတ်တပ်ဖွဲ့ဝင်များမှာလည်း မီးခိုးညှော်နံ့များကို ည ၁၁ နာရီခွဲထိ အလွန်အကြူးခံစားခဲ့ရကြောင်း သိရသည်။

အလားတူပင် ယင်းနေ့ည ၁၂ နာရီ ၅၃ မိနစ်တွင်လည်း ပန်းဘဲတန်းမြို့နယ် အမှတ် (၆)ရပ်ကွက် ရွှေဘုံသာလမ်း(အောက်) အမှတ်(၅၈)အာရ်စီသုံးခန်းတွဲလေးထပ်တိုက် မြေညီအခန်းပိုင် ဒေါ်သီသီချို၏ နေအိမ်တွင်(ဗဟို)တံဆိပ်မီးအားမြင့်စက် မီးအားမြင့်တက်ရာမှ အပူလွန်ကဲ၍ စတင်မီးလောင်ကျွမ်းခဲ့ကြောင်း သိရပြီး မီးလောင်ရာနေရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရ၏အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၄၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦးတို့ဖြင့် ပူးပေါင်းဆောင်ရွက်ကြရာ အောက်တိုဘာ ၁၉ ရက် နံနက် ၁ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်းသိရပြီး အိမ်ရှင် ဒေါ်သီသီချို(၄၄)နှစ်အား ပန်းဘဲတန်းမြို့မရဲစခန်းက (ပ)၃၃၈/၂၀၁၃၊ ပုဒ်မ-၂၈၅ဖြင့် အရေးယူထားကြောင်း သိရသည်။

(၀၄၀)

စိုက်ပျိုးရေးလုပ်ကိုင်သူများနှင့် မြေသြဇာလုပ်ငန်းလုပ်ကိုင်သူများသိရှိစေရန် အသိပေးကြေညာချက်

- မြေသြဇာကော်မတီသည် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသောမြေသြဇာများကို စိုက်ပျိုးရေးလုပ်ကိုင်သူများ သုံးစွဲနိုင်ရန် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ စနစ်တကျပြုလုပ်ပြီး မြေသြဇာမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးလျက်ရှိပါသည်။
- ယခုအခါတွင် ဈေးကွက်အတွင်း မြေသြဇာဖြန့်ဖြူးရောင်းချခွင့် လိုင်စင်မရှိဘဲ ဖြန့်ဖြူးရောင်းချနေသူများ၊ မြေသြဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေသြဇာများကို ရောင်းဝယ်မှုများရှိနေကြောင်း သိရှိရပါသည်။
- အောက်ဖော်ပြပါ မြေသြဇာများမှာ မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်မီမှု အာမခံချက်မရှိကြောင်း အသိပေးအပ်ပါသည်။
- ယင်းမြေသြဇာများကို ဝယ်ယူသုံးစွဲမိသူများမှာ သီးနှံအထွက်နှုန်းများ ထိခိုက်လျော့နည်းပြီး သုံးစွဲသူများအတွက် စီးပွားရေးတွက်ခြေမကိုက်ဘဲ ဆုံးရှုံးနစ်နာမှုများဖြစ်နိုင်သဖြင့် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားသော မြေသြဇာများကိုသာ ဝယ်ယူသုံးစွဲရန် တိုက်တွန်းအပ်ပါသည်။
- မြေသြဇာထုတ်လုပ်၊ တင်သွင်းသည့် ကုမ္ပဏီလုပ်ငန်းများ၊ မြေသြဇာရောင်းချသည့် အရောင်းဆိုင်များသည် မြေသြဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသော မြေသြဇာများကို ထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြေသြဇာဥပဒေပုဒ်မ (၁၁၊၁၂၊၁၃၊၁၄၊၁၅)တို့အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေသြဇာကော်မတီ

မြေသြဇာမှတ်ပုံတင်လက်မှတ်မရှိသော မြေသြဇာများစာရင်း

စဉ်	မြေသြဇာအမည်	ဖော်ပြထားသောစံချိန်စံညွှန်း	တွေ့ရှိရာဒေသ
၁	ပိုကာဒိုလိုမိုက်ကျောက်မှုန့်	-	မရမ်းကုန်းမြို့နယ်၊ တွံတေးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၂	အလံနီ(တရုတ်)ကွန်ပေါင်းမြေသြဇာ	(N:15 %, P_2O_5:15%,K_2O:15%)	မရမ်းကုန်းမြို့နယ်၊ လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၃	Y ထူးဆန်းမြေသြဇာ	(P_2O_5:5%)	ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
၄	Compound ထိုင်းစာ(အဖြူနှင့်အစိမ်းရောင်အိတ်)	(N:20%, P_2O_5:8%, K_2O:20%)	မော်လမြိုင်မြို့နယ်၊မွန်ပြည်နယ်။
၅	Compound ထိုင်းစာ(အဖြူနှင့်လိမ္မော်ရောင်အိတ်)	(N:15%,P_2O_5:7%,K_2O:18%)	မော်လမြိုင်မြို့နယ်၊မွန်ပြည်နယ်။
၆	Compound ထိုင်းစာ(အဖြူနှင့်ပန်းဆီရောင်အိတ်)	(N:20%,P_2O_5:10%,K_2O:12%)	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၇	Compound ထိုင်းစာ(အဖြူနှင့်အပြာရောင်အိတ်) (စက်ဝိုင်းအတွင်းနတ်သမီး၅ယောက်ပုံပါ)	(N:15%,P_2O_5:15%, K_2O: 15%)	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၈	Compound ထိုင်းစာ(အဖြူနှင့် အစိမ်းရောင်အိတ်) (စက်ဝိုင်းအတွင်းနတ်သမီး၅ယောက်ပုံပါ)	(N:16%,P_2O_5:16%,K_2O:8%	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၉	Compound ထိုင်းစာ(အပြာရောင်အိတ်) (စက်ဝိုင်းအတွင်းနတ်သမီး၅ယောက်ပုံပါ)	(N:30%)	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၁၀	Compound ထိုင်းစာ	(N:27% ,P_2O_5: 6%,K_2O:6%)	မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်။
၁၁	ရွှေလမင်းကျောက်မှုန့်	(Ca:16%,S:14%)	တောင်ငူမြို့နယ်၊ ဖြူးမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၁၂	Khing Gypsum	(Ca:14%,S:10%)	အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
၁၃	Compound Fertilizer (ကြက်ဖ)	(N:15%, P_2O_5:15%, K_2O:6%,Mg:4%)	မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၁၄	Compound Fertilizer (သရဖူ)	(N:18%,P_2O_5:4%,K_2O:5%)	မြိတ်မြို့နယ်၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၁၅	Compound Fertilizer (ခနေ)	(N:18%,P_2O_5:4%,K_2O:5%)	မြိတ်မြို့နယ်၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး။
၁၆	Compound Fertilizer(Rising Sun)	(N:18%,P_2O_5:4%,K_2O:5%)	မြိတ်မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး။
၁၇	Compound Fertilizer(သရဖူ)	(N:15%,P_2O_5:7%,K_2O:18%)	မြိတ်မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး။
၁၈	Compound Fertilizer(ခနေ)	(N:15%,P_2O_5:7%,K_2O:18%)	မြိတ်မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး။
၁၉	Compound Fertilizer(Rising Sun)	(N:15%,P_2O_5:7%,K_2O:18%)	မြိတ်မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး။
၂၀	ပန်းသီး	(P_2O_5:3%)	မြိတ်မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး။
၂၁	Compound Fertilizer(ဘီး)	(N:25%,P_2O_5:5%,K_2O:5%)	မြိတ်မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး။
၂၂	YYP	-	မြိတ်မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး။
၂၃	Compound Fertilizer(Rising Sun)	(N:25%,P_2O_5:7%,K_2O:7%)	ထားဝယ်မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး။
၂၄	Compound Fertilizer(Rising Sun)	(N:20%,P_2O_5:10%,K_2O:5%)	ထားဝယ်မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး။
၂၅	Compound Fertilizer(Rising Sun)	(N:8%,P_2O_5:24% ,K_2O:24%)	ထားဝယ်မြို့နယ်၊တနင်္သာရီတိုင်းဒေသကြီး။



ပြည်တွင်းရေကြောင်း ဆိပ်ခံဖောတံတားကပ်ခနှုန်းများ ပြန်လည်ဖြေလျှော့ပေးစေလို

ရန်ကုန် အောက်တိုဘာ ၁၉

မြစ်ဝကျွန်းပေါ်ဒေသရှိ ပြည်တွင်းရေကြောင်း ဆိပ်ခံတွဲများတွင် ပုဂ္ဂလိကသင်္ဘောများဆိုက်ကပ်မှုအတွက် ဆိပ်ခံကပ်ခနှုန်းထား မြင့်တက်လာသော်လည်း ရန်ကုန်ဆိပ်ကမ်းဆိပ်ခံဖောတံတားကပ်ခနှုန်းမှာ ပြောင်းလဲမှုမရှိကြောင်း ရန်ကုန်-မော်ကျွန်းခရီးစဉ်တွင် ပြေးဆွဲနေသောရုပ်ပြေးနှစ်ထပ်ရေယာဉ်လိုင်းတာဝန်ခံတစ်ဦးက ဆိုသည်။

ယင်းခရီးစဉ်တွင် ပြည်တွင်းရေကြောင်း ဆိပ်ခံဖောတံတားကပ်ခ ဘိုကလေးမြို့တွင် ယခင်က ကျပ် ၈၀၀၀ နှုန်း၊ မြင်းကကုန်းဆိပ်ခံဖောတံတားကပ်ခ ကျပ် ၈၀၀၀ နှုန်းရှိခဲ့ရာမှ အောက်တိုဘာ ၁၅ ရက်မှစ၍ ဘိုကလေးဆိပ်ခံတံတားကပ်ခ တစ်ကြိမ်လျှင် ကျပ် ၂၅၀၀၀ နှုန်း၊ မြင်းကကုန်းဆိပ်ခံတံတားကပ်ခ တစ်ကြိမ်လျှင် ကျပ် ၂၀၀၀၀ နှုန်းသို့ ပြောင်းလဲကောက်ခံလာကြောင်း၊ လူစီးသီးသန့်ရွှေပြည်တန်ရုပ်ပြေးရေယာဉ်နှုန်းများမှာ၊ အဆိုပါ ဆိပ်ခံများတွင် ယခင် ကျပ် ၃၀၀၀သာ ပေးဆောင်ရာမှ ယခုအခါ ကျပ် ၇၀၀၀ နှုန်းသို့ ပေးဆောင်ရကြောင်း သိရသည်။

ရန်ကုန်ဆိပ်ကမ်း စဉ့်အိုးတန်းဖောတံတားများသို့ ဆိုက်ကပ်ရာတွင် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ကျပ် ၄၀၀၀ နှုန်းသာ ပေးဆောင်ရခြင်းတွင် ပြောင်းလဲမှုမရှိကြောင်း၊ ရန်ကုန်ဆိပ်ကမ်းတွင် နယ်မှအဝင်ဆိုက်ကပ်သည့်နေ့တွင် ဆန်များတင်ဆောင်လာသဖြင့် နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ကျပ် ၄၅၀၀ နှုန်း၊ နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ကျပ်၂၀၀၀ နှုန်း စုစုပေါင်း ၂၄ နာရီလျှင် ဆိပ်ခံဖောတံတားကပ်ခ ကျပ် ၆၅၀၀ နှုန်း၊ သင်္ဘောပြန်ထွက်သည့်နေ့တွင် ညပိုင်းမပါ ကျပ် ၄၀၀၀ နှုန်း ပေးဆောင်နေရသည်ဟု ပုဂ္ဂလိကလူစီး ကုန်တင်ရေယာဉ်တာဝန်ခံတစ်ဦးက ဆိုသည်။

နယ်ဒေသများရှိ ပြည်တွင်းရေကြောင်း ဆိပ်ခံဖောတံတားအသုံးပြုခနှုန်းထားများ မြင့်တက်လာသဖြင့် ပုဂ္ဂလိကရေယာဉ်များဆိုက်ကပ်မှုမရှိတော့ဘဲ ဆိပ်ခံကပ်ခနှုန်းနည်းသည့် အခြားဆိပ်ကမ်းတံတားများတွင် ပြောင်းလဲဆိုက်ကပ်သဖြင့် အောက်တိုဘာ ၁၇ ရက်တွင် မော်ကျွန်းအဝင်တစ်နာရီနောက်ကျလာကြောင်း၊ မြင်းကကုန်းဆိပ်ကမ်းမှ ခရီးသည် ၂၀ ဝန်းကျင်သာစီးနင်းရာ ရရှိသည့်သင်္ဘောခနှင့် ဆိပ်ခံကပ်ခနှုန်းမမျှတဖြစ်နေသည့်အတွက် ရေလယ်တွင် ရပ်ပြီး ခရီးသည်များကို ကူးတို့ဖြင့်သယ်ဆောင်တင်ချပါက ခရီးသည်များ အန္တရာယ်ရှိနိုင်ကြောင်း ခရီးသည်များက ဆိုသည်။

ရန်ကုန်-မော်ကျွန်းခရီးစဉ်ရှိ မြင်းကကုန်းနှင့် ဘိုကလေးဆိပ်ခံများတွင် ရုပ်ပြေးနှစ်ထပ် နှစ်စင်း၊ လူစီးသီးသန့်ရုပ်ပြေးတစ်စင်း စုစုပေါင်း သုံးစင်း နေ့စဉ်ဆိုက်ကပ်နေရာ ယခင်ကတစ်ရက်လျှင် ဆိပ်ခံဖောတံတားကပ်ခ ကျပ် ၁၉၀၀၀ နှုန်းရရှိရာမှ ယခုနှုန်းသစ်ကြောင့် ဘိုကလေးဆိပ်ခံတွင် တစ်ရက် ကျပ် ၅၇၀၀၀ နှုန်း၊ မြင်းကကုန်းဆိပ်ခံတွင် တစ်ရက် ကျပ် ၄၇၀၀ နှုန်း ရရှိနိုင်သော်လည်း သင်္ဘောများအတွင်း ဝင်ငွေထိခိုက်သဖြင့် ဆိုက်ကပ်မှုမရှိလျှင် အရှုံးပေါ်နေသော ပြည်တွင်းရေကြောင်းအတွက် ဝင်ငွေနည်းလာနိုင်ကြောင်း သို့ဖြစ်ပါ၍ ခရီးသည်အတက်အဆင်းနှင့် ကုန်တင်၊ ကုန်ချမှုအဆင်ပြေသော ပြည်တွင်းရေကြောင်း ဆိပ်ခံဖောတံတားကပ်ခနှုန်းသစ်အား ပြန်လည်ဖြေလျှော့မှုပေးစေလိုကြောင်း သင်္ဘောတာဝန်ခံများက ဆိုသည်။ **(မောင်စေအောင်)**



မြန်မာ ယူ-၂၃အသင်းနှင့် ကိုရီးယားကလပ်ဂွမ်ဂျူးအသင်း အောက်တိုဘာ ၂၁ ရက်တွင် ခြေစမ်းပွဲကစားမည်

ရန်ကုန် အောက်တိုဘာ ၁၉

ကိုရီးယားတွင် Joint Training ပြုလုပ်လျက်ရှိသည့် မြန်မာ ယူ-၂၃ အသင်းသည် ပထမဆုံး ခြေစမ်းပွဲစဉ်အဖြစ် ကိုရီးယားကလပ် ဂွမ်ဂျူးအသင်းနှင့် အောက်တိုဘာ ၂၁ ရက် ဒေသစံတော်ချိန် ညနေ ၃နာရီတွင် မုပ်ပို၌ လေ့ကျင့်ရေးစတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် တောင်ကိုရီးယားနိုင်ငံ မုပ်ပိုမြို့ရှိ Mokpo National Football Center တွင် ၁၄ရက်ကြာ Joint Training ပြုလုပ်မည်ဖြစ်ရာ ထိုကာလအတွင်း ဂွမ်ဂျူးအသင်းအပါအဝင် ကိုရီးယားကလပ်အသင်းများနှင့် ခြေစမ်းပွဲ လေးပွဲအထိ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ဂွမ်ဂျူးအသင်းသည် ၂၀၁၂ ခုနှစ် အာရှ ယူ-၂၂ ခြေစစ်ပွဲမစတင်မီက မြန်မာ ယူ-၂၂ အသင်းနှင့် ကိုရီးယားတွင် ခြေစမ်းပွဲကစားခဲ့ဖူးသည့် အသင်းဖြစ်သည်။ မြန်မာ ယူ-၂၃ အသင်းသည် ကိုရီးယားတွင် အောက်တိုဘာ ၃၁ ရက် အထိ လေ့ကျင့်ပြီးပါက ဂျပန်နိုင်ငံသို့ ဆက်လက်ထွက်ခွာကာ အိုဆာကာတွင် နိုဝင်ဘာ ၁၀ ရက်အထိ လေ့ကျင့်မှုများနှင့် ခြေစမ်းပွဲများ ဆက်လက်ကစားမည်ဖြစ်သည်။

(မောင်မောင်ဇော်)

ကလပ်အသင်းများ ခရစ်ကက်အားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ်က ကြီးမှူး၍ ကလပ်အသင်းများခရစ်ကက်အားကစားပြိုင်ပွဲကို နိုဝင်ဘာ တတိယအပတ်တွင် ရန်ကုန်မြို့ ရွှေပင်လုံခရစ်ကက်အားကစားကွင်း(SHWE PIN LONE CRICKET OVAL)၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သံရုံး၊ သံတမန်ကလပ်အသင်းများနှင့် တစ်ဦးချင်းခရစ်ကက်အားကစားသမားများ၊ ဌာန၊ ခရစ်ကက်အသင်းများ၊ ကျောင်းသား ကျောင်းသူ ခရစ်ကက်အသင်းများနှင့် တစ်ဦးချင်းခရစ်ကက်အားကစားသမားများသည် နိုဝင်ဘာ ၅ ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် (ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း)သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲနှင့် စပ်လျဉ်း၍ သိရှိလိုပါက မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်(ARISTONS)ဖုန်း-၀၉-၅၄၁၄၂၈၉၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း-၀၉-၇၃၂၄၂၈၁၁၊ အတွင်းရေးမှူး ဦးကျော်မင်း ဖုန်း-၀၉-၇၃၁၁၂၇၆၈နှင့် မြန်မာနိုင်ငံခရစ်ကက်အဖွဲ့ချုပ် ဖုန်း-၀၁-၃၉၃၂၄၇ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အန်ဒရိုတောင်ဆန် စပါးအသင်းနှင့် စာချုပ်သစ်ချုပ်ဆို

စပါးတောင်ပံကစားသမား အန်ဒရိုတောင်ဆန်သည် စပါးအသင်းနှင့် လေးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ကြောင်း သိရသည်။

တောင်ဆန်သည် ပြီးခဲ့သည့်သီတင်းပတ်က အင်္ဂလန်အသင်းက မွန်တီနီဂရိုးအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ကမ္ဘာ့ဖလားဥရောပဇုန် ခြေစစ်ပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် ပထမဆုံးပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ပိုလန်အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒုတိယမြောက် ပါဝင်ကစားခွင့်ရရှိခဲ့သည်။

တောင်ပံကစားသမား တောင်ဆန်သည် ၂၀၁၁ ခုနှစ်အတွင်းက ချာလ်တန်အသင်းနှင့်ပွဲစဉ်တွင် စပါးအသင်းအတွက် ပထမဆုံးပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး စပါးအသင်းမှနေ၍ ကိုးကြိမ်တိုင်တိုင် အငှားချထားခြင်းခံခဲ့ရသည်။ ပြီးခဲ့သည့်ရာသီကမူ ကျူပီအာအသင်းတွင် အငှားစာချုပ်ဖြင့် နောက်ဆုံးကစားခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင် စပါးအသင်းနည်းပြ အန်ဒရီဗီလာဘိုအာ့စ်က ဝိုက်ဟက်ဒ်လိန်းသို့ ပြန်လည်ခေါ်ယူခဲ့ခြင်းကြောင့် လက်ရှိတွင် စပါးအသင်းနှင့်အတူ ရှစ်ပွဲအထိ ပါဝင်ကစားပေးထားပြီး ဖြစ်သည်။

ယခင်ကမူ နိုင်ငံလက်ရွေးစင်အသင်းတွင် ပါဝင်ကစားခဲ့ခြင်းမရှိခဲ့ဘဲ စပါးအသင်း၌ ရှိနေစဉ်တွင်လည်း အငှားချထားခံရခြင်းဖြင့်သာ ကျေနပ်ခဲ့ရပြီး လက်ရှိတွင် အင်္ဂလန်အသင်းအတွက်ရော စပါးအသင်းအတွက်ပါ ကြံ့ခိုင်မှု၊ ယုံကြည်မှု၊ ခိုင်မာသော ဆုံးဖြတ်ချက်ချနိုင်မှုစသည့် ဘောလုံးသမားကောင်းတစ်ဦး၏ ရှိသင့်သည့် အရည်အချင်းများဖြင့် ပါဝင်ကစားပေးနိုင်နေသည်ကိုလည်း မျက်ဝါးထင်ထင်တွေ့မြင်လာရပြီဖြစ်ကြောင်း စပါးအသင်းနည်းပြ အန်ဒရီဗီလာဘိုအာ့စ်က ပြောကြားခဲ့သည်။

ငွေကြယ်

ဘာစီလိုနာနှင့်ကစားမည့်ချန်ပီယံလိဂ်ပွဲစဉ်တွင် တိုက်စစ်မှူးဘာလော့တယ်လီလွဲချော်ဖွယ်ရှိ

အေစီမီလန်တိုက်စစ်မှူး မာရီယိုဘာလော့တယ်လီသည် အူဒီးနီးစ်အသင်းနှင့် ကစားခဲ့သည့် အီတလီစီးရီးအေပွဲစဉ်တွင် လွဲချော်ခဲ့သည့်အပြင် ဘာစီလိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၃)တွင်လည်း ပါဝင်လာရန် မသေချာသေးကြောင်း သိရသည်။

တိုက်စစ်မှူး ဘာလော့တယ်လီသည် ပြီးခဲ့သည့်လက နာပိုလီအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် စီးရီးအေပွဲစဉ်တွင် အနီကတ်ပြသခြင်းခံခဲ့ရသောကြောင့် သုံးပွဲပယ်ပြစ်ဒဏ်ကျခံခဲ့ရပြီး အေစီမီလန်အသင်း၏ စီးရီးအေနောက်ဆုံးသုံးပွဲတွင် ပါဝင်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။

လက်ရှိတွင်လည်း အာမေးနီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲစဉ်တွင် ပေါင်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် စပိန်ထိပ်သီးကလပ် ဘာစီလိုနာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် လွဲချော်ဖွယ်ရှိနေကြောင်း သိရသည်။

သို့သော် ဘာလော့တယ်လီ၏ဒဏ်ရာအား ဆရာဝန်ဖြင့် ပြသရဦးမည်ဖြစ်ပြီး ယင်းသို့လုပ်ဆောင်ပြီးမှသာ ဘာစီလိုနာအသင်းနှင့် ပွဲစဉ်တွင် ပါဝင်နိုင်မည်လားဆိုသည်ကို ဆုံးဖြတ်ရလိမ့်မည်ဖြစ်ကြောင်းနှင့် ဘာလော့တယ်လီ ပါဝင်ကစားနိုင်မှသာ အသင်းအတွက် ကောင်းမွန်သောရလဒ်တစ်ခုကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ကြောင်း အေစီမီလန်အသင်းနည်းပြ အယ်လီဂရီက ပြောကြားခဲ့သည်။

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ်(၉)ရလဒ်များ

ဒေါ့မွန်	၁ - ၀	ဟန်နိုဗာ
ဘိုင်ယန်မြူးနစ်	၄ - ၁	မိန့်ဇ်
ဝါဒါဘရီမင်	၀ - ၀	ဖရိုင်းဘက်
ဘရောင်ရှဝှစ်	၂ - ၃	ရှော်လ်ကေး
ဖရန့်ဖက်	၁ - ၁	နူရင်ဘက်

တေဇ(၁၇)သူငယ်ချင်းများ ကျောင်းဆင်းနှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားဖိတ်ကြားခြင်း

တေဇ(၁၇)သူငယ်ချင်းများ၏ ကျောင်းဆင်းနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ကျဆုံးကွယ်လွန်သူငယ်ချင်းများအတွက် ဆွမ်းကပ်လှူဒါန်းပွဲနှင့် ၂၀၁၂-၂၀၁၃တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သည့် သူငယ်ချင်းများ၏ သား၊ သမီးများအားဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဂုဏ်ပြုချီးမြှင့်ပွဲအတွက် မိဘများမှ အချိန်မီဆက်သွယ်ပေးကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

နေ့ရက်	-	၂၆-၁၀-၂၀၁၃ရက်(စနေနေ့)
အချိန်	-	၉ နာရီမှ ၁၂ နာရီထိ
နေရာ	-	တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်(ကမ္ဘာအေး)၊ အရှေ့ဝါယာလက်(၂)လမ်း၊ ကမ္ဘာအေး၊ ကျောက်မျက်ရတနာပြတိုက်ရှေ့
ဆက်သွယ်ရန်	-	ဇော်လွင်မိုး-(၀၉-၅၀၁၆၂၂၈)
		ဇော်ဝင်းနိုင်-(၀၉-၅၀၁၂၅၄၃)
		ကျော်သူရ-(၀၉-၅၅၀၄၁၆၀)
		စိုးပိုင်မြင့်-(၀၉-၇၃၂၃၉၈၂၁)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃A၊ မြေကွက်အမှတ် ¥-၁၁၊ မြေကွက်တည်နေရာအမှတ်(၅)၊ ရွှေဟင်္သာလမ်း၊ တာမွေမြို့နယ်၊ မအုန်းရွှေ (သား)မောင်ကျော်သိန်း၊ (သမီး)မရီ အမည်ပေါက်နှစ်(၉၀)ဂရန်မြေအား အမည်ပေါက်ထံမှ တာမွေမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၆/၂၀၁၂၊ တရားမဇာရီမှုအမှတ်၁၄/၂၀၁၂၊ အရောင်းအဝယ်စာချုပ်၂၈၄၄/၁၃ (၇-၈-၂၀၁၃) အရ (၁)ဒေါ်သန်းသန်းမြင့်[၉/မရတ(နိုင်)၀၅၉၈၃၈]၊ (၂)ဒေါ်တင်တင်ညို[၁၂/ကတတ(နိုင်)၀၁၃၁၃၁] (၃)ဦးကြီးမြင့်[၁၂/တမန(နိုင်)၀၅၇၀၉၄]၊ (၄) ဦးစိန်မြင့်[၁၂/တမန(နိုင်)၀၄၁၆၄၂] တို့က ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာနှင့် ရဲစခန်းထောက်ခံစာတို့ကို တင်ပြ၍ဂရန်မိတ္တူနှင့် အမည်ပြောင်း လျှောက်ထား လာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စိတ်ကြွဆေးပြားများနှင့် လက်နက်များ သိမ်းဆည်းရမိ

မြဝတီ အောက်တိုဘာ ၁၉

မြဝတီခရိုင် မြဝတီမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ငွေဦးစီးသော နယ်ထိန်းတပ်ဖွဲ့ဝင်များ၊ ခရိုင်အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ်(၃၂)မူးယစ်တပ်ဖွဲ့စု (မြဝတီ)မှ ယာယီကြီးကြပ်သူ ရဲမှူးအောင်စည်နှင့်အဖွဲ့သည် မူးယစ်ဆေးဝါးရောင်းဝယ်နေကြောင်း သတင်းအရ အောက်တိုဘာ ၁၄ ရက်က အမှတ် (၄)ရပ်ကွက် အာရှလမ်းဘေး မြင့်မြတ်စံစားသောက်ဆိုင်အနီးတွင် စောင့်ဆိုင်းနေစဉ် ရာမဟာဆိုင်ကယ်မောင်းနှင်လာသူ မောင်မောင်ထွေး (ခ) ရီနွတ်(၃၅)နှစ်ဝတ်ဆင်ထားသည့် ပုဆိုးနွတ်ခမ်းစဖြင့် ခါးတွင်လိပ်လျက် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆ ပြားတွေ့ရှိ၍ စစ်ဆေးမေးမြန်းရာ ၎င်း၏ဖော်ထုတ်ချက်အရ ဇော်မင်းအောင်(ခ)ဇော်မင်း(၃၄)နှစ် မြဝတီမြို့နေသူ၏ အိမ်အားရှာဖွေရာ ဖိုးဇော်နှင့် သူရစိုးသုံးဦးအားတွေ့ရှိပြီး အနီးပတ်ဝန်းကျင်မှ ဩစတြေးလျနိုင်ငံလုပ် ၉မမ ပစ္စတိုတစ်လက်၊ ကျည်ခုနစ်တောင့်ထည့်လျက် ကျည်ကတ်တစ်ခု၊ ဖုန်းတစ်လုံး၊ မြန်မာငွေစက္ကူတို့နှင့် ဇော်မင်းအောင်၏နေအိမ် နောက်ဘက်ခြံဝင်းထောင့်ရှိ ဝါးရုံပင်ကြားမှ အပြာရောင်ပလတ်စတစ် အလုံး ၂၀ အား အဖြူရောင်ပလတ်စတစ်ကြွပ်ကြွပ်အိတ်အတွင်း ထုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ယာဉ်တစ်စီးတို့ကို သိမ်းဆည်းခဲ့ပြီး အမှုဖွင့်အရေးယူထားကြောင်းသိရသည်။**(အပေါ်ပုံ)** **(၅၇၀)**

ယာဉ်ဝဲဘက်ရှေ့ဘီးပေါက် လမ်းလယ်ကျွန်းတိုက်မိ

နေပြည်တော် အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် (၂၆၃/၅-၆)ကြားတွင် အောက်တိုဘာ ၁၅ ရက်က ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ

ပေပင်လေး အမြန်လမ်းရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ ရန်ကုန်မှမန္တလေးသို့ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်နေ ကောင်းထက်အောင်(၂၂)နှစ်မောင်းနှင်လာသည့် ၂C/----တိုယိုတာဗစ်ယာဉ်သည် ဝဲဘက်ရှေ့ဘီးပေါက်ပြီး လမ်းလယ်ကျွန်းတွင်ကာရံထားသော ဘယ်ရီယာတုံး သုံးတုံးအားဝင်ရောက်တိုက်မိကာ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိရပ်တန့်သွားသဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ကောင်းထက်အောင်အား ပေပင်လေး အမြန်လမ်းရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ရဲပြန်ကြား)**

ရထားကြိုတ်မိသူ ဆေးရုံအရောက် သေဆုံး

ရေတာရှည် အောက်တိုဘာ ၁၉

အောက်တိုဘာ ၁၆ ရက် ည ၉ နာရီခန့်က ရေတာရှည်မြို့နယ် မြို့လှမြို့တောင်ဘက် သုံးမိုင်ခန့်အကွာရန်ကုန်-မန္တလေး ရထားလမ်းကြောနန်းမိုင်တိုင်အမှတ်(၂၀၂/၃)နှင့် (၂၀၂/၄)အကြားတွင် ရထားတိုက်မိပြီး ပေါင်ရင်းမှ ပြတ်သွားသူရေနီအုပ်စု ဆတ်သေ(တောင်)ကျေးရွာနေသူ ဝင်းနိုင်(ခ) အငယ်လေး(၃၅)နှစ်အား မြို့လှတိုက်နယ်ဆေးရုံမှ တစ်ဆင့် နေပြည်တော်ခုတင်(၁၀၀၀) ဆေးရုံကြီးသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။ ဝင်းနိုင်(ခ)အငယ်လေးမှာ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင်ရရှိသော ဒဏ်ရာဖြင့်သေဆုံးသွားခဲ့၍ မြို့လှနယ်မြေရဲစခန်းကသေမှုသေခင်းအမှတ်စဉ်(၇/၂၀၁၃)ဖြင့် အမှုဖွင့် ဆောင်ရွက်ထားကြောင်း သိရသည်။ **(၅၇၈)**

ရန်ကုန်မြို့ မြို့ပတ်ရထားအား ခဲများဖြင့် ပစ်ပေါက် သက်ဆိုင်ရာမှ အမှုဖွင့်အရေးယူ

နေပြည်တော် အောက်တိုဘာ ၁၉

အောက်တိုဘာ ၉ ရက် ည ၉ နာရီ ၅၅ မိနစ်ခန့်တွင် စမ်းချောင်းမြို့နယ် ကြည့်မြင်တိုင်ဘူတာမှ ထွက်ခွာလာသော (ခ/၁၄) မြို့ပတ်ရထားသည် ကြည့်မြင်တိုင်ဘူတာနှင့် ဟံသာဝတီဘူတာအကြား မိုင်တိုင်အမှတ် (၃/၂၂-၂၃) အရောက်တွင် အစုန်လမ်းဘက်မှရထားအား ခဲများဖြင့် ပစ်ပေါက်ခဲ့သဖြင့် တွဲအမှတ် LBPTZ-10857 တွင် တာဝန်ထမ်းဆောင်လာသော ရထားထိန်းဦးစိုးအောင်၏ ဦးခေါင်းယာဘက်ချိုစောင်းတွင် ခဲထိမှန်သဖြင့် တစ်လက်မခန့် ပွန်းပဲ့ဒဏ်ရာရရှိသွားခဲ့သည်။

အဆိုပါ လူနာအား အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ ဆေးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ ရန်ကုန်ရထားရဲစခန်း၌ အမှုဖွင့်တိုင်ကြားရာ အမှုတွဲအမှတ် (၁၆/၂၀၁၃)၊ မီးရထားအက်ဥပဒေပုဒ်မ (၁၂၇) ဖြင့် အမှုဖွင့်ထားပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေထိန်းသိမ်းစို့

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏အင်တာနက်ဝန်ဆောင်မှုအား
Broadband Wireless (Wi-Fi) စနစ်ဖြင့်ဝန်ဆောင်မှုပေးရန်
အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက်
စိတ်ဝင်စားသူများအားဖိတ်ခေါ်ခြင်း

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ကြီးကြပ်မှုအောက်ရှိ သတင်းအချက်အလက်နည်းပညာဌာနမှ ဝန်ဆောင်မှုပေးလျက်ရှိသည့် အင်တာနက်ဝန်ဆောင်မှုအား ပြည်သူများ ပိုမိုအဆင်ပြေလွယ်ကူစွာဖြင့် အသုံးပြုနိုင်ရေးအတွက် ပြည်တွင်း/ပြည်ပပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်၍ Broad- band Wireless (Wi-Fi)စနစ်ဖြင့် ဝန်ဆောင်မှုပေးရန် အစီအစဉ်ရှိပါသည်။

စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များ၊ ကုမ္ပဏီများအနေဖြင့် အကျိုးတူဆောင်ရွက်လိုသည့်ပုံစံနှင့် ဝန်ဆောင်မှုပေးသွားမည့် ပြည်နယ်/တိုင်းဒေသကြီးတို့အား Survey ပြုလုပ်၍ Technical and Business Model Proposal မူကြမ်းအား ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလ ၃၀ရက် ညနေ ၄နာရီတွင် အင်ဂျင်နီယာချုပ်၊ သတင်းအချက်အလက်နည်းပညာဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ နေပြည်တော်သို့ပေးပို့ရမည်။ Proposal မူကြမ်းတွင်ပါဝင်ရမည့် အခြေခံအချက်များ ဖော်ပြထားသည့် အဆိုပြုလွှာတင်ဒါစည်းမျဉ်းပုံစံအား ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်မှ အောက်တိုဘာလ ၃၁ ရက်အထိ ရုံးချိန်အတွင်း စုံစမ်းထုတ်ယူနိုင်ပါသည်။ Proposal မူကြမ်းပေးပို့ရာတွင် လုပ်ငန်းရှင်များအနေဖြင့် ဖော်ပြပါကုမ္ပဏီဆိုင်ရာ အထောက်အထားများ ယူဆောင်ပြသရပါမည်။

ကုမ္ပဏီဆိုင်ရာအထောက်အထားများ

- သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်
- ကုမ္ပဏီသင်းဖွဲ့ မှတ်တမ်း/စည်းမျဉ်း
- နည်းပညာပူးပေါင်းဆောင်ရွက်မည့် ကုမ္ပဏီအချက်အလက်များ (လိုအပ်ပါက)

အသေးစိတ် ဆက်သွယ်မေးမြန်းရန် ဖုန်း-၀၆၇-၄၂၁၇၇၁၊ ၀၆၇-၄၂၁၂၂၂၊ ၀၉-၅၀၂၁၀၇၄

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ/၂၄၀)၊ သုနန္ဒာ(၁၀)လမ်းနေ ဦးအောင်သူ[၁၂/ဥကမ(နိုင်)၀၄၂၄၆၂]၊ ဒေါ်နန်းသ[၁၂/ဥကမ(နိုင်)၀၄၂၆၀၉]တို့၏သမီးကြီး အက်စတာအောင်သူ(ခ)မဇင်ဝင်းနွယ်[၁၂/ဥကမ(နိုင်)၂၀၇၄၁]သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ မိဘများကို စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်၍ ၎င်း၏ဆန္ဒအတိုင်းပြုမူနေထိုင်ပါသဖြင့် နောက်နောင် ၎င်း၏ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း မိဘများ၏သဘောတူခွင့်ပြုချက်မရဘဲ ၎င်း၏ဆန္ဒအတိုင်းပြုလုပ်ခဲ့ပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သူဇာမြင့်
LL.B, D.B.L, D.M.L
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၉၄)
တိုက်(၉/၁၁)**B**၊ အခန်း(၁၀၃)၊ မြေညီထပ်၊ (၃၆)လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ပြည်တွင်းရေးရာ

လယ်ဝေးမြို့တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ဟောပြော

လယ်ဝေး အောက်တိုဘာ ၁၉

၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး အတွက် အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၁၃ ရက် မွန်းလွဲ ၁ နာရီက လယ်ဝေးမြို့ ဖောင်တော်ချက်မဘုရား နဂါးစောင်းတန်း၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးချိုထွန်းက သန်းခေါင်စာရင်းကောက်ယူရခြင်း၏ ရည်ရွယ်ချက်များ၊ လူဦးရေနှင့် အိမ်အကြောင်းအရာများမှန်ကန်မှ အနာဂတ်လူနေမှု ဘဝ တိုးတက်မြင့်မားမည်ဖြစ်၍ ပြည်လုံးကျွတ် သန်းခေါင်စာရင်းကောက်ယူသည့်လုပ်ငန်းအား ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေရန် အသိပညာပေးဟောပြောသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးချိုထွန်း၊ ဒု-ညွှန်ကြားရေးမှူး ဦးအေးလှိုင်နှင့် မြို့နယ်ဦးစီးမှူး ဦးမိုးဆက်တို့က ဟောပြောပွဲတက်ရောက်လာကြသည့် ပြည်သူများမေးမြန်းသော အချက်အလက်များကို အပြန်အလှန်ရှင်းလင်းဆွေးနွေးပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

မလှိုင် အောက်တိုဘာ ၁၉

မလှိုင်မြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စည်ပင်သာယာ အကြံပေးအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့နှင့် တာဝန်ရှိသူများက အောက်တိုဘာ ၁၆ ရက်တွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောက်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးရွှေနန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ မြို့နယ်စည်ပင်သာယာ အကြံပေးအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့၊ စည်ပင် အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်ကြီး(၃) ကန်ဖျား ရေစက်ရုံရှိ မြို့ရေပေးဝေရေးအတွက် ရေဂါလန်(၅၀၀၀၀)ဆံ့ ရေလှောင်ကန်နှင့် ရေဂါလန်(၃၀၀၀၀)ဆံ့ ရေလှောင်ကန်နှစ်ခု တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဓမ္မာရုံကျောင်းလမ်း(၁၀၁၀ ပေ × ၁၂ ပေ × ၈ လက်မ)ကျောက်ချောလမ်းခင်းခြင်းပြီးစီးမှုအခြေအနေနှင့် အမှတ်(၄)ရပ်ကွက်ရှိ ဘဏ်လမ်း ရေဆိုးမြောင်းအား စက်ယန္တရားများဖြင့် ဆယ်ယူဆောင်ရွက်နေမှု**(အပေါ်ပုံ)**တို့အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ မြို့နယ်စည်ပင်သာယာ အမှုဆောင်အရာရှိ ဦးရဲနိုင်က လုပ်ငန်းများဆောင်ရွက်နိုင်မှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **(အောင်ဌေး-မလှိုင်)**

ပခုက္ကူမြို့မဈေးလုံခြုံရေး သတိရှိရန်ဆွေးနွေး

ပခုက္ကူ အောက်တိုဘာ ၁၉

ပခုက္ကူမြို့ မြို့မဈေးကြီးအတွင်းရှိ ဈေးဘုရားဓမ္မာရုံ၌ အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၃ နာရီက မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေး အလုပ်အမှုဆောင်အဖွဲ့နှင့် ဈေးရုံကိုယ်စားလှယ်များတွေ့ဆုံ၍ လုံခြုံရေးသတိရှိရန်အတွက် ရှင်းလင်းဆွေးနွေးရာ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းနှင့် ခေတ္တအမှုဆောင်အရာရှိ ဦးအောင်မင်းကြိုင်တို့က အခြားမြို့များတွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပေါ်နေမှုကို ကြားသိရသဖြင့် ပခုက္ကူမြို့မဈေးတွင်လည်း ယင်းကဲ့သို့ ပေါက်ကွဲမှုမဖြစ်ပွားစေရန် ဈေးသူဈေးသားများ သတိဝီရိယဖြင့် စောင့်ကြည့်နေထိုင်ကြပြီး မသင်္ကာဖွယ်ရာတွေ့ရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းသတင်းပေးပို့ အကြောင်းကြားရန်ဆွေးနွေးမှာကြားကြပြီး မြို့မဈေး အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်မြင့်က မိမိဈေးအတွင်း အများပြည်သူအထိတ်အလန့်ဖြစ်စေသည့် မီးရှူး၊ မီးပန်း၊ ဗြောက်အိုးများ ရောင်းချမှုကို ကင်းရှင်းစေရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အောင်(မန်းတက္ကသိုလ်)

တောင်သူလယ်သမားများသို့ အရစ်ကျရောင်းပေး

ရေကြည် အောက်တိုဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ အိုကေပန့် သုံးလက်မအဝ၊ အရှည်ပေ ၂၀ ရှိ ရေတွင်းတူးပိုက်များကို အောင်ရေအခက်အခဲရှိသူများအတွက် ရေကြည်ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီလီမိတက်က အရစ်ကျစနစ်ဖြင့် ပံ့ပိုးသွားမည်ဖြစ်သည်။ ယင်းအိုကေပန့်ပိုက်များကို ကျေးရွာအုပ်စု ၂၀မှ တောင်သူ ၂၇၄ ဦး၊ ပိုက်လုံးရေ ၂၃၇၅ လုံးတို့ကို အောက်တိုဘာ ၁၅ ရက်မှစ၍ အရစ်ကျစနစ်ဖြင့် ရောင်းချပေးပြီး**(ဝဲပုံ)** ဆက်လက်၍ တောင်သူများကို ဂျီဘီအက်(စ်)ကုမ္ပဏီက ကွန်ပိုတာအင်ဂျင်များ၊ နွားပြန်စက်များ၊ လယ်ယာသုံးစက်ယန္တရားများကို ရေကြည်ဆန်စပါးရောင်းဝယ်ရေးကုမ္ပဏီက အရစ်ကျစနစ်ဖြင့် ပံ့ပိုးကူညီရောင်းချသွားမည်ဖြစ်ကြောင်း တောင်သူလယ်သမားများကိုယ်စား ဝမ်းသာစိတ်ဖြင့် တင်ပြလိုက်ပါသည်။ **(၆၉၇)**

အစိုးရကြော်ငြာ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာန ရုံးခန်း၊ အမှတ်(၅၇)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်	- ၁၇-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန်	- ၁၆-၁၁-၂၀၁၃ရက်၊ မွန်းလွဲ ၂း၀၀နာရီ
ဆက်သွယ်ရန်ဖုန်းနံပါတ်	- ၃၇၁၂၈၄၊ ၃၇၂၃၆၂

ဗဟိုဆေးသိုလှောင်ရေးဌာန

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ဒြပ်ပစ္စည်းသိပ္ပံနှင့်ဒြပ်ပစ္စည်းအင်ဂျင်နီယာသုတေသနဦးစီးဌာန(ကံ့ကော်)ကျောက်ဆည်အတွက် လိုအပ်သော ပစ္စည်းများဝယ်ယူလိုပါသည်။

၁။ MCF 7 Human Caucas an Breast Adenocarcinoma 1 unit

၂။ HELA 229 Epithellod Cervical Carcinoma 1 unit

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၁-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ညွှန်ကြားရေးမှူးရုံး၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၉-၁၀-၂၀၁၃ ရက် ၁၆း၃၀နာရီ နောက်ဆုံးထား၍ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

ညွှန်ကြားရေးမှူးရုံး၊ နည်းပညာတက္ကသိုလ်(ကျောက်ဆည်)

ဖုန်း-၀၆၆-၅၀၅၉၈၊ ၀၆၆-၅၀၆၀၆

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းများမှ မြေ၊ အဆောက်အအုံနှင့်တိုက်ခန်းများငှားရမ်းရန် အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာနမှ အောက်ဖော်ပြပါ မြေ၊ အဆောက်အအုံနှင့် တိုက်ခန်း (၆)ခုအား ပုဂ္ဂလိကသို့ ငှားရမ်းရေးဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း**

(၁) အမှတ်(၁၉)၊ အုတ်ကျင်းဘုတာရုံလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်(လှိုင်ခေါက်ဆွဲစက်ရုံခွဲ၏မြေနှင့်အဆောက်အအုံ) (၃၁-၈-၂၀၁၃ သက်တမ်းကုန်)

(၂) အမှတ်(၄၄/က)၊ လေးဒေါင့်ကန်လမ်း၊ ဇဝနကွေ့၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (၁၄-၉-၂၀၁၃သက်တမ်းကုန်)

(၃) အမှတ်(၁၅)၊ ဇမြောက်ရပ်ကွက်၊ လေးဒေါင့်ကန်လမ်း၊ သယ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ (၃၀-၉-၂၀၁၃သက်တမ်းကုန်)

(၄) ဘာတာဝင်း၊ စက်မှုဝန်ထမ်းအိမ်ရာအနီး၊ လှိုင်မြို့နယ်၊ ရန်ကုန် (၃၁-၁၀-၂၀၁၃သက်တမ်းကုန်)

(ခ) **စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း**

(၁) အမှတ်(၄၀၅)၊ အခန်း(D1)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန် (၂၇)လမ်းနှင့်(၂၈)လမ်းကြားရှိ (၈)ခန်းတွဲ(၅)ထပ်တိုက်၊ မြေညီထပ်(၃၀-၉-၂၀၁၃ သက်တမ်းကုန်)

(၂) အမှတ်(၁၂၃/၁၂၅)၊ အနော်ရထာလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်၊ (၄)ခန်းတွဲ၊ (၆)ထပ်တိုက်၏မြေညီထပ်ရှိအခန်း(၂)ခန်း(၃၀-၉-၂၀၁၃ သက်တမ်းကုန်)

၂။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	တင်ဒါပုံစံများစတင်ရောင်းချမည့်နေ့ရက်၊ နေရာ	- ၁၅-၁၀-၂၀၁၃ရက်(အင်္ဂါနေ့) ရုံး(၃၇)၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ရုံး(၄၁)၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
(ခ)	တင်ဒါပိတ်မည့်နေ့ရက်၊ အချိန်-	- ၂၉-၁၀-၂၀၁၃ရက်(အင်္ဂါနေ့) ၁၀နာရီ
(ဂ)	တင်ဒါဖွင့်မည့်နေ့ရက်၊ အချိန်	- ၂၉-၁၀-၂၀၁၃ရက် (အင်္ဂါနေ့) ၁၀ နာရီ
(ဃ)	တင်ဒါတင်သွင်းရမည့်နေရာ-	စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဌာနများတွင် စုံစမ်းနိုင်ပါသည်-

(က) ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဖုန်း-၀၆၇-၄၀၈၁၄၂၊ ၄၀၈၀၆၇၊ ၄၀၈၂၀၅၊ ၄၀၈၃၉၂

(ခ) စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း
ဖုန်း-၀၆၇-၄၀၈၃၈၉၊ ၄၀၈၄၂၀၊ ၄၀၈၃၆၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်- မန္တလေးလမ်းပိုင်း၌ ပြေးဆွဲလျက်ရှိသော အမှတ်(၃) အဆန် (၄) အစုန်ရထားတွင် စားသောက်တွဲ (၂) တွဲ၊ အမှတ်(၅) အဆန်(၆) အစုန်ရထားတွင် စားသောက်တွဲ (၂)တွဲ၊ အမှတ်(၁၁) အဆန် (၁၂) အစုန်ရထားတွင် စားသောက်တွဲ(၂)တွဲ၊ ရန်ကုန်-ပုဂံလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အမှတ် (၆၁) အဆန်(၆၂) အစုန်ရထားတွင် စားသောက်တွဲ (၂)တွဲနှင့် မန္တလေး-မြစ်ကြီးနားလမ်းပိုင်းတွင် ပြေးဆွဲလျက်ရှိသော အမှတ် (၃၇) အဆန်(၃၈) အစုန်ရထားတွင် စားသောက်တွဲ(၂)တွဲ၊ အမှတ်(၅၇) အဆန်(၅၈) အစုန်ရထားတွင် စားသောက်တွဲ (၂)တွဲ၊ အမှတ်(၃၃)အဆန်(၃၄) အစုန်ရထားတွင် စားသောက်တွဲ(၁)တွဲ စုစုပေါင်း စားသောက်တွဲ (၁၃)တွဲကို ပြည်တွင်း နိုင်ငံသားလုပ်ငန်းရှင်များသို့ သက်တမ်းကာလ (၁)နှစ် ငှားရမ်းလုပ်ကိုင်ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံအဆိုပြုလွှာများကို စာအိတ်(က)ဖြင့်လည်းကောင်း၊ ငွေကြေးဆိုင်ရာ အဆိုပြုလွှာကို စာအိတ်(ခ)ဖြင့်လည်းကောင်း ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြနိုင်ရေးအတွက် မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃) မန္တလေးရုံးနှင့် မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၇) ရန်ကုန်ရုံးတို့တွင် ဝယ်ယူနိုင်ပြီး တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်။

၃။ အဆိုပါ ငှားရမ်းခြင်းနှင့် ပတ်သက်သည့် လုပ်ငန်းဆိုင်ရာ အဆိုပြုလွှာများကို ပြည့်စုံစွာ ဖြည့်စွက်ဖော်ပြလျက် နေပြည်တော်ဘူတာကြီးရှိ မြန်မာ့မီးရထား၊ စီးပွားရေးဌာန၊ ဒုတိယအထွေထွေမန်နေဂျာ(စီးပွားရေး)သို့ ၃၀-၁၀-၂၀၁၃ရက် ၁၂း၀၀နာရီ နောက်ဆုံးထား ပေးပို့သွားရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တယ်လီဖုန်းအမှတ် -၀၂-၆၆၇၆၄၊ ၀၁-၃၉၃၄၂၈၊ ၀၆၇-၇၇၀၈၃၊ ၀၆၇-၇၇၁၂၃ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ



“ဝဝ”

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ရောင်းလိုလျှင်ဆက်သွယ်ပါ။

ဖုန်း-၀၉-၇၃၀၁၄၆၀၁၊ ၀၉-၇၃၂၂၅၀၂၃

ဆောင်ပုဒ်ပြောင်းမယ့်အစား . . .

"အဝေးသင်ပညာရေးအပေါ် သဘောထားအမြင်ပြောင်းလဲရေးအတွက် 'ပညာရေးဝေးသည်မရှိ' (Education Never Too Far) ဆောင်ပုဒ်အစား 'လိုချင်ဆန္ဒရှိသူအတွက် ပညာရေးဝေးသည်မရှိ' (For One Desire, Education Never Too Far) ဆောင်ပုဒ်ကိုပြောင်းလဲအသုံးပြုမည်" ဟူသော သတင်းကို အောက်တိုဘာ ၁၆ ရက်ထုတ် 7 Day Daily တွင်ဖော်ပြထားသည်ကို တွေ့ရသည်။

'အမှန်တကယ် လိုချင်ဆန္ဒရှိပါသော်ငြားလည်း ပညာရေးဟာဝေးကွာနေဆဲပါပဲ' ဟုအဝေးသင်ကျောင်းသားတစ်ဦးက ကောက်ချက်ချသည်။ အကြောင်းရင်းမှာ 'ကျွန်တော်တို့က ပါမောက္ခတွေသင်တဲ့ ကျူရှင်မှမတက်နိုင်တာ၊ အနီးကပ် ၁၀ရက်မှာလည်း စာသေချာသင်တာက လေး၊ငါးရက်ပဲလေ၊ တချို့ရက်တွေဆိုလမ်းစရိတ်နဲ့ ထမင်းစရိတ်သာကုန်သွားတာ၊ လက်မှတ်ထိုးပြီးပြန်လာရတာပဲ၊ ဆရာမတွေက တစ်ချိန်လောက်ပဲဝင်တာ' ဟုဆိုသည်။ ကျူရှင်တက်နေသော ကျောင်းသားတစ်ဦးက " ဆရာမကပြောတယ်၊ ၁၀ ရက်လုံးတက်စရာမလိုဘူး။ ပင်ပန်းတယ်။ အိမ်မှာစာကျက်ဆိုလို့ နှစ်ရက်ခြားတစ်ခါလောက်ပဲသွားတယ်" ဟုဆိုသည်။

'မြန်မာနိုင်ငံတွင် အဝေးသင်ပညာရေးစနစ်၏ အရည်အသွေးကို အများက ဝေဖန်မှုများရှိနေသလို ကျောင်းသားကျောင်းသူများအနေဖြင့်လည်း တန်ဖိုးထားမှုအားနည်းနေခြင်းကြောင့် ဆောင်ပုဒ်ပြောင်းလဲရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း' ဟုဆိုရာတွင် မည်သည့်အကြောင်းများကြောင့် အများပြည်သူက ဝေဖန်နေကြပါသနည်း။ ကျောင်းသားကျောင်းသူများအနေဖြင့်ရော အဘယ်ကြောင့် တန်ဖိုးထားမှုများအားနည်းနေကြပါသနည်း။ ဘာကြောင့်ဟူသောမေးခွန်းကို အကြိမ်ကြိမ်မေးရန်လိုအပ်လာပါပြီ။ အကြောင်းကြောင့် အကျိုးဖြစ်လာပြီးသည့်နောက် ထိုအကျိုးဆက်ကို ခံစားနေကြရသူများအဖို့မှာတော့ 'ဘွဲ့ရပြီးလည်းဘာမှမထူးပါဘူး' ဟူသောကြောက်စရာကောင်းသည့် Mindset များ လွှမ်းမိုးသွားခဲ့ပါပြီ။ ထိုအကျိုးဆက်များကို တားဆီးချေဖျက်ရမည့်အစား ဆောင်ပုဒ်တစ်ခုကိုပြောင်းလဲ လိုက်ခြင်းသည် မည်မျှထိရောက်မှုရှိနိုင်မည်နည်း။ ထိုအချက်သည်လည်း စိတ်ဝင်စားစရာ ကောင်းလှပါသည်။

ဆောင်ပုဒ်တစ်ခုကို ပြုပြင်ပြောင်းလဲလိုက်ရုံနှင့် ပညာရေးအပေါ်ထားရှိသည့် ကျောင်းသားကျောင်းသူများ၊ မိဘပြည်သူများ၏ တန်ဖိုးထားမှု၊ ယုံကြည်ကိုးစားမှုနှင့်အလေးထားမှုများပြောင်းလဲသွားလိမ့်မည်ဟု ယူဆ၍မရနိုင်ပါ။ ထိုဆောင်ပုဒ်ပြောင်းလိုက်သည်ကိုပင် သတိထားမိချင်မှ သတိထားမိပေလိမ့်မည်။ သို့သော် ပြောင်းသင့်သည့်အရာတစ်ခုကို ပြောင်းလဲလိုက်ပါက သူတို့အားလုံး သတိထားမိကြပေလိမ့်မည်။ လက်ရှိတွင် အဝေးသင်ပညာသင်ယူနေသော ကျောင်းသားဦးရေမှာ သုံးသိန်းတစ်သောင်းကျော်ရှိသော်လည်း ထိုကျောင်းသားများ အမှန်တကယ် မိမိဘာသာရပ်ကို သိရှိနားလည်သွားစေရန် အဓိကပြုပြင်ပြောင်းလဲရမည်မှာ ဆောင်ပုဒ်အပြင် အခြားအရေးကြီးသည့် အရာများ များစွာကျန်ရှိနေလိမ့်ဦးမည်။

သာဓကတစ်ရပ်ရှိခဲ့ဖူးပါသည်။ ဟိုယခင်နှစ်များဆီက နယ်မြို့များ၌ပင် အဝေးသင်ကျောင်းသားကျောင်းသူများ Assignment တင်ချိန်ဆိုလျှင် လမ်းဘေး PCO ဖုန်းဆိုင်များမှဝန်ထမ်းအမျိုးသမီးများမှာ တစ်နေကုန်စာကုန်းရေးနေကြသည်ကို တွေ့ဖူးကြပေလိမ့်မည်။ ဘာတွေရေးနေကြသလဲဆိုရင်မူ ထိုအဝေးသင် Assignment များကို တစ်ဦးချင်းပုတ်ပြတ်ဖြင့် အငှားရေးပေးနေကြခြင်းဖြစ်သည်။ ထိုကျောင်းသားကျောင်းသူများကိုပင် မမြင်ဖူးကြဘဲ ကြားထဲမှပွဲစားကလည်းရှိသေးသည်ဟုဆိုသည်။ ဒီတော့ ဒီပွဲစားကဘယ်သူတွေတုံးဟု မေးကြည့်လိုက်တော့ အဝေးသင်ဌာနမှစာရေးမများဟုဆိုကြသည်။ 'ဒါတောင် သူတို့မနိုင်လို့ ကျွန်မတို့ကိုခွဲပေးတာ။ သူတို့က ကော်မရှင်ယူသေးတာ'ဟု Assignment အငှားရေးသူတစ်ဦးကဆိုပြန်သည်။ ထိုစနစ်ကြီး အတော်ထွန်းကားခဲ့ဖူးသေးသည်။ ယင်းနောက် အပြောင်းအလဲများဖြစ်လာပြီးနောက် လက်ရေးမူရင်းကိုစာမေးပွဲအဖြေလွှာများနှင့် တိုက်စစ်သည့်စနစ်ပေါ်ပေါက်လာခဲ့သည်။ ထိုအခါ အငှားရေးသူများစာမေးပွဲကျပြန်လေ၏။ ယခုအချိန်တွင်မူ အဝေးသင်ကျောင်းသားကျောင်းသူရှိသောအိမ်များ၌ မိဘများက 'ကိုယ်တိုင်ရေးကြနော်။ လက်ရေးနဲ့တိုက်စစ်မှ ဒုက္ခရောက်မယ်' ဟုကြားလာရပေပြီ။ ထိုအဖြေလွှာနှင့် Assignment လက်ရေးတိုက်စစ်သည်ဆိုသော စနစ်တစ်ခု ပြောင်းလဲလိုက်သည်နှင့် အများပြည်သူ၏ Mindset တွင် Assignment ကိုယ်တိုင် ရေးကိုရေးရမည်ဟူသောအသိဝင်သွားခဲ့ပေပြီ။

ထို့ကြောင့် အဝေးသင်ပညာရေးစနစ်ကို အများပြည်သူတန်ဖိုးထားတတ်လာအောင် ဆောင်ပုဒ်အစား ဖြစ်သင့်သည်ကို ပြင်လိုက်ကြပါဟုသာ တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ဝတ်ရည်ကျော်ဦး

မှော်ဘီမြို့ အမှတ် (၇) ရပ်ကွက် ဇောတိကလမ်းကွန်ကရစ်ခင်း

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့ အမှတ်(၇)ရပ်ကွက် အင်းတန်းကျေးရွာမှ ဇောတိကလမ်းမှာ မိုးတွင်းအခါ ရေလျှံမှုကြောင့် ရွှံ့ဗွက်များရှိ၍ သွားလာရေး ခက်ခဲလျက်ရှိသည်။ သွားလာမှု လွယ်ကူချောမွေ့စေရန် ရည်ရွယ်လျက် ရွှေမော်ဝန်းကျောင်းတိုက်ပဓာနဆရာတော် ဘဒ္ဒန္တ ဝါယမ (B.A, M.A,Ph.D) ဦးဆောင်၍ ဇောတိကလမ်းတွင် နေထိုင်ကြသော ကျေးရွာသားများစုပေါင်း၍ လမ်းအရှည်ပေ ၂၀၀၊ အကျယ် ငါးပေ၊ အမြင့် ခြောက်လက်မရှိသော ကွန်ကရစ် လမ်းခင်းခြင်းကို အောက်တိုဘာ ၁၅ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ထွန်းလှိုင်)**

မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

အခိုးရ/စီးပွားရေးကြော်ငြာ

၁။ ၂၉-၉-၂၀၁၃ ရက်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၀)ကော်လံ (၃၊၄၊၅၊၆)တွင် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် လစ်လပ်နေသော လစာနှုန်း(၆၇၀၀၀-၁၀၀၀-၇၂၀၀၀)အငယ်တန်းစာရေး၊ စာရင်းကိုင်-၄၊ အခွန်ကောက်-၄၊ ပစ္စည်းထိန်း-၄ ရာထူးနေရာ (၂၀)၊ လစာနှုန်း(၆၇၀၀၀/-၁၀၀၀-၇၂၀၀၀/)စစ်ဆေးရေးမှူး-၄၊ ပစ္စည်းထိန်း-၄၊ ဈေးခေါင်း-၄၊ စည်းကမ်းထိန်း-၃ ရာထူးနေရာ(၁၁)နေရာနှင့် လစာနှုန်း(၆၇၀၀၀-၁၀၀၀-၇၂၀၀၀)ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာ(၉)နေရာအတွက် ယခင်ကြော်ငြာထားသည့် အရည်အချင်းသတ်မှတ်ချက်၊ လျှောက်လွှာပိတ်ရက်နှင့် ရေးဖြေစာမေးပွဲဖြေဆိုရမည့်အချိန်တို့ကို အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်ကြောင်း ထပ်မံအသိပေးကြော်ငြာအပ်ပါသည်-

(က) ယခင်ကြော်ငြာထားသည့် အငယ်တန်းစာရေးနှင့် လစာနှုန်းတူရာထူးများအတွက် အစိုးရတက္ကသိုလ်တစ်ခုခုမှ(နေ့ကျောင်း)ဖြင့် ဘွဲ့ရပြီးသူအစား၊ အစိုးရတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဟူ၍လည်းကောင်း၊

(ခ) ယခင်ကြော်ငြာထားသည့် ဒု-လက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူးရာထူးအတွက် ကွန်ပျူတာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ(သို့မဟုတ်) ဒီပလိုမာလက်မှတ်ရရှိထားသူ (သို့မဟုတ်)အစိုးရတက္ကသိုလ်တစ်ခုခုမှ (နေ့ကျောင်း)ဖြင့် ဘွဲ့ရရှိပြီး ကွန်ပျူတာ(Microsoft Office,DTP) စာစီစာရိုက်ကျွမ်းကျင်ရမည်အစား၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ(သို့မဟုတ်) ကွန်ပျူတာဒီပလိုမာလက်မှတ်ရရှိထားသူ (သို့မဟုတ်) အစိုးရတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ကွန်ပျူတာ(Microsoft Office, DTP)စာစီစာရိုက်ကျွမ်းကျင်ရမည်ဟူ၍လည်းကောင်း၊

(ဂ) ယခင်ကြော်ငြာထားသည့် လျှောက်လွှာများနောက်ဆုံးထား လျှောက်ထားရမည့်ရက်ကို ယခင် ၂၅-၁၀-၂၀၁၃ ရက် ၁၅း၀၀နာရီအစား ၈-၁၁-၂၀၁၃ ရက် ၁၅း၀၀နာရီဟူ၍လည်းကောင်း၊

(ဃ) ယခင်ကြော်ငြာထားသည့် အငယ်တန်းစာရေးနှင့် လစာနှုန်းတူဝန်ထမ်းများအတွက် ရေးဖြေစာမေးပွဲကို ၂-၁၁-၂၀၁၃ ရက်၊ နံနက် ၉ နာရီမှ ၁၁ နာရီအစား ၁၆-၁၁-၂၀၁၃ ရက်၊ နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဟူ၍လည်းကောင်း၊ ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးနေရာများအတွက် ယခင်ကြော်ငြာထားသည့် ၃-၁၁-၂၀၁၃ ရက်၊ နံနက် ၉ နာရီမှ ၁၂ နာရီထိအစား၊ ရေးဖြေစာမေးပွဲနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းကို ၁၇-၁၁-၂၀၁၃ ရက်၊ နံနက် ၉ နာရီမှ ၁၂ နာရီဟူ၍ လည်းကောင်း။

၂။ အငယ်တန်းအင်ဂျင်နီယာ-၄(လစာနှုန်း ၆၇၀၀၀-၁၀၀၀-၇၂၀၀၀)အတွက် ရေးဖြေစာမေးပွဲကို ယခင်ကြော်ငြာထားသည့်အတိုင်း ဖြေဆိုခွင့်ကတ်နှင့် ခုံနံပါတ်များအား ၃၀-၁၀-၂၀၁၃ ရက်နှင့် ၃၁-၁၀-၂၀၁၃ ရက်နေ့ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ရုံးတွင် လူကိုယ်တိုင်လာရောက်ထုတ်ယူရမည်ဖြစ်ပြီး ၂-၁၁-၂၀၁၃ ရက်၊ နံနက် ၉ မှ ၁၁ နာရီအထိ မြန်မာစာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ဖြေဆိုရမည်ဖြစ်သည်။

၃။ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများအား စာမေးပွဲဖြေဆိုခွင့်ကတ်နှင့် ခုံနံပါတ်များကို ၁၃-၁၁-၂၀၁၃ ရက်နှင့် ၁၄-၁၁-၂၀၁၃ရက် ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးတွင် လူကိုယ်တိုင်လာရောက် ထုတ်ယူရမည် ဖြစ်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးများနှင့် ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့ရုံး၊ အမှတ်-၂၄၅၊ သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၁-၂၉၁၉၆၇၊ ၀၁-၂၉၁၉၆၄ တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းနိုင်ပါသည်။

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ရပ်ကွက်၊ အကွက်အမှတ်(၀၀-၂)၊ ဦးပိုင်အမှတ်(၃၃)၊ ၆၇×၆၈လမ်းကြား၊ Aလမ်း×Bလမ်းကြား၊ ဦးဝင်းနိုင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဦးဝင်းနိုင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ညိုစိန်[၉/မရတ(နိုင်)၀၉၆၉၃၆]မှ ကြိုတင်ခွန်၊ မြေချစလစ်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဂရန်သစ်/အမည်ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အမှတ်(၃၈၇)၊ အေးမြသာယာလမ်း၊ ၃၂ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၃၈၇)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေသည် ဦးကျော်သန်း(MMN-၀၁၀၆၁၁)အမည်ပေါက် ဖြစ်ပါသည်။ အမည်ပေါက် ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်သူ ဇနီးဒေါ်သန်းရီ [၁၂/လမန(နိုင်)၀၀၉၅၀၀]ထံမှ ဝယ်ယူပိုင်ဆိုင်သူ ဦးမြတ်အောင်[၁၂/သဃက(နိုင်)၀၆၁၇၈၀]ထံမှ အဆိုပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလှဝေ	**ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ**	**ဒေါ်ဖြိုးဖြိုးမြင့်**
(စဥ်-၇၁၂၄)	**(စဥ်-၈၇၉၁)**	**(စဥ်-၂၉၈၁၂)**
တရားလွှတ်တော်ရှေ့နေများ		**အထက်တန်းရှေ့နေ**

အမှတ်-၆၀၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၁၀၅၄၃၄၊ ၀၉- ၇၃၂၀၃၂၆၀၊ ၀၉-၄၃၁၁၅၄၃၂



သန့်ရှင်းစင်ကြယ်စွာ လက်ဆေးနည်းလမ်းညွှန်

ပေါက်ပေါက်

ခန္ဓာကိုယ်တစ်ခုလုံးမှာ အညစ်ပတ်ဆုံးနေရာက လက်ဖဝါးနှင့် လက်ချောင်းများဖြစ်ပါတယ်။ သင်တစ်နေ့ကို ဘယ်နှကြိမ်လက်ဆေးလေ့ရှိပါသလဲ၊ ဘယ်လိုဆေးပါသလဲ၊ တကယ်ရောသန့်စင်အောင် ဆေးပါသလား။

ရှေးဦးစွာ လက်ကို ရေဖြင့်လောင်းချပြီး ဆပ်ပြာအလုံအလောက်သုံး၍ လမ်းညွှန်(၁)။ လက်ကို ပက်လက်လှန်ပြီး လက်ဖဝါးနှစ်ဖက်ကို သေသေချာချာပွတ်ပါ။

လမ်းညွှန်(၂)။လက်ကို မှောက်ပြီး လက်ဖမိုးများကို သေသေချာချာပွတ်ပါ။

လမ်းညွှန်(၃)။လက်ဖဝါး နှစ်ဖက်မျက်နှာချင်းဆိုင်ထားပြီး ဘယ်၊ ညာ လက်ချောင်းကြား အချင်းချင်းပွတ်တိုက်ဆေးကြောပါ။

လမ်းညွှန်(၄)။လက်ကိုမှောက်၍ ဘယ်၊ ညာ လက်ချောင်းကြားအချင်းချင်းပွတ်တိုက်ဆေးကြောပါ။

လမ်းညွှန်(၅)။လက်မကို စက်ဝိုင်းသဏ္ဍာန်ပွတ်တိုက်ကာ လက်မနဲ့လက်ညှိုးကြား အရေပြားများကို ဘယ်၊ ညာအပြန်အလှန် ခပ်ဖွဖွကုတ်ခြစ်ဆေးကြောပါ။

လမ်းညွှန်(၆)။လက်သည်းကြားမှာရှိတဲ့ ချေး(ဂျီး)ညှော်စင်အောင် ဘယ်လက်ဖဝါးပေါ် ညာလက်ချောင်းများဖြင့် ကုတ်ခြစ်ပါ။တစ်ဖန် ညာလက်ဖဝါးပေါ် ဘယ်လက်ချောင်းများဖြင့် ကုတ်ခြစ်ပါ။

လမ်းညွှန်(၇)။ဘယ်၊ ညာ လက်ကောက်ဝတ်နှစ်ဖက်ကို အပြန်အလှန်စက်ဝိုင်းသဏ္ဍာန်ပွတ်တိုက်ဆေးကြောပါ။

အားလုံးပြီးသွားရင်တော့ ရေအလုံအလောက်လောင်းချပြီး ရေများကို ခပ်ကြမ်းကြမ်းခါထုတ်ကာ ခြောက်သွေ့ သန့်စင်တဲ့လက်သုပ်ပဝါ(သို့မဟုတ်) တစ်ခါသုံးတစ်ရှူးတို့ဖြင့် ရေစင်အောင်သုတ်လိုက်ပါ။ သန့်ရှင်းစင်ကြယ်သောလက်များဖြင့် ကျန်းမာပျော်ရွှင်နိုင်ကြပါစေကြောင်း။ ။

စားသုံးသူဘေးကင်းရေး မြို့တော်စည်ပင်မှ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေ

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့တော်အတွင်း နေထိုင်ကြသော အများပြည်သူတို့အတွက် အစားအစာဆိုင်ရာဘေးကင်းလုံခြုံမှုရှိစေရန်အတွက် စစ်ဆေးပညာပေးသည့်လုပ်ငန်းများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)၏ ဦးဆောင်လမ်းညွှန်မှုအရ ကော်မတီကျန်းမာရေးဌာနက စားသုံးသူဘေးကင်းရေးအတွက်စစ်ဆေးဆောင်ရွက်နေခြင်းဖြစ်ပြီး ဂျပန်နိုင်ငံထုတ် Gas Chromatograhy စက်ကိုလည်း ဝယ်ယူစီစဉ်ထားကာ ဓာတ်ခွဲစမ်းသပ်စစ်ဆေးဆောင်ရွက်နေကြောင်း ကော်မတီ၏ကျန်းမာရေးဌာနမှ သိရသည်။

လက်ရှိစစ်ဆေးဆောင်ရွက်နေသောလုပ်ငန်းများတွင် ဆီများစစ်ဆေးခြင်း၊ ကျောင်းစားသောက်ဆိုင်များ၊ ဈေးများ၊ လမ်းဘေးအစားအစာရောင်းချသောဆိုင်များကို စစ်ဆေးခြင်းဖြစ်သည်။ ဆီနှင့်ပတ်သက်သောစစ်ဆေးဆောင်ရွက်မှုတွင် စက်ရုံထုတ်ဆီအမျိုးမျိုး၊ စည်ပင်သာယာအခွန်ဌာနအောက်ရှိ ပွဲရုံများတွင် ရောင်းချသောဆီများ၊ ဆီလက်ကားအရောင်းဆိုင်များကို စစ်ဆေးခြင်းဖြစ်ကြောင်း၊ ကျောင်းစားသောက်ဆိုင်များကို မြို့တော်စည်ပင် ကျန်းမာရေးဌာနက သီးသန့်စစ်ဆေးလုပ်ဆောင်ခြင်းဖြစ်ပြီး ဈေးများစစ်ဆေးရာတွင် သက်ဆိုင်ရာဈေးရှိ ဈေးတာဝန်ခံများနှင့်ပူးပေါင်းလုပ်ဆောင်နေလျက်ရှိသကဲ့သို့ လမ်းဘေးအစားအစာရောင်းချသော ဆိုင်များကို သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းလုပ်ဆောင်နေခြင်းဖြစ်သည်။

ထို့အတူ လွန်ခဲ့သောမိုးတွင်းကာလသွေးလွန်တုပ်ကွေးရောဂါနှိမ်နင်းရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သွေးလွန်တုပ်ကွေးအဖြစ်များသော မြို့နယ်များကိုဦးစားပေးကာ စီမံချက်များချမှတ်ဆောင်ရွက်နေလျက်ရှိသည့်အပြင် အစားအစာဘေးကင်းလုံခြုံရေးအတွက် ဟောပြောပွဲများဖြင့် ဟောပြောပညာပေးမှုကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထက်ခိုင်(စမ်းချောင်း)

မိုးကြက်သွန်နီစိုက်ပျိုးသူများ အကျိုးအမြတ်များစွာရရှိ

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ ကုန်စည်ဈေးကွက်တွင် ဆန်ကြမ်းအသစ်များ ဈေးမြင့်တွင်ရှိနေဆဲဖြစ်သော်လည်း ဆန်ကြမ်းအဟောင်းနွေဆန်များ ဈေးအနည်းငယ်ကျလာရာ အောက်တိုဘာ ၁၇ ရက်တွင် ၁၅ မှတ် မိုးဆန်ကြမ်းအသစ် ကျပ် ၁၃၅၀၀ ဝန်းကျင်၊ အလတ်စ ကျပ်၁၅၂၀၀ ဝန်းကျင်၊ မြစ်ဝကျွန်းပေါ်ဒေသမှ မနောသုခ၊ ဆင်းသုခဆန်သစ်များ တစ်အိတ်လျှင် ကျပ် ၁၆၀၀၀ ဝန်းကျင်၊ နွေဆန်အဟောင်းတစ်အိတ်လျှင် ကျပ် ၁၈၀၀၀၊ ပေါ်ကျွဲတစ်အိတ်လျှင် ကျပ် ၂၁၀၀၀ ၊ ပေါ်ကျွဲ(ရခိုင်ဒေသထွက်) ကျပ် ၁၉၀၀၀၊ ပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၂၄၀၀၀- ၂၈၀၀၀၊ ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ကျပ် ၃၅၀၀၀ ဝန်းကျင်ဈေးနှုန်းရှိကြောင်း ဆန်ဈေးကွက်မှ သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသအနောက်ခြမ်းတွင် မိုးစပါးကြမ်းတင်းတစ်ရာလျှင် (ပေါင် ၅၀ ကိုက်) ကျပ် ၃၇၅၀၀၀ နှုန်း ဆန်စက်အရောက် ဝယ်ယူနေကြောင်း ကျောင်းကုန်းနယ်မှ ဆန်စက်လုပ်ကိုင်သူတစ်ဦးက ဆိုသည်။

၂၀၁၃ ခုနှစ်တွင် နွေကြက်သွန်အထွက်ပိုပြီး ယခုရက်ပိုင်း ရန်ကုန်သို့ နေ့စဉ် ကြက်သွန်နီပျမ်းမျှ ပိဿာချိန်တစ်သိန်းငါးသောင်းကျော်ဝင်ရောက်သော်လည်း နေ့စဉ်ကြက်သွန်နီဈေးနှုန်းမြင့်တက်လာရာ အောက်တိုဘာ ၁၇ ရက်တွင် ဆိပ်ဖြူအမျိုးအစား တစ်ပိဿာ ကျပ် ၇၅၀-၈၅၀-၉၅၀-၁၀၀၀ နှုန်းဖြစ်လာရာ တစ်ပတ်အတွင်း ကြက်သွန်နီတစ်ပိဿာ ကျပ် ၁၇၀ ဈေးတက်လာကြောင်း၊ ယခင်နှစ် အောက်တိုဘာ ၁၇ ရက်တွင် ကျပ် ၆၁၀-၇၄၀-၈၂၅-၉၂၅ နှုန်းရှိခဲ့ပြီး ဒီဇင်ဘာ ၄ ရက်တွင် ကျပ်၁၄၅၀ -၁၆၅၀-၁၇၅၀-၁၈၅၀ နှုန်းသို့မြင့်တက်ခဲ့သဖြင့် ကြက်သွန်နီလှောင်သမားများ၊ မိုးကြက်သွန်နီစိုက်ပျိုးသူများ အကျိုးအမြတ်များစွာ ရရှိသည်ဟု သိရသည်။

ယခုနှစ် အောက်တိုဘာလ တတိယပတ်တွင်မြေပဲဆန်များ ပြည်ပဝယ်ယူမှုနည်းပြီး အထွက်ပို၍ ဈေးကျလာပြီး မြေပဲဆီတစ်ပိဿာလျှင် အရင်းဈေး ကျပ်၂၅၀၀ သာ ကျသင့်သော်လည်း မြေပဲဆီစက်တည်ရှိရာဒေသများတွင် မြေပဲဆီတစ်ပိဿာ လက်ကားဈေး ကျပ်၂၈၀၀ ဝန်းကျင်ရှိပြီး ကားခတစ်ပိဿာ ၃၀ ကျပ်ဝန်းကျင်သာပေးရသော ရန်ကုန်ဈေးကွက်တွင် တစ်ပိဿာ ကျပ်၆၀၀ နီးပါးကွာခြားပြီး ရောင်းဈေးမှာ လက်ကား တစ်ပိဿာ ကျပ် ၃၅၀၀ဖြစ်နေသည်ဟု သိရသည်။

(မောင်စေအောင်)

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံကျောင်းများအတွက် ဒေါ်လာ လေးသိန်းကျော်လှူ

ရန်ကုန် အောက်တိုဘာ ၁၉

ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အသေးစားဆောက်လုပ်မှုလုပ်ငန်းအတွက် လှူဒါန်းငွေဒေါ်လာ လေးသိန်းကျော်အား ရရှိခဲ့သည်ဟု ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ခနောင်ချောင်းဝကျေးရွာမှ ဦးထွေးတင်က အောက်တိုဘာ ၁၆ ရက်တွင် ဂျပန်သံရုံး၌ သံအမတ်ကြီး Mr.MAKIO NUMATO က ပေးအပ်သည်ဟု ပြောကြားသည်။

၎င်းက " ခနောင်ချောင်းဝကျေးရွာလေးက မူလတန်းကျောင်းလေးပါ၊ နောက်မူလွန်ကနေ လ (ခွဲ)ကျောင်းပေ့ါဗျာ၊ မနှစ်ကတော့ အလယ်တန်းကျောင်းအဖြစ် ပညာရေးဌာနက ချပေးတယ်၊ ကျောင်းကလည်းကိုယ့်အားကိုယ်ကိုးကျောင်းဖြစ်ပြီး နှစ်ကလည်းကြာလာတော့ ဆွေးမြည့်ကုန်ပြီ၊ ဒါနဲ့ကျောင်းလေးကောင်းဖို့အတွက် ကျွန်တော်ကြိုးစားရင်း ဂျပန်နိုင်ငံက ကူညီတာ၊ ကျောင်းဆောက်ဖို့အတွက် အမေရိကန်ဒေါ်လာ ၁၀၇၁၅၀ ရတယ်၊ နှစ်ထပ်ဆောင်ဆောက်ရမယ်၊ ကျွန်တော်အောက်တိုဘာ ၁၆ ရက်က ဆောက်မယ့်ကုမ္ပဏီကိုငွေလွှဲပြီး စာချုပ်ချုပ်ခဲ့တယ်" ဟုပြောသည်။

အဆိုပါ ကျောင်းမှာအလျားပေ ၉၀၊ အနံပေ ၃၀ နှစ်ထပ်အာစီကျောင်းဖြစ်သည်။

ဂျပန်နိုင်ငံမှ ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် အထက်ပေကုန်းကျေးရွာ အထက(ခွဲ)ကျောင်းအတွက် အမေရိကန်ဒေါ်လာ ၁၂၀၉၅၅၊ ဧရာဝတီတိုင်းဒေသကြီးဝါးခယ်မမြို့နယ် ညောင်ငူကျေးရွာ အထကကျောင်းအတွက် အမေရိကန်ဒေါ်လာ ၁၂၀၇၅၅၊ ချင်းပြည်နယ် မင်းတပ်မြို့နယ် အမက(၅) ကျောင်းအတွက် အမေရိကန်ဒေါ်လာ ၁၂၁၃၉၉ စုစုပေါင်းအမေရိကန်ဒေါ်လာ ၄၇၀၇၉၉ ဒေါ်လာ လှူဒါန်းခဲ့ကြောင်း သိရသည်။

(သီသီ)

စီးပွားရေးကြော်ငြာ

ဖခင် — အထက(၂) ဒဂုံ(မြောက်ပိုင်း) သတ္တမတန်း(B)မှ မောင်ဖွဲ့သူ၏ ဖခင်

အမည်မှန် — အမည်မှန်မှာ ဦးမျိုးခင် ဖြစ်ပါသည်။

အာစရိယပူဇော်ပွဲ

အမှတ်(၁၉) အခြေခံပညာမူလတန်းလွန်ကျောင်း၊ မှော်ကန်ကျောင်း၊ ပဲခူးမြို့၌ ၁၉၅၅ ခုနှစ်မှ ယနေ့ထက်တိုင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အာစရိယပူဇော်ပွဲအား ၂၇-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် မိခင်ကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ ဆက်သွယ်လှူဒါန်းခြင်းနှင့် ကိုယ်တိုင် တက်ရောက်ပူဇော်ကန်တော့ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်➤

ဆက်သွယ်ရန်➤	ဦးသောင်းဝင်း(ကျောင်းအုပ်ကြီး)	ဖုန်း-၀၉-၈၂၄၁၈၀၆၉၁
	ကိုဝေမျိုး	ဖုန်း-၀၉-၅၃၀၁၁၃၅
	ကိုကြည်နိုင်	ဖုန်း-၀၉-၇၃၁၆၆၃၇၁
	မသီတာတင်ထွန်း	ဖုန်း-၀၉-၅၃၀၁၂၉၇
	ကိုထိန်လင်း	ဖုန်း-၀၉-၃၁၆၇၉၈၇၇



မီး သတိပြု





ရွှေရောင်ကြော်ငြာ

သန့်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ အရံစေတီတော်များအား ရွှေဆေးသက်န်းကပ်လှူရန်အတွက် တိုက်တွန်းနှိုးဆော်ပန်ကြားလွှာ

၁။ သန့်လျင်မြို့ သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ အရံစေတီတော်များအား ကြည်ညိုသပ္ပါယ်ဖွယ်ရာ ဖူးမြော်နိုင်ရေးအတွက် ပွင့်လင်းရာသီအမီ ရွှေဆေးသက်န်းများကို ဂေါပကအဖွဲ့မှ အသစ်တစ်ဖန် ပြန်လည်ဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ပါ၍ လှူဒါန်းလိုသော အလှူရှင်အပေါင်းတို့အနေဖြင့် စေတီရံ(၁)ဆူလျှင် အလှူငွေ ၁၀၀၀၀၀/-(ကျပ်တစ်သိန်းတိတိ)ဖြင့် ဂေါပကအဖွဲ့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၂။ ပဒေသာပင်စိုက်ထူထားရှိသော ထာဝရအလှူရှင်များအား သီးခြားနှိုးဆော်လွှာများ ပေးပို့မည်ဖြစ်ပြီး ပဒေသာပင်စိုက်ထူထားခြင်းမရှိသော မူလအလှူရှင်များအနေဖြင့် ၃၁-၁၀-၂၀၁၃ ရက်နောက်ဆုံးထားဆက်သွယ်လှူဒါန်းပါရန်နှင့် ၎င်းရက်ထက်ကျော်လွန်ပါက အခြားအလှူရှင်အသစ်များ၏ လှူဒါန်းမှုကို လက်ခံဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဂေါပကအဖွဲ့ရုံး

ဖုန်း-၀၅၆-၂၁၀၄၃၊ ၂၂၀၄၂

မြတ်ဆရာပူဇော်ကန်တော့ပွဲ ဖိတ်ကြားအပ်ပါသည်

[illegible]

နေ့ရက် - ၂၀၁၃ ခုနှစ် ... (တနင်္ဂနွေနေ့)

အချိန် - ... နာရီမှ ... နာရီအထိ

နေရာ - Western Park Ruby Restaurant (WRP) ...

[illegible]

ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး (၂၃)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်ခတ်ပြိုင်ပွဲကျင်းပမည်

ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူး၍ (၂၃)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ရက်ခတ်ပြိုင်ပွဲကို (၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်) ၁၆-၁၁-၂၀၁၃ ရက်(စနေနေ့)ညနေ ၄ နာရီတွင် ကျင်းပမည်ဖြစ်ပြီး မသိုးရွှေကြာသင်္ကန်းဆက်ကပ်ပွဲကို တန်ဆောင်မုန်းလပြည့်နေ့ ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) အရုဏ်တက်ချိန်တွင် ကျင်းပမည်ဖြစ်ပါသည်။ ရက်ကန်းပြိုင်ပွဲကို စင်တော်ကြီး ၁၂ စင်ဖြင့် ယှဉ်ပြိုင်စေမည်ဖြစ်ပြီး ပထမဆု ငွေကျပ်တစ်သိန်းခြောက်သောင်း အပါအဝင်ဆုများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မည်ဖြစ်ပါသည်။ ပါဝင်ယှဉ်ပြိုင်လိုသူ အသက်(၁၆)နှစ်မှ (၅၀)နှစ်အတွင်းရှိ ရက်ကန်းကျွမ်းကျင်သူ အမျိုးသမီးများ ၂၁-၁၀-၂၀၁၃ ရက်မှ ၃၀-၁၀-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄ နာရီ မတိုင်မီ ဂေါပကအဖွဲ့သို့ လျှောက်ထားနိုင်ပါသည်။ လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း-၀၁-၂၉၀၆၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

ရွှေဘုန်းပွင့်စေတီတော်

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

အောင်ကြောဘဒ္ဒန္တနန္ဒသူရိယ ဆရာတော် ထိုင်း နိုင်ငံသို့ သာသနာပြုခရီး ကြွတော်မူခြင်း

[illegible]

ရွှေရတုလက်ထပ်မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ **ဦးစိုးမော်** (နိုင်ငံခြားသစ်ကိုယ်စားလှယ်) နှင့် ချစ်မေမေ **ဒေါ်မြင့်မြင့်** (LUCKY STAR CAR RENTAL)တို့၏ ၂၀-၁၀-၂၀၁၃ ရက်တွင် ကျရောက်သော နှစ်(၅၀)ရွှေရတု လက်ထပ်မင်္ဂလာမှသည် စိန်ရတု၊ ပလက်တီနမ် ရတုများတိုင်၊ ဘာသာ၊ သာသနာအကျိုးများကို လက်တွဲညီညီ ဆက်လက်ကြိုးစားအားထုတ်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

ချစ်သားသမီးနှင့် ချစ်မြေးများ

ASIAN VILLA

မြကန်သာ

[illegible]

အထက ထိန်တော တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့နယ်၊ အထက ထိန်တောတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူပြီးကြသော အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးတို့အား တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁-၁-၂၀၁၄ ရက်၊ နံနက် ၉ နာရီတွင် အထကထိန်တော ထိန်သာယာခန်းမ၌ ကျင်းပသွားမည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရပ်နီးရပ်ဝေးမှ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းအားလုံးတို့သည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

ဦးခင်မောင်ဝင်း(ငြိမ်း)	Ph:09-8618319	(ရန်ကုန်)
ဦးကျော်ဦး	Ph:09-423700340	(ထိန်တော)
ကိုခင်မောင်အေး	Ph:09-73177173	(ရန်ကုန်)
	Ph:01-209093	
ကိုငွေးလှိုင်	Ph:09-423708694	(ရန်ကုန်)
ကိုကျော်မိုး	Ph:09-8618128	(ရန်ကုန်)
ကိုရဲကျော်သူ	Ph:09-423700416	(ထိန်တော)

Highway Star Travel & Tour Co., Ltd

Air-con Bus

09-36 220 108, 09-36 220 162, 09-731 976 36

Dream Paradise

(Travels & Tours)

ရေကြောင်းလမ်းညွှန်တပ်ဖွဲ့ဝင်များသို့ နှိုးဆော်ဖိတ်ကြားလွှာ

ပညာ/၁၀(အငြိမ်းစား/အမှုထမ်းဆဲ)စစ်သည်များ၏ ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲနှင့်ဆွမ်းကျွေးအလှူကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသောကြောင့် ပညာ/၁၀ မည်သူမဆို ဇနီးနှင့်အတူ တက်ရောက်ကြပါရန်နှင့် ဖော်ပြပါ အကျိုးဆောင်များထံသို့ အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ကြပါရန် လေးစားစွာ နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားအစီအစဉ်		အကျိုးဆောင်အဖွဲ့	
နေ့ရက်	- ၁၀-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)	ဦးစိန်လင်း	ဖုန်း-၀၉-၄၂၀၉၃၉၇၇
အချိန်	- ၉း၀၀ နာရီမှ ၁၄း၀၀ နာရီအထိ	ဦးစိုးသူရ	ဖုန်း-၀၉-၅၀၄၃၀၀၉
နေရာ	- ကျိုက်ဝိဘုန်းတော်ကြီးကျောင်း	အရာခံဗိုလ်ခင်မောင်သိန်း	ဖုန်း-၀၉-၃၁၁၂၅၂၆၄
	သန့်လျက်စွန်း၊ ဗိုလ်တထောင်	အရာခံဗိုလ်တင်ဆန်း	ဖုန်း-၀၉-၈၆၃၅၀၃၆
		အရာခံဗိုလ် မောင်မောင်ဦး	ဖုန်း-၀၉-၇၃၁၀၈၀၅၁

မွေးနေ့ဆုမွန်လွှာ

ကိုစိုးမင်းနိုင်အောင် (MD) (မင်္ဂလာဗျူးဒေါ်ဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်)၏ (၂၀-၁၀-၂၀၁၃)ရက်နေ့တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှသည် ထွန်းလင်းတောက်ပသော အနာဂတ်ဘဝခရီး တစ်လျှောက်တွင် အောင်မြင်မှုများစွာကို ဆွတ်ခူးပြီး နောင်နှစ်ပေါင်း (၁၂၀)တိုင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်သောဘဝကို ရလျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ဗော်ဗျူးဒေါ်ဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်

ကမ္ဘာအေးစေတီလမ်း အရောင်းခန်းမ (၁) မှ မန်နေဂျာနှင့်ဝန်ထမ်းများ

ဗော်ဗျူးကြီးကုန်း အရောင်းခန်းမ (၂) မှ မန်နေဂျာနှင့်ဝန်ထမ်းများ

၉-မိုင်ပြည်လမ်း အရောင်းခန်းမ (၃) မှ မန်နေဂျာနှင့်ဝန်ထမ်းများ

နေပြည်တော်အရောင်းခန်းမ မှ မန်နေဂျာနှင့်ဝန်ထမ်းများ

မန္တလေးအရောင်းခန်းမ မှ မန်နေဂျာနှင့်ဝန်ထမ်းများ

Boss အဆင့်မြင့်ကိုရီးယားပါကောအရောင်းခန်းမ မှ မန်နေဂျာနှင့်ဝန်ထမ်းများ

တောင်ဥက္ကလာပကုန်ကြမ်းရုံမှ မန်နေဂျာနှင့်ဝန်ထမ်းများ

မြန်မာနိုင်ငံတစ်ဝန်းလုံးနှင့် ရန်ကုန်မြို့ရောက် မြောင်းမြမြို့ အမှတ်(၁)အထက ကျောင်းသား/သူဟောင်းများသို့ မြတ်ဆရာပူဇော်ပွဲအကြို ညှိနှိုင်းအစည်းအဝေး တက်ရောက်ရန်ဖိတ်ကြားခြင်း

မြောင်းမြမြို့၊ အမှတ်(၁)အထက ကျောင်းကြီးတွင် တာဝန်ထမ်းဆောင်ကာ အငြိမ်းစားယူထားသည့် ဆရာကြီး/ဆရာမကြီးများအား ပူဇော်ကန်တော့မည့် မြတ်ဆရာပူဇော်ပွဲကို ၁၂-၁-၂၀၁၄ ရက်တွင် မြောင်းမြမြို့၌ ကျင်းပမည်ဖြစ်သောကြောင့် ကျောင်းသား/သူဟောင်းများ အကြိုညှိနှိုင်း အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အမိကျောင်းတော်ကြီး၌ ပညာသင်ကြားခဲ့ဖူးသူ ကျောင်းသား/သူဟောင်းအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်-

(က) ကျင်းပပြုလုပ်မည့်နေ့ရက် - ၂၇-၁၀-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
(ခ) ကျင်းပပြုလုပ်မည့်အချိန် - မွန်းလွဲ ၁၃ နာရီ
(ဂ) ကျင်းပပြုလုပ်မည့်နေရာ - ဘီအိုစီ၊ ပိဋကတ်တိုက်ကျောင်း၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ မင်္ဂလာဗျူဟာအသင်းချုပ်အနီး၊ ရန်ကုန်မြို့။

မြောင်းမြမြို့၊ အမှတ်(၁)အထက
မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီ(ရန်ကုန်)

မန္တလေးအသင်း(ရန်ကုန်) မန္တလေးမြို့တွင် ကျင်းပပြုလုပ်မည့် မဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ဖိတ်ကြားလွှာ

မန္တလေးအသင်း(ရန်ကုန်)၏ (၃၄)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယခုနှစ်တွင် တစ်မူထူးခြားစွာဖြင့် ရန်ကုန်မှ မန္တလေးအသင်းသူ၊ အသင်းသားများ၊ မန္တလေးမှ အသင်းသူ၊ အသင်းသားများ၊ အလှူရှင်များ၏ စုပေါင်းဒါနဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော် ဒေါက်တာအရှင်ကုမာရာဘိဝံသအား အမှူးထား၍ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ကြီး၌ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်၊ ၁၆ ရက်နှင့် ၁၇ ရက်များတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပါ၍ အသင်းဝင်များ၊ အလှူရှင်များ ကြွရောက်ကြပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲသို့ အသင်းမှ မော်တော်ယာဉ်ဖြင့် အခမဲ့ပို့ဆောင်မည်ဖြစ်ရာ လိုက်ပါကြမည့် အသင်းဝင်နှင့် မိသားစုဝင်များ၊ အလှူရှင်များအသင်းရုံး (အမှတ်-၂၄၃/ပထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်)သို့ ကိုယ်တိုင်ဆက်သွယ်စာရင်းပေးကြပါရန် နှိုးဆော်ပန်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ -၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅၊ ၁၆၊ ၁၇
ထွက်ခွာမည့်နေ့ -၁၄-၁၁-၂၀၁၃ ရက်၊ ည ၉ နာရီ
ရန်ကုန်ပြန်မည့်နေ့ -၁၇-၁၁-၂၀၁၃ ရက်၊ ည ၉ နာရီ
နောက်ဆုံးစာရင်းပေးသွင်းရမည့်နေ့ -၅-၁၁-၂၀၁၃
ဆက်သွယ်ရန်ဖုန်း-

(၁)အတွင်းရေးမှူး	ဖုန်း-၀၉-၅၁၉၂၉၈၀
(၂)တွဲဖက်အတွင်းရေးမှူး(၁)	ဖုန်း-၀၉-၅၁၂၂၂၁၅
(၃)တွဲဖက်အတွင်းရေးမှူး(၂)	ဖုန်း-၀၉-၇၃၃၃၁၃၈၈
(၄)အသင်းရုံး	-ဖုန်း-၃၈၄၀၁၄

အမှုဆောင်အဖွဲ့

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၆၅)လမ်း၊ အမှတ်(၄၃) ၄-လွှာ B နေ
ဦးရဲအောင်(Bosun)-စန္ဒရားဒေါ်ခင်နုနု(ခေတ္တ-USA)
တို့၏သားငယ်

မောင်သက်လင်းအောင်(ခေတ္တ-USA)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၆)ရပ်ကွက်၊ အမှတ်(၃၃၃)နေ
ဦးကျော်လွင်(လ/ထညွှန်ကြားရေးမှူး၊ ငြိမ်း၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)-ဒေါ်ကြင်မြဝင်း(စက်မှု-၁၊ ငြိမ်း)တို့၏သမီးကြီး

မခိုင်ဇာလွင် B.Sc (Zoo)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တို့သည် ၈-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)တွင် နှစ်ဖက်သော လူကြီးမိဘများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

မောင်သက်လင်းအောင်-မခိုင်ဇာလွင်





ယတြာဆရာမ

ဖြစ်ချင်တာတွေ မဖြစ်သေးရင်၊ မဖြစ်ချင်တာတွေဘဲ ဖြစ်နေတယ်ဆိုရင် အဆင့်မြင့်ယတြာများ ဆောင်ရွက်ပေးပါသည်။ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

ဖုန်း-၀၉-၅၀၇၅၈၂၇

သံခွံ၊ သဲ(၃၁)ကျင်းပါသဘော်ာ ရောင်းမည်၊ လက်ရှိအလုပ်ပါ ပေးမည်။ တစ်ရက်ဝင်ငွေ နှစ်သိန်းနီးပါးရသည်။ ပွဲခ ၁ ရာခိုင်နှုန်း
ဖုန်း-၀၉၅၁၀၆၅၂၀

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၄၊ မြေကွက်အမှတ်- ၂၁ A၊ မြေကွက်တည်နေရာအမှတ်(၃၀)၊ နဝဒေးလမ်း၊ မြေပိုင်မြေအမည်ပေါက် ဦးမြင့်သိန်း၊ ဒေါ်သန်းသန်းလွင်မြေအား အမည်ပေါက် ဦးမြင့်သိန်းကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သန်းသန်းလွင် [၁၂/ဒဂန(နိုင်)၀၀၆၅၄၇]က တရားဝင်ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ(၁၄)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တရီကာအတ္တာစီယာဇာဝိယာအဖွဲ့ဝင်များနှင့် အများပြည်သူသိရှိရန်ကြေညာခြင်း

မြန်မာနိုင်ငံတော်တွင် လွန်ခဲ့သော ၁၉၀၅ ခုနှစ်မှ စတင်တည်ထောင်ခဲ့သော တရီကာအတ္တာစီယာဇာဝိယာအစ္စလာမ် ဘာသာဝင်များဖြင့်ဖွဲ့စည်းထားသည့် ခန္ဒာဉာဏ်ရောက် တရားကျင့်စဉ်အဖွဲ့မှာနိုင်ငံခြားရှိ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ထောက်ပံ့ခြင်းကင်းစွာဖြင့် တည်ထောင်ခဲ့သော အသင်းဖြစ်ပါသည်။

အထက်ဖော်ပြပါ အဖွဲ့သည် ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ ဇာဝေယာလမ်းတွင်တည်ရှိပြီး အဖွဲ့၏ဓမ္မာရုံခွဲအဖြစ် အမှတ်(၂၁၄)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် တည်ရှိကာ အစဉ်အဆက် တာဝန်အသီးသီးယူခဲ့ကြသည့် ဂေါပကအဖွဲ့ဝင်များဖြင့် နည်းလမ်းတကျ ဖွဲ့စည်းတည်ထောင်ကာ ကျင့်စဉ်များကို ဆောင်ရွက်လျက်ရှိသော အသင်းဖြစ်ပါသည်။

အထက်ပါအဖွဲ့သည် ရန်ကုန်မြို့တွင် အသင်းအဖွဲ့ရှိသည့်နည်းတူ ပြည်နယ်တိုင်းဒေသကြီးများတွင်လည်း ကျင့်စဉ်များကို ပြန့်ပွားရန်အတွက် အဖွဲ့ထားရှိခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်မြို့နှင့်မန္တလေးမြို့ရှိ အဖွဲ့တို့၏သဘောဆန္ဒများအရ ရန်ကုန်မြို့တွင် မျက်နှာစုံညီတွေ့ဆုံကာ မိမိတို့၏အသင်းအတွက် မဖြစ်မနေကြေညာချက်များကိုကြေညာရန်အတွက် ဆန္ဒသဘောထားရှိခဲ့ကြပြီးဖြစ်ပါသည်။

အဖွဲ့ကို တရီကာအတ္တာစီယာဇာဝိယာ အမည်ဖြင့်သာလျှင် တည်ရှိပြီး အခြားအမည်ဖြင့် တည်ရှိသော အသင်းအဖွဲ့တစ်ခုခုသည် ဤအဖွဲ့နှင့်သက်ဆိုင်ခြင်းမရှိသလို အရေးဆိုပိုင်ခွင့်လည်းမရှိပါ။ အဖွဲ့ပိုင်ဓမ္မာရုံသို့ ဝင်ရောက်ကျူးကျော်လာသူများကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါအဖွဲ့၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများသည် အဖွဲ့၏တာဝန်ရှိသူများက လက်ရှိထား၍ လိုအပ်သလို စီမံခန့်ခွဲမှုပြုလုပ်ခြင်း၊ အဖွဲ့၏လိုအပ်ချက်အရ အဖွဲ့ဝင်များအား တရားကျင့်စဉ်များကျင့်ကြံနိုင်ရန်အတွက် အချိန်အခါအားလျော်စွာ အဖွဲ့ပိုင်ပစ္စည်းများကို အသုံးပြုခွင့်ပေးထားပြီးဖြစ်ပါသည်။

အဖွဲ့သည် နိုင်ငံခြားမှ မည်သည့်လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏လွှမ်းမိုးမှု၊ ထိန်းချုပ်မှုသြဇာခံမှုအောက်တွင် ရှိခဲ့သော အဖွဲ့မဟုတ်ဘဲ မိမိတို့မြန်မာနိုင်ငံ အတွင်းရှိ နိုင်ငံသားများနှင့် ဖွဲ့စည်းထားသောအဖွဲ့ဖြစ်သည့်အားလျော်စွာ မိမိတို့၏လက်ဝယ်ရှိ ဆောင်ရွက်ပိုင်ခွင့်အရပ်ရပ်အား လုပ်ပိုင်ခွင့်အပြည့်အဝကျင့်သုံးလျက်ရှိပြီး နိုင်ငံခြားတိုင်းပြည်တစ်ခုခုရှိ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်က လွှဲပေးသည်ဆိုသော မည်သည့်ကိုယ်စားလှယ်ကမျှ မြန်မာနိုင်ငံအတွင်းရှိ အသင်းပိုင် အဆောက်အအုံများအပေါ် မည်သည့်ဥပဒေနှင့်မျှ လုပ်ပိုင်ခွင့်မရှိဘဲ မိမိတို့၏နိုင်ငံသားများ၏ လုပ်ပိုင်ခွင့်သာရှိပါကြောင်း အများသိစေရန် ကြေညာပါသည်။ အဖွဲ့၏ တိုးတက်ရာတိုးတက်ကြောင်း ဆောင်ရွက်ကြပါရန်နှင့် အဖွဲ့၏အကျိုးစီးပွားကို ထိခိုက်နစ်နာသည့် ဆောင်ရွက်မှုမျိုး မည်သူမျှမလုပ်ပါရန် အဖွဲ့၏ကိုယ်စား တာဝန်ရှိသူများ မေတ္တာရပ်ခံအပ်ပါကြောင်း အများသိစေရန်ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်ပေးသူများ-
၁။ ဦးခင်မောင်[၁၂/ပဘတ(နိုင်)၀၁၉၈၄၃] (ရန်ကုန်)
၂။ ဦးကိုလေး[၉/မနတ(နိုင်)၀၉၄၈၆၂] (မန္တလေး)

ဦးမြင့်သောင်း
တရားလွှတ်တော်ရှေ့နေ

ဒေါ်ကျော့ကျော့ဝေ **ဒေါ်မြတ်အိဖြူ**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၉၂) အထက်တန်းရှေ့နေ(စဉ်-၂၉၈၃၁)
အမှတ်(၂၀၃)၊ ၃-လွှာ၊ ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊ ၂-ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀ အိုင်၂)၊ မြေကွက်အမှတ်(၈)၊ နှစ်(၉၀)ဂရန်မြေ၊ လိပ်စာအားဖြင့် အမှတ်(၇၉/၈၁)၊ (၅၂)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်နှင့်ပတ်သက်၍ ဒေါ်မျိုးစန္ဒာဆွေ၊ ဒေါ်မီမီကို၊ ဒေါ်မြမြရီ၊ ဒေါ်သန်းသန်းရီတို့၏ တရားလွှတ်တော်ရှေ့နေ ဦးစိုးမြင့် ကြေညာသော ၃-၁၀-၂၀၁၃ ရက်စွဲပါကြေးမုံသတင်းစာကြော်ငြာ စာမျက်နှာ(၉)ပါ ကြော်ငြာချက်အပေါ် ရှင်းလင်းကြေညာခြင်း။

ကျွန်မ၏မိတ်ဆွေ ဒေါ်ခင်စုစု[၁၂/မရက(နိုင်)၀၁၀၁၆၃]၏ ညွှန်ကြားချက်အရ အများသိစေရန် ရှင်းလင်းကြေညာအပ်ပါသည်။

၂၈-၉-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဒေါ်ခင်စုစုကြေညာခြင်းမှာ ဒေါ်မျိုးစန္ဒာဆွေက အဆိုပါမြေကွက်၏ နှစ် (၉၀)ဂရန်ကို ဒေါ်ခင်စုစုထံမှ ကိုယ်တိုင်လာယူပြီး ၁၄-၈-၂၀၁၃ ရက်တွင် ပြန်လည်ပေးအပ်မည့်အကြောင်း ကတိခံဝန်ကို လက်မှတ်ရေးထိုးရယူသွားခဲ့ပြီး သတ်မှတ်နေ့ရက်တွင်ပြန်မပေးဘဲ အကြောင်းအမျိုးမျိုးပြပြီး ရှောင်တိမ်းနေသဖြင့် ဂရန်ပြန်လည်ပေးအပ်ရန် တောင်းဆိုခြင်းသာဖြစ်ပါသည်။ ဒေါ်မျိုးစန္ဒာဆွေမှ ဂရန်အားမည်သူ့ထံပြန်ပေးထားကြောင်းလည်း ပြောပြခြင်းမရှိခဲ့ပါ။ ဒေါ်ခင်စုစုထံမှယူသွားသဖြင့် ဒေါ်ခင်စုစုထံပြန်လည်ပေးအပ်ရန် တောင်းဆိုခြင်းသာဖြစ်ပါသည်။ ဒေါ်ခင်စုစုအနေဖြင့် မိမိထံမှ ရယူသွားသော ဂရန်အား ပြန်လည်တောင်းဆိုခြင်းသာဖြစ်ပါသည်။ အရောင်းအဝယ်ပယ်ဖျက်ခြင်းမဟုတ်ပါ။ အရောင်းအဝယ်ကတိစာချုပ်အတိုင်း ဆက်လက်အရောင်းအဝယ်ပြုရန် သဘောတူပါသည်။ အဆိုပါမြေဂရန်မူရင်းမှာလည်း အမွေဆိုင်တစ်ဦးဖြစ်သူ ဦးစံမောင်(ဒေါ်ခင်စုစု၏ခင်ပွန်း)လက်ဝယ်တွင် လွန်ခဲ့သောနှစ်ပေါင်း(၁၅)နှစ်ကျော်ကတည်းက လက်ဝယ်ထားရှိ ထိန်းသိမ်းထားသော ပစ္စည်းဖြစ်ပါကြောင်း အများပြည်သူရှင်းလင်းစွာ အဖြစ်မှန်သိနိုင်ရန် ကြေညာအပ်ပါသည်။

အဖြစ်မှန်ကိုထိမ်ချန်၍ မမှန်မကန်ကြေညာမှုများကို (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပြီး အမှန်ကို ဝန်ခံတောင်းပန်ရန်နှင့် ယူသွားသောဂရန်အား ဒေါ်ခင်စုစုထံသို့ ပြန်လည်ပေးအပ်ရန် မလိုက်နာပါက တည်ဆဲဥပဒေများအရ အမှုဖွင့်အရေးယူမည်ဖြစ်ကြောင်း ပြင်းထန်စွာ သတိပေးအပ်ပါသည်။ **ဒေါ်ခင်စုစု၏လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ရီရီအေး(B.A(Eco), R.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၄၉၄၅)
အမှတ်(၅၀)၊ E-၂/၃၊ ပ-ထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ မြေကွက်အမှတ်(၃၂၃)၊ ဧရိယာ(၀. ၀၅၈)ဧက ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့်၎င်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၃၂၃)ဟုခေါ်တွင်သော တစ်ထပ်နေအိမ်အဆောက်အအုံနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်များအား အမည်ပေါက်ပိုင်ရှင်များဖြစ်ကြသော (၁)ဦးတင့်လွင်[၁၂/ဥကမ(နိုင်)၀၁၀၆၁၆]၊ ၂။ ဒေါ်မြတ်မွန်[၁၄/ကခန(နိုင်)၀၅၇၅၀၀] တို့ထံမှ အထူးကိုယ်စားလှယ်လွှဲစာ ရရှိထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးကျော်စိုး[၁၂/မဂတ(နိုင်) ၀၂၂၂၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေး ချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးမြင့်လွင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၀၄)
အမှတ်-၅၅၊ ဒု-ထပ်၊ အခန်း(၁၇)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၅၇၆၂

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဦးစိုးနိုင်-ဒေါ်ခင်သန်းရွှေတို့၏လွှဲအပ်ညွှန်ကြားချက်အရကြေညာအပ်ပါသည်။ ဦးစိုးနိုင်-ဒေါ်ခင်သန်းရွှေတို့၏သား မောင်အောင်ဖြိုးသူ[၁၂/လသန(နိုင်)၀၂၁၅၇၅]သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ ၂၀၁၃ ခုနှစ်၊ မေလဆန်းကတည်းက နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစန်းမြင့် LL.B, DLP, WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ
အခန်း(၄၀၂)၊ တိုက်-၂၊ ၁၂-လမ်း(အေ)၊ ယုဇနဉယျာဉ်မြို့တော်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၉၉၀၈၃

မျက်ပွင့်သင်တန်းအမှတ်စဉ်(၁၀)

နှစ်စဉ်ဖွင့်လှစ်မြဲဖြစ်သော ဓမ္မဒါနသင်တန်းကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ အရည်အချင်းပြည့်မီသူလူငယ်များ တက်ရောက်နိုင်သည်။

သင်တန်းကာလ	- ၂၆-၁၀-၂၀၁၃ရက်မှ ၄-၁၁-၂၀၁၃ရက်ထိ၊ နေ့စဉ်(၁၀)ရက်။
သင်တန်းချိန်	- နံနက် ၁၁း၃၀ နာရီမှ ညနေ ၄း၃၀ နာရီထိ။
ပို့ချမည့်ဘာသာရပ်	- ဗုဒ္ဓနည်းကျတွေးခေါ်ခြင်း၊ ဘဝစီမံခန့်ခွဲခြင်း၊ ပန်းချီ၊ ဂီတ၊ ဒီဇိုင်း။
သင်တန်းသားအရည်အချင်း	- အနိမ့်ဆုံးအားဖြင့် တက္ကသိုလ်ဝင်တန်းဖြေဆိုပြီး ဖြစ်ရမည်။
စာရင်းပေးသွင်းရန်	- ရှင်သာမဏေဓမ္မဗိမာန်၊ အာဇာနည်လမ်း၊ ရွှေတိဂုံစေတီတော်အရှေ့မုခ်အနီး၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၁-၃၈၇၃၆၁

ရှင်သာမဏေဓမ္မဗိမာန်သာသနာ့ဝန်ဆောင်အဖွဲ့

ဝန်ထမ်းအလိုရှိသည်

မန်နေဂျာ(Admin)	အသက်(၃၀)နှစ်မှ (၄၅)နှစ်အတွင်း	ကျား(၁)ဦး
ရုံးဝန်ထမ်း	Computer Word,Excel သုံးနိုင်ရမည်။	ကျား(၂)ဦး
အထွေထွေဝန်ထမ်း	အသက်(၂၀-၃၅)နှစ်	ကျား(၁၀)ဦး
ယာဉ်မောင်း(ကျွမ်းကျင်)	အသက်(၂၅-၄၀)နှစ်	ကျား(၃)ဦး

ဖုန်း-၀၉-၇၃၀၂၇၇၃၃

ရောင်းမည်
(မန်းလိုင်စင်)
(CC နံပါတ် ၃ စီး)

Probox(2008)(2Nos)	95သိန်း
Succeed(2008)(1No)	105သိန်း

Owner book, Wheel tax, (၇)လုပ်ငန်းကျပြီး

Ph:01-503487

ဒဂုံမြို့သစ်
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်း
မြေကွက်များအရေး
09-73005053
09-5122010

စင်ကာပူပညာရေးဆွေးနွေးပွဲ

- LCCI
- ABE Diploma
- CAT
- ဘွဲ့ရပြီးသူများ

23.10.2013 (Wed)
2:00 PM - 4:00 PM
OESC Seminar Room
Ms.Amber Tan (SAA-GE)

SAA

Get Application Fee Discount S$ 100 at Seminar

O.E.S.C-

ပျောက်ဆုံးကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၆)ရပ်ကွက်၊ သာလာဝတီလမ်း၊ အမှတ်(၇၁၂)(ခ) ကျွန်ုပ်ဦးဌေးလွင်၏ မြေချစလစ်ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်အသစ်လျှောက်ထားမည်ဖြစ်၍ မည်သူမဆို (၇)ရက်အတွင်း အထက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ဦးဌေးလွင် C/O 09-421128453



ပြည်ပအလုပ်အကိုင် ကြော်ငြာ

		S$ - 520 + OT
		S$ - 450 + OT
		S$ - 430 + OT

သုခစုံ

PARAMI General Hospital
ပါရမီအထွေထွေရောဂါကုဆေးရုံ
Parami General Hospital

ကျေးဇူးတင်လွှာ

ကျွန်တော်တို့၏ ပါရမီအထွေထွေရောဂါကုဆေးရုံကြီး၏ (၃)နှစ်ပြည့် ပျော်ပွဲရွှင်ပွဲ ကျန်းမာရေးဆွေးနွေးပွဲတော်ကြီးသို့ တက်ရောက်ကြွလှမ်းခဲ့ကြသော ပါမောက္ခကြီးများ၊ ဆရာဝန်ကြီးများ၊ မိတ်ဆွေများ၊ ရှင်ရှင်သမှန်တော်များနှင့် ပိုင်းဝန်းကူညီကြသော ကျွမ်းကျင်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

ပါရမီအထွေထွေရောဂါကုဆေးရုံကြီးတွင် ဆေးကုသမှုပေးနေသော ဆရာဝန်ကြီးများမှာ -

- အထွေထွေရောဂါအထူးကုသမားတော်ကြီးများ
- ဦးနှောက်နှင့်အာရုံကြောအထူးကုသမားတော်ကြီးများ
- အရိုး၊ အကြော၊ အဆစ်နှင့် ထိခိုက်ဒဏ်ရာခွဲစိတ်အထူးကုဆရာဝန်ကြီးများ
- အထွေထွေကလေးအထူးကုသမားတော်ကြီးများ
- ကလေးခွဲစိတ်အထူးကုဆရာဝန်ကြီးများ
- ကလေးသွေးနှင့်ကင်ဆာအထူးကုသမားတော်ကြီး
- မွေးလာခင်အထူးကုဆရာဝန်ကြီးများ
- အကြောအာရုံ အထူးကုဆရာဝန်ကြီးများ
- အဝလွန်ခြင်းဆိုင်ရာ အကြံပေးဆွေးနွေးသည့် ဆရာဝန်ကြီး
- ဆတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်ကြီးများ
- အရိုး၊ အကြော၊ အဆစ် ပြန်လည်သန်စွမ်းရေး ကုထုံးပညာရှင်များ
- နှလုံးနှင့် နှလုံးသွေးကြောဆိုင်ရာ အထူးကုဆရာဝန်ကြီးများ
- အထွေထွေခွဲစိတ်အထူးကုဆရာဝန်ကြီးများ
- သားဖွားမီးယပ်အထူးကုဆရာဝန်ကြီးများ
- ကလေးနှလုံးရောဂါအထူးကုသမားတော်ကြီး
- ကလေးဆီးနှင့်ကျောက်ကပ်ရောဂါအထူးကုသမားတော်ကြီးများ
- ကလေးဦးနှောက်နှင့်အာရုံကြောအထူးကုသမားတော်ကြီး
- နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆရာဝန်ကြီး
- အရေပြားအထူးကုဆရာဝန်ကြီးများ
- မျက်စိရောဂါခွဲစိတ်အထူးကုဆရာဝန်ကြီး
- ရောဂါဗေဒဆရာဝန်ကြီးများနှင့် အဏုဇီဝဗေဒဆရာဝန်ကြီးများ
- စကားပြောလေ့ကျင့်ရေးကုထုံးပညာရှင်
- အစာအိမ်နှင့်အူလမ်းကြောင်း၊ အသည်း၊ သည်းခြေလမ်းကြောင်း အထူးကုဆရာဝန်ကြီးများအားလုံး ကျန်းမာချမ်းသာစွာဖြင့် လိုက်လိုက်လှဲလှဲ ထွန်းကားပါစေကြောင်း ဆုတောင်းလိုက်ပါသည်။

ပါရမီအထွေထွေရောဂါကုဆေးရုံဝန်ထမ်းမိသားစု

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၏ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော ဘေးထွက်ပစ္စည်း(၄)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင် ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံပုံစံနှင့် လေလံစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၂၁-၁၀-၂၀၁၃ရက်မှ ၂၇-၁၀-၂၀၁၃ရက်ထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်လေလံများကို ၂၈-၁၀-၂၀၁၃ရက် ၁၃နာရီမတိုင်မီ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက် ကျော်လွန်သော လေလံပုံစံများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပါ ဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက် ပစ္စည်းမျက်မြင်အခြေအနေ ကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၂-၃၂၇၂၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါလေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်
မန္တလေးမြို့

မိတ်ကပ်လိမ်းခြယ်ရေး Volunteer များ ဖိတ်ခေါ်ပါသည်

၁။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲနှင့်ပိတ်ပွဲတွင် ပါဝင်ကပြမည့်ကျောင်းသား၊ ကျောင်းသူ လူငယ်များအား ဝတ်စုံပြည့် အစမ်းလေ့ကျင့်ပွဲနှင့် အခမ်းအနားကျင်းပမည့်နေ့ ကပြတင်ဆက်ပွဲများတွင် မိတ်ကပ်လိမ်း၊ အလှပြင်၊ အဝတ်အစားဆင်ယင်ပေးရန် လိမ်းခြယ်ပေးတတ်သူ ပညာရှင်၊ ဝါသနာရှင်၊ စေတနာရှင် Volunteer များ လူ(၂၀၀)ခန့် လိုအပ်ပါသည်။ အတတ်ပညာနှင့်အချိန်ပေး၍ ဆောင်ရွက်နိုင်သူများကို ဖိတ်ခေါ်ပါသည်-

(က) ကိုယ်တိုင်စာရင်းပေးသွင်းသူဖြစ်ရပါမည်။ စနစ်တကျရှိရေး၊ လေ့ကျင့်ရေးကွင်းများ၊ ကျင်းပသော ကွင်းများတွင် ဝင်/ထွက်မှု လွယ်ကူစေရေးအတွက် ကိုယ်ရေးရာဇဝင်ပုံစံကို ပါတ်စ်ပို့ (၁ ½"× ၂") (၅)ပုံနှင့်တကွ အဆိုပြုနိုင်ပါသည်။

(ခ) အတတ်ပညာ၊ အတွေ့အကြုံနှင့် အချိန်ပေးနိုင်မှု လျှောက်ထားရန်ဖြစ်ပါသည်။

(ဂ) ပွဲတစ်ပွဲစာအတွက် Team အဖြစ်ဖြင့်ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ အဆိုပြုနိုင်ပါသည်။

(ဃ) ပွဲတစ်ပွဲစာအတွက် မိတ်ကပ်လိမ်းခြယ်ခြင်းနှင့် အဝတ်အစားဆင်ယင်ခြင်းအပါအဝင် အချိန်(၂)နာရီအတွင်း လူ(၂၀)ဦးမှ (၂၅)ဦးအထိ ပြီးစီးအောင် ကျွမ်းကျင်ရပါမည်။ (တစ်ဦးချင်းလာသူများအတွက် အဖွဲ့စုဖွဲ့ပေးပါမည်။)

(င) Volunteer ဖြစ်ရပါမည်။ လာရောက်သည့်စရိတ်၊ လေ့ကျင့်ရေးစခန်းတွင် ဖျော်ဖြေရေးအဖွဲ့ဝင်များကဲ့သို့ အဆောင်နေထိုင်ခွင့်၊ အဖွဲ့လိုက်သွားလာခွင့်၊ တစ်နေ့သုံးကြိမ် (နံနက်စာ၊ နေ့လယ်စာ၊ ညစာ)စားရိပ်သာတွင် စားသောက်ခွင့်၊ ကျန်းမာရေးဆေးကုသခွင့်ကို ကော်မတီက တာဝန်ယူပါမည်။

(စ) မိတ်ကပ်လိမ်းခြယ်ရေးပစ္စည်းများအတွက် ကော်မတီက အများနည်းတူ တစ်ပုံစံတည်း ထုတ်ပေးပါမည်။

၂။ အဆိုပြုသူများကို ဝမ်းပန်းတသာ ဖိတ်ခေါ်ကြိုဆိုပါသည်။ နေ့စဉ်ထောက်ပံ့ကြေးရလိုသူများ ပုံစံတွင် သီးသန့်ထည့်သွင်းဖော်ပြနိုင်ပါသည်။

၃။ ၂၉-၁၀-၂၀၁၃ရက် နောက်ဆုံးထား၍ ပုံစံဖြင့်ဖြစ်စေ၊ အလွတ်သဘောရေးသား၍ဖြစ်စေ အောက်ပါရုံးဌာနများသို့ အဆိုပြုပေးပို့နိုင်ပါသည်-

(က) ဦးဌေးလွင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၃၉၅၁၅၇

(ခ) ဦးငွေထွန်းမြင့်၊ ညွှန်ကြားရေးမှူး၊ အမျိုးသားပြတိုက်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၈၆၅၂၊ ၀၁-၃၇၁၅၄၀

(ဂ) ဦးဇော်ဦးဟန်၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန(မန္တလေး) ဖုန်း-၀၂-၇၆၁၅၂၊ ၀၂-၇၆၁၅၃

(ဃ) ဒေါ်ကြူကြူဝင်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ အနုပညာဦးစီးဌာန၊ ရွာတော်ကပွဲလေ့ကျင့်ရေးစခန်း၊ နေပြည်တော် ဖုန်း-၀၃၂-၃၀၁၁၅၊ ၀၃၂-၃၀၁၃၄

(င) ဦးအောင်ဆန်းဦး၊ ပါမောက္ခ(ပန်းချီ)၊ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ၊ ဖုန်း-၀၉-၈၃၀၃၁၉၁

(စ) တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ အောက်ဖော်ပြပါ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာနများ

(၁) ဒေါ်ကေတွဲဘူ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မြစ်ကြီးနား ဖုန်း-၀၇၄-၂၂၄၅၇၊ ၀၉-၄၂၀၀၈၃၉

(၂) ဒေါ်တင်ချမ်းမြေ့၊ လက်ထောက်ညွှန်ကြားရေးမှူး၊ လွိုင်ကော် ဖုန်း-၀၈၃-၂၁၃၀၇၊ ၀၉-၄၂၈၀၀၀၉၈၁

(၃) ဦးစောအောင်သိန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဘားအံ ဖုန်း-၀၅၈-၂၁၀၆၀၊ ၀၉-၄၂၅၀၀၁၈၂၆၊ ၀၉-၅၆၆၀၈၈၃

(၄) ဦးအွန်ခန်ကပ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဟားခါး ဖုန်း-၀၇၀-၂၁၀၀၈၊ ၀၉-၄၂၅၀၃၆၃

(၅) ဦးအောင်နိုင်မိုး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ မော်လမြိုင် ဖုန်း-၀၅၇-၂၇၀၄၈၊ ၀၉-၅၃၂၁၄၉၁

(၆) ဦးအောင်နိုင်မြင့်၊ ညွှန်ကြားရေးမှူး၊ စစ်တွေ ဖုန်း-၀၄၃-၂၃၄၆၅၊ ၀၉-၄၉၆၇၀၈၀၈

(၇) ဒေါ်နန်းလောဝ်ဝင်း၊ ညွှန်ကြားရေးမှူး၊ တောင်ကြီး ဖုန်း-၀၈၁-၂၁၂၁၆၁၀၊ ၀၉-၅၂၁၄၃၈၆

(၈) ဦးမြင့်စိုးအောင်၊ ဒုတိယညွှန်ကြားရေးမှူး၊ စစ်ကိုင်း ဖုန်း-၀၇၂-၂၂၀၃၆၊ ၀၉-၄၇၀၆၄၁၁၅

(၉) ဦးဘုန်းကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူး ဖုန်း-၀၅၂-၂၁၉၉၂၊ ၀၉-၅၁၂၂၆၁၂

(၁၀) ဦးစောလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ မကွေး ဖုန်း-၀၆၃-၂၈၃၃၉၊ ၀၉-၈၅၂၂၁၀၇

(၁၁) ဦးကျော်သူရ၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ပုသိမ် ဖုန်း-၀၄၂-၂၁၇၃၅၊ ၀၉-၈၆၁၅၁၁၁

ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရန်
ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ

ဆောက်လုပ်ရေးဝန်ကြီးဌာန
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ သံလွင်တံတား (ဖားဆောင်း) အတွက် ပြည်ပနိုင်ငံထုတ် တံတားသံပေါင်နှင့်ဆက်စပ်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၇-၁၀-၂၀၁၃ရက်

၃။ တင်ဒါပုံစံအရောင်းပိတ်မည့်ရက် - ၃၁-၁၀-၂၀၁၃ရက်

၄။ တင်ဒါတင်သွင်းရမည့်နောက်ဆုံးနေ့ရက် - ၁၅-၁၂-၂၀၁၃ရက်၊ ၁၆း၀၀ နာရီ

၅။ တင်ဒါပုံစံများကိုတစ်စောင်လျှင် ကျပ်တစ်သိန်းနှုန်းဖြင့် အောက်ဖော်ပြပါဌာနတွင် ၁၇-၁၀-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တံတားတည်ဆောက်ရေးပစ္စည်းများ စိစစ်ရွေးချယ်ဝယ်ယူရေးအဖွဲ့
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဦးစီး၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၇၅၁၄၊ ၄၀၇၂၇၆၊ ၄၀၇၀၈၂

အသိပေးအကြောင်းကြားခြင်း

မန္တလေးတိုင်းဒေသကြီး မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့သည် ၂၀၁၂ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေနှင့်အညီ ဆောင်ရွက်သွားနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဗဟိုအဖွဲ့(သို့မဟုတ်) ဒေသအာဏာပိုင်တို့၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ခွင့်ရရှိထားသော ပုဂ္ဂလိကလုပ်ငန်းရှင်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း တက်ရောက်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အစည်းအဝေးပြုလုပ်မည့်အစီအစဉ်

(၁) နေ့ရက် - ၂၉-၁၀-၂၀၁၃ရက် (အင်္ဂါနေ့)

(၂) အချိန် - ၁၃း၀၀ နာရီ

(၃) နေရာ - တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ

တိုင်းဒေသကြီးမြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ
စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့



တစ်ဦးတည်း ဖြစ်ကြောင်း

ကျောက်တံခါးမြို့နယ်၊အောင်မြင်ကုန်းကျေးရွာနေ(ဘ)ဦးဘအောင်၏သား ဆလိုင်းမျိုးမြင့်နောင် မှတ်ပုံတင်အမှတ်[၇/ကတခ(နိုင်)၁၇၀၀၄၅]နှင့် မောင်မျိုးဝင်းအောင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ **မောင်မျိုးဝင်းအောင်**

အများသိစေရန်သတိပေးကြေညာခြင်း

ဦးဘခင်နှင့် ဒေါ်သိန်းခင်တို့၏ သမီးနှင့် မြေးများတော်စပ်၍ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်ကြသော ဒေါ်ကြည်ကြည် [၁၄/ဖပန(နိုင်)၀၄၅၁၆၅]၊ ဒေါ်စုစုဖြိုး [၁၂/အစန(နိုင်)၁၆၉၆၁၄]၊ ဦးကျော်မျိုးခိုင် [၁၄/ဖပန(နိုင်)၁၇၂၉၅၆]နှင့် ဦးဇော်ဝင်းမွန် [၁၄/ဖပန(နိုင်)၀၆၃၉၄၉]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်-၃၄ (အလျား ၂၅ပေ×အနံ ပေ၅၀) ကျယ်ဝန်းသည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံး၏ တစ်ဝက်ကို ဦးဘခင်နှင့် ဒေါ်သိန်းခင် တို့က ပိုင်ဆိုင်ပါသည်။ ဦးဘခင်နှင့်ဒေါ်သိန်းခင်တို့ ကွယ်လွန်သွားပြီးဖြစ်၍ အမွေဆက်ခံခွင့်ရှိသူ ကျွန်ုပ်မိတ်ဆွေများအပါအဝင် အမွေဆိုင်အားလုံး၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ ယင်းအိမ်ခြံမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်၊ လှူဒါန်းခြင်း၊ အာမခံထားခြင်းအပါအဝင် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုကြရန် သတိပေးတားမြစ်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်ကြည်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၁၈/၉၄)
၆၂၊ ပထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၄၀၁၂၅၀၊ ၀၁-၆၃၈၀၇၉

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်
မန္တလေး
(၁၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပရေးနှင့်ပတ်သက်သည့်ကြေညာချက်

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး၏ (၁၁)ကြိမ်မြောက်ဘွဲ့နှင်းသဘင် အခမ်းအနားကို ၅-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင်လည်းကောင်း၊ အစမ်းလေ့ကျင့်ခြင်းကို၃-၁-၂၀၁၄ရက် (သောကြာနေ့) နံနက် ၉နာရီတွင်လည်းကောင်း၊ မန္တလေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်၍ အောက်ပါကျောင်းသား/ကျောင်းသူများဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားကြရမည်။

ဘွဲ့နှင်းသဘင်အခမ်းအနားကို ကိုယ်တိုင်လာရောက် မယူစေနိုင်ကာမူ အဝေးရောက်ဘွဲ့ကို မပျက်မကွက် ယူကြရမည်။

(၁) ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလအတွင်း ကျင်းပပြီးစီးခဲ့သော နောက်ဆုံးနှစ်ဘီဒီအက်စ် (၁/၂၀၁၁)သင်တန်း (ထပ်ကျော့)စာမေးပွဲအောင်မြင်ပြီး၊ အလုပ်သင်ဆရာဝန်အဖြစ် (၆)လပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ပြီးသူများ။

(၂) ၂၀၁၂ခုနှစ်၊ ဒီဇင်ဘာလအတွင်း ကျင်းပပြီးစီးခဲ့သော နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၁၂)သင်တန်း(ပုံမှန်)စာမေးပွဲအောင်မြင်ပြီး၊ အလုပ်သင်ဆရာဝန်အဖြစ်(၆)လပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ပြီးသူများ။

(၃) ၂၀၁၃ခုနှစ်၊ ဇွန်လအတွင်း ကျင်းပပြီးစီးခဲ့သော နောက်ဆုံးနှစ်ဘီဒီအက်စ်(၁/၂၀၁၂)သင်တန်း(နောက်ဆက်တွဲ)စာမေးပွဲအောင်မြင်ပြီး၊ အလုပ်သင်ဆရာဝန်အဖြစ် (၆)လပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ တာဝန်ထမ်းဆောင်ပြီးသူများ။

(၄) ၂၀၁၃ခုနှစ်၊ မေလအတွင်း ကျင်းပပြီးစီးခဲ့သော အထွေထွေသွားရောဂါကုဒီပလိုမာ(၁၂/၂၀၁၁)သင်တန်း(နောက်ဆက်တွဲ) စာမေးပွဲအောင်မြင်ပြီးသူများ။

(၅) ၂၀၁၃ခုနှစ်၊ နိုဝင်ဘာလအတွင်း ကျင်းပပြီးစီးမည့် အထွေထွေသွားရောဂါကုဒီပလိုမာ(၁၂/၂၀၁၂)သင်တန်း(ပုံမှန်)စာမေးပွဲ အောင်မြင်ပြီးသူများ။

(၆) ဘွဲ့နှင်းသဘင်ကြေး = ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး = ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)
လျှောက်လွှာတင်ရက် = ၁၃-၁၁-၂၀၁၃ မှ ၁၃-၁၂-၂၀၁၃ရက်ထိ

သတ်မှတ်ထားသော လျှောက်လွှာကို ကျောင်းသားရေးရာဌာနတွင် ဖြည့်စွက်လျက် နောက်ဆုံးရိုက်ကူးထားသော (၁ ½ "× ၂ ") အရွယ် ဓါတ်ပုံ(၂)ပုံနှင့်အတူ လျှောက်ထားရမည်။

ဘွဲ့နှင်းသဘင်တက်ရောက်ရန် ဘွဲ့ဝတ်စုံများငှားရမ်းခွင့် ထောက်ခံစာကို ၂၆-၁၂-၂၀၁၃ မှ ၁-၁-၂၀၁၄ရက်ထိ ကျောင်းသားရေးရာဌာနစိတ်တွင် ထုတ်ပေးမည်ဖြစ်ပါသည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဤတက္ကသိုလ်၊ မော်ကွန်းထိန်း ဖုန်း-၈၀၇၃၆ နှင့် ကျောင်းသားရေးရာဌာန ဖုန်း-၈၀၇၇၀သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

အောင်ထွန်းလှ(မော်ကွန်းထိန်း)
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ မန္တလေး

အမည်မှန်

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းအခြေခံပညာအထက်တန်းကျောင်း၊ အဋ္ဌမတန်း(D)မှ အဖ ဦးမျိုးလှိုင်၏သား ကျောင်းဝင်အမှတ်-က/၅၁၃၀၏ အမည်မှန်မှာ မောင်ရန်နိုင်စိုး ဖြစ်ပါကြောင်း။ **မောင်ရန်နိုင်စိုး**

ဝမ်းနည်းကြေကွဲခြင်း

ဦးလှမြိုင်(ကိုဆောင်း)

အသက်(၈၉)နှစ်

လုပ်သားပြည်သူ့နေ့စဉ် အယ်ဒီတာချုပ်(ငြိမ်း)

(ယခင်)မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့နာယက ကန်တော့ခံသက်ကြီး စာပေပညာရှင်နှင့်ထွန်းဖောင်းဒေးရှင်း တစ်သက်တာ စာပေဆုရှင်

၁၄-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံ
စာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်း

အထူးကျေးဇူးတင်ရှိခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ တမိလ်(ဟိန္ဒူ) သာသနာရေးရန်ပုံငွေအဖွဲ့ ရေဝေး(ဟိန္ဒူ)သုသာန်ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီသို့ ၁၅-၉-၂၀၁၃(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သူ မိဘ(၂)ပါးနှင့် အစ်မကြီး ဒေါ်သူရကာဒေဝီ(ဒီးဒီး) (ကထိက-ငြိမ်း၊ သတ္တဗေဒဌာန)တို့အား ရည်စူး၍ ဒေါက်တာ ချန္ဒရာဒေဝီ ခေတ္တဂါနာနိုင်ငံမိသားစုများမှ ရေဝေး(ဟိန္ဒူ)သုသာန် ရှေ့မျက်နှာစာ ခြံစည်းရိုးအသစ်ပြုလုပ်ရန်အတွက် ငွေကျပ်သိန်း ၅၀ တိတိကို လာရောက်လှူဒါန်းခဲ့သည့်အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ တမိလ်(ဟိန္ဒူ)သာသနာရေးရန်ပုံငွေ ရေဝေး(ဟိန္ဒူ)သုသာန်ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီမှ အထူးပင်လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

အသိပေးအကြောင်းကြားနိုးဆော်ခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ တမိလ်(ဟိန္ဒူ) သာသနာရေးရန်ပုံငွေအဖွဲ့ ရေဝေး(ဟိန္ဒူ) သုသာန်ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီမှ ရေဝေး(ဟိန္ဒူ)သုသာန်ရှေ့မျက်နှာစာခြံစည်းရိုးအသစ်ပြုလုပ်ရန်နှင့် ရေစင်အသစ်တစ်ခု ထပ်မံတည်ဆောက်နိုင်ရန်အတွက် သဒ္ဓါတရားထက်သန်စွာဖြင့် ပါဝင်လှူဒါန်းလိုသော ဟိန္ဒူဘာသာဝင်များ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားနိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်ဖုန်းနံပါတ်များမှာ-

၀၉ ၅၁၈၆၀၀၇	၀၉ ၇၃၃ ၂၁၅၅၀
၀၉ ၇၃၁၉၆၄၂၆	၀၉ ၅၀၀ ၂၀၆၈
၀၉ ၇၃၀၆၆၆၆၄	၀၉ ၅၁၆၇၈၅၈
၀၁ ၇၀၅၇၁၀ (ရေဝေးဟိန္ဒူသုသာန်)	၀၁-၂၉၇၅၅၂ (ရုံး)

အမှတ် ၇၅/၈၀၊ အခန်းအမှတ် ၃၃၊ (၅)လွှာ၊ အနော်ရထာလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံလုံးဆိုင်ရာ တမိလ်ဟိန္ဒူသာသနာရေး ရန်ပုံငွေအဖွဲ့၊ ရေဝေး(ဟိန္ဒူ) သုသာန်ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးဝေဖြိုး(ငြိမ်း)

အသက်(၁၂)နှစ်

ကြည်း(၄၂၄၅၁)၊ တနတ(၇)

ဦးမြင့်ချို-ဒေါ်သန်းသန်းမူတို့၏သားကြီး၊ မဝတ်ရည်မောင်မောင်၏ခင်ပွန်း ဗိုလ်ကြီးဝေဖြိုး(ငြိမ်း)သည် ၁၄-၁၀-၂၀၁၃(တနင်္လာနေ့)တွင် ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးအေးထွန်း-ဒေါ်လှအေး(ရွှေယုန်မင်းမိသားစု)

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဇံ

အသက်(၈၅)နှစ်

သမဝါယမဘဏ်လီမိတက်(PLC) ဒုတိယဥက္ကဋ္ဌ(၂)ဦးသိန်းထွေး-ဒေါ်ခက်ခက်ကြူ၊ ဒါရိုက်တာဦးကျင်မင်း-ဒေါ်မီမီလှိုင်တို့၏ဖခင် ဦးသိန်းဇံ အသက်(၈၅)နှစ်သည် ၁၂-၁၀-၂၀၁၃ ရက်(စနေနေ့) နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမြဟန်-ဒေါ်ခင်စံပယ်ကြည်
Fortune International Limited.

ဝမ်းနည်းကြေကွဲခြင်း

ဦးအေးမြင့် အသက်(၅၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဗဟိုကော်မတီဝင်၊ ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအတွင်းရေးမှူး ဦးအေးမြင့်သည် ၁၅-၁၀-၂၀၁၃ ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ
ပန်းဘဲတန်းမြို့နယ်

ဝမ်းနည်းကြေကွဲခြင်း

ဦးအောင်ဝင်း(ထားဝယ်)၊ (Geology, 1974)

အသက်(၆၇)နှစ်

သူငယ်ချင်း ကိုအောင်ဝင်း(ထားဝယ်)သည် ၁၃-၁၀-၂၀၁၃ ရက်တွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကျောင်းနေဘက်သူငယ်ချင်းများ
(၁၉၇၃၊ ၁၉၇၄ ရန်ကုန်ဘူမိဗေဒ)

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ရင်မြင့်

အသက်(၈၄)နှစ်

မန္တလေးမြို့၊ ရဲမွန်တောင်ရပ် မ-၆၀/၁၀ နဝရတ်လမ်းသွယ် ၅၇×၅၈ လမ်းကြား၊ ၃၇×၃၈ လမ်းကြားနေ ဒေါ်ရင်မြင့်သည် ၇-၁၀-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးလှကျော်၊ ဦးဝင်းကို-ဒေါ်မာလာလှိုင်
ဝင်းမာလာအောင် ကုမ္ပဏီ၊ မိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဇံ(ခ)ငန်ပိန်းချန်

အသက်(၈၅)နှစ်

(နေပြည်တော် ပျဉ်းမနား)

CBဘဏ် ဒု-ဥက္ကဋ္ဌ အလိုတော်ပြည့်ကျောင်း ရန်ကုန် ဂေါပက ဥက္ကဋ္ဌ ဦးသိန်းထွေး-ဒေါ်ခက်ခက်ကြူ တို့၏ ဖခင်၊ ဒေါ်ခင်ကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသိန်းဇံ(ခ)ငန်ပိန်းချန် (ပျဉ်းမနားမြို့ ကြန့်တိတ်ဘုံကျောင်း ဥက္ကဋ္ဌဟောင်း)သည် ၁၂-၁၀-၂၀၁၃ (စနေနေ့) နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အလိုတော်ပြည့်ဘုရား ဂေါပကအဖွဲ့၊ ညောင်ဦး

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းဇံ(ခ)ငန်ပိန်းချန်

အသက်(၈၅)နှစ်

(နေပြည်တော် ပျဉ်းမနား)

CB Bank ဒု-ဥက္ကဋ္ဌ ဦးသိန်းထွေး-ဒေါ်ခက်ခက်ကြူတို့၏ ဖခင်၊ ဒေါ်ခင်ကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးသိန်းဇံ(ခ)ငန်ပိန်းချန် (ပျဉ်းမနားမြို့ ကြန့်တိတ်ဘုံကျောင်း ဥက္ကဋ္ဌဟောင်း)သည် ၁၂-၁၀-၂၀၁၃ (စနေနေ့) နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ရွှေလင်းကြိတ်သားပရိဘောဂစက်ရုံ
အထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများ

ဝမ်းနည်းကြေကွဲခြင်း

ဦးသိန်းထွေး(CB Bank ဒုတိယဥက္ကဋ္ဌ)-ဒေါ်ခက်ခက်ကြူတို့၏ ဖခင် ဦးသိန်းဇံ(ခ)ငန်ပိန်းချန် အသက်(၈၅)နှစ်သည် ၁၂-၁၀-၂၀၁၃(စနေနေ့)နံနက် ၀၀း၀၅ နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

UNITED FRONT INC
MR.SAZAKI AND MR.UMEZAWA

ဝမ်းနည်းကြေကွဲခြင်း

ဦးအေးမြင့်

အသက်(၅၃)နှစ်

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(အင်းစိန်မြို့နယ်) ဗဟိုကော်မတီဝင်
ရန်ကုန်တိုင်းဒေသကြီး ပါတီအတွင်းရေးမှူး
ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီဝင် ရန်ကုန်တိုင်းဒေသကြီး ပါတီအတွင်းရေးမှူး ဦးအေးမြင့် အသက်(၅၃)နှစ်သည် ၁၅-၁၀-၂၀၁၃ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း
(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ)

ငြင်းချက်ထုတ်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)

ကျောင်းကုန်းမြို့နယ် တရားရုံး၌ ၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၉၁

ဦးရဲမြင့်သိန်း (၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ ဦးရဲကျော်သူ)	နှင့်	ကိုအောင်ကျော်မိုး (ဘ)ဦးကုလားကြီး၊ ညောင်ပင်ရွာ၊ ကျောင်းကုန်းမြို့
တရားလို		**တရားခံ**

အမှတ်(၂)ရပ်ကွက်၊ ဆေးရုံလမ်း၊ ကျောင်းကုန်း ကိုအောင်ကျော်မိုးသိစေရမည်။

သင့်အပေါ်၌ ဦးရဲမြင့်သိန်းက စိုက်ပျိုးရေးဆေးဖိုးကြွေး ၂၃၄၄၀၇၀ ကျပ် ရလိုကြောင်းနှင့် လျော်ကြေးစရိတ်များ တောင်းခံသည့်အမှုကို ပြည့်စုံစွာ အစစ်ဆေးခံရန် လိုအပ်သဖြင့် သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်ပြဿနာများကို ဖြေဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှေ့နေဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ဖြေဆိုနိုင်သူ တစ်ဦးတစ်ယောက်နှင့်အတူ ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ရက်(၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ရက်) မွန်းမတည့်မီ အချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားရုံးသို့ ကိုယ်တိုင်ဖြစ်စေ လာရောက်ရမည်။ ၎င်းပြင်သင်သိရှိသည့်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၄ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်သန်းငွေ(တ/၁၀၄၇)
တွဲဖက်မြို့နယ်တရားသူကြီး
ကျောင်းကုန်းမြို့။

(၁)နှစ်ပြည့်အလွမ်း

ဗိုလ်မှူးစိုးမိုး(ငြိမ်း)

ကြည်း/၁၈၁၈၃၃၊ B.Sc(D.S.A)အမှတ်စဉ်(၂၅)

(၂၀-၁၀-၂၀၁၂)မှ (၂၀-၁၀-၂၀၁၃)

နေ့စဉ်၊ လစဉ် ပြုသမျှ ကုသိုလ်ကောင်းမှုကို ရောက်ရာ ဘုံဘဝမှ သာဓု ခေါ်ဆိုနိုင်ပါစေ။

ချစ်မေမေ	**- ဒေါ်ယဉ်ကြည်**
ချစ်ဇနီး	**- ဒေါ်ခင်သူဇာ**
ချစ်သမီး	**- လဲ့ဇာစိုးမိုး (မြန်မာပီတောက်ကုမ္ပဏီ)**
ချစ်သား	**- ဗိုလ်လောင်းထက်အောင်ကျော် (D.S.T.A)**
ချစ်သမီး	**- လဲ့ယဉ်ပိုင် (တတိယနှစ်၊ ဆေး-၁)**

ချစ်သောမောင်နှမများ

(၄)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

ကိုဇာနည်ဝင်းထွန်း(ခ)ကိုသားကြီး

ဒီနေ့ ၂၀-၁၀-၂၀၀၉၊ မွန်းလွဲ ၁ နာရီခွဲအချိန်ဟာသားချစ်ကြီး အလွန်ချစ်တဲ့၊ အလွန်သံယောဇဉ်ကြီးတဲ့ ဖေကြီးမေကြီး တို့ရဲ့ ပျော်ရွှင်ချမ်းမြေ့နေတဲ့မိသားစုဘဝကို ပုဆွေးသောက မုန်တိုင်းတွေရက်ရက်စက်စက်မွှေနှောက်ဖျက်ဆီးသွားခဲ့တာ(၄)နှစ်တင်းတင်းပြည့်ခဲ့ပါပြီ။ သားချစ်ကြီးရေ-

ဖေကြီး၊ မေကြီးတို့ဆီ သားဆက်ဆက်ပြန်လာပါမယ်ဆိုတဲ့ သားချစ်ကြီးရဲ့ စကားကို အမြဲတမ်းကြားယောင်နေပြီး စောင့်မျှော်နေခဲ့ရတာ(၄)နှစ်တင်းတင်းပြည့်ခဲ့ပြီနော်။

ချစ်သားကြီး၊ ဖေကြီး၊ မေကြီး၊ ညီလေး၊ မြေးလေးတို့မိသားစုဘဝထဲကထွက်သွားတဲ့ အချိန်ကစပြီး ကနေ့အထိ နေ့စဉ်နေ့တိုင်း သားချစ်ကြီးအတွက် ကုသိုလ်တွေကို စဉ်ဆက်မပြတ်ပြုလုပ်ပေးနေပါတယ်။ ပြုလုပ်တဲ့ကုသိုလ်တွေကို ချစ်သားကြီးကိုအမျှပေးဝေပါတယ်။ သားကြီးရောက်ရှိနေတဲ့မြင့်မြတ်တဲ့ဘုံဘဝမှ ချစ်သားကြီး ပြည့်ပြည့်ဝဝရရှိခံစားနိုင်ပါစေ၊ သာဓုခေါ် နိုင်ပါစေ။

နိဗ္ဗာန်မရောက်မီ(၃၁)ဘုံ ဘဝသံသရာမှာ ကျင်လည်ခဲ့ရသော သားချစ်ကြီးနဲ့ ဖေကြီး၊ မေကြီး၊ ညီလေး၊ မြေးလေးတို့မိသားစု ပြန်လည်ဆုံတွေ့ပါရစေ၊ တစ်ဦးနဲ့တစ်ဦးမှတ်မိပါရစေ၊ ဖေကြီး၊ မေကြီး၊ ချစ်သားကြီးတို့လိုလားတောင့်တတဲ့ပျော်ရွှင်ချမ်းမြေ့တဲ့ မိသားစုဘဝကို ပြန်လည်ရရှိပါစေလို့ အမြဲဆုတောင်းနေပါတယ်။ သားချစ်ကြီးရေ. . .

"သားချစ်ကြီး"ကိုသိပ်ချစ်ရတဲ့

ချစ်ဖေကြီးဦးသက်ထွန်း၊ ချစ်မေကြီးအကယ်ဒမီဒေါ်တင်တင်နွဲ့
ချစ်ညီလေး ကိုစိုးသူရထွန်း(ခ)ကိုသဲငယ်
သားချစ်ကြီးရဲ့ သားလေးဖြိုးပြည့်ဇာနည်ထွန်း(ခ)ဖိုးသား



ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးဘကျော်

အသက်(၉၉)နှစ်

ဦးကြိုင်စန်းရွှေ-ဗိုလ်မှူးကြီး ဒေါ်ခင်ဝင်းစိန်(တပ်မတော်ပြန်လည်သန့်စွမ်းရေးဆေးပညာဌာနမှူး၊ တဆရ ၂/၁၀၀၀)၏ ဖခင်ကြီးသည် ၁၇-၁၀-၂၀၁၃ ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ဗဟိုစိတ်ဆေးရုံ၌ ကွယ်လွန်သွားသည်ကို သိရှိရ၍ မိသားစုနှင့်ထပ်တူ ထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

တပ်မတော်ပြန်လည်သန့်စွမ်းရေးဆေးပညာဌာနမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးစိန်ဝင်း(ဂါးဒီးယန်း)
Kyodo News
(ကျောင်းကုန်းမြို့)
အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ အမှတ်(၂၈၃)၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်နေ (ဒေါက်တာ ဒေါ်ခင်ထွေး)၏ ခင်ပွန်းသည် ၁၇-၁၀-၂၀၁၃ ရက် မွန်းလွဲ ၂း၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီး ဒေါ်သက်သက်ဆွေ၊
ဒုတိယဝန်ကြီးများနှင့် ဝန်ထမ်းများ
ပြန်ကြားရေးဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း
ဦးအေးမြင့်
အသက် (၅၃)နှစ်
အဖွဲ့ဝင်၊ ပြည်သူ့လွှတ်တော်ပြုပြင်ပြောင်းလဲရေးနှင့်
ခေတ်မီဖွံ့ဖြိုးတိုးတက်မှုစိစစ်ရေးကော်မတီ
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်
ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မဲဆန္ဒနယ်

ပြည်သူ့လွှတ်တော်ပြုပြင်ပြောင်းလဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု စိစစ်ရေးကော်မတီအဖွဲ့ဝင်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးမြင့် အသက်(၅၃)နှစ်သည် ၁၅-၁၀-၂၀၁၃(အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် ဇနီး ဒေါ်နီနီ
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ဟာဂျီအမ္ဗဒွလ်မာလစ်(ခ) ဟာဂျီဦးမောင်မောင်အေး(ခ) ဦးပွား (၆၅)နှစ်
(ဆောက်လုပ်ရေး-ငြိမ်း)
(ကျောက်ဖြူ၊ ပြည်၊ ရန်ကုန်)

ကျောက်ဖြူမြို့နေ [ဦးဘမောင် (ကျောင်းအုပ်ဆရာကြီး-ငြိမ်း)-ဒေါ်အေးကြည်]တို့၏သား၊ ဟာဂျီမတူးတူးမာ(ခ)ဒေါ်ကျင်ကျင်ထွေး၏ ခင်ပွန်း၊ ဟာဂျီဦးသက်လွင်ဦး၏ဖခင်၊ ဟာဂျီဦးအေးမောင်(ကုန်သွယ်/လယ်ယာ-ငြိမ်း)၏ညီ၊ ဒေါ်မဦး၊ ဒေါ်အေးမေ၊ ဒေါ်အေးစိန်တို့၏မောင်၊ ဟာဂျီဦးအေးရွှေ၊ ဒေါ်အေးလှ၊ မော်လဝီဘစိန်၊ ဒေါ်မခင်ထွေးတို့၏အစ်ကို ဟာဂျီအမ္ဗဒွလ်မာလစ်(ခ)ဟာဂျီဦးမောင်မောင်အေး(ခ) ဦးပွားသည် ၁၇-၁၀-၂၀၁၃ရက် ညနေ ၄း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၁၈-၁၀-၂၀၁၃ ရက် ဂျုမ်အာနမားဇ်အပြီးတွင် ရေဝေးကဘာရ်စတန်ဥယျာဉ်တော်၌ ဒါဖွာနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ခိုင်ခိုင်မော်(ခ)ဒေါ်မော်လီ အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်လေး-ဒေါ်သိန်းသိန်း)တို့၏ သမီး၊ (ဦးမောင်ကြီး-ဒေါ်ပု)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အနောက်အောင်မြေသာစည်အိမ်ရာ၊ တိုက်(၂)၊ အခန်း(၂၀၄)နေ (ဦးကိုကိုမောင်)၏ ဇနီး၊ မောင်ပြည့်ဖြိုးမောင်-မမိုးအိဖြူ (မသင်းသဇင်ယုကီ)တို့၏ မိခင် ဒေါ်ခိုင်ခိုင်မော်သည် ၁၇-၁၀-၂၀၁၃(ကြာသပတေးနေ့)တွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၃(သောကြာနေ့)တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၃-၁၀-၂၀၁၃(ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒေါ်သန္တာတင်(ခ)ဒေါ်ချောစု အသက်(၄၃)နှစ်
B.Sc (Physics)
(မော်လမြိုင်)

မော်လမြိုင်မြို့၊ အမှတ် (၃၉၅)၊ အောက်လမ်းမကြီးနေ ဒေါက်တာဦးဘွန်တင်-(ဒေါ်ယဉ်ယဉ်)တို့၏ သမီး၊ ရန်ကုန်မြို့၊ အမှတ်(၁၃၂)၊ သုမင်္ဂလာ(၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းမြို့နယ်နေ ဦးဝင်းမောင်-ဒေါ်သင်းသင်းနွယ်၊ ဦးကျော်လင်းတို့၏ညီမ၊ ဦးဝင်းနိုင်၏ဇနီး၊ မောင်ကျော်ဇေသန့်၏မိခင် ဒေါ်သန္တာတင်(ခ)ဒေါ်ချောစုသည် ၁၈-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၃း၀၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၃(စနေနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

သထုံအသင်း
ဦးအောင်လှ(မြင့်မြတ်)(သထုံ) အသက်(၇၄)နှစ်

ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ သ/မ လမ်း၊ အမှတ် (၁၅၂/J)နေ (ရာသက်ပန်အသင်းဝင်) ဦးအောင်လှသည် ၁၄-၁၀-၂၀၁၃ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့)တွင် ကျောက်တန်းမြို့ အနောက်ပိုင်းရပ်ကွက်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသင်းသူ၊ အသင်းသားများအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဘုရားရဟန်းသိမ်ကျောင်းဒါယကာကြီး
ဦးဝင်းတင်(သုံးဆယ်) အသက်(၆၈)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဗေဒင်ကုန်းရပ်ကွက်နေ (ဦးလှအောင်-ဒေါ်သန်းကြည်)တို့၏ သား၊ (ဦးမှဲ့-ဒေါ်တင်ညွန့်)တို့၏ သားသမက်၊ ရှင်သံဝရ [ဗုဒ္ဓတက္ကသိုလ်၊ ရန်ကုန်) B.A (Final)] ၏ ခမည်းတော်၊ ဦးဝင်းရှင်-ဒေါ်ငယ်လေးတို့၏ အစ်ကို၊ မစန်းစန်းဌေး-ကိုဇော်ထူး၊ (ကိုဌေးအောင်ဝင်း)၊ မမြင့်မြင့်ဌေး-(ကိုဇော်မြင့်ထွေး)၊ ကိုမျိုးအောင်ဝင်း-မယုယုသော်၊ မညွန့်ညွန့်ဝင်း-ကိုဇော်ဇော်မောင်၊ မစန်းစန်းဝင်းတို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ဒေါ်မြမြဝင်း၏ ခင်ပွန်းသည် ၁၇-၁၀-၂၀၁၃ (ကြာသပတေးနေ့) မလေးရှားစံတော်ချိန် ၁း၂၀ နာရီ မြန်မာစံတော်ချိန် ၁၁း၄၀ နာရီတွင် UM HOSPITAL ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၃ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် သုံးဆယ်မြို့ အရှေ့ရိုးကြီးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးမျိုးသန့် (အလုံ) အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာ ပမြို့နယ်၊ (၄)ရပ်ကွက်၊ ဥဇ္ဇာနာ (၁၁)လမ်း၊ အမှတ်(၁၈)နေ (ဦးမြတ်ကြီး-ဒေါ်မြ)တို့၏သား၊ ဦးစိန်သိန်း-ဒေါ်ကြည်အေး၊ ဦးမြင့်အုံး-ဒေါ်အေးအေးမြင့်၊ ဦးစိုးတင့်-(ဒေါ်ဝင်းဝင်းမာ)၊ ဦးတင်ဝင်း-ဒေါ်စန်းစန်းတင့်၊ ဦးစောထွန်း-ဒေါ်အေးအေးတို့၏ညီ/မောင်၊ ဦးစိန်ကြိုင်-ဒေါ်တင်တင်လှ၊ ဒေါ်စန်းစန်းထွေးတို့၏အစ်ကို၊ မသဇင်ပွင့်ဖြူ၏ဖခင်၊ ဒေါ်ထွေးထွေးကြည်(အထက-၄၊ အလုံ)၏ချစ်လှစွာသောခင်ပွန်းသည် ၁၉-၁၀-၂၀၁၃ (စနေနေ့) နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၃ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၁၀-၂၀၁၃ (သောကြာနေ့) နံနက်ပိုင်းတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)
ဦးမောင်လတ်(ပုလော) အသက်(၉၅)နှစ်
အသင်းဝင်အမှတ်(၂၄၈၆)

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၃)ရပ်ကွက်၊ ကမ်းနားလမ်းနေ ဦးမောင်လတ်သည် ၁၆-၁၀-၂၀၁၃ (ဗုဒ္ဓဟူးနေ့) နံနက် ၄း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၃(သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ အမှုဆောင်အဖွဲ့

ဒေါ်ကျင်နု(ဒိုက်ဦး) အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ အမှတ်(၁၅၂)၊ မြေညီထပ်နေ (ဦးရင်ရွှေ)၏ ဇနီး၊ ဦးဝိယုံ-(ဒေါ်ဖိတ်ကြူး)တို့၏ ညီမ၊ ဦးတင်ဦး-ဒေါ်ဌေးဌေး၊ ဦးကျော်မြိုင်-ဒေါ်ဝင်းဝင်းရီ၊ ဦးသန်းဝင်း-ဒေါ်အေးအေးရီ၊ ဦးသန်းထူး-ဒေါ်အေးအေးမာတို့၏ မိခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ အဘွားသည် ၁၈-၁၀-၂၀၁၃ ရက် မွန်းလွဲ ၁း၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၃(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (ပြည်သူ့ဆေးရုံကြီးမှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ ဇရပ်ဒါယကာ
လမ်း၊တံတား၊စက်ရေတွင်းအလှူရှင်
ဦးဝင်းတင်(သုံးဆယ်) (၆၈)နှစ်
အောင်ရတနာဆန်စက်နှင့် အောင်ရတနာ ဆန်စပါးပွဲရောင်းဝယ်ရေး

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ ဗေဒင်ကုန်းရပ်ကွက်၊ အောင်ရတနာ ဆန်စက်ဝင်းနေ ဦးလှအောင်-ဒေါ်သန်းကြည်တို့၏သား၊ ဦးမှဲ့-ဒေါ်တင်ညွန့်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကျန်စစ်သားအိမ်ရာနေ ဗိုလ်မှူးမောင်မောင်စိန်(ငြိမ်း)-ဒေါ်ဖြူလေးနိုင် (တရားရုံးချုပ်ရှေ့နေ)တို့၏အစ်ကို၊ ဦးအောင်ဗိုလ်ဗိုလ် (Tun Thwin Mining Co., Ltd.)-ဒေါ်ခင်ဥမ္မာနိုင် (First Top Co., Ltd.)၊ ဦးဌေးဦး (UNHCR စစ်တွေ)-ဒေါ်သန္တာမောင်မောင်စိန်၊ ဦးသူရမောင်မောင်စိန်-ဒေါ်နန်းမိုးမြင့်တို့၏ဘကြီး၊ မခင်စုစည်းနိုင်၊ မဂျူးဂျူးစံ၊ မောင်ထက်မြက်ဌေးတို့၏အဘိုး၊ ဒေါ်မြမြဝင်း(အောင်ရတနာ ရောင်းဝယ်ရေး)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၇-၁၀-၂၀၁၃ရက် ဒေသစံတော်ချိန် ၁၂နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူ UN Hospital ဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးသိန်းတန်(ငြိမ်း)
ကြည်း-၂၁၉၈၄၊ အမှတ်စဉ်(၇၉)
OTS
ဦးစီးအရာရှိ၊ မြေတိုင်းဦးစီးဌာန
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ တိုက်(၉)၊ အခန်း(၆)နေ ဒေါ်ခင်ခင်သိန်း၏ချစ်လှစွာသောခင်ပွန်း၊ (ဦးမြလွင်-ဒေါ်ခင်ရွှေ)တို့၏ သားကြီး၊ (ဦးခင်စိုး-ဒေါ်သိန်းလှ)တို့၏သားသမက်၊ ဦးကြီးစိန်-ဒေါ်သန်းသန်းအေး၊ ဦးထွန်း-ဒေါ်ချိုတို့၏မောင်၊ (ဦးအောင်လွင်-ဒေါ်ခင်စန်းအေး)၊ ဦးလှမင်း-ဒေါ်မော်မော်လွင်၊ ဦးဟန်စိုး-ဒေါ်မိမိလွင်၊ ဦးသူရလွင်-နန်းလှပြည့်တို့၏အစ်ကိုကြီး၊ မောင်မင်းသုခန့် (ကောင်းစံ့ကိုယ်ပိုင်အထက်တန်းကျောင်း)၊ မရှင်းသန့်ယု (အမက-၃၊ ဗဟန်း)တို့၏မွေးသဖခင် ဦးသိန်းတန်သည် ၁၈-၁၀-၂၀၁၃ (သောကြာနေ့) ညနေ ၃း၅၅နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၃ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၃(ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဦးစိန်ဝင်း(ဂါးဒီးယန်း) (၉၂)နှစ်
Kyodo News
(ကျောင်းကုန်း)

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့နေ (ဦးဘိုးပျော့-ဒေါ်ပိုးယဉ်)တို့၏ သား၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နေ (ဦးဘဟန်-ဒေါ်ဒေါ်ရှု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၂၈၃)၊ ဦးဝိစာရလမ်း၊ စမ်းချောင်းမြို့နယ်နေ(ဒေါက်တာ ဒေါ်ခင်ထွေး)၏ချစ်လှစွာသောခင်ပွန်း၊ (ဒေါ်သန်းတင်-ဦးချစ်လှိုင်)တို့၏ညီ/မောင်၊ ဒေါ်ရီရီဝင်း(Language Consultant)- ဦးစိုးကြူ(Sumitomo)၊ (ဦးအောင်ဝင်း)-ဒေါ်အိအိချို၊ ဒေါ်အေးအေးဝင်း (Associated Press)-ဦးမင်းဇော်(Tokyo Shimbun)၊ ဒေါ်ဖြူဖြူဝင်းတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး ဂါးဒီးယန်း ဦးစိန်ဝင်း (Kyodo News)သည် ၁၇-၁၀-၂၀၁၃ (ကြာသပတေးနေ့) မွန်းလွဲ ၂း၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၃(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ဦးဝိစာရလမ်းနေအိမ်မှ ကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်းအမကြီး
ဒေါ်ညိုရင်(အမေညိုရင်)(မြစ်ကျိုး) (၈၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ မြစ်ကျိုးကျေးရွာနေ (ဦးရွှေနီ-ဒေါ်သန်း)တို့၏သမီး၊ (ဦးဘခင်-ဒေါ်ကြွေ)၊ (ဦးထွန်းရွှေ-ဒေါ်အုံး)တို့၏ညီမ၊ (ဦးရွှေရင်-ဒေါ်ခင်လေး)၊ ဦးသန်းဝေ-(ဒေါ်စိန်အေး)၊ ဦးလှမြင့်-ဒေါ်ကျင်စူး၊ (ဦးပိန်-ဒေါ်လှမြိုင်)တို့၏ အစ်မကြီး၊ သထုံမြို့နေ ဦးစံမြင့်-ဒေါ်ခင်လေးမြင့်၊ သိမ်ဇရပ်မြို့နေ (ဦးတင်ဦး)-ဒေါ်သန်းလှ၊ ဦးမဲလေး-ဒေါ်တင်ထွေး၊ ဦးဟန်သိမ်း-(ဒေါ်သီလှ)၊ ဦးတင်ဦး-ဒေါ်အေးအေးမြင့်၊ မန္တလေးမြို့နေ ဒေါက်တာမင်းသုခ-ဒေါ်ထွေးထွေး၊ ဦးမောင်ကြီး-ဒေါ်နွဲ့ကြည်တို့၏ မိခင်၊ မြေး ၁၄ယောက်၊ မြစ် ၁၇ယောက်တို့၏ ဘွားဘွားကြီး၊ (ဦးစံတင်)၏ဇနီးသည် ၁၉-၁၀-၂၀၁၃(စနေနေ့) နံနက် ၈း၂၀ နာရီတွင် မန္တလေးမြို့၊ တော်ဝင်နှင်းဆီအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် မန္တလေးမြို့ ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [လမ်း(၉၀)၊ (၃၄×၃၅) လမ်း၊ ဒေါက်တာမင်းသုခ နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးထွန်းရ(ရောင်နီဦး) (၇၉)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ်(၇၀၇)နေ (ဒေါ်ကျင်လှိုင်)၏ ခင်ပွန်း၊ ဦးကျော်သန်း-ဒေါ်မိုးမိုး၊ ဦးအောင်မြင့်-ဒေါ်မြင့်မြင့်ရီ၊ ဗိုလ်မှူးစောအောင်(ငြိမ်း) (ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်သန်းသန်းမြင့်၊ ဦးစိန်မောင်-ဒေါ်လှလှရီတို့၏ဖခင်၊ မြေး ၁၁ ယောက်၊ မြစ်ငါးယောက်တို့၏ အဘိုးသည် ၁၉-၁၀-၂၀၁၃(စနေနေ့) နံနက် ၄ နာရီတွင် ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၃(တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးတင်အုန်း (၇၈)နှစ်
ကျန်းမာရေးမှူး(ငြိမ်း)၊ တောင်တွင်းကြီးမြို့

တောင်တွင်းကြီးမြို့၊ မောင်းတိုင်(၁)ရပ်ကွက်နှင့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း၊ အမှတ်(၅၄)၊ လေးလွှာနေ ဒေါ်ခင်ဥ(အမက-ငြိမ်း)၏ ခင်ပွန်း၊ မခင်ဝါဝါတင်၊ မခင်သန္တာတင်၊ မောင်ထွန်းထွန်းအောင်-မကေခိုင်ကျော်တို့၏ မွေးသဖခင်၊ မောင်ဟိန်းဉာဏ်ထက်၏အဘိုးသည် ၁၈-၁၀-၂၀၁၃ ရက် ညနေ ၃း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၃ ရက် ညနေ ၄နာရီတွင် တောင်တွင်းကြီး မြို့မသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မောင်စိုးဆက်လွင်(ထားဝယ်) (၃၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ပျားရည်ကုန်းရပ်ကွက်၊ ဗညားဒလလမ်း၊ အမှတ်(၃၄၉)နေ (ဦးရွှေလင်း)-ဒေါ်ရီရီလွင်တို့၏ချစ်လှစွာသောသား၊ အမေရိကန်နိုင်ငံ (L.A)မြို့နေ မကေသီငုတ်ကြည်ချန်၏ ချစ်လှစွာသောခင်ပွန်းသည် ၁၈-၁၀-၂၀၁၃ (သောကြာနေ့) မြန်မာစံတော်ချိန် ည ၇ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၃(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၁၀-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

မောင်စိုးဆက်လွင်(ထားဝယ်) (၃၁)နှစ်

ထားဝယ်မြို့၊ တလိုင်းထိန်ရပ်၊ မင်္ဂလာလမ်းနေ ဦးယုလွင်-(ဒေါ်မြရီ)တို့၏ မြေး၊ (ဦးရွှေလင်း)-ဒေါ်ရီရီလွင်တို့၏သား၊ အမေရိကန်နိုင်ငံ (L.A)နေ မကေသီငုတ်ကြည်ချန်၏ခင်ပွန်း၊ ဦးဘီးစွမ်-ဒေါ်သက်သက်လွင်(စွမ်း-ရေလုပ်ငန်းသုံးပစ္စည်းရောင်းဝယ်ရေး)၊ ဒေါ်စုစုလွင်၊ ဦးထင်အောင်-ဒေါ်ခင်ချိုလွင် (သက်န်းပရိက္ခရာဆိုင်၊ ထားဝယ်)တို့၏ တူသည် ၁၈-၁၀-၂၀၁၃ (သောကြာနေ့) မြန်မာစံတော်ချိန် ည ၇နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁၀-၂၀၁၃(အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ရပ်အစွမ် အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၇၈)၊ ခုနစ်လွှာ၊ အနော်ရထာလမ်းမနေ (ဦးတန်ကျောင်အိမ်း)၏ဇနီး၊ (ဦးမောင်ကြိုင်)၊ ဦးသက်နိုင်-(ဒေါ်စန်းစန်းရီ)၊ ဦးထွန်းမြင့်- ဒေါ်ခင်လှအေး၊ ဦးတင်ဆွေ၊ ဦးတင်ဝင်း-ဒေါ်မေနု၊ ဦးစန်းမြင့်၊ (ဦးဝင်းဝင်း)-ဒေါ်ခင်သန်းဝင်း၊ ဒေါ်ဌေးဌေးဝင်း၊ ဒေါ်တင်တင်အေး၊ ဦးထွန်းထွန်း-ဒေါ်ခင်အေးကြူတို့၏ မွေးသမိခင်၊ မြေး ၁၂ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ အဘေး ဒေါ်ရပ်အစွမ်သည် ၁၉-၁၀-၂၀၁၃ရက် နံနက် ၁၀း၂၅ နာရီတွင် ဗဟိုရ်ရစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၃ (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒုရဲမှူးဆလိုင်းဒူးမန်း(ငြိမ်း) အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ ဣန္ဒာ (၉)လမ်း၊ အမှတ် (၁၀၄၇)နေ (ဦးမွန်ကီယို-ဒေါ်နုစန်း)တို့၏ သား၊ (ဒေါ်ကြင်မွှေး)၏ ခင်ပွန်း၊ ကိုငယ်ငယ်ထွေး-မဝေဝေနှင်း၊ ကိုကျော်သူစန်-မစုစုမွန်၊ မသက်သက်မွန်၊ ကိုအောင်အောင်ဦး-မသူဇာမွန်၊ ဗိုလ်ကြီးသန့်ဇင်ဦး (မိုင်းဆက် ခုတင်-၁၀၀)တို့၏ဖခင်၊ မောင်ရဲရင့်အောင်၊ မယွန်းရတီသူတို့၏ အဘိုး ဒုရဲမှူးဆလိုင်းဒူးမန်းသည် ၁၈-၁၀-၂၀၁၃ (သောကြာနေ့) ည ၇း၂၄နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၃(တနင်္ဂနွေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၄း၁၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိပါကြောင်း

၁၄-၁၀-၂၀၁၃ (တနင်္လာနေ့) ည ၁၁ နာရီတွင် ကွယ်လွန်သွားသော ဦးလှမြိုင်(ကိုဆောင်း) အသက်(၈၉)နှစ်အား နာမကျန်းစဉ် ဂရုတစိုက် ကြပ်မတ်ကုသပေးခဲ့သော အထွေထွေရောဂါကုသမားတော်ကြီး ဒေါက်တာဦးဇော်သန်းထွန်း၊ ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်ကြီး ဒေါက်တာဦးသန့်ဇင်စိုး၊ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး ဒေါက်တာဦးဖုန်းမြင့်၊ နှလုံးအထူးကုဆရာဝန်ကြီး ဒေါက်တာဦးလွှမ်းဝေ၊ အရိုးအကြောအထူးကုဆရာဝန်ကြီး ဒေါက်တာဦးကျော်မင်းဦး၊ အထွေထွေရောဂါကုသမားတော် ဒေါက်တာဦးစောအောင်မိုးအေး၊ အရိုးအကြောအထူးကု ဒေါက်တာကျော်မင်းစိုးနှင့် နာမကျန်းစဉ်လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့ပေးသော ဇီဝိတဒါနသံဃာ့ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့၊ မြောက်ဒဂုံမြို့နယ်မှ အောက်ဆီဂျင်လှူဒါန်းသောအဖွဲ့များ၊ သတင်းစာတွင်ဝမ်းနည်းကြေကွဲကြောင်းနှင့် ဝမ်းနည်းသဝဏ်လွှာပေးပို့ကြသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီး ဒေါ်သက်သက်ဆွေ၊ သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့် ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများနှင့် ဝန်ထမ်းများ၊ ထွန်းဖောင်ဒေးရှင်း ဥက္ကဋ္ဌ၊ အသင်းအဖွဲ့များနှင့် မိတ်သင်္ဂဟများ၊ ဈာပနအခမ်းအနားတွင် ပန်းခြင်းများပေးပို့ကြသော၊ အစစအရာရာကူညီပေးကြသော ဝေနေယျသုခရေချမ်းစင်အသင်း၊ မြန်မာနိုင်ငံစာရေးဆရာ အသင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်အသင်း၊ ထွန်းဖောင်ဒေးရှင်း၊ ဥပဒေပညာ မိသားစုများ၊ လူမှုကူညီရေးအသင်း(သဃ်န်းကျွန်း)မှ အဖွဲ့ဝင်များ၊ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးပေးကြသူများ၊ ငွေအား၊ ပစ္စည်းအား၊ လူအားဖြင့် ကူညီပေးကြသူများ၊ ရေဝေး၌နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်ပေးကြသော လူကြီးမင်းများ၊ ကူညီဆောင်ရွက်ပေးသူများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် နိုင်ငံရပ်ခြားမှ ဝမ်းနည်းကြောင်း သတင်းပေးပို့ကြသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
မြန်မာတိုင်းရင်းသမားတော်ကြီး
ဆရာကြီးဦးကြီးရင်(သန်လျင်) (၈၅)နှစ်
(မြို့မသုခဆေးတိုက်နှင့် ဆေးကုဌာန)

သန်လျင်မြို့၊ မြို့မမြောက်ရပ်ကွက်၊ မြို့မလမ်း၊ အမှတ်(ခ/၂၇)နေ (ဆရာကြီးဦးအဝိန်-ဒေါ်သန်းမြ)တို့၏ သား၊ (ဦးမောင်ခင်-ဒေါ်သိန်းတင်)တို့၏ သားသမက်၊ (ဒေါ်မြကြည်)၏ ခင်ပွန်း၊ ဆရာဦးမျိုးအောင်-ဒေါ်ဌေးဌေးအောင် (အထက-၁၊ သန်လျင်)၊ ဆရာဦးဌေးအောင်-ဒေါ်အေးအေးစန်း(အမက၊ မူလွန်၊ တပ်တွင်း)၊ ဒေါ်ယဉ်ယဉ်နွဲ့၊ ဦးဖုန်းဇော်-ဒေါ်အေးအေးပြုံး(ခရမ်းဆီဆိုင်)၊ ဦးဝင်းမိုး (Uniteam Marine)-ဒေါ်နုနုငယ်(The Halo Trust)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဝေယံမျိုး (B.E, Civil)၊ မရွှေရည်ထိုက်၊ မကြည်ဖြူသန့်၊ မောင်ပြည့်စုံ၊ မမေအင်ကြင်း၊ မောင်အောင်ပိုင်၊ မရှုမဝ၊ မရှုမငြီးတို့၏ ချစ်လှစွာသောအဘိုး ဦးကြီးရင်သည် ၁၈-၁၀-၂၀၁၃(သောကြာနေ့) နံနက် ၅း၃၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၃(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အထက်ပါနေအိမ်မှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်ကြင်(ဝေါ) (၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နေ (ဦးမောင်တင်-ဒေါ်ပန်းမေ)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အနန္တမေတ္တာဘုရားလမ်း၊ အမှတ်(၇)နေ ဦးတင်အောင်၏ဇနီး၊ ဦးကျော်ဝင်း-ဒေါ်လှမြင့်(လ/ထ မော်ကွန်းထိန်း၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်)၊ ဦးစိုးလွင်-(ဒေါ်လှလှရီ)၊ ဦးသက်နိုင်-ဒေါ်ခင်သိန်းအေး၊ ဦးသက်ပိုင်(ဒု/ညွှန်မှူး၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ နေပြည်တော်)-ဒေါက်တာဆွေဇင်မြင့် (ကထိက၊ ဓာတုဗေဒဌာန၊ မအူပင်တက္ကသိုလ်)၊ ဦးသက်ဆိုင်-ဒေါ်ဌေးဌေးကြည်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၉-၁၀-၂၀၁၃(စနေနေ့) နံနက် ၇း၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၁၀-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ရွှေမင်းဝန်ဦးဘုန်းမြင့် (၇၁)နှစ်
(English Speaking Class)
မြန်မာနိုင်ငံစာရေးဆရာအသင်းဝင်အမှတ်(၁၅၀၄)
(ရွှေမင်းဝန်စာပေ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၆၅)လမ်း၊ အမှတ်(၄၉/C)နေ (ဦးမောင်စိန်-ဒေါ်လှကြည်)တို့၏သား၊ (ဦးလှသောင်း-ဒေါ်ကျင်ငွေ)တို့၏သားသမက်၊ ဦးသောင်းမြင့်-ဒေါ်အုန်းရင်တို့၏ညီ၊ ဒေါ်စန်းကြည်(ရွှေမင်းဝန်စာပေ)၏ခင်ပွန်း၊ (မောင်ကျော်မျိုးသူ)၊ မအေးရီ၊ မလတ်လတ်ငြိမ်း(ဇေကမ္ဘာကုမ္ပဏီ)-မောင်ကျော်ထွန်းမြတ်၊ မောင်အောင်မျိုးမြတ်(နည်းပြ၊ ယဉ်ကျေးမှုတက္ကသိုလ်၊ ရန်ကုန်)တို့၏မွေးသဖခင်၊ မောင်အားမာန်ဘုန်းမြတ်(Grade-6-C၊ အလက-၁၊ ဒဂုံ)၏အဘိုး၊ တူ/တူမ ၁၁ ယောက်တို့၏ ဦးလေးသည် ၁၈-၁၀-၂၀၁၃ရက် နံနက် ၈း၂၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါက်တာကြည်ကြည်ဝင်း(တောင်ငူ) (၇၁)နှစ်
M.B.,B.S(IM-1)(1965 Intake)

တောင်ငူမြို့၊ (၄/၁၆)၊ ဗိုလ်မှူးဖိုးကွန်းလမ်းနေ (ဦးကောက်-ဒေါ်ကျင်မြ)တို့၏ တတိယသမီး၊ ဦးခင်မောင်ဝင်း-ဒေါ်မြမြဝင်း(နေရောင်ဆီစက်)၊ (ဦးရဲဆွေ)-ဒေါ်ရီရီဝင်း(RTC တောင်ငူ)တို့၏ညီမ၊ ဦးသက်ဝင်း-ဒေါ်ကြူကြူစော(USA)၊ ဦးလွဏ်းမောင်-ဒေါ်သင်းသင်းဝေ(ငြိမ်းချမ်းရေးစာပေ)၊ ဦးမိုးဝင်း-[ဒေါ်ခင်ငွေလှိုင် (နှင်းဆီခိုင် ငုံးမျိုးခြံ)]၊ ဦးရဲဝင်း-ဒေါ်စမ်းစမ်းမြင့် (ရွှေဝါပဲဆီသန့်လုပ်ငန်း)တို့၏ အစ်မ၊ တူ/တူမ ၁၉ယောက်တို့၏ အဒေါ်သည် ၁၈-၁၀-၂၀၁၃ (သောကြာနေ့) ည ၇း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၀-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် တောင်ငူမြို့ အနောက်တရုတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော် ကြေးမုံစာတည်းမှူး ၀၆၇-၃၆၁၂၆၊ တာဝန်မှူး ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊ မေးလ် themirror.npt@gmail.com၊ ရန်ကုန်ရုံးခွဲ အမှတ် ၇၇၊ ၅၂လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊ မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၂၉၉၄၂၇၊ ၀၁-၂၉၁၈၃၁၊ R/184

ဥပဒေစကားဝိုင်းစာမျက်နှာအပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေစကားဝိုင်း စာမျက်နှာ(က၊ ခ၊ ဂ၊ ဃ၊ င၊ စ၊ ဆ၊ ဇ) ရှစ်မျက်နှာ ပါရှိပါသည်။

တနင်္ဂနွေအထူးထုတ်ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တနင်္ဂနွေအထူးထုတ် ရှစ်မျက်နှာ ပါရှိပါသည်။

လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်

နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နေကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။ **(ကြေးမုံ)**

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရားများ၌ စည်ကားများပြား

ရန်ကုန် အောက်တိုဘာ ၁၉

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၅ ခုနှစ် သီတင်းကျွတ်မီးထွန်းပွဲတော် ဆီမီးစေတီတော်များလှည့်လည်ပူဇော်ပွဲနှင့် သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာ အခါတော်နေ့) အခမ်းအနားများကို ယမန်နေ့နှင့် ယနေ့(လပြည့်နေ့)တို့တွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပကြသည်။

ယမန်နေ့ ညနေ ၅ နာရီက သီတင်းကျွတ် ဆီမီးစေတီများနှင့် ရောင်စုံမီးပုံးများ လှည့်လည်ပူဇော်ပွဲကို ကျင်းပခဲ့ပြီး ယနေ့(သီတင်းကျွတ်လပြည့်) နံနက် ၅ နာရီတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ဝင်များနှင့် ဝန်ထမ်းများစုပေါင်း၍ စေတီတော်အားဆွမ်းတော်ကြီး ဆက်ကပ်လှူဒါန်းပွဲကို ရင်ပြင်တော်တောင်ဘက် ဧည့်ခံတန်ဆောင်း၌လည်းကောင်း၊ နံနက် ၉ နာရီခွဲတွင် သီလခံယူပွဲကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ လည်းကောင်း၊ နံနက် ၁၀ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒစရိယဆရာတော်ကြီးများနှင့် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူခြင်းကို ရောင်တော်ဖွင့်အသင်းတန်ဆောင်း၌ လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ လည်းကောင်း ကျင်းပကြသည်။

စာမျက်နှာ ၉ ကော်လံ ၂ သို့ ❍

အောက်တိုဘာ ၁၉ ရက် နံနက်(သီတင်းကျွတ်လပြည့်နေ့)တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားပေါ်၌ အလှူဒါနပြုသူများ၊ ဥပုသ်သီလဆောက်တည်သူများ၊ ဘုရားဖူးလာသူများ အလွန်များပြားလှသဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (ခင်မောင်ဝင်း)

ထားဝယ်ရိုးရာ သပိတ်မျှောဖွင့်ပွဲကျင်းပ

ထားဝယ် အောက်တိုဘာ ၁၉

ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်နေ့တွင် မြန်မာတို့၏ ရိုးရာအစဉ်အလာမပျက် ထိန်းသိမ်းလာခဲ့သည့် ထားဝယ်ဒေသ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ထားဝယ်ရိုးရာသပိတ်မျှောဖွင့်ပွဲကို အောက်တိုဘာ ၁၉ ရက် အရုဏ်တက်ချိန် နံနက် ၂ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဒေါင်းငူတံငါရပ် ထားဝယ်မြစ်ကမ်း၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ထားဝယ်ရိုးရာသပိတ်မျှောပွဲကို ကိုယ်တိုင်ပါဝင်ကုသိုလ်ပြုကြသည်။ အဆိုပါ သပိတ်မျှောပွဲသည် နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိပြီး သပိတ်မျှောအိုးကြီး၊ သပိတ်မျှောအိုးငယ်များဖြင့် ဒေသခံပြည်သူများ ညလုံးပေါက်လာရောက်၍ သပိတ်မျှောကုသိုလ်ယူကြပြီး နံနက် ၁ နာရီမှစ၍ နံနက် ၅ နာရီအထိ ပြည်သူများ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း သိရသည်။**(အပေါ်ပုံ)** **(ကျော်ကျော်လတ်)**

စိတ္တသုခပရဟိတလူငယ်များ လာဘ်ကောင်ဇီးကွက်ရုပ်ပုံဖော်ဆီမီးထွန်း

မန္တလေး အောက်တိုဘာ ၁၉

နှစ်စဉ်ကျင်းပမြဲဖြစ်သော စိတ္တသုခပရဟိတလူငယ်များက (၁၄)ကြိမ်မြောက် သီတင်းကျွတ်လပြည့်နေ့ ဆီမီးပူဇော်ခြင်းကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၆၃)လမ်း၊ (၂၈)လမ်းနှင့် (၂၉)လမ်းကြားရှိ မဟာလောကရန်နိုင်အောင်တော်မူမြတ်စွာဘုရား၌ ပြုလုပ်သည်။ မကြာမီကျင်းပတော့မည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အထိမ်းအမှတ်လာဘ်ကောင် ဇီးကွက်ရုပ်ပုံဖော်ကာ ဆီမီးထွန်းကြခြင်းဖြစ်ပြီး Welcome to SEA Game စာသားနှင့်အတူ စိတ္တသုခပရဟိတလူငယ် (၁၄)ကြိမ်မြောက် ဆီမီးပူဇော်ပွဲစာသားများကို ပုံဖော်ပူဇော်ကြသည်။**(အောက်ပုံ)**အဆိုပါ ဆီမီးပူဇော်ခြင်းကို စိတ္တသုခပရဟိတလူငယ် ၄၀ ကျော် ပါဝင်ဆောင်ရွက်ကြပြီး နံနက်ပိုင်းကတည်းက စတင်ပုံဖော်ခဲ့ကြခြင်းဖြစ်သည်။ စိတ္တသုခပရဟိတလူငယ်များက နှစ်စဉ်အောင်တော်မူဘုရားတွင် ဆီမီးပူဇော်ကြပြီး တစ်နှစ်လျှင်နှစ်ကြိမ် လိုအပ်သည့်နေရာများသို့ လှူဒါန်းကြကြောင်း သိရသည်။ **(ဘဦး-မန်း)**

ကျန်းမာရေးအတွက် ဝန်ဆောင်မှုကောင်းပေးနိုင်ရေး
ကျန်းမာရေး စာမျက်နှာ - ၃ »

ကျိုက်ထိုမြို့နယ်တွင် ကူးတို့လှေ အသက်ကယ်ဝတ်စုံဝတ် သရုပ်ပြလေ့ကျင့်
မွန်ပြည်နယ် စာမျက်နှာ - ၄ »

ကလေးမြို့၏မြို့ဂုဏ်ဆောင် ပန္နက်မြင်းစီးရုပ်နေရာပြောင်းရွှေ့
စစ်ကိုင်းတိုင်းဒေသကြီး စာမျက်နှာ - ၅ »

မြို့တိုင်းရင်းသားရိုးရာအက တင်ဆက်ကပြ
ရခိုင်ပြည်နယ် စာမျက်နှာ - ၄ »

ကြက်သွန်စျေးနှုန်းမြင့်၍ ပခုက္ကူဒေသ ကြက်သွန်စိုက်တောင်သူများဝမ်းမြောက်
မကွေးတိုင်းဒေသကြီး စာမျက်နှာ - ၇ »

ကြေးမုံ Mirror
တနင်္ဂနွေ
SUNDAY SPECIAL
2013 OCTOBER 20, SUNDAY

စက်မှုကဏ္ဍ

စက်မှုနိုင်ငံတည်ဆောက်ရေး ပံ့ပိုးပေးမည့်ပင်းပက်သံမဏိစက်ရုံ

မင်းသူကျော်(ပင်းပက်)

သဘာဝသယံဇာတ ပေါကြွယ်ဝလှသော မိမိတို့မြန်မာနိုင်ငံတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက အကျဆုံးဖြစ်သော သံသတ္တုရိုင်းသယံဇာတကို ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ် ပင်းပက်ဒေသတွင် တွေ့ရှိနိုင်ပေသည်။ ၎င်းသံသတ္တုရိုင်းသိုက်အား ၁၉၅၄ ခုနှစ်တွင်း Mineral Resources Development Corporation (MRDC)နှင့် DEMAG (Germany)တို့ပူးပေါင်း၍ ပဏာမတူးဖော်စမ်းသပ်ခဲ့ပါသည်။ ၁၉၅၆-၁၉၅၇ ခုနှစ်တွင် MRDCသည် လွန်ကျင်း ၁၀၀ တူး၍ စမ်းသပ်ခဲ့ပြီး ၁၉၆၁-၁၉၆၂ ခုနှစ်၌ KRUPPPOLYSIUS A.G Company Ltd., Germany မှ ကျွမ်းကျင်သူအဖွဲ့နှင့် မြန်မာဘူမိဗေဒအဖွဲ့တို့ပူးပေါင်း၍ စက်ယန္တရားများအားအသုံးပြုပြီး စမ်းသပ်စစ်ဆေးခဲ့ရာ သံပါဝင်မှုနှုန်း ၅၆ ဒသမ ၄ ရာခိုင်နှုန်းပါဝင်သော Hematite ဟေမတိုက်သံ သတ္တုရိုင်း ၁၀ ဒသမ ၇ သန်းနှင့် သံပါဝင်မှုနှုန်း ၄၂ ဒသမ ၆ ရာခိုင်နှုန်းပါဝင်သော လီမိုနိုက် သံသတ္တုရိုင်း ၅၉ ဒသမ ၃ သန်း စုစုပေါင်း သံသတ္တုရိုင်းသိုက်ပမာဏ ၇၀ သန်းရှိကြောင်း အတည်ပြုပေးခဲ့ပါသည်။ သို့ရာတွင် ထိုခေတ်အချိန်အခါ၌ သံသတ္တုရိုင်းမှ သံစိမ်း (Fig Iron)၊ သံပွ (Sponge Iron) ထုတ်လုပ်နိုင်သည့်နည်းစဉ်(Process)များမှာ သံပါဝင်မှုနှုန်း ၆၀ ရာခိုင်နှုန်းအထက်ပါဝင်မှသာ စီးပွားဖြစ်ထုတ်လုပ်နိုင်သဖြင့် မိမိတို့တွေ့ရှိထားသော သံသတ္တုရိုင်းအား စီးပွားဖြစ် မထုတ်လုပ်နိုင်သေးသဖြင့် တူးဖော်ထုတ်လုပ်မှုများ မပြုလုပ်ခဲ့ရပါ။

၂၀၀၁ ခုနှစ်အချိန်တွင် ပင်းပက်မှ သံသတ္တုရိုင်းများကိုအသုံးပြု၍ တိုက်ရိုက်ဓာတ်လျှော့နည်းစဉ် (Direct Reduction Process) ဖြင့် သံပွထုတ်လုပ် နိုင်ရန် Krupp Polysius A.G Co., Ltd, Germany နှင့် ထပ်မံစမ်းသပ်ဆောင်ရွက်ခဲ့ပါသည်။ ထုတ်လုပ်၍ ရနိုင်သော်လည်း သံပါဝင်မှုများသော ဟေမတိုက်သတ္တုရိုင်းကိုသာ အသုံးပြုထုတ်လုပ်ရမည်ဖြစ်၍ ပမာဏနည်းသည့်အတွက် မိုင်းသက်တမ်းတိုတောင်းပြီး စီးပွားရေးတွက်ခြေမကိုက်သဖြင့် အကောင်အထည်မပေါ်ခဲ့ပါ။ ရုရှားနိုင်ငံ မော်စကိုမြို့ သံမဏိနှင့် သတ္တုစပ်တက္ကသိုလ် (Moscow State Institute of Steel and Alloy)သည် သံပါဝင်မှုရာခိုင်နှုန်းနည်းသည့် ၄၀ ရာခိုင်နှုန်းခန့် သံသတ္တုရိုင်းများကို သံစိမ်းအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်သည့် နည်းစဉ် (Romelt Process)ကို ရှေ့ပြေးစက်ရုံအနေဖြင့်စမ်းသပ်လည်ပတ်ခဲ့ပြီး ၂၀၀၀ ပြည့်နှစ်တွင် ၎င်းနည်းစဉ်ဖြင့် သံစိမ်းထုတ်လုပ်နိုင်ကြောင်း ကမ္ဘာသို့ကြေညာခဲ့ပါသည်။ သို့အတွက် မြန်မာနိုင်ငံအနေဖြင့် Romelt နည်းစဉ်နှင့် သံစိမ်းထုတ်လုပ်နိုင်ရန် ၂၀၀၄ ခုနှစ်တွင် ရုရှားနိုင်ငံ Tyazhprom export Co., နှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့ ဆက်သွယ်ပြီး စာချုပ်ချုပ်ဆိုလုပ်ကိုင်ခဲ့ကြပါသည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် စက်ရုံအား စက်မှုဝန်ကြီးဌာနမှ လွှဲပြောင်းယူခဲ့ပါသည်။

၎င်းနည်းစဉ်သည်မြန်မာနိုင်ငံမှရရှိသည့် ကျောက်မီးသွေးကို စာမျက်နှာ ၂သို့ »

» ရင်းနှီးမြှုပ်နှံမှုမှ

ရင်းနှီးမြှုပ်နှံလာခဲ့ပါသည်။ နိုင်ငံတော်မှ အခြေခံအဆောက်အအုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိရာ ယခင်က နိုင်ငံတော်ကသာ ဆောင်ရွက်ခဲ့သည့် နိုင်ငံခြားဆက်သွယ်ရေးကွန်ရက် ဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတော်နှင့် အကျိုးတူဖက်စပ်လုပ်ငန်းအဖြစ် လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုခြင်းဖြင့် နိုင်ငံတော်၏ ဆက်သွယ်ရေးကဏ္ဍ တိုးတက်စေရန် ဆောင်ရွက်ပေးလျက်ရှိပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ နိုင်ငံတွင်းသို့ စီးဝင်အောင်ဆွဲဆောင်ရာ၌ နိုင်ငံအသီးသီးတွင် ဆွဲဆောင်မှုမက်လုံး အမျိုးမျိုးပေးထားကြသော်လည်း ယင်းမက်လုံးများမှာ နိုင်ငံများအကြား သိသာထင်ရှားစွာ ကွဲပြားခြားနားခြင်း မရှိပေ။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့်လည်း ယင်းဆွဲဆောင်မှုမက်လုံးများထက် လုပ်ငန်းလုပ်ကိုင်နိုင်ရန် လိုအပ်သောနည်းလမ်းအဆင့်များနည်းပါးခြင်း၊ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နိုင်ရန် လွယ်ကူမှုရှိခြင်း၊ ပို့ကုန်တင်ပို့ခြင်းနှင့် သွင်းကုန်တင်သွင်းခြင်းတို့တွင် နှောင့်နှေးကြန့်ကြာမှုမရှိခြင်းစသည့် အချက်များကို အလေးထားစဉ်းစားကြသည်။ ၎င်းတို့၏ ပိုင်ဆိုင်မှုအခြေအနေများကို ခိုင်မာစွာအာမခံချက်ပေးနိုင်ပြီး တိကျပြတ်သား၍ နှစ်ဦးနှစ်ဖက်အကျိုးစီးပွားကို မထိခိုက်စေသော ထင်သာမြင်သာရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေသည်လည်း အရေးကြီးပါသည်။

သို့ဖြစ်ပါ၍ ပြည်တွင်းပြည်ပရှိ ရင်းနှီးမြှုပ်နှံသူများပူးပေါင်း၍ ပိုမိုကောင်းမွန်သော ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းတစ်ခုဖန်တီးရန် ရည်ရွယ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေအား ထုတ်ပြန်ကြေညာခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများအား ရင်းနှီးမြှုပ်နှံမှု အကာအကွယ်ပေးရေး၌ ပိုမိုကောင်းမွန်သော စံသတ်မှတ်ချက်များ အထူးသဖြင့် ရင်းနှီးမြှုပ်နှံသူများအား သာတူညီမျှသော အခွင့်အရေးနှင့် နိုင်ငံသားနှင့် တန်းတူအခွင့်အရေးပေးခြင်း မူဝါဒအား ကျင့်သုံးခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဝါဒများကို ပြန်လည်သုံးသပ်၍ ပိုမိုကောင်းမွန်သော မူဝါဒများ ချမှတ်နိုင်ရေးအတွက် OECD နှင့် ပူးပေါင်း၍ Investment Policy Review ကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုမှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် JICA ၏ အကူအညီဖြင့် Long –Term Investment Promotion Plan ကို ရေးဆွဲရန် ပြင်ဆင်လျက်ရှိပါသည်။ ထို့အပြင်မြန်မာနိုင်ငံတွင်ပိုမိုကောင်းမွန်သော စီးပွားရေး အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် ADBနှင့် ပူးပေါင်း၍ Myanmar Company Act (၁၉၁၄)အား အသစ်ပြန်လည်ရေးဆွဲရန်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအနေဖြင့် ၎င်းတို့၏ငွေအပေးအယူကိစ္စရပ်များကိုဆောင်ရွက်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းကို ဈေးကွက်ပေါက်ဈေးဖြင့် လဲလှယ်နိုင်သော အခွင့်အလမ်းများရရှိနိုင်သည့်အပြင် မြေယာငှားရမ်းရာတွင်လည်း အစိုးရထံမှသာမက ပုဂ္ဂလိကထံမှလည်း လွတ်လပ်စွာငှားရမ်းနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးထားသည်။ မြေငှားရမ်းခွင့်ကာလကို စီးပွားရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း အမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှုပေါ် မူတည်၍ ကနဦး နှစ်(၅၀) တစ်ဆက်တည်း သက်တမ်းတိုးခွင့် (၁၀)နှစ် နှစ်ကြိမ် စုစုပေါင်း နှစ်(၇၀) ထိ ခွင့်ပြုထားပါသည်။

ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရတာဝန်ယူသည့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း နှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီးဝင်မှု အခြေအနေမှာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၃ ခုမှ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏအမေရိကန်ဒေါ်လာ ၄ ဒသမ ၆၄ ဘီလီယံ စီးဝင်ခဲ့သော်လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်၍ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၃၄ ဘီလီယံကို ထည့်သွင်းစဉ်းစားခြင်းမပြုပါက စုစုပေါင်းရင်းနှီးမြှုပ်နှံမှုမှာ ပမာဏ အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့် ရှိပါသည်။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်း ၉၄ ခု၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၁ ဒသမ ၄၂ ဘီလီယံ စီးဝင်ခဲ့ရာ ယခင်နှစ်ထက် ငါးဆ နီးပါးခန့် ပိုမိုခဲ့ပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (၂၀၁၃၊ စက်တင်ဘာလ) အထိ လုပ်ငန်း ၅၅ ခုအတွက် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၁ ဘီလီယံ ခန့် ရှိခဲ့ရာ ခြောက်လတာကာလအတွင်း ရင်းနှီးမြှုပ်နှံမှု ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၁၉၇ ဒသမ ၇၅၆ သန်း တိုးမြှင့်စီးဝင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံသည် ပြောင်းလဲလာသောစီးပွားရေးစနစ်နှင့်အညီ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသော အခါသမယတွင် လိုအပ်သော အရင်းအနှီးဇာစ်မြစ်များကိုရရှိစေရန် မိမိနိုင်ငံနှင့် လိုက်လျောညီထွေဖြစ်မည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးအမျိုးမျိုးဖြင့် နိုင်ငံအတွင်းရင်းနှီးမြှုပ်နှံမှု ပိုမိုစီးဝင်လာအောင် ဆွဲဆောင်၍ တစ်ဖက်တွင်လည်း ညီညွတ်မျှတပြီး ဖန်တီးနိုင်စွမ်းရှိသောရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို နိုင်ငံတွင်းဦးစားပေး ရင်းနှီးမြှုပ်နှံရန် လိုအပ်လျက်ရှိသောကဏ္ဍများ (Priority Investment Area) ချမှတ်၍လည်းကောင်း၊ မူဝါဒများချမှတ်၍လည်းကောင်း၊ တိကျသောလမ်းညွှန်မှုများ သတ်မှတ်၍လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုများကို စွမ်းဆောင်ရည်ရှိစွာ ခွဲဝေအသုံးချနိုင်ရန် အသင့်ပြင်ဆင်ထားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ■

» စက်မှုနိုင်ငံတည်ဆောက်ရေးမှ

ပင်းပက် သံမဏိစက်ရုံ ပုံစံငယ်။

မီးသင်းကျောက် မီးသွေး(Coke)အဖြစ် ပြောင်းလဲရန်မလိုခြင်း၊ ကန့် (Sulphur)ပါဝင်မှုများသော အရည်အသွေးနိမ့် ကျောက်မီးသွေးကို အသုံးပြုနိုင်ခြင်း၊ သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်ရာတွင် ထွက်ပေါ်လာသည့် အပူငွေ့များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ခြင်း၊ သံထုတ်လုပ်မှုနည်းစဉ်များအနက် ရင်းနှီးမြှုပ်နှံမှု နည်းပါးသည့် တစ်နှစ်တန် နှစ်သိန်း ထုတ်လုပ်နိုင်သည့် အသေးစားစက်ရုံ အမျိုးအစားဖြစ်ခြင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှု နည်းပါးခြင်းစသော အကျိုးကျေးဇူးများကြောင့် ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။

စက်ရုံအတွက် အဓိကလိုအပ်သော ကုန်ကြမ်းမှာ သံသတ္တုရိုင်း၊ ကျောက်မီးသွေး၊ ထုံးကျောက်၊ ဒိုလိုမိုက်နှင့် သဲတို့ဖြစ်ကြသည်။ သံသတ္တုရိုင်းကို ပင်းပက်ဒေသ၊ ကျောက်မီးသွေးကို ကျေးသီး(ဝမ်ဟုတ်)ဒေသ၊ ထုံးကျောက်မှာ စက်ရုံအနီးရှိ နောင်ကာကယ်၊ ဒိုလိုမိုက်ကျောက်ကို စက်ရုံအနီးရှိ ထန်းဆာတောင်မှ၊ သဲကို မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ပျဉ်ညောင်ချောင်းမှ ရရှိမည်ဖြစ်သည်။ ၎င်းကုန်ကြမ်းများမှာ သံသတ္တုရိုင်း နှစ် ၁၁၀ ခန့်၊ ကျောက်မီးသွေးအား ၇၅ နှစ်ခန့်၊ ထုံးကျောက်အား နှစ် ၂၀၀ခန့်၊ ဒိုလိုမိုက်အား နှစ် ၂၄၀ ခန့်၊ သဲအား ပျဉ်ညောင်ချောင်းမှ လုံလောက်စွာ ရရှိသုံးစွဲနိုင်မည်ဖြစ်သည်။

စက်လည်ပတ်ချိန်တွင် လိုအပ်သော အောက်ဆီဂျင်ကို စက်ရုံတွင်ပါဝင်သည့် အောက်ဆီဂျင်စက်ရုံမှ ရရှိမည်ဖြစ်၍ သန့်ရှင်းမှုမှာ ၉၅ ရာခိုင်နှုန်းဖြစ်သည်။ ဖိသိပ်လေကိုလည်း စက်ရုံရှိ Compressor Station မှ ရရှိမည်ဖြစ်သည်။ စက်ရုံအတွက် လိုအပ်သော ရေကိုစက်ရုံအနီးဖြတ်သန်းစီးဆင်းနေသည့် နမ့်တဖက်ချောင်းမှ ရယူမည်ဖြစ်ပြီး ရေလိုအပ်ချက်မှာ တစ်နေ့ ဂါလန်ငါးသန်းခန့်ဖြစ်သည်။ သံသတ္တုရိုင်းများကြိတ်ခွဲ သန့်စင်ဆေးကြောခြင်းနှင့် မီးဖိုနံရံများ အအေးခံခြင်း စသောနေရာများတွင် ရေကိုအသုံးပြုမည်ဖြစ်ပြီး ၎င်းသုံးစွဲပြီး ရေများကို သန့်စင်ပြီးပြန်လည်အသုံးပြုမည်ဖြစ်သည်။ ဆေးကြောရာမှထွက်ရှိလာသော အနည် အနှစ်နှင့် အရည်များကို စက်ရုံအတွင်းရှိ အနည်အနှစ်ကန်သို့ ပို့ဆောင်စုဆောင်းသွားပြီး ရေစစ်ကန်ဖြင့် ရေများသန့်စင်ပြီး ၎င်းရေများနှင့် သံသတ္တုရိုင်းအား ဆေးကြောခြင်းတွင် ပြန်လည်အသုံးပြုသွားမည်ဖြစ်သည်။ ထို့ကြောင့် ရေဆိုးရေညစ်များ နမ့်တဖက်ချောင်းနှင့် ဘေးပတ်ဝန်းကျင်ဒေသများသို့ ထွက်ရှိခြင်းမရှိပါ။ စက်ရုံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို ကလောဓာတ်အားခွဲရုံမှရရှိမည်ဖြစ်ပြီး သံသတ္တုရိုင်းများ ကျိုချက်စဉ် ထွက်ရှိလာသော အပူငွေ့များဖြင့် ဘွိုင်လာအားလည်ပတ်စေပြီး ၎င်းမှတစ်ဆင့် တာဘိုင်များ၊ ဂျင်နရေတာများကို လည်ပတ်စေပြီး လျှပ်စစ်ဓာတ်အား(40 MW)ကို ထုတ်ယူရရှိနိုင်မည်ဖြစ်သဖြင့် စက်ရုံပိုင်လျှပ်စစ်ဓာတ်အားဖြင့် စက်ရုံအတွက်လိုအပ်သော လျှပ်စစ်ဓာတ်အား (30 MW)ကို အသုံးပြုနိုင်မည်ဖြစ်သည်။ စက်ရုံအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ကိုလည်း ရွှေသဘာဝဓာတ်ငွေ့စီမံကိန်းမှ ရယူမည်ဖြစ်ပြီး တစ်နေ့လိုအပ်ချက်မှာ ကုဗပေ ကိုးသန်းခန့်ဖြစ်ပေသည်။

သဘာဝပတ်ဝန်းကျင် မထိခိုက်စေရန်အတွက် စက်ရုံမှထွက်ရှိမည့် ဓာတ်ငွေ့များကို ဓာတ်ငွေ့သန့်ရှင်းသည့်စက်ရုံဖြင့် သန့်ရှင်းစေပြီး အမှုန်အမွှားများကိုလည်း အမှုန်အမွှားလျှော့ချကိရိယာဖြင့်လျှော့ချပြီး ပေ ၄၅၀ အမြင့်ရှိသော ခေါင်းတိုင်မှ လေထုထဲသို့ထွက်ရှိစေခြင်းဖြင့် အမှုန်အမွှားများ၊ အန္တရာယ်ရှိသော ဓာတ်ငွေ့များထွက်မလာနိုင်တော့ပါ။ သံသတ္တုရိုင်းများအား ရွေးချယ်တူးဖော်ရေးစနစ် (Selective Mining) ဖြင့် သံသတ္တုရိုင်းများရှိသည့် မြေသားများကိုပါ ရွေးချယ်တူးဖော်သွားမည်ဖြစ်ပြီး စွန့်ပစ်မြေများကိုလည်း လျှိုမြောင်ချိုင့်ဝှမ်းများအတွင်း ပို့ဆောင်စွန့်ပစ်မည်ဖြစ်သဖြင့် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်နိုင်ပါ။ မိုင်းဖောက်ခွဲတူးဖော်စရာမလိုဘဲ မြေတူးမြေထိုးမြေကော်စက်များဖြင့် တူးဖော်နိုင်မည်ဖြစ်သဖြင့် လုပ်ငန်းခွင်ဘေးအန္တရာယ်နှင့် ပတ်ဝန်းကျင်ထိခိုက်မှုများလည်း မဖြစ်ပေါ်စေတော့ပါ။

ပင်းပက်သံမဏိစက်ရုံသည် သံသတ္တုရိုင်းမှ သံစိမ်းထုတ်လုပ်သည့် နည်းများအနက် ရင်းနှီးမြှုပ်နှံမှုစရိတ်သက်သာခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်သက်သာခြင်း၊ သဘာဝပတ်ဝန်းကျင်အား မထိခိုက်ခြင်း၊ စွန့်ပစ်အပူမှ ကိုယ်ပိုင်လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ခြင်း၊ မိမိနိုင်ငံ စက်ရုံပတ်ဝန်းကျင်ဒေသများမှ အရည်အသွေးနိမ့် ကုန်ကြမ်းများကိုအသုံးပြု၍ သံစိမ်းထုတ်လုပ်နိုင်ခြင်းစသော အားသာချက်များရှိနေပါသည်။

မိမိတို့နိုင်ငံတွင် သံသတ္တုရိုင်းမှ သံပွထုတ်လုပ်သောစက်ရုံသာရှိပြီး ဤစက်ရုံကြီးလည်ပတ်ပါက နိုင်ငံအနေဖြင့် သံစိမ်းပထမဆုံးထုတ်လုပ်နိုင်သော စက်ရုံဖြစ်ပေါ်လာမည့်အပြင် ကမ္ဘာပေါ်တွင် Romelt Process အားရှေ့ပြေးစက်ရုံဖြင့် သံစိမ်းစမ်းသပ်ထုတ်လုပ်ခဲ့သည့်အဆင့်မှ စီးပွားဖြစ်ထုတ်လုပ်နိုင်သော အဆင့်သို့ ကူးပြောင်းနိုင်သော စက်ရုံအဖြစ် မော်ကွန်းတင်သွားနိုင်မည် ဖြစ်ပေသည်။

မိမိတို့စက်ရုံမှထွက်ရှိသော သံစိမ်းများအား မြင်းခြံသံမဏိစက်ရုံသို့ ပေးပို့၍ Steel Billet နှင့် Steel Slab များ ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်သဖြင့် နိုင်ငံတည်ဆောက်ရေးအတွက် လိုအပ်သော Steel Billet နှင့် Steel Slab များကို နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရန် မလိုအပ်တော့ခြင်း၊ မြန်မာနိုင်ငံရှိအခြားသော အရည်အသွေးနိမ့်သံသတ္တုရိုင်းသိုက်များမှ သံစိမ်းများထုတ်လုပ်နိုင်သည့် နည်းပညာနှင့်အကျိုးကျေးဇူးများရရှိခြင်း၊ စက်ရုံ၏ဘေးထွက်ပစ္စည်း(by Product)ဖြစ်သည့်ချော်လုံး(Granulated Slag)များအား ဘိလပ်မြေစက်ရုံများအတွက် ကုန်ကြမ်းအဖြစ်အသုံးပြုနိုင်ခြင်း၊ မြင်းခြံသံမဏိစက်ရုံရှိ တိုက်ရိုက်ဓာတ်လျှော့စက်ရုံ (Direct Reduction Plant) အတွက် လိုအပ်သော ကုန်ကြမ်းဟေမတိုက်သံသတ္တုရိုင်း တစ်နှစ်တန်ချိန် ၇၂၀၀၀၀ ပေးပို့နိုင်ခြင်း၊ သံနှင့်သံမဏိ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်းတို့ကြောင့် နိုင်ငံတော်၏ စက်မှုကဏ္ဍနှင့် သတ္တုကဏ္ဍဖွံ့ဖြိုးရေးအတွက် မိမိတို့စက်ရုံမှ များစွာအထောက်အကူပြုနိုင်မည်ဖြစ်ပေသည်။

သို့ဖြစ်ပါ၍ "သံသေတစ်ပြည်ဝ" ဆိုသည့် ဆိုရိုးစကားအတိုင်း သံကိုနိုင်နင်းစွာကိုင်တွယ်ထုတ်လုပ်နိုင်ပြီး စက်မှုနိုင်ငံအဖြစ်သို့ ကူးပြောင်းနိုင်ရေးအတွက် မိမိတို့စက်ရုံအနေဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ခွင့်ရတော့မည်ဖြစ်ကြောင်း ဝမ်းမြောက်စွာဖြင့် အသိပေးတင်ပြအပ်ပါသည်။ ■

ကျန်းမာရေးအတွက် ဝန်ဆောင်မှုကောင်းပေးနိုင်ရေး

ခင်ချိုဝင်း

ရန်ကုန်တိုင်းဒေသကြီးတွင် အချို့သောပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများသည် လူနာများအား ဝန်ဆောင်မှုများအပြည့်အဝပေးမှုမရှိခြင်းကြောင့် လူနာများဘက်မှ လူမှုရေး၊ ငွေရေးကြေးရေးမှအစ များစွာနစ်နာမှုရှိကြရကြောင်း သိရသည်။ စက်တင်ဘာ ၁၃ ရက်က ကျင်းပသည့် ပထမအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(ဒုတိယနေ့)တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းလွင်က "ရန်ကုန်မြို့တွင်းလမ်းမတော်၊ လသာနှင့် ဗိုလ်တထောင်မြို့နယ်တို့တွင် ကြော်ငြာများကို အသုံးပြု၍ ထူးခြားဆန်းပြားသောရောဂါမျိုးစုံကို အာမခံကုသပေးနေသော ဆေးခန်းများနှင့်ပတ်သက်၍ လည်းကောင်း၊ အခြားသောမြို့နယ်များရှိ ဆေးခန်းများနှင့် ပတ်သက်၍လည်းကောင်း အခါအားလျော်စွာစောင့်ကြည့်စစ်ဆေးမှုများပြုလုပ်ပေးရန် အစီအစဉ် ရှိမရှိ" မေးမြန်းခဲ့သည်။

ယင်းမေးမြန်းချက်နှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက "ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနလက်အောက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများသာမက ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ အရည်အသွေးမြင့်မားတိုးတက်မှုကိုပါ အရေးကြီးလုပ်ငန်းတစ်ရပ်အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိပါကြောင်း။

"ဆေးရုံ၊ ဆေးခန်းများအနေဖြင့် ၎င်းတို့၏ဝန်ဆောင်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ ကြော်ငြာထည့်သွင်းရာတွင် ကြော်ငြာပါအချက်အလက်များ မှန်ကန်မှု ရှိ၊ မရှိကို ကျန်းမာရေးဝန်ကြီးဌာနသို့ ကြိုတင်တင်ပြ စိစစ်ခြင်းမပြုလုပ်ဘဲ ထည့်သွင်းကြော်ငြာခွင့်ရရှိခြင်းကြောင့် အချို့ဆေးခန်းများမှာ ပြည်သူလူထု စိတ်ဝင်စားမှုရရှိရေး၊ ၎င်းတို့၏ အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ရှေ့တန်းတင်၍ မမှန်မကန်ကြော်ငြာခြင်း၊ နိုင်ငံတကာနှင့် နိုင်ငံတွင်းတရားဝင်အသိအမှတ်ပြုလိုက်နာကျင့်သုံးနေသည့် ကုထုံးများမဟုတ်ဘဲ အရှေ့တိုင်းကုထုံး၊ ရိုးရာကုထုံးဟုဖော်ပြပြီး အထောက်အထား ခိုင်မာတိကျသည့် တရားဝင်အတည်ပြုအသိအမှတ်ပြုခြင်းမရှိသည့် ကုထုံးများဖြင့် အမြစ်ပြတ်ပျောက်မည်၊ တစ်ကြိမ်ကုသရုံဖြင့် ပျောက်ကင်းမည်၊ ခွဲစိတ်ကုသရန်မလိုဘဲ ပျောက်ကင်းမည် စသည်ဖြင့် မမှန်မကန် အလွန်အကျူး ထည့်သွင်းကြော်ငြာလာကြပါကြောင်း။

"အချို့သောဆေးခန်းများမှာ ဆေးခန်းလိုင်စင်လျှောက်ထားစဉ်က မြန်မာဆရာဝန်အမည်ဖြင့် လျှောက်ထား၍ တရားဝင်လိုင်စင်ရယူထားသော်လည်း လက်တွေ့ကုသရာတွင် နိုင်ငံခြားသားများမှ စကားပြန်အကူအညီဖြင့် ကုသနေကြောင်း၊ အဆိုပါနိုင်ငံခြားသားများမှာလည်း သက်ဆိုင်ရာနိုင်ငံမှ ဆေးပညာဆိုင်ရာ ဘွဲ့လက်မှတ်အထောက်အထား ရှိမရှိ၊ မြန်မာနိုင်ငံ ဆေးကောင်စီမှ ထုတ်ပေးထားသည့် ဆေးကုသခွင့်လိုင်စင် ရှိ၊ မရှိတို့ကို မသိရသဖြင့် ကုသမှုခံယူသည့် လူနာများမှာ နစ်နာဆုံးရှုံးမှုများ ဖြစ်ပွားလျက်ရှိပါကြောင်း။

"ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနမှ စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေးစီစဉ်ဆောင်ရွက်ပါရန် ခရိုင်၊ မြို့နယ်အားလုံးသို့ ၂၀၁၃ ခုနှစ် ဇွန်လ ၁၂ ရက်နေ့တွင် အကြောင်းကြားခဲ့ပါကြောင်း။

"ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီအနေဖြင့် ဂျာနယ်၊ စာစောင်များတွင် ကြော်ငြာလျက်ရှိသည့် ဆေးရုံ၊ ဆေးခန်းများအား ဇွန် ၂၀ ရက်တွင် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးဆောင်လျက် အထူးဖိတ်ကြားထားသည့်ကိုယ်စားလှယ်တစ်ဦး၊ မြန်မာနိုင်ငံဆေးကောင်စီ အပါအဝင် စုစုပေါင်း၁၂ ဦးပါဝင်သည့် အဖွဲ့ဖြင့် သွားရောက်စစ်ဆေးခဲ့ပါကြောင်း။

"စစ်ဆေးချက်အရ အချို့ဆေးခန်းများတွင် စည်းမျဉ်းစည်းကမ်းနှင့် မညီသည်များကိုတွေ့ရပါကြောင်း၊ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေအတိုင်း အတိအကျလိုက်နာဆောင်ရွက်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်း မရှိပါက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ တင်ပြ၍ ထိရောက်စွာ အရေးယူနိုင်ရေး ပြည်ထဲရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြန်လည်ဖြေကြားခဲ့သည်။

သို့ဖြစ်ရာ အချို့သောပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းများ အနေဖြင့်ကျန်းမာရေးဆိုင်ရာသတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ပေးခြင်းဖြင့် လူနာနှင့် လူနာ၏မိသားစုများအပေါ် ကျန်းမာရေးအတွက် ဝန်ဆောင်မှုကောင်းများပေးနိုင်ရန် အသိပေး ရေးသားတင်ပြလိုက်ရပါသည်။ ။

မန္တလေးတိုင်းဒေသကြီး

ကျန်းမာရေးအသိပညာ ကျေးရွာတွင်ဆွေးနွေး

အမျိုးသမီးများအကြမ်းဖက်မှုမခံရစေရေးနှင့် လူကုန်ကူးခံရမှု ကင်းဝေးစေရေးတို့အတွက် လည်းကောင်း၊ ကူးစက်တတ်သောရောဂါနှင့် မကူးစက်တတ်သော ရောဂါများအကြောင်း နားလည်သိရှိ၍ ကျန်းမာရေး အသိတိုးပွားစေရန် ရည်ရွယ်၍လည်းကောင်း ပြုလုပ်သော ခရိုင်/မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့များနှင့် ကျေးလက်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ တွေ့ဆုံဟောပြောဆွေးနွေးပွဲကို **(အပေါ်ပုံ)** အောက်တိုဘာ ၁၄ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် အင်တောကျယ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ ဆွေးနွေးပွဲသို့မြင်းခြံခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်လှဝေ၊ ကျောက်ပန်းတောင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နမ့်သီတာချိုစင်နှင့် အဖွဲ့ဝင်များတက်ရောက်ကြပြီး ခရိုင်အဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်လှဝေက အမျိုးသမီးဆိုင်ရာ သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။ ယင်းနောက် ကျေးရွာအမျိုးသမီးရေးရာ အဖွဲ့ခေါင်းဆောင်များအား သတင်းစာနှင့် ဂျာနယ်မျိုးစုံပေးအပ်လှူဒါန်းပြီး စာဖတ်ဝိုင်းများပြုလုပ်ခြင်း၊ ဝိုင်းဖွဲ့ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

(ကိုနေ-ကျောက်ပန်းတောင်း)

ကျောက်ကပ်သန့်စင်စက်နှင့် ရေသန့်စက်အလှူရှင်အား ဂုဏ်ပြု

မိတ္ထီလာမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးတွင် ကျောက်ကပ်သန့်စင်စက်နှင့် ရေသန့်စက်အလှူရှင်အား ဂုဏ်ပြုပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ နှစ်ထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် အလှူရှင် ဗိုလ်မှူးစိန်ဝင်း(ငြိမ်း)က ကျောက်ကပ်သန့်စင်စက် လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အလှူရှင်က ငွေကျပ်သိန်း ၂၃၀ တန်ဖိုးရှိ ကျောက်ကပ်သန့်စင်စက်၊ ရေသန့်စက်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်အေးက လက်ခံ၍ ဂုဏ်ပြုလက်မှတ် ပြန်လည်ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

(သိန်းမြင့်ကျော်-မိတ္ထီလာ)

ရခိုင်ပြည်နယ်

မြို့တိုင်းရင်းသားရိုးရာအက တင်ဆက်ကပြ

အကြိမ်(၂၀)မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စစ်တွေမြို့ ဦးဥတ္တမ ခန်းမ၌ အောက်တိုဘာ ၁၅ ရက်က ကျင်းပခဲ့ရာ ပိတ်ပွဲနှင့် ဆုပေးပွဲနေ့က ရခိုင်မျိုးနွယ်စုများ ဖြစ်ကြသည့် ဒိုင်းနက်၊ သက်၊ ခမီ၊ မြိုတိုင်းရင်းသားများက ရိုးရာအကများဖြင့် တင်ဆက်ခဲ့ကြသည်။ မောင်တောခရိုင် ပါရိန်းမှ မြိုတိုင်းရင်းသားများက ဝါးလုံးဖြင့် ပြုလုပ်ထားသော တူရိယာဖြင့် တီးမှုတ်ကာ ရိုးရာအကဖြင့် တင်ဆက်ကပြကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **[မြဇာ]**

စစ်ကိုင်းတိုင်းဒေသကြီး

ကလေးမြို့ ပြည်သူ့ဆေးရုံတွင် မျက်စိဆရာဝန်နှင့်သမားတော်များ မကြာမီခန့်အပ်မည်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ပြည်သူ့ဆေးရုံတွင် တစ်နှစ်ကျော်ကြာလိုအပ်နေသော မျက်စိဆရာဝန်နှင့် သမားတော်ဆရာဝန်ကြီးကို မကြာမီ ခန့်အပ်တော့မည်ဖြစ်ကြောင်း၊ မျက်စိဆရာဝန်ကြီးကို လာမည့် နိုဝင်ဘာလတွင် ခန့်အပ်နိုင်မည်ဖြစ်ပြီး သမားတော်ကြီးကို ကျန်းမာရေးဝန်ကြီးဌာန၏ အနီးစပ်ဆုံးစီမံရေး အစည်းအဝေးတွင် အထူးဦးစားပေးအစီအစဉ်ဖြင့် ခန့်ထားပေးနိုင်ရေးဆောင်ရွက်သွားမည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားထားပြီးဖြစ်ကြောင်း အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလှိုင်က ပြောသည်။

"ကျွန်တော်တို့ ကလေးမြို့မှာ မျက်စိဆရာဝန်လစ်လပ်နေတာ တော်တော်ကြာနေပြီဖြစ်ပါတယ်၊ လွှတ်တော်ကိုယ်စားလှယ်တွေ လွှတ်တော်မတက်ရောက်ခင် လေးမှာ ပြည်သူတွေနှင့်တွေ့ပြီး ပြည်သူ့လိုအပ်ချက်တွေကို မေးမြန်းသွားတုန်းက ပြည်သူ့ဆေးရုံကြီးမှာ ဆရာဝန်တွေလစ်လပ်နေတယ်၊ လစ်လပ်နေတဲ့ဆရာဝန် တွေ ခန့်ထားပေးနိုင်ရေး တင်ပြကြပါတယ်၊ တကယ်လိုနေတဲ့ ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးတာကျေးဇူးတင်ပါတယ်၊ အရင်ကဆိုရင် မျက်စိနဲ့ပတ်သက်လို့ ဆေးကုသမှုခံယူကြမယ်ဆိုရင် သီတဂူမျက်စိဆေးရုံကိုသာ အားကိုးအားထားပြုရပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးက ပြောသည်။ **[လင်းလက်ကြယ်စင်]**

ချင်းပြည်နယ်

အိန္ဒိယဝယ်လိုအားကြောင့် မြန်မာ့မတ်ပဲဈေး အမြင့်ဆုံးသို့ရောက်

မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့နေသည့် မတ်ပဲဈေးသည် စက်တင်ဘာလဝက်ခန့်မှ စတင်၍ အိန္ဒိယနိုင်ငံဘက်မှ ဝယ်လိုအားကြောင့် တဖြည်းဖြည်းမြင့်တက်လာရာ အောက်တိုဘာ ၁၄ ရက်တွင် မတ်ပဲတစ်တန်လျှင် ကျပ် ၅၄၉၀၀၀ ဈေးဖြင့် အမြင့်ဆုံးသို့ရောက်ရှိလာကြောင်း သိရသည်။

မြန်မာ့မတ်ပဲသည် စက်တင်ဘာလကုန်ပိုင်းအထိ တစ်တန်လျှင် ကျပ် ၄၉၀၀၀၀ ကျော်ဈေးရှိရာမှ အောက်တိုဘာလဆန်းပိုင်းမှစတင်ကာ ဈေးမြင့်တက်လာခဲ့ကြောင်း၊ ယခုနှစ်အတွင်း အိန္ဒိယရှိ မတ်ပဲစိုက်ခင်းများ အထွက်နှုန်းမှာ ၅၀ ရာခိုင်နှုန်းအထိ လျော့ကျသည့်အတွက် မြန်မာနိုင်ငံမှ မတ်ပဲများကို ဆက်တိုက်ဝယ်ယူခြင်းဖြစ်ကြောင်း၊ ပဲစတင်ပေါ်ချိန်ဖြစ်သည့် မတ်လနှင့် ဧပြီလတွင် ပဲဈေးနှုန်းများဈေးအနိမ့်ဆုံးဖြစ်ခဲ့ပြီး မတ်ပဲတစ်တန်လျှင် ကျပ် ၄၄၀၀၀၀ နှင့် ကျပ် ၄၅၀၀၀၀ ကြားတွင်သာရှိခဲ့ကြောင်း၊ ဇွန်လနှင့် ဇူလိုင်လ များတွင် ပဲဈေးအမြင့်ဆုံးရရှိခဲ့ပြီး မတ်ပဲတစ်တန်လျှင် ကျပ် ၅၃၀၀၀၀ ဝန်းကျင် အထိရရှိခဲ့ကြောင်း ပဲကုန်သည်တစ်ဦးက ဆိုသည်။

ပဲစားသုံးမှုမြင့်မားသည့် အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့သည့် မတ်ပဲနှင့် ပဲစင်းငုံတွင် ပဲစင်းငုံမှာ တစ်တန်လျှင် ကျပ် ၅၆၀၀၀၀ ဝန်းကျင်ဖြင့် ပြီးခဲ့သည့် လကတည်းက ဈေးငြိမ်နေပြီး မတ်ပဲတစ်မျိုးသာလျှင် လိုအပ်ချက်မြင့်နေသော ကြောင့် ဈေးမြင့်တက်နေခြင်းဖြစ်ကြောင်း ပြည်တွင်းပဲကုန်သည်တစ်ဦးထံမှ သိရသည်။ **[ဇိုဟေဆာ-ချင်းတောင်ခြေ]**

စစ်ကိုင်းတိုင်းဒေသကြီး

ကလေးမြို့၏ မြို့ဂုဏ်ဆောင် ဗန္ဓုလမြင်းစီးရုပ်တု နေရာပြောင်းရွှေ့

ကလေးမြို့ လမ်းဆုံရှိ ဗန္ဓုလမြင်းစီးရုပ်တုကြီးသည် ကလေးမြို့ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ လုပ်ငန်းတစ်ရပ်ဖြင့် ၁၉၉၅ ခုနှစ် ဩဂုတ် ၁၆ ရက် နံနက် ၉ နာရီ ၁၈ မိနစ်တွင် အုတ်မြစ်ချ စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၁၉၉၅ ခုနှစ် နိုဝင်ဘာ ၂၈ ရက်တွင် ဖွင့်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အဆိုပါ ဗန္ဓုလမြင်းစီးရုပ်တုကြီးသည် ကလေးတက္ကသိုလ်နှင့်ချင်းပြည်နယ် ချင်းတောင်လမ်း၊ နည်းပညာတက္ကသိုလ်နှင့် နတ်ချောင်းလမ်း၊ ကွန်ပျူတာတက္ကသိုလ်နှင့် ကလေးဝလမ်း၊ မြို့မဈေးနှင့် ပြင်သာဆိပ်လမ်းများဆုံရာ လူစည်ကားသည့် မြို့အချက်အချာနေရာ ကလေးမြို့ လမ်းဆုံအဝိုင်းပတ်နေရာတွင် ကလေးမြို့၏မြို့ဂုဏ်ဆောင်အဖြစ် ဇာတိသွေးဇာတိမာန်ကို တက်ကြွစွာပြသလျက် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည် လျက်ရှိခဲ့သည်။

ယခုအချိန်တွင် ကလေးမြို့လမ်းဆုံအဝိုင်းပတ်နေရာ၌ ဆိုလာမီးပွိုင့်များတပ်ဆင်နိုင်ရေးအတွက် မြို့ဂုဏ်ဆောင် ဗန္ဓုလမြင်းစီးရုပ်တု ကြီးကို ကလေးမြို့လမ်းဆုံအဝိုင်းပတ်နေရာမှ မြို့ကျက်သရေဆောင် မြို့တော်ခန်းမရှေ့ ပရဝဏ်အတွင်းသို့ အောက်တိုဘာ ၁၆ ရက်က ပြောင်းရွှေ့ပြီးဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** **[ဂျူနိုင်း]**

ချင်းပြည်နယ်

မြန်မာနိုင်ငံ တမူးမြို့သို့ အိန္ဒိယဂျုံစေ့နှင့် ဂျုံမှုန့်များ တင်သွင်းမှုပိုများလာ

အိန္ဒိယဂျုံစေ့နှင့်ဂျုံမှုန့်များသည် အိန္ဒိယနိုင်ငံ မဏိပူရ် ပြည်နယ်တွင် စားသုံးမှုပိုလျှံ၍ ထုတ်ရောင်းချသူများပြား နေသောကြောင့် မြန်မာနိုင်ငံ တမူးနယ်စပ်ကုန်သွယ်ရေး စခန်းသို့တင်သွင်းမှုမှာ ယခင်ကထက်ပိုမိုလာကာ ပြီးခဲ့ သည့် လပိုင်းအတွင်းက ဂျုံစေ့တန် ၄၁၀၀၀ ကီလိုဂရမ် (ကန်ဒေါ်လာ ၉၆၁၂ ဒသမ ၁၂၉ တန်ဖိုး) တင်သွင်းခဲ့ပြီး ဂျုံမှုန့်တန် ၅၇၀၉၅၅ ကီလိုဂရမ် (ကန်ဒေါ်လာ ၁၄၂၅၉၂ ဒသမ ၆၅၁ တန်ဖိုး) တင်သွင်းမှုရှိခဲ့ကြောင်း တမူးနယ်စပ် ကုန်သွယ်ရေးစာရင်းများအရ သိရသည်။

"ကုန်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း ၁၇ မျိုးထဲမှာ ဂျုံစေ့က လေးနေရာမြောက်မှာရပ်တည်နေပြီး ဂျုံမှုန့်က ၁၃ နေရာမှာ ရပ်တည်နေပါတယ်။ နောက်ပြီး ဂျုံစေ့က အဓိကသွင်းကုန်ထဲမှာလည်း တစ်ခုအပါအဝင်ဖြစ် ပါတယ်"ဟု နယ်စပ်ကုန်သွယ်ရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ဂျုံစက်ရုံများရှိနေသော်လည်း ဒေသခံပြည်သူများ စားဝတ်နေရေးအဆင်ပြေချောမွေ့ စေရန် ရည်ရွယ်၍ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူ ရေးရာဦးစီးဌာနက တမူးနယ်စပ်မှတစ်ဆင့် ဂျုံစေ့နှင့် ဂျုံမှုန့်များကို တင်သွင်းခွင့်ပြုထားရာ ပြီးခဲ့သည့်လအတွင်း ကလည်း ဂျုံစေ့တန် ၆၀၊ ဂျုံမှုန့်တန် ၇၀ ကျော်ကို တင်သွင်းမှုရှိခဲ့ပြီး ယခင်အပတ်များထက် တင်သွင်းမှု ပိုမို များပြားလာကြောင်း နယ်စပ်ကုန်သွယ်ရေးစာရင်းများအရ သိရသည်။

မြန်မာ-အိန္ဒိယနယ်စပ် မိုးရေးမြို့တွင် ဂျုံစေ့ တစ် ကီလိုဂရမ်လျှင် ရူပီး ၂၀ (မြန်မာငွေကျပ် ၃၂၀ နှုန်း) ဈေးပေါက်နေ၍ အိန္ဒိယဂျုံမှုန့် တစ်ကီလိုဂရမ်တွင်မူ ၂၅ ရူပီး(မြန်မာငွေ ၄၀၅ ကျပ်နှုန်း) ဈေးပေါက်နေကြောင်း ဒေသခံကုန်သည်များထံမှ သိရသည်။ **[ဇိုဟေဆာ-ချင်းတောင်ခြေ]**

မကွေးတိုင်းဒေသကြီး

ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ယခုလ ၁၆ ရက်က ကျေးလက်ဒေသအထိ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အောက်တိုဘာ ၁၆ ရက်တွင် ပခုက္ကူမြို့နယ် ကျွန်းညိုကြီးရွာ၌ ကျွန်းညိုကြီးအုပ်စု၊ တင်းဂါတ်အုပ်စု၊ ကုက္ကိုလှအုပ်စု၊ မယ်ဇလီပင်ကုန်း အုပ်စု၊ မြင်းကျွန်းအုပ်စု၊ လယ်ယာအုပ်စု၊ ကြားကျွန်းအုပ်စုရှိ ကျေးလက် ပြည်သူများအား နံနက် ၉ နာရီတွင် လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် ချောက်ကန်အုပ်စု၊ ကိုင်းအုပ်စု၊ ကံရပ်ကြီးအုပ်စုရှိ ကျေးလက်ပြည်သူများနှင့် လည်းကောင်း၊ ညနေ ၃ နာရီက ကွန်းရွာအုပ်စုအပါအဝင် ကျေးရွာအုပ်စု ၁၀ အုပ်စုရှိ ကျေးလက်ပြည်သူများနှင့်လည်းကောင်း တွေ့ဆုံညှိနှိုင်းလျက် လိုအပ်ချက်များကို ကြိုးပမ်းလုပ်ဆောင်ပေးမည် ဖြစ်ကြောင်း တာဝန်ရှိ သူများက ပြောကြားခဲ့ကြောင်း သိရသည်။ ကွင်းဆင်းလေ့လာ၍ ကျေးလက် ပြည်သူတို့၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် ပခုက္ကူမြို့နယ် ဒုအုပ်ချုပ်ရေးမှူး ဦးကျော်စိုးထင်၊ မြို့နယ်ရဲမှူးကြီး သန်းစိုး၊ ခရိုင်မီးသတ် ဦးစီးမှူး ဦးခင်မောင်သန်း၊ ခရိုင်ကျေးလက်ဦးစီးမှူး ဦးဇော်ဇော်မျိုး၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဥက္ကဋ္ဌ ဦးရဲထွဋ်တို့ လိုက်ပါ၍ ကျေးလက်အုပ်ချုပ်ရေးမှူးများ၊ ထောက်ကူပြုကော်မတီဝင်များ၊ ကျေးလက်ပြည်သူများနှင့် ရင်းနှီးပွင့်လင်းစွာ တွေ့ဆုံဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **[နေဦးမောင်-ပခုက္ကူ]**

မွန်ပြည်နယ်

ကျိုက်ထိုမြို့နယ်တွင် ကူးတို့လှေအသက်ကယ်ဝတ်စုံဝတ် သရုပ်ပြလေ့ကျင့်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်စံပြကျေးရွာ ဆိပ်ကမ်းသာရပ်ကွက် စက်လှေဂိတ်တွင် သိမ်ဇရပ်-ခရွဲ စက်တပ်ကူးတို့ယာဉ်များတွင် အရေးပေါ်အသက်ကယ်ဝတ်စုံအသုံးပြုနိုင်ရန်အတွက် သရုပ်ပြလေ့ကျင့်မှုကို အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။**(အောက်ပုံ)**

ယင်းသို့ သရုပ်ပြလေ့ကျင့်ရာသို့ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန အမှုဆောင်အရာရှိဦးစောရွှေနှင့် တာဝန်ရှိသူများက ကြပ်မတ်ခဲ့ကြပြီး စက်လှေစီးခရီးသည်အချို့လည်း ဝင်ရောက်လေ့ကျင့်ခဲ့ကြသည်။ သိမ်ဇရပ်-ခရွဲ ကူးတို့စက်တပ်ယာဉ်များသည် စစ်တောင်းမြစ်အတွင်း ခြောက်မိုင်ခရီး အကွာအဝေးပြေးဆွဲကြရာ မိုးရာသီလှိုင်းကြီးလေထန်သည့်အချိန်များတွင် ဝတ်ဆင်အသုံးပြုနိုင်ရန် လေ့ကျင့်ကြခြင်းဖြစ်ပြီး စက်လှေတစ်စင်းလျှင် ခရီးသည်ငါးဦး တင်ဆောင်ပြေးဆွဲကြရာ တစ်စင်းလျှင် အသက်ကယ်ဝတ်စုံငါးထည်ထားရှိရန် စီစဉ်ပေးထားကြောင်း ကူးတို့လိုင်းလေလံရယူထားသူ ဦးအေးငွေက ပြောသည်။ **[ရဲခေါင်ဦး]**

မွန်ပြည်နယ်

မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကွင်းဆင်းဆောင်ရွက်

မော်လမြိုင်မြို့နယ် ကတိုးကျေးရွာအုပ်စုနှင့် ကော့နက်ကျေးရွာအုပ်စုသို့ မွန်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေး အဖွဲ့မှ အောက်တိုဘာ ၁၄ ရက်တွင် လူမှုရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သည် ကော့နက်ကျေးရွာအုပ်စု မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခွဲ မူလတန်းကြိုကျောင်းရှိ ကလေးငယ် ၅၈ ဦးအား အာဟာရကျွေးမွေးပြီး ကလေးငယ်များ၏ သင်ကြားသင်ယူမှုများအပေါ် အားပေးကြည့်ရှုခဲ့ကြကာ ကလေးမိဘများနှင့် တွေ့ဆုံ၍ အသက်(၁)နှစ်မှ (၅)နှစ်အောက်ကလေးများအတွက် အစားအစာနှင့်ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ကော့နက်ကျေးရွာစာကြည့်တိုက်တွင် ကျန်းမာရေးအသိပညာပေးဟောပြောပွဲ ကျင်းပရာ ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်တိုင်းရင်းဆေးပညာ ဦးစီးဌာနတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဟောပြောကြပြီး အထွေထွေရောဂါ၊ သွေးတိုးရောဂါ၊ အကြောရောဂါများနှင့်ပတ်သက်၍ လာရောက်ပြသသည့် ဝေဒနာရှင် ၅၅ ဦးအား အခမဲ့ကုသပေးကြောင်း သိရသည်။

ထို့နောက် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့သည် ကတိုးကျေးရွာအုပ်စု တိုက်နယ်ဆေးရုံတွင် အရန်သားဖွားသင်တန်း တက်ရောက်နေသည့် သင်တန်းသူ ၁၉ ဦးအား တွေ့ဆုံ၍ လိုအပ်သည်များ မေးမြန်း၍ သင်တန်းသူတစ်ဦးလျှင် ငွေကျပ်တစ်သောင်းနှုန်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။ **[သင်းဇာဇာအောင်]**

ပဲခူးတိုင်းဒေသကြီး

မိုးရာသီတွင် ရေတိုက်စားခံရသည့် ရေလွှတ်မြောင်းမကြီးအား ပြုပြင်ထိန်းသိမ်း

တောင်ငူမြို့နယ် စပါးကွယ်ကျေးရွာအုပ်စု ကြူအင်းကျေးရွာအနီး ခပေါင်းရေလှောင်တမံ လက်ဝဲပင်မတူးမြောင်းမကြီး၏ မြောင်းပေါင်မြေသားများ မိုးရာသီအတွင်းက ရေတိုက်စားပြိုကျခဲ့မှုများကို အောက်တိုဘာ ၁၆ ရက်မှစ၍ ပြန်လည်ပြုပြင်လျက်ရှိသည်။ ပြည်-ပေါက်ခေါင်း-ကျေးတော (တောင်ငူ) မီးရထားလမ်းအတွက် ဖို့ထားသောတာပေါင်နှင့် လက်ဝဲပင်မတူးမြောင်းမကြီး ဆုံရာနေရာတွင် မိုးရေတိုက်စားထားသောချောက်များကို ဘက်ဟိုးဖြင့် မြေဖို့ခြင်း၊ ပင်မတူးမြောင်းပေါ်၌ ဖြတ်သန်းသွားသောကျေးရွာချင်းဆက်လမ်းများအား ဒိုဇာဖြင့်မြေညှိခြင်းတို့ကို ဆည်မြောင်း ဦးစီးဌာန တည်ဆောက်ရေး(၅) လက်ထောက်ညွှန်ကြားရေးမှူး (၃)က အနီးကပ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။ မြေညှိခြင်းလုပ်ငန်းများ ပြီးစီးပါက ပင်မတူးမြောင်းနံရံများကို ကျောက်ပြားကပ်ခြင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **(အောက်ပုံ)** **[ကိုလွင်-ဆွာ]**

စစ်ကိုင်းတိုင်းဒေသကြီး

စစ်ကိုင်းကောင်းမှုတော်ဘုရားကြီးသို့ တက်ရောက်ပူဇော်ကြမည့် အရဏ်တော်ဝတ်အသင်း

စစ်ကိုင်းမြို့တွင် ဝါတွင်းဘုရားစဉ်ပွဲတော်များကို သီတင်းဥပုသ်အပတ်စဉ်တိုင်း ကျင်းပကြပြီး ရပ်ကွက်ကျေးရွာအသီးသီးမှ အရဏ်တော် ဝတ်အသင်းများသည် တူညီဝတ်စုံများဖြင့် တက်ရောက်ပူဇော်လေ့ရှိကြသည်။ ဝါဆိုလပြည့်နေ့တွင် စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်မှစတင်၍ ဝါတွင်းဘုရားစဉ်ပွဲတော်များကို ဥပုသ်သီတင်းအပတ်စဉ်တိုင်း ကျင်းပကြကာ သီတင်းကျွတ်လပြည့်နေ့တွင် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် အဆုံးသတ်လေ့ရှိကြကြောင်း သိရသည်။ စစ်ကိုင်းမြို့ ဝါတွင်းဘုရားစဉ်ပွဲတော်များ၏ နောက်ဆုံး ပွဲတော်ကြီးဖြစ်သည့် ကောင်းမှုတော်ပွဲတော်ကြီးသို့ စစ်ကိုင်းမြို့နှင့်အနီးဝန်းကျင်ကျေးရွာ၊ရပ်ကွက်များမှ အရဏ်တော်ဝတ်အသင်းများက တူညီယောဂီဝတ်စုံများ၊ ဒေဝါဝင်း၊ ရာဇာဝင်းများခင်းကာ အတီးအမှုတ်၊ အကအခုန်များ၊ ယိမ်းအဖွဲ့၊ ပြောအဖွဲ့များနှင့် မြို့လုံးကျွတ်တက်ရောက်ပူဇော်ကြရာ **(ယာပုံ)** အထူးစည်ကားလေ့ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်ကြီးသို့ တက်ရောက်ပူဇော်ကြမည့် ရပ်ကွက်၊ ကျေးရွာ ၁၃ ရပ်ကွက်မှ အရဏ်တော်ဝတ်အသင်းများသို့ ယဉ်ကျေးမှုရိုးရာ ဓလေ့မပျက် ဘာသာရေးတူညီဝတ်စုံများနှင့် တက်ရောက်ပူဇော်နိုင်ကြရန် ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ဆေကိန္ဒက အမျိုးသားအရဏ်တော်ဝတ်အသင်းဝတ်စုံ ၂၂၇၉ စုံနှင့် အမျိုးသမီးယောဂီဝတ်စုံ ၈၅၀ တို့အား မြို့နယ်နှင့်ကျေးရွာ၊ ရပ်ကွက် စီမံခန့်ခွဲရေးကော်မတီများမှတစ်ဆင့် စာရင်းများ ကောက်ခံပေးအပ်လှူဒါန်းကြောင်း သိရသည်။

"အမျိုးသားတွေအတွက် စတစ်အင်္ကျီအဖြူလက်ရှည်နဲ့ ပုဆိုးဖြူ၊ အမျိုးသမီးတွေအတွက် ယောဂီလုံချည်နဲ့ ပိတ်စအဖြူတွေ ပေးအပ်လှူဒါန်းတာပါ။ အခက်အခဲများစွာရှိတဲ့အထဲက နှစ်ပေါင်းများစွာ ဘာသာရေး အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလာကြတဲ့ အရဏ်တော်ဝတ်အသင်းတွေကို အားပေးကူညီပေးတဲ့အနေနဲ့ လှူဒါန်းတာပါ။ အရဏ်တော်ဝတ်အသင်းဝတ်စုံတွေ လှူဒါန်းတာက လေးကျွန်းမာရ်အောင်ဘုရား ထီးတော်တင်လှူပွဲတုန်းက စတင်ခဲ့တာပါ။ ဝတ်စုံတွေကို ကျေးရွာ၊ ရပ်ကွက်အလိုက် ကောက်ခံပေးအပ်လာတဲ့ အရေအတွက်အတိုင်း လှူဒါန်းပေးအပ်တာပါ" ဟု ဓမ္မဒူတသာသနာပြု အကျိုးဆောင် ဦးအောင်မင်းက ပြောပြသည်။

(နန္ဒာမင်းလွင်)

တနင်္သာရီတိုင်းဒေသကြီး

ပြည်သူ့ရဲမှ ကူညီလိုက်သည်

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့ ဆင်ဖြူပြင်ဆိပ်ကမ်းသို့ အောက်တိုဘာ ၁၅ ရက် ညနေ ၃ နာရီခန့်တွင် ရောက်ရှိလာသော ကော့သောင်း-ထားဝယ်ခရီးစဉ် အမြန်ရေယာဉ် (၇၂၇)ဖြင့် လိုက်ပါသည့် ဒုက္ခိတခရီးသည်တစ်ဦးအား လာရောက်ကြိုသူမရှိသဖြင့် ဆိပ်ကမ်းဗောမှ ကမ်းပေါ်ရှိ မော်တော်ယာဉ်သို့ ရဲတပ်ကြပ် အောင်ညွန့်ဌေးက ကုန်းပိုးသယ်ယူပို့ဆောင်ကူညီနေသည်ကို တွေ့ရသည်။ **(အောက်ပုံ)**

(ဉာဏ်ဝင်း)

မွန်ပြည်နယ်

မိုးရာသီ မြန်မာ့သိုင်းဗန်တို စွမ်းရည်ပြိုင်ပွဲ

မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်နှင့် မွန်ပြည်နယ်သိုင်းအဖွဲ့တို့၏စီစဉ်မှုဖြင့် ပေါင်မြို့နယ် အားကစားနှင့် ကာယပညာ ကော်မတီနှင့်ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာသိုင်း၊ ဗန်တိုအားကစားနည်း (၁/၂၀၁၃) သင်တန်းစွမ်းရည်ပြပြိုင်ပွဲနှင့် ဗန်တို(အတိုက်) ဗိုလ်လုပွဲ အခမ်းအနားကို အောက်တိုဘာ ၁၂ ရက်နံနက် ၉ နာရီက ပေါင်မြို့(အထက) ရွှေရတုခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ငြိမ်း၊ လက်ထောက် မြို့နယ်ပညာရေးမှူး ဦးကျော်သန်းတို့က အမှာစကား ပြောကြားကြပြီး မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်နှင့် မွန်ပြည်နယ်သိုင်းအဖွဲ့တို့မှ မြန်မာ့ရိုးရာသိုင်းပညာရှင်များ၊ သိုင်းနှင့်ဗန်တိုသင်တန်းသား သင်တန်းသူများက သိုင်းစွမ်းရည်နှင့် ဗန်တိုစွမ်းရည်များကို ပြသကြသည်။

အဆိုပါ မြန်မာ့ရိုးရာသိုင်းနှင့် ဗန်တိုသင်တန်းကို စက်တင်ဘာ ၁၅ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်ခဲ့သည်ဟု သိရပြီး အထက(ပေါင်)၊ အထက(ဇင်းကျိုက်)၊ အထက နတ်ကြီးချောင်နှင့် အထက (ခွဲ)ကျွဲခြံတို့မှ ကျောင်းသား ကျောင်းသူ သင်တန်းသား ၂၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၁၆၅)



မန္တလေးတိုင်းဒေသကြီး

မြန်မာ့စီးပွားရေးဘဏ်ငွေလွှဲလုပ်ငန်း သီးသန့်ကောင်တာများ ဖွင့်လှစ်

ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူကို ဗဟိုပြုသည့် လုပ်ငန်းစနစ်နှင့်အညီ ပြည်သူများ စိတ်ချမ်းမြေ့စွာ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ရရှိနိုင်ရေးအတွက် လုပ်ငန်းစနစ်များ ဖြေလျှော့ခြင်း၊ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ ဘဏ်အခင်းအကျင်းများ ပြုပြင်ပြောင်းလဲမှု အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ ငွေလွှဲရာတွင် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်း၊ ကျွဲဆည်ကန် (၁) လမ်းနှင့်(၂)လမ်းကြား အမှတ်(ယ-၉/၅)တွင် မြန်မာ့စီးပွားရေးဘဏ်ငွေလွှဲလုပ်ငန်းသီးသန့်ကောင်တာကို အောက်တိုဘာ ၁၅ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ ယင်းကောင်တာတွင် အခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်ပေးမည်မဟုတ်ဘဲ ငွေလွှဲပို့ခြင်းနှင့် လွှဲငွေထုတ်ပေးခြင်း လုပ်ငန်းကိုသာ လွယ်ကူလျင်မြန်မှုရှိစေရန် အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်သည်။

မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံတစ်ဝန်းဘဏ်ခွဲပေါင်း ၃၀၀ ကျော်ရှိရာ သီးသန့် ငွေလွှဲကောင်တာများ ဖွင့်လှစ်လိုက်ခြင်းဖြင့် ဒေသအသီးသီးရှိ ပြည်သူများ အနယ်နယ်အရပ်ရပ်သို့ ငွေလွှဲပို့ခြင်း၊ လွှဲပို့ငွေထုတ်ယူခြင်းတို့ကို အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာ့စီးပွားရေးဘဏ် (ကျွဲဆည်ကန်) ငွေလွှဲကောင်တာမှ ဖက်စ်ဖြင့် နေ့ချင်းရောက်ဘဏ် ၂၆၃ ဘဏ်သို့လည်းကောင်း၊ ငွေလွှဲလက်မှတ်ဖြင့် ဘဏ်ခွဲပေါင်း ၃၀၅ ဘဏ်သို့လည်းကောင်း ငွေလွှဲထုတ်ယူခြင်း၊ ငွေလွှဲပေးပို့ခြင်း ဝန်ဆောင်မှုများ သီးသန့်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ ***(သီဟကိုကို-မန္တလေး)***

စစ်ကိုင်းတိုင်းဒေသကြီး

အစေ့ထုတ်ပြောင်းစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှုစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးသည် တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ကန်ဖျားကျေးရွာ တောင်သူဦးကျော်ခင်စိုက်ပျိုးထားသော ရေဆင်းစပ်မျိုး (၁၀) အစေ့ထုတ်ပြောင်း လေးဧကအောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး

စပါးရိတ်သိမ်း ခြွေလှေ့စက်များ ရောင်းချ

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသောနိုင်ငံဖြစ်ပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသော ပြည်သူတို့သည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေထိုင်ကြောင်းသိရသည်။ ယခုအခါ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးတည်ဆောက်လျက်ရှိရာ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းလျက်ရှိပြီး ကျွဲ၊ နွားများဖြင့် ထွန်ယက်စိုက်ပျိုးရာမှ ကျွဲ၊ နွားများအစား လယ်ထွန်စက်များဖြင့် ထွန်ယက်ခြင်း၊ လူ့စွမ်းအားဖြင့် စိုက်ပျိုးရိတ်သိမ်းခြွေလှေ့ရာမှ စက်ကိရိယာများဖြင့် အစားထိုး လုပ်ဆောင်လာကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်သည် ရပ်ကွက်ပေါင်း ၁၂ ရပ်ကွက် ကျေးရွာအုပ်စုပေါင်း ၆၄ အုပ်စုရှိသည်။ သုံးခွမြို့အမှတ်(၄)ရပ်ကွက် အောင်ဇေယျလမ်းမကြီးဘေးရှိ Bright Light Co.,Ltd. (ကြက်တံဆိပ်မိသားစု) မှ စပါးရိတ်သိမ်းခြွေလှေ့စက်များကို ရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**စက်များမှာ ဂျပန်နိုင်ငံမှ တင်သွင်းလာသော ကူဘိုတာ၊ မစ်ဆူဘီရှီ၊ အီစီကီ၊ ရန်မာ အမျိုး အစားများဖြစ်ကြပြီး တစ်စီးလျှင် ကျပ်သိန်း ၅၀ မှ သိန်း ၂၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။ သိန်း ၅၀ တန် စက်မှာ နံနက်နှင်းကွဲချိန်မှ ညနေစောင်းထိ ရိတ်သိမ်းခြွေလှေ့နိုင်ပြီး သုံးဧကမှ လေးဧက၊ သိန်း ၆၀ တန် စက်မှာ လေးဧကမှ ငါးဧက၊ သိန်း ၁၀၀ တန် စက်မှာ ခြောက်ဧကမှ ရှစ်ဧက၊ သိန်း၁၃၀ တန်စက်မှာ ရှစ်ဧကမှ ၁၀ ဧက ပြီးစီးနိုင်ကြောင်း သိရသည်။

စက်များကိုအသုံးပြုခြင်းဖြင့် ရိတ်သိမ်းချိန်တွင် စပါးရိတ်သမားရှာဖွေရသော အခက်အခဲမရှိခြင်း၊ အလေအလွင့်မရှိခြင်း၊ ပဲစိုက်ပျိုးချိန်အမီရိတ်သိမ်းနိုင်ခြင်း၊ စရိတ်သက်သာခြင်း၊ အချိန်ကုန်လူပင်ပန်းမှု သက်သာခြင်းစသော အကျိုးကျေးဇူးများရနိုင်ကြောင်း သိရသည်။ စက်ဝယ်ယူ သုံးစွဲသူများသည် မိမိလယ်ယာမြေတွင် အသုံးပြုခြင်းအပြင် အခြားလယ်ယာမြေများတွင်လည်း အခပေးစနစ်ဖြင့် ငှားရမ်းအသုံးပြုနိုင်သဖြင့် အဘက်ဘက်မှ အလုပ်တွင်ကျယ်ကာ တောင်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး စပါးရိတ်သိမ်းခြွေလှေ့စက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၅၁၄၁၇၄၄ သို့ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

(ကိုကျော်-သုံးခွ)

မကွေးတိုင်းဒေသကြီး

ကြက်သွန်ဈေးနှုန်းမြင့်၍ ပခုက္ကူဒေသ ကြက်သွန်စိုက်တောင်သူများ ဝမ်းမြောက်

ပခုက္ကူဒေသ ပေါက်နယ် ယောချောင်းစိုက် ကြက်သွန်များ ဈေးကောင်းရနေ၍ တောင်သူများ ရွှင်လန်းဝမ်းမြောက်နေကြကြောင်း သိရသည်။ **(အောက်ပုံ)**ပေါက်နယ်၊ ပခုက္ကူနယ်၊ ဆိပ်ဖြူနယ်များသို့ ဖြတ်သန်းစီးဆင်းသော ယောချောင်း တစ်လျှောက်ရှိ ရွာပေါင်း ၁၀၀ ခန့်သည် ကြက်သွန်ကိုအဓိကထား၍ စိုက်ပျိုးကြသည်။ နှစ်စဉ်တန်ဆောင်မုန်း၊ နတ်တော်လများတွင်ပျိုးထောင်၍ ပြာသိုလအချိန် ယောချောင်းရေနည်းပါးသည့်ကာလ ချောင်းဘေးတစ်လျှောက် ကြက်သွန်အများအပြားစိုက်ပျိုးရာ ကြက်သွန်အချိန် သိန်း ၂၀၀ ကျော် ဝန်းကျင်ထွက်ရှိသည်ဟုဒေသခံများထံမှ သိရသည်။ “ကြက်သွန်ဈေးကောင်းနေတော့ ပခုက္ကူဦးမေယကျောင်းဝိုင်းကြီးထဲကို ကြက်သွန်အချိန်ငါးသောင်းခန့်ဝင်နေပါတယ်။ ပွဲစားတွေ၊ လှောင်လက်တွေလက်ထဲမှာ ကြက်သွန်ကမရှိပါဘူး။ ရန်ကုန်၊ မန္တလေး၊ မြဝတီ၊ မူဆယ်၊ ဘင်္ဂလားဒေ့ရှ် ဝယ်လက်တွေကိုယ်တိုင်ဆင်းဝယ်နေတာပါ”ဟု ကြက်သွန်ပွဲစားတစ်ဦးကပြောသည်။ ယခုဘဏ္ဍာနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့သို့ကြက်သွန် တန်ချိန် သုံးသောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်မှ စက်တင်ဘာလအတွင်း တန်ချိန် ၅၀၀၀ မှာယူထားကြောင်း သိရသည်။ ပခုက္ကူ ကြက်သွန်ဈေးကွက်တွင် အောက်တိုဘာလလယ် သတင်းအရ ပိဿာချိန် ၁၀၀ လက်ကားဈေး ကြက်သွန်ခါးသေး ကျပ် ၇၅၀၀၀၊ အကြီး ကျပ်၈၀၀၀၀နှုန်း ပေါက်နေကြောင်းနှင့် နယ်စပ်ထွက်ပေါက်များမှ တစ်ဆင့် ဝယ်ယူနှုန်းကောင်းနေကြောင်း သိရသည်။ ယခုနှစ် ကြက်သွန်ထွက်နှုန်းသည် ယခင်နှစ်များထက်နည်းပြီး တောင်သူလက်ထဲတွင် အချိန်သိန်း ၂၀ ကျော်ဝန်းကျင်သာရှိနိုင်ကြောင်း ကြက်သွန်ပွဲစားများက ခန့်မှန်းပြောဆိုလျက်ရှိသည်။

(နေဦးမောင်-ပခုက္ကူ)

ရင်းနှီးမြှုပ်နှံမှုတိုးတက်စေရေး ဆောင်ရွက်ချက်များ

ဒေါက်တာဒေါ်မာလာမျိုးညွန့်

မြန်မာနိုင်ငံသည် ပြည်သူများ၏ စားဝတ်နေရေးချောင်လည်စေရေး၊ လူနေမှုအဆင့်အတန်းမြင့်မားလာစေရေးနှင့် နိုင်ငံတော်စီးပွားရေးဘက်စုံတိုးတက်စေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ဘဘာဝအရင်းအမြစ်များ ကြွယ်ဝသောနိုင်ငံဖြစ်၍ လယ်ယာထုတ်ကုန်သီးနှံများဖြစ်သော ဆန်စပါး၊ ပဲအမျိုးမျိုး၊ ရော်ဘာ၊ ကြံ အစရှိသည့် သီးနှံများကို စီးပွားဖြစ် တင်ပို့နိုင်သော အလားအလာကောင်းများ ရှိသကဲ့သို့ ငါး၊ ပုစွန်မွေးမြူခြင်းလုပ်ငန်း၊ ဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေခြင်းလုပ်ငန်းများမှာလည်း အကျိုးများစွာ ဖြစ်ထွန်းသော လုပ်ငန်းများဖြစ်ပါသည်။ စက်မှုစီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန်စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များကိုလည်း တည်ထောင်ကာ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အဓိကကုန်ထုတ်စွမ်းအားစုများ (Factors of Production) ဖြစ်သော မြေယာ၊ လုပ်သားနှင့် အရင်းအနှီးတို့ လိုအပ်ပြီး သဘာဝသယံဇာတနှင့် လုပ်သားပေါမြားသော မြန်မာနိုင်ငံသည် အရင်းအနှီးလိုအပ်လျက်ရှိပါသည်။ အဆင့်မြင့်ပြည်တွင်း ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်တွင် ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များသာမက နည်းပညာ၊ အရင်းအနှီးနှင့် ဈေးကွက်ချိတ်ဆက်မှုရှိသည့် ပြည်ပရင်းနှီးမြှုပ်နှံမှုသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိရာ ပြည်ပရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေရေးနှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရေးအတွက် နည်းလမ်းများကို ရှာဖွေရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အားလျော်စွာ ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် လိုအပ်လျက်ရှိပါသည်။ လယ်ယာစိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍတွင် အရင်းအနှီးလိုအပ်သကဲ့သို့ ခေတ်မီစက်မှုနိုင်ငံ တည်ဆောက်ရေးအတွက်လည်း အရင်းအနှီး အများအပြား လိုအပ်နေပါသည်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင်လည်း ရင်းနှီးမြှုပ်နှံရန် လိုအပ်သည့်အပြင် နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် မရှိမဖြစ်လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရင်းအနှီးအမြောက်အမြား လိုအပ်ပါသည်။

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ကဏ္ဍအလိုက်
၃၁-၈-၂၀၁၃ ရက်နေ့အထိ လက်ရှိဆောင်ရွက်နေသော လုပ်ငန်းများ



များပြားလှစွာသော အရင်းအနှီးလိုအပ်ချက်များအတွက် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုတစ်ခုတည်းဖြင့် လုံလောက်နိုင်မှုမရှိသောကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ နှစ်ဦးနှစ်ဖက် အကျိုးအမြတ်များနိုင်သော နယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံခြင်းဖြင့် မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးမှုဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ၏ တိုးတက်မှုရလဒ်ကြောင့် နိုင်ငံတကာအသိုက်အဝန်း၏ ကြိုဆိုထောက်ခံမှုများ ရရှိလာပြီး နိုင်ငံ၏ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခဲ့ပါသည်။ မြန်မာနိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကောင်းများ ဖန်တီးနိုင်ရန်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို နိုင်ငံတော်၏ ပြောင်းလဲလာသော မူဝါဒများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြင်ဆင်ရေးဆွဲခဲ့ပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေနှင့် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ကိုလည်း ပြဋ္ဌာန်းခဲ့ပါသည်။

မြန်မာနိုင်ငံ၏ လူဦးရေမှာ သန်း ၆၀ ခန့်ရှိသည့်အတွက် လုပ်သားပေါများခြင်းနှင့် အတူ လုပ်အားခသက်သာခြင်း၊ သင်ယူတတ်မြောက်လွယ်ခြင်းတို့သည် ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်နိုင်သော အချက်တစ်ရပ်ဖြစ်၍ လုပ်အားစူးစိုက် အသုံးပြုရသော စက်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်ရန် အားသာချက်ရှိပါသည်။ ပြုပြင်ပြောင်းလဲမှုကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသော မြန်မာနိုင်ငံ၏ သားငါးကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများနှင့် အခြားဝန်ဆောင်မှုကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံနိုင်သကဲ့သို့ စက်မှုဇုန်များနှင့် အထူးစီးပွားရေးဇုန်များတွင်လည်း ရင်းနှီးမြှုပ်နှံနိုင်ကြပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းပြီးချိန်မှစ၍ ၂၀၁၃ ခုနှစ် ဩဂုတ်လကုန်အထိ နိုင်ငံပေါင်း ၃၂ နိုင်ငံမှ ကဏ္ဍ(၁၂)ခုတွင် လုပ်ငန်းစုစုပေါင်း ၅၈၄ ခုဖြင့် အမေရိကန်ဒေါ်လာ ၄၃ ဒသမ ၆၈၂ ဘီလီယံ ရင်းနှီးမြှုပ်နှံမှုပြုခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ခွင့်ပြုထားသော စီးပွားရေးကဏ္ဍများအနက် အများဆုံးရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် စီးပွားရေးကဏ္ဍမှာ စွမ်းအင်ကဏ္ဍဖြစ်၍ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ၏ ၄၄ ဒသမ ၀၄ ရာခိုင်နှုန်း၊ ဒုတိယအများဆုံးမှာ ရေနံနှင့်သဘာဝဓာတ်ငွေ့ဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ၏ ၃၂ ဒသမ ၉၀ ရာခိုင်နှုန်း၊ တတိယနှင့် စတုတ္ထအများဆုံးမှာ စက်မှုကဏ္ဍနှင့်သတ္တုကဏ္ဍဖြစ်ပြီး စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏ၏ ၇ ဒသမ ၇၉ ရာခိုင်နှုန်းနှင့် ၆ ဒသမ ၄၈ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။

ကဏ္ဍအလိုက်ရင်းနှီးမြှုပ်နှံမှုတွင် ယခင်က သွင်းအားစုအခြေခံထုတ်လုပ်သောကဏ္ဍ (Natural Resource-Based Sector) များ၌သာ ရင်းနှီးမြှုပ်နှံမှုများခဲ့သော်လည်း ယခုအခါ စက်မှုကဏ္ဍ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှု ပိုမိုများပြားလာခဲ့ပါသည်။ ထို့အပြင် အီးယူအဖွဲ့ဝင်နိုင်ငံများမှ ကုမ္ပဏီများနှင့် Nissan မော်တော်ကားထုတ်လုပ်သည့် လုပ်ငန်းမှလည်း စာမျက်နှာ ၂ သို့ »

AETHER CO.,LTD
အလင်းတမန်ဆက်သွယ်ရေးကုမ္ပဏီ
JOB VACANCY

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး

ဥပဒေစကားဝိုင်း

၁၄-၁၀-၂၀၁၃ ရက်နေ့နှင့် ၁၆-၁၀-၂၀၁၃ ရက်နေ့တို့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်မှ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး ဥပဒေစကားဝိုင်းကို စီစဉ်တင်ဆက်သွားခဲ့ပါသည်။

ယနေ့အချိန်တွင် နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ ဥပဒေပညာရှင်များအကြားတွင်လည်းကောင်း၊ သတင်းမီဒီယာများတွင်လည်းကောင်း ဆွေးနွေးနေကြသည်များမှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ပြန်ရေးကြရန်၊ ပြင်ဆင်ကြရန်ဆိုသည့် အကြောင်းအရာပင် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ အသက်ဖြစ်ပါသည်။ ပြည်သူများအားလုံး အခြေခံဥပဒေအကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန်အတွက် ဥပဒေစကားဝိုင်းကိုရွေးချယ်ဆွေးနွေးတင်ပြခြင်းဖြစ်ကြောင်း သိရှိရသည်။

ဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြသူများမှာ နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးဦးသောင်းညွန့်၊ ကချင်တိုင်းရင်းသား နိုင်ငံရေးခေါင်းဆောင် ဒေါက်တာမနန်တူးဂျာ၊ Myanmar Peace Centre မှ ဥပဒေအကြံပေးပုဂ္ဂိုလ် ဒေါက်တာအင်ဒရူးငွန်ကျုံးလျန်၊ အမျိုးသားလွှတ်တော် နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံး အငြိမ်းစားညွှန်ကြားရေးမှူး ဥပဒေပညာရှင် ဦးသန်းအောင်တို့ ဖြစ်ပါသည်။

ဦးသောင်းညွန့်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေပေါ်ပေါက်လာတဲ့ နောက်ခံသမိုင်းနှင့် ပတ်သက်၍ အကျဉ်းချုံးတင်ပြသွားပါမယ်။ ၁၉၈၈ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော် အာဏာကို ရယူပြီးတဲ့နောက်ပိုင်းမှာ ပါတီစုံ ဒီမိုကရေစီစနစ်နှင့် ဒီမိုကရေစီနိုင်ငံတော် တည်ထောင်မယ်ဆိုပြီးတော့ ကြေညာခဲ့ပါတယ်။ ဒီလို ကြေညာခဲ့တဲ့အခါမှာ အဲဒီတုန်းက အခြေအနေက ၁၉၈၈ ခုနှစ်မတိုင်မီမှာ ကျွန်တော်တို့ နိုင်ငံမှာ ကျင့်သုံးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်ကြည့်တဲ့အခါကျတော့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တစ်ပါတီစနစ်နဲ့ ဆိုရှယ်လစ်နိုင်ငံတော် တည်ဆောက်ဖို့ဆိုတဲ့ အခြေခံနဲ့ ရေးသားပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပါတယ်။ ဒီတော့ ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ဖို့အတွက်ကို ၁၉၇၄ ခုနှစ် အခြေခံဥပဒေကို သုံးစွဲပြီးတော့မှ ဆောင်ရွက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်တဲ့ကိစ္စဖြစ်ပါတယ်။ အဲဒီ ၁၉၇၄ ခုနှစ် အခြေခံဥပဒေကို သုံးစွဲပြီးတော့ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကိုသွားဖို့ မဖြစ်နိုင်တဲ့အတွက် ပါတီစုံ ဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ထောင်နိုင်အောင် အခြေခံဥပဒေအသစ်ရေးဆွဲပြဋ္ဌာန်းဖို့အတွက် လိုအပ်လာပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက် ဖို့အတွက် အခြေခံဥပဒေအသစ်ဆွဲဖို့အတွက် စဉ်းစားတဲ့အခါကျတော့ နည်းလမ်းမျိုးစုံကို စဉ်းစားကြပါတယ်။ နည်းလမ်းမျိုးစုံကို စဉ်းစားတဲ့အခါကျတော့ အကောင်းဆုံးနည်းလမ်းကဘာလဲဆိုတော့ အမျိုးသားညီလာခံကျင်းပပြီး အဲဒီ အမျိုးသားညီလာခံကနေပြီး ဖွဲ့စည်းပုံအခြေခံဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းနိုင်အောင် လိုအပ်တဲ့အခြေခံမူတွေချမှတ်ပေးဖို့ဆိုပြီး စဉ်းစားလို့ရခဲ့ပါတယ်။ ဒီလို စဉ်းစားနိုင်အောင် အမျိုးသားညီလာခံကျင်းပရေးကိစ္စနဲ့ ပတ်သက်ပြီး အဲဒီတုန်းက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ၂၈-၅-၁၉၉၂ ရက်နေ့မှာ တရားဝင်တည်ရှိနေတဲ့ နိုင်ငံရေးပါတီတွေရယ်၊ အဲဒီတုန်းက ရွေးကောက်ပွဲမှာ ရွေးချယ်ခံခဲ့ရတဲ့ ကိုယ်စားလှယ်တွေရယ်၊ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တွေရယ်ကို ဖိတ်ခေါ်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲရေးနဲ့ ပတ်သက်ပြီးတော့ အကြိုညှိနှိုင်းဆွေးနွေးပွဲတစ်ရပ် လုပ်ခဲ့ပါတယ်။ အဲဒီအကြိုညှိနှိုင်းဆွေးနွေးပွဲကို ၂၃-၆-၁၉၉၂ ရက်နေ့ကနေ ၁၀-၇-၁၉၉၂ ရက်နေ့အထိ ဆွေးနွေးညှိနှိုင်းခဲ့တဲ့ ရလဒ်က အားလုံးတက်ရောက်လာကြတဲ့သူတွေက ဖွဲ့စည်းပုံအသစ်ရေးဆွဲနိုင်ရေးအတွက် အမျိုးသားညီလာခံတစ်ရပ် ခေါ်ယူဖို့ဆိုပြီး သဘောတူကြပါတယ်။ ဒါက ပထမအချက်အနေနဲ့ပါ။

နောက်တစ်ချက်ကတော့ ဒီအမျိုးသားညီလာခံခေါ်ယူကျင်းပခဲ့တဲ့အခါမှာ ဒီညီလာခံကြီးကို တက်ရောက်မယ့်ကိုယ်စားလှယ်တွေနဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့အခါမှာ တရားဝင်တည်ရှိနေတဲ့ ပါတီတွေထဲက ကိုယ်စားလှယ်တွေ၊ ရွေးချယ်တင်

အချပ်ပို(ခ)သို့

" ပါတီစုံ ဒီမိုကရေစီစနစ်နဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ဖို့အတွက် အခြေခံဥပဒေအသစ်ဆွဲဖို့အတွက် စဉ်းစားတဲ့အခါ ကျတော့ နည်းလမ်း မျိုးစုံကို စဉ်းစားကြပါတယ်။ နည်းလမ်းမျိုးစုံကို စဉ်းစား တဲ့ အခါကျတော့ အကောင်းဆုံး နည်းလမ်းက ဘာလဲဆိုတော့ အမျိုးသား ညီလာခံ ကျင်းပပြီး အဲဒီ အမျိုးသား ညီလာခံကနေပြီး ဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ် ရေးဆွဲ ပြဋ္ဌာန်း နိုင်အောင် လိုအပ် တဲ့အခြေခံမူတွေချမှတ်ပေးဖို့ဆိုပြီး စဉ်းစား လို့ရခဲ့ ပါတယ်။ "

ပါဝင်ဆွေးနွေးသူများ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း

၁။ အမည် - ဦးသောင်းညွန့်
၂။ ပညာအရည်အချင်း - B.Sc,BL(Advocate)
၃။ မွေးဖွားရာဇာတိ - မိတ္ထီလာမြို့
၄။ တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်း - ၁၉၆၀-၁၉၆၇အထိနယ်ပိုင်၊ တရားမနှင့်အထူးအာဏာရ ရာဇဝတ်တရားသူကြီး၊ ၁၉၆၉ -၁၉၇၄ အထိ ရာဘက်ဆိုင်ရာ တရားမနှင့်စက်ရှင်တရားသူကြီး ရာထူးဖြင့် ရန်ကုန်မြို့တော် တရားမရုံးတွင် ဒုတိယတရားသူကြီးတာဝန်ထမ်းဆောင်၊ ၁၉၇၄-၁၉၈၈ အထိ နိုင်ငံတော်ကောင်စီ ဥပဒေပညာရှင်၊ ၁၉၈၈-၁၉၉၂ အထိ ညွှန်ကြားရေးမှူးချုပ် ရှေ့နေချုပ်ရုံး၊ ၁၉၉၂-၁၉၉၅ အထိ ဥပဒေအကြံပေးပုဂ္ဂိုလ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး၊ ၁၉၉၅- ၂၀၁၁ အထိ အစိုးရအဖွဲ့ရုံးဝန်ကြီး၊ ၁၉၉၃-၂၀၀၇ အထိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင်နှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူးတာဝန်။
၅။ လက်ရှိတာဝန်ထမ်းဆောင်မှု -နိုင်ငံတော်သမ္မတ၏ ဥပဒေအကြံပေးအဖွဲ့ဝင်

၁။ အမည် - ဒေါက်တာမနန်တူးဂျာ
၂။ ပညာအရည်အချင်း - B.D.S ရန်ကုန်
၃။ မွေးဖွားရာဇာတိ - မိုးညှင်းမြို့နယ်၊ ပါဟုတ်ကျေးရွာ
၄။ တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်း - သွားဘက်ဆိုင်ရာဆရာဝန်
၅။ လက်ရှိတာဝန်ထမ်းဆောင်မှု - လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊ ကချင်ပြည်နယ်ဒီမိုကရေစီပါတီ ထူထောင်ရန် ရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားဆဲ။

၁။ အမည် - ဒေါက်တာအင်ဒရူးငွန်ကျုံးလျန်
၂။ ပညာအရည်အချင်း - ဖွဲ့စည်းပုံအခြေခံဥပဒေဘာသာရပ်နှင့်ဥပဒေပါရဂူဘွဲ့ရ (အမေရိကန်)
၃။ မွေးဖွားရာဇာတိ - မတူပီမြို့
၄။ တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်း - ဘွဲ့လွန်ပါရဂူသုတေသီ (အမေရိကန်)၊ တွဲဖက်ညွှန်ကြားရေးမှူး၊ ဒီမိုကရေစီ အခြေခံဥပဒေဌာန(အမေရိကန်)
၅။ လက်ရှိတာဝန်ထမ်းဆောင်မှု - ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းဗဟိုဌာနဥပဒေအကြံပေး

၁။ အမည် - ဦးကျော်ဝင်း
၂။ ပညာအရည်အချင်း - သိပ္ပံဘွဲ့(ဓာတု)
၃။ မွေးဖွားရာဇာတိ - မုံရွာမြို့
၄။ တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်း- စာရေးဆရာ
၅။ လက်ရှိတာဝန်ထမ်းဆောင်မှု - စာရေးဆရာ၊ အမျိုးသားလွှတ်တော် (နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာ ကော်မတီဝင်)



၁။ အမည် - ဦးသန်းအောင်
၂။ ပညာအရည်အချင်း - ဝိဇ္ဇာ(ဥပဒေဘွဲ့)
၃။ မွေးဖွားရာဇာတိ - ရန်ကုန်မြို့
၄။ တာဝန်ထမ်းဆောင်ခဲ့မှုမှတ်တမ်း - ညွှန်ကြားရေးမှူး (ငြိမ်း)၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး
၅။ လက်ရှိတာဝန်ထမ်းဆောင်မှု - ဥပဒေပညာရှင်။

ဥပဒေအကားဝိုင်း

ဦးသောင်းညွန့်

အချပ်ပို (က)မှ

မြောက်ခံရတဲ့ကိုယ်စားလှယ်တွေ၊ တိုင်းရင်းသားမျိုးနွယ်တွေ၊ လူမျိုးစုကိုယ်စားလှယ်တွေပေါ့လေ၊ တောင်သူလယ်သမားကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်၊ နိုင်ငံ့ဝန်ထမ်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ အခြားဖိတ်ကြားသင့်တဲ့ပုဂ္ဂိုလ်တွေ စသည်ဖြင့် အစုအဖွဲ့ စုစုပေါင်း (၈)ဖွဲ့က ကိုယ်စားလှယ်တွေကို ဖိတ်ကြားပြီး ညီလာခံကျင်းပသင့်တယ်ဆိုပြီး ညှိနှိုင်း ရရှိခဲ့ပါတယ်။

အဲဒီညှိနှိုင်းရရှိတဲ့ အချက်နှစ်ချက်အပေါ် မူတည်ပြီး ၉-၁-၁၉၉၃ ရက်နေ့မှာ စတင်ကျင်းပခဲ့ပါတယ်။ ကိုယ်စားလှယ်အစုအဖွဲ့ (၈)ဖွဲ့မှ ညီလာခံ ကိုယ်စားလှယ်ပေါင်း ၇၀၀ ကျော်နဲ့ အမျိုးသားညီလာခံကြီးကို ကျင်းပခဲ့ပါတယ်။

အဲဒီကျင်းပတဲ့နေရာမှာ တရားဝင်တည်ရှိနေတဲ့ အဓိကနိုင်ငံရေးပါတီလို့ ဆိုရမယ့် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီတို့၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီတို့ စတဲ့ပါတီတွေမှာပါတဲ့ ကိုယ်စားလှယ်တွေ ပါခဲ့ပါတယ်။ အဲဒီ ၉-၁-၁၉၉၃ ရက်နေ့က စတင်ကျင်းပခဲ့တဲ့ ညီလာခံကြီးမှာ အခြေခံဥပဒေရေးဆွဲနိုင်ဖို့အတွက် လိုအပ်တဲ့ အခန်းခေါင်းစဉ်တွေ၊ အခြေခံမူတွေ ချမှတ်နိုင်ခဲ့ပါတယ်။

ညီလာခံကြီး ချောချောမွေ့မွေ့နဲ့ ကျင်းပနေတဲ့အချိန်မှာ ၃၀-၃-၁၉၉၆ ရက်နေ့ကျတော့ ညီလာခံကြီးကို ယာယီရပ်ဆိုင်းလိုက်ရတဲ့အခြေအနေမျိုး ဖြစ်လာပါတယ်။ ညီလာခံကြီးကို ဘာကြောင့် ယာယီရပ်ဆိုင်းလိုက်ရသလဲဆိုတာနဲ့ ပတ်သက်ပြီး ကျွန်တော်အနည်းငယ် ရှင်းလင်းလိုပါတယ်။ ညီလာခံကြီးကျင်းပနေတဲ့အချိန်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီကနေပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နဲ့ လုပ်ငန်းကော်မတီကို ၄င်းတို့ပါတီနဲ့ အစိုးရ အဖွဲ့တွေ့ဆုံဆွေးနွေးနိုင်အောင် စီစဉ်ပေးပါဆိုပြီး တင်ပြလာပါတယ်။

ဒီလိုတင်ပြလာတဲ့အခါ ကျွန်တော်တို့ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ရယ်၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရယ်ကို ပေးထားတဲ့တာဝန်က အခုလိုနိုင်ငံရေးပါတီတစ်ခုခုက အစိုးရအဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးဖို့ဆိုတဲ့ လုပ်ပိုင်ခွင့်ပေးမထားပါဘူး။ အဲဒီလိုပေးမထားတဲ့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ တင်ပြချက်ကို ဆောင်ရွက်မပေးနိုင်ခဲ့ပါဘူး။ အဲဒီလို ဆောင်ရွက်မပေးနိုင်တဲ့အတွက်ကြောင့်လည်း အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသားညီလာခံကို ဆက်မတက်ဘဲနေခဲ့ပါတယ်။ ဒီနောက်ပိုင်းမှာ ၃၀-၃-၁၉၉၆ ရက်နေ့မှာ ယာယီရပ်ဆိုင်းထားတဲ့ ဒီအမျိုးသားညီလာခံကြီးကို ၃၀-၈-၂၀၀၃ ရက်နေ့မှာ နိုင်ငံတော်ကနေပြီး ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ကြေညာလိုက်ပါတယ်။

အဲဒီလိုကြေညာလိုက်တဲ့အခါမှာ ပထမဦးဆုံးဆောင်ရွက်မယ့်အစီအစဉ်က ရပ်ဆိုင်းထားတဲ့ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပဖို့ ဖြစ်ပါတယ်။ အဲဒီလို အစီအစဉ်ပါတာနဲ့အညီ အမျိုးသားညီလာခံကို ၁၇-၅-၂၀၀၄ ရက်နေ့ ပြန်လည်ကျင်းပခဲ့ပါတယ်။ အဲဒီလိုပြန်လည်ကျင်းပဖို့ စီစဉ်တဲ့အခါမှာလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ကျွန်တော်တို့နဲ့အတူ အမျိုးသားညီလာခံပြန်လည်တက်ရောက်ပြီး ဆောင်ရွက်ဖို့ ဖိတ်ကြားခဲ့ပါတယ်။ ဒါပေမယ့် မတက်ရောက်ခဲ့ပါဘူး။ အဲဒီလို ၂၀၀၄ ခုနှစ်မှာ ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်ပေါင်း ၁၀၀၀ ကျော်ကျော်လောက် တက်ရောက်ခဲ့ပါတယ်။

မူလပထမပိုင်းမှာ ဖိတ်ကြားခဲ့တဲ့ အစုအဖွဲ့ (၈)ဖွဲ့၊ ညီလာခံကိုယ်စားလှယ်ပေါင်း တစ်ထောင်ကျော်ကျော်လောက်နဲ့ ဆက်လက်ပြီးတော့ ကျန်ခဲ့တဲ့အပိုင်းတွေအတွက် အသေးစိတ်အခြေခံမူတွေ ဆက်လက်ချမှတ်နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလိုဆောင်ရွက်ခဲ့ရာမှာ ညီလာခံဟာ ၃-၉-၂၀၀၇ ရက်နေ့မှာ ကျန်တဲ့အပိုင်းတွေနဲ့ပတ်သက်ပြီးတော့ အမျိုးသားညီလာခံရဲ့ လိုအပ်တဲ့ အခြေခံမူတွေ ချမှတ်နိုင်တဲ့အတွက်ကြောင့် အမျိုးသားညီလာခံရဲ့ လုပ်ငန်းတာဝန်အားလုံး ချောချောမောမောနဲ့ ပြီးဆုံးခဲ့ပါတယ်။

တစ်ခုရှိတာက အားလုံး နိုင်ငံရေးပါတီတွေ၊ တက်ရောက်လာခဲ့တဲ့ အစုအဖွဲ့ (၈)ဖွဲ့က ကိုယ်စားလှယ်တွေအားလုံး ညှိညှိနှိုင်းနှိုင်း၊ တိုင်တိုင်ပင်ပင်နဲ့ ညီလာခံကြီးကို တက်ညီလက်ညီဆွေးနွေးကြပြီးတော့ ကိုယ့်ရဲ့အမြင်လေးတွေကို ဖော်ပြီးတော့မှ တင်ပြကြမယ်ဆိုလို့ရှိရင် ၁၉၉၆ ခုနှစ်က ရပ်ဆိုင်းထားခဲ့တဲ့ အမျိုးသားညီလာခံကြီးဟာ ဒီလောက်တောင်မှ ကြာချင်မှ ကြာလိမ့်မယ်လို့ တွေးစရာအချက်တစ်ချက်ရှိလာပါတယ်။ အမျိုးသားညီလာခံကနေပြီးတော့ အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူတွေ ချမှတ်ပေးတဲ့အခါမှာ ဒီအခြေခံမူတွေအပေါ်မှာ မူတည်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ရေးဆွဲဖို့ တာဝန်တစ်ရပ်ဖြစ်လာပါတယ်။

အဲဒီတာဝန်ကို ထမ်းဆောင်နိုင်အောင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကနေပြီး အခြေခံဥပဒေရေးဆွဲရေးကော်မရှင်တစ်ရပ်ကို ၁၈-၁၀-၂၀၀၇ ရက်နေ့မှာ ဖွဲ့စည်းပေးခဲ့ပါတယ်။ ဒီကော်မရှင်ကနေ အမျိုးသားညီလာခံကချမှတ်ပေးခဲ့တဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံမူတွေအပေါ် မူတည်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့ရာမှာ ၁၉-၂-၂၀၀၈ ရက်နေ့မှာ အောင်မြင်စွာ ရေးဆွဲပြီးစီးခဲ့ပါတယ်။

ဒါက ဒုတိယအဆင့်ဖြစ်သွားပြီ။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းလည်း ပေါ်ပေါက်လာပြီ။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ပေါ်ပေါက်လာပြီးတဲ့အခါမှာ ဒါကိုပြည်သူတွေရဲ့ဆန္ဒ ခံယူဖို့အတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးခဲ့ပါတယ်။ အဲဒီဥပဒေပြဋ္ဌာန်းချက်နဲ့အညီ အဆင့်ဆင့်သောကော်မရှင်တွေကို ဖွဲ့စည်းပြီးတဲ့နောက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပဖို့ ၁၀-၅-၂၀၀၈ ရက်နေ့ကို သတ်မှတ်ခဲ့ပါတယ်။

> **“ကျွန်တော်တို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကိုတော့ အမှန်တကယ် လျှောက်လှမ်းနေပြီ။ ဒီမိုကရေစီလမ်းကြောင်းပေါ်တက်နေပြီဆိုတာကို ပြည်ပနိုင်ငံတွေကလည်း အသိအမှတ်ပြုလာကြပြီ။ အသိအမှတ်ပြုလာတာနဲ့အညီ နိုင်ငံတကာကနေ ကျွန်တော်တို့ကို လျစ်လျူရှုထားတဲ့ အခြေအနေကနေပြီးတော့ အခုပြည်ပနိုင်ငံတွေက နိုင်ငံအကြီးအကဲတွေ၊ ကိုယ်စားလှယ်တွေ၊ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ကိစ္စတွေ၊ ဒါတွေ တွေ့နေကြရပါပြီ။ ဆိုလိုတဲ့သဘောကတော့ ပြည်တွင်းတင်မကဘူး၊ နိုင်ငံတကာသည် ဒီမိုကရေစီလမ်းကြောင်းကို မြန်မာနိုင်ငံဟာ အမှန်တကယ်လျှောက်နေပါသလား ဆိုတာကို လက်ခံလာကြတဲ့အနေအထားတွေ့ရပါတယ်။”**

သို့သော်လည်း အဲဒီအချိန်မှာ မမျှော်လင့်ဘဲ ပေါ်ပေါက်လာတဲ့ နာဂစ်မုန်တိုင်းဒဏ်ကို ရန်ကုန်တိုင်းနဲ့ ဧရာဝတီတိုင်းတို့က ခံခဲ့ရပါတယ်။ အဲဒါကြောင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကိစ္စနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းအတွင်းမှာ ရှိတဲ့ မြို့နယ် (၄၀)နဲ့ ဧရာဝတီတိုင်းအတွင်းမှာရှိတဲ့ မြို့နယ် (၇)မြို့နယ် စုစုပေါင်းမြို့နယ် (၄၇) မြို့နယ်အတွက် မူလသတ်မှတ်တဲ့ရက်မှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမယ့်ကိစ္စကို ယာယီရပ်ဆိုင်းထားပြီးတော့ ကျန်တဲ့တစ်ပြည်လုံးအတိုင်းအတာနဲ့ မြို့နယ် (၂၇၀) လောက်ကို မူလသတ်မှတ်တဲ့ရက်မှာပဲ အောင်မြင်စွာကျင်းပ ပြီးစီးခဲ့ပါတယ်။

နာဂစ်ဒဏ်ကြောင့် ယာယီရပ်ဆိုင်းထားခဲ့ရတဲ့ အဲဒီမြို့နယ် (၄၇)မြို့နယ်မှာ ၂၄-၅-၂၀၀၈ ရက်နေ့မှာ ဒီဆန္ဒခံယူပွဲကို ကျင်းပပေးနိုင်ခဲ့ပါတယ်။ တစ်နိုင်ငံလုံးအတိုင်းအတာအရ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီးစီးတဲ့အခါမှာ ပြည်သူတွေရဲ့ဆန္ဒက စုစုပေါင်းထောက်ခံဆန္ဒမဲ (၉၂ ဒသမ ၄၈) ရာခိုင်နှုန်းပေးခဲ့တာကို မှတ်တမ်းမှတ်ရာတွေအရ သိရှိခဲ့ရပါတယ်။ ဒီတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကနေ အတည်ပြုပေးခဲ့ပါတယ်။ ၂၉-၅-၂၀၀၈ ရက်နေ့မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုပြဋ္ဌာန်းကြောင်း ကြေညာပေးခဲ့ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာတဲ့သမိုင်းကြောင်းကတော့ ဒါလောက်ပါပဲ။ အဲဒီမှာတစ်ခုပြောချင်တာက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပတဲ့အခါမှာ နိုင်ငံတကာအဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေ၊ ပြီးတော့ မြန်မာနိုင်ငံမှာရှိနေတဲ့ သံရုံးက သံအမတ်တွေနဲ့ သံအရာရှိတွေ၊ ဒီပုဂ္ဂိုလ်တွေကို ဆန္ဒမဲပေးနေတဲ့ နေရာတွေမှာ တစ်ပြည်လုံးအတိုင်းအတာနဲ့ လေ့လာခွင့်တွေ ပေးခဲ့ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေအနေနဲ့လည်း သူတို့ တွေ့ရှိချက်အရ ကျေနပ်တဲ့ အနေအထားမျိုးသိရှိခဲ့ရပါတယ်။ ဒီတော့ ဒါဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာတဲ့ သမိုင်းကြောင်းကို အကျဉ်းအားဖြင့်ပြောဆိုလိုခြင်း ဖြစ်ပါတယ်။

တစ်ခုက ဒီ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တစ်ဖက်က အစိုးရအဖွဲ့၊ တရားရုံးချုပ် စသည်ဖြင့် ဖွဲ့ကြတယ်။ နိုင်ငံတော်အာဏာကို ခွဲဝေကျင့်သုံးမယ့်၊ အချုပ်အခြာအာဏာကိုခွဲဝေကျင့်သုံးမယ့် Institutions တွေပေါ့လေ။ အဖွဲ့အစည်းတွေပေါ်လာတဲ့အခါမှာ အခုဆိုရင် အခြေခံဥပဒေအရ သတ်မှတ်ထားတဲ့ သက်တမ်းငါးနှစ်ကာလမှာ အခု ဒီအခြေခံဥပဒေကို လက်တွေ့ကျင့်သုံးနေတာဟာ သက်တမ်းထက်ဝက်၊ လပေါင်းအားဖြင့် ၃၀ ကျော်၊ ဒီလောက်ကာလအတွင်းမှာ တစ်ဖက်က ပြည်ထောင်စုလွှတ်တော်ဆိုလည်း အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော် ပူးပေါင်းထားတာ၊ ဒီဘက်က သမ္မတဦးဆောင်တဲ့ အစိုးရအဖွဲ့၊ ဒီ Institution နှစ်ခုသည် အခြေခံဥပဒေက မျှော်မှန်းတဲ့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ပတ်သက်လို့ ကြိုးပမ်းဆောင်ရွက်ခဲ့တဲ့အနေအထားရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကိုတော့ အမှန်တကယ် လျှောက်လှမ်းနေပြီ။ ဒီမိုကရေစီလမ်းကြောင်းပေါ်တက်နေပြီ ဆိုတာကို ပြည်ပနိုင်ငံတွေကလည်း အသိအမှတ်ပြုလာကြပြီ။ အသိအမှတ် ပြုလာတာနဲ့အညီ နိုင်ငံတကာကနေ ကျွန်တော်တို့ကို လျစ်လျူရှုထားတဲ့ အခြေအနေကနေပြီးတော့ အခုပြည်ပနိုင်ငံတွေက နိုင်ငံအကြီးအကဲတွေ၊ ကိုယ်စားလှယ်တွေ၊ စီးပွားရေးနဲ့ပတ်သက်ပြီးတော့ကိစ္စတွေ၊ ဒါတွေ တွေ့နေကြရပါပြီ။ ဆိုလိုတဲ့သဘောကတော့ ပြည်တွင်းတင်မကဘူး၊ နိုင်ငံတကာသည် ဒီမိုကရေစီလမ်းကြောင်းကို မြန်မာနိုင်ငံဟာ အမှန်တကယ် လျှောက်နေပါသလားဆိုတာကို လက်ခံလာကြတဲ့ အနေအထားတွေ့ရပါတယ်။

ဒီလို တိုတောင်းလှတဲ့ကာလလေးမှာ အခြေခံဥပဒေအရ ဆောင်ရွက်ခဲ့တဲ့ ဆောင်ရွက်ချက်ဟာ အခုနိုင်ငံတကာ အသိအမှတ်ပြုလာတယ်။ သို့သော် စောစောက ဦးသန်းအောင်ပြောသွားသလို တချို့ပညာရှင်တွေ၊ တချို့ နိုင်ငံရေးပါတီတွေ၊ တချို့ပုဂ္ဂိုလ်တွေဟာ ဒီအခြေခံဥပဒေကို အသစ်ရေးဆွဲဖို့လိုတယ်။ ဒါမှမဟုတ် ပြင်ဆင်ဖို့လိုတယ်

အချပ်ပို(ဂ)သို့

အချပ်ပို(ခ)မှ

စသည်ဖြင့် အဲဒီလိုဆွေးနွေးကြတဲ့ အနေအထားမှာ အင်္ဂလိပ်လိုပြောရင် Premature ပေါ့လေ။ သိပ်များ စောလွန်းမနေဘူးလား။ ဘာလို့လဲ ကျွန်တော်တို့က ဒီမိုကရေစီကျင့်စဉ်နဲ့ ပတ်သက်လို့ အလှမ်းကွာခဲ့တာက ၁၉၆၂ ခုနှစ်ကနေပြီး ၂၀၁၀ ခုနှစ်ထိအောင် အလှမ်းကွာခဲ့တယ်။ ဒီကာလအတွင်းမှာ ဒီမိုကရေစီကျင့်စဉ်ကို ပြည်သူတွေအနေနဲ့လည်းပဲ အခွင့်အရေးမရခဲ့ကြသလို ပေါ်ပေါက်ခဲ့တဲ့ လွှတ်တော်ကလည်း ဒီမိုကရေစီကျင့်စဉ်ကို ကျင့်သုံးခဲ့ရတဲ့အခြေအနေမရှိပါဘူး။ ဒီတော့ ဒီအခြေအနေလေးမှာ အတိုင်းအတာတစ်ရပ်ထိအောင် ဒီအခြေခံဥပဒေကို လက်တွေ့ကျင့်သုံးပြီးတော့မှ လိုအပ်တဲ့ပြင်ဆင်ဖို့သင့်တယ်ဆိုလို့ရှိရင်လည်း ပြင်ဆင်ဖို့သင့်တဲ့ကိစ္စလေးတွေကို အားလုံးညှိညှိနှိုင်းနှိုင်း၊ တိုင်တိုင်ပင်ပင်နဲ့ စိတ်ရှည်လက်ရှည်နဲ့ ဆောင်ရွက်ကြမယ်ဆိုရင် ပြည်သူတွေမျှော်မှန်းတဲ့ နိုင်ငံတော်ကို ဒီမိုကရေစီနိုင်ငံဖြစ်ဖို့ဆိုတဲ့ ပန်းတိုင်သည် အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ်၊ ညင်ညင်သာသာလေးနဲ့ရောက်သွားလိမ့်မယ်လို့ ပြောချင်ပါတယ်။ ကျွန်တော်အကျဉ်းချုံးပြီးတော့ တင်ပြတာဖြစ်ပါတယ်။

ဦးသန်းအောင်။ ဟုတ်ကဲ့၊ အခုလိုဆရာဆွေးနွေးသွားတဲ့အတွက် ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ သမိုင်းနောက်ခံလေးတွေကို မသိသေးတဲ့ သူတွေလည်း သိသွားရသလို၊ သိရှိပြီးသားသူတွေ အတွက်လည်း ပြန်လည်အမှတ်ရစေပါတယ်။ အသစ်ရေးမလား၊ ပြင်ဆင်မလားဆိုတဲ့ စဉ်းစားစရာ၊ တွေးခေါ်စရာကိစ္စနဲ့ပတ်သက်လို့ ဆရာရဲ့ အမြင်လေးကို တင်ပြသွားတဲ့အတွက်ကြောင့် ပြည်သူတွေအများကြီးဗဟုသုတရကြမှာဖြစ်ပါတယ်။ ဆက်ပြီးတော့ ဆရာ ဒေါက်တာမနန်တူးဂျာက တိုင်းရင်းသားတွေရဲ့ တန်းတူမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရှိစေဖို့နဲ့ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်သင့်တာလေးတွေ၊ ဖြည့်စွက်သင့်တာလေးတွေများ ရှိခဲ့ရင်လည်း ဆရာရဲ့ အမြင်လေးကို တင်ပြဆွေးနွေးပေးစေချင်ပါတယ်ခင်ဗျာ။

ဒေါက်တာ မနန်တူးဂျာ

ဒေါက်တာ မနန်တူးဂျာ

ကျွန်တော့်အမြင်ကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးရမယ်ဆိုရင် လက်ရှိ ၂၀၀၈ အခြေခံဥပဒေတည်ဆောက်ပုံဟာ ပြည်ထောင်စုစနစ်ပုံစံဖြစ်တယ်လို့မြင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီအခြေခံဥပဒေမှာ အခြေခံဥပဒေတွေရဲ့ အခရာဖြစ်တဲ့ အာဏာမဏ္ဍိုင်သုံးရပ်ဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာသုံးရပ်စလုံးကို ပြဋ္ဌာန်းထားတယ်၊ ပြီးရင် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကိုလည်း ခွဲဝေပေးထားတာ တွေ့ရပါတယ်။ ဆွေးနွေး ချင်တာတစ်ခုက လက်ရှိအခြေခံဥပဒေဟာ လွန်ခဲ့တဲ့ အခြေခံဥပဒေ တွေဖြစ်တဲ့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် အခြေခံဥပဒေများထက် သာလွန်တဲ့ အချက်တွေလည်းရှိပါတယ်။

၁၉၄၇ ခုနှစ် အခြေခံဥပဒေနဲ့ပတ်သက်ပြီး ပြောမယ်ဆိုလို့ရှိရင် လက်ရှိ အခြေခံဥပဒေရဲ့ အားသာချက်က ၁၉၄၇ ခုနှစ်အခြေခံဥပဒေဟာ တစ်ပြည်ထောင်စနစ်ဖြစ်တာနဲ့အညီ ဥပဒေပြုရေးအာဏာကို ပြည်နယ်တွေကို ခွဲမပေးထားဘူး။ ဒါကြောင့် အဲဒီအချိန်အခါတုန်းက ပြည်နယ်တွေမှာ လွှတ်တော်ဆိုတာမရှိခဲ့ဘူး။ ဒါပေမယ့် အခုလက်ရှိအခြေခံဥပဒေအနေနဲ့ကတော့ ဥပဒေပြုရေးအာဏာကိုလည်း ပြည်နယ်တွေကိုခွဲထားပေးတဲ့အတွက်ကြောင့် လက်ရှိအချိန်အခါမှာ ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေမှာ ဥပဒေပြု လွှတ်တော် ပေါ်ပေါက်လာပြီဖြစ်ပါတယ်။

၁၉၇၄ ခုနှစ် အခြေခံဥပဒေထက်သာလွန်တဲ့ အချက်ကို ပြောမယ်ဆိုလို့ရှိရင် ၁၉၇၄ ခုနှစ် အခြေခံဥပဒေဟာ တစ်ပါတီဆိုရှယ်လစ်စနစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ်ပြဋ္ဌာန်းတဲ့ အခြေခံဥပဒေဖြစ်ပါတယ်။ အခုလက်ရှိ အခြေခံဥပဒေကျတော့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ပြဋ္ဌာန်းထားတဲ့ အခြေခံဥပဒေဖြစ်တယ်။ ဒါတွေဟာ သာလွန်ချက်တွေဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ဆွေးနွေးချင်တာက အခုလက်ရှိ အခြေခံဥပဒေဟာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကိုလည်း ယခင်အခြေခံဥပဒေနှစ်ရပ်ထက် ပိုပြီးပေးထားတာတွေ့ရပါတယ်။ ဥပမာပြောရမယ်ဆိုရင် ခုနတင်ပြခဲ့သလို ဒီပြည်နယ်တွေမှာ လွှတ်တော်ဆိုတာလည်း ရှိပါတယ်။ ပြီးရင် ဝန်ကြီးချုပ်ဦးဆောင်တဲ့ ပြည်နယ်အစိုးရဆိုတာလည်း သတ်သတ်မှတ်မှတ် ဖွဲ့စည်းထားတာ ရှိပါတယ်။

အလားတူပဲ ပြည်နယ်မှာ နေထိုင်ကြတဲ့ တိုင်းရင်းသားတွေထဲက ပြည်နယ်မရရှိတဲ့ တိုင်းရင်းသားများအနေနဲ့ မိမိတို့နေထိုင်ကြတဲ့ပြည်နယ်တွေမှာ ကိုယ်ပိုင်အုပ်ချုပ်ရေးတိုင်း(သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသဆိုတာတွေကို သတ်မှတ် ဖွဲ့စည်းပေးထားတာကို တွေ့ရပါတယ်။ ဒါတွေဟာ ကျွန်တော်တို့အခုလက်ရှိသုံးစွဲနေတဲ့ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ တိုင်းရင်းသားများရဲ့ အခွင့်အရေးတွေဖြစ်တယ်လို့ ကျွန်တော်မြင်ပါတယ်။

တစ်ချိန်တည်းမှာ ကျွန်တော်တင်ပြချင်တာက အခုလက်ရှိအခြေခံဥပဒေကို လိုအပ်သလို ပြင်ဆင်သွားတယ်ဆိုရင် နောင်တစ်ချိန်ကျလို့ရှိရင် အများက လိုလားတောင့်တနေတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးဆိုတဲ့အဆင့်ကို ကျွန်တော်တို့ရရှိသွားနိုင်တယ်လို့ မြင်ပါတယ်။

ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုလို့ရှိရင် အခုလက်ရှိမှာလည်း ပြည်နယ်နဲ့တိုင်းဥပဒေပြုရေးအာဏာတွေ ပေးထားပါတယ်။ လွှတ်တော်တွေရှိပါတယ်။ နောက်ပြီးတော့ ဒီဥပဒေပြုရေးအာဏာတွေကို ဒီထက်မကပိုပြီး တိုးမြှင့်ပေးလိုက်မယ်ဆိုရင် အများပြည်သူတွေ လိုလားတောင့်တနေတဲ့အဆင့်ကို ရောက်သွားတယ်လို့ ကျွန်တော်မြင်ပါတယ်။

အလားတူပဲ ပြည်နယ်တွေနဲ့ တိုင်းဒေသကြီးတွေမှာ ဖွဲ့စည်းထားတဲ့ အစိုးရတွေနဲ့ပတ်သက်ပြီး ဗဟိုအစိုးရအနေနဲ့ ဘယ်သူတွေက ပါဝါတွေကို လျှော့တန်သလောက်လျှော့ချပြီး ပါဝါ Decentralization လုပ်တန်သလောက် လုပ်ပြီးတော့မှ ပြည်နယ်အစိုးရတွေကို အာဏာတိုးပေးမယ်ဆိုရင်၊ ပြီးတော့ သယံဇာတနဲ့ပတ်သက်ရင်လည်း ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာတွေ့တဲ့ သယံဇာတတွေကို ပြည်နယ်အစိုးရနဲ့ ဗဟိုအစိုးရအကြား ညှိနှိုင်းဆောင်ရွက်ပြီးမှ မျှမျှတတခွဲဝေသုံးစွဲနိုင်ကြမယ်ဆိုလို့ရှိရင် ကျွန်တော်တို့အားလုံး မျှော်မှန်းနေတဲ့ကိုယ်ပိုင်အုပ်ချုပ်ရေးအဆင့်ကို ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

“ ၁၉၇၄ ခုနှစ် အခြေခံဥပဒေထက်သာလွန်တဲ့ အချက်ကို ပြောမယ်ဆိုလို့ရှိရင် ၁၉၇၄ ခုနှစ် အခြေခံဥပဒေဟာ တစ်ပါတီဆိုရှယ်လစ်စနစ်၊ ဆိုရှယ်လစ် စီးပွားရေးစနစ်ပြဋ္ဌာန်းတဲ့ အခြေခံ ဥပဒေဖြစ်ပါတယ်။ အခုလက်ရှိ အခြေခံဥပဒေကျတော့ ပါတီစုံဒီမိုကရေစီစနစ်နဲ့ ဈေးကွက် စီးပွားရေးစနစ်ကို ပြဋ္ဌာန်းထားတဲ့ အခြေခံဥပဒေဖြစ်တယ်။ ဒါတွေဟာ သာလွန်ချက်တွေဖြစ်ပါတယ်။

ဆက်လက်ပြီး ကျွန်တော်ဆွေးနွေးချင်တာက အခုလက်ရှိ အခြေခံဥပဒေဟာ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကိုလည်း ယခင်အခြေခံ ဥပဒေနှစ်ရပ်ထက်ပိုပြီးပေးထားတာ တွေ့ရပါတယ်။ ”

ဒါကြောင့်မို့လို့ အခုလက်ရှိအခြေခံဥပဒေကို တဖြည်းဖြည်းချင်းလိုအပ်သလို ပြင်ဆင်သွားခြင်းအားဖြင့် နောင်တစ်ချိန်ကျလို့ရှိရင် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင်အုပ်ချုပ်ရေးပြည့်စုံတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စုအဆင့်ကို ရောက်ရှိ သွားနိုင်တယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်ယူဆမိပါတယ်။

တစ်ချိန်တည်းမှာ ကျွန်တော်ဆက်လက်ဆွေးနွေး တင်ပြချင်တဲ့အချက်ကတော့ တန်းတူညီမျှရေးဖြစ်ပါတယ်။ အဲဒီ့တန်းတူညီမျှရေးနဲ့ပတ်သက်ပြီးတော့မှပြောမယ်ဆိုလို့ရှိရင်တော့ လူမျိုးအရသော်လည်းကောင်း၊ ကိုးကွယ်တဲ့ဘာသာရေးအရသော်လည်းကောင်း ခွဲခြားဆက်ဆံခြင်းမရှိဘဲနဲ့ ဒီမိုကရေစီအစိုးရအောက်မှာ အားလုံးတန်းတူအခွင့်အရေးရမယ်ဆိုရင် ဒီကိစ္စပြေလည်သွားမှာဖြစ်ပါတယ်။

တိုင်းရင်းသားများအနေနဲ့ အဓိကထားကြတဲ့ စာပေယဉ်ကျေးမှု အစရှိတာတွေကိုလည်း အစိုးရအနေနဲ့ လွတ်လွတ်လပ်လပ်လုပ်ပိုင်ခွင့်၊ ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့်ပေးလိုက်ကြမယ်ဆိုလို့ရှိရင် တိုင်းရင်းသားများ ပျော်ရွှင်ကျေနပ်ကြမယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒါကြောင့်မို့လို့ ချုပ်ပြီး ပြောမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အခုလက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ လိုအပ်သလို တဖြည်းဖြည်းချင်းပြုပြင်သွားမယ်ဆိုရင် နောင်တစ်ချိန်မှာ ကျွန်တော်တို့ လိုလားတောင့်တနေတဲ့ စစ်မှန်တဲ့ ဖက်ဒရယ်ပြည်ထောင်စု အဆင့်ကို ရောက်ရှိသွားနိုင်ပါတယ်လို့ ကျွန်တော် အခိုင်အမာယုံကြည်တယ်လို့ တင်ပြရင်း နိဂုံးချုပ်ပါတယ်။

ဦးသန်းအောင်။ ဟုတ်ကဲ့ အခုလို ဆရာအနေနဲ့ ဆရာ့ရဲ့ အမြင်လေးကို ပွင့်ပွင့် လင်းလင်းတင်ပြဆွေးနွေးသွားတဲ့အတွက် ကျွန်တော်တို့တိုင်းရင်းသားတွေရဲ့ တန်းတူမှုနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးနဲ့ ပတ်သက်ပြီး ဆရာရဲ့ အကြံပြု ချက်လေး၊ ဆွေးနွေးချက်လေးကို ရှင်းရှင်းလင်းလင်းသိလိုက်ရတဲ့အတွက် အထူးပဲကျေးဇူးတင်ပါတယ်။ ဆက်လက်ပြီးတော့ ဆရာဒေါက်တာ အင်ဒရူးငွန်ကျုံးလျန်အနေနဲ့ သယံဇာတအရင်းအမြစ်တွေနဲ့ ဘဏ္ဍာငွေတွေကို ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေ ဘယ်လိုခွဲဝေသင့်တယ် ဆိုတာနဲ့ ပတ်သက်ပြီး ဆရာ့အမြင်လေးကို တင်ပြဆွေးနွေးပေးစေလိုပါတယ် ခင်ဗျ။

ဒေါက်တာအင်ဒရူးငွန်ကျုံးလျန်

ကျွန်တော်ဒီနေ့ဆွေးနွေးချင်တဲ့ ကိစ္စကတော့ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေအကြားမှာ သဘာဝသယံဇာတအရင်းအမြစ်ကနေရရှိတဲ့ ဘဏ္ဍာငွေတွေကို ဘယ်လိုခွဲဝေမလဲ၊ နောက်ပြီးတော့ ကျေးလက်နဲ့ မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်တွေကို ၂၀၀၈ ခုနှစ် အခြေခံဥပဒေအရ ကျွန်တော်တို့ တဖြည်းဖြည်းချင်းနဲ့ ဘယ်လိုကိုင်တွယ်ဖြေရှင်းမလဲဆိုတာ ဆိုတဲ့အချက်ဖြစ်ပါတယ်။

ဆရာကြီးဒေါက်တာမနန်တူးဂျာ ပြောသွားသလို ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဖက်ဒရယ်စနစ် ဒါမှမဟုတ် ဖက်ဒရယ်မူလို့ ပြောလို့ရမယ့် လက္ခဏာအချက် (၅)ချက်ကို အခြေခံထားတာကို ကျွန်တော်နည်းနည်းပြောလိုပါတယ်။

ပထမအချက်က စာနဲ့ရေးသားထားတဲ့ အခြေခံဥပဒေရှိပါတယ်။ အဲဒါ ၂၀၀၈ ခုနှစ် အခြေခံဥပဒေဖြစ်ပါတယ်။ ဒုတိယအချက်က အစိုးရနှစ်ခု၊ ပြည်ထောင်စုနဲ့တိုင်းဒေသကြီး ဒါမှမဟုတ် ပြည်နယ်ဆိုတဲ့ အစိုးရကို ဖန်တီးပေးထားပါတယ်။

တတိယအချက်က ပြည်သူထံကနေ ဆင်း

အချပ်ပို (ဃ)သို့

အချပ်ပို (၇)မှ

သက်လာတဲ့ အချုပ်အခြာ အာဏာကြီးကို ခက်မကြီးသုံးဖြာနဲ့ ပိုင်းခြားပေးထားပါတယ်။ တရားစီရင် ရေးရှိတယ်။ အုပ်ချုပ်ရေးရှိတယ်။ ဥပဒေပြုရေးရှိပါတယ်။

စတုတ္ထအနေနဲ့ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုတွေ ဖြစ်လာတဲ့အခါမှာ သမာသမတ်ကျကျ ဖြေရှင်းပေးမယ့် အခြေခံဥပဒေဆိုင်ရာခုံရုံးလည်း ရှိပါတယ်။ ပဉ္စမအနေနဲ့ လူဦးရေကိုအခြေမခံဘဲ ဒေသန္တရနဲ့မျိုးနွယ်စုတွေ ဒီအနေအထားတွေ အခြေခံတဲ့အမျိုးသားလွှတ်တော်ကိုလည်းဖွဲ့စည်းပေးထားပါတယ်။

ဒီအချက် (၅)ချက်နဲ့ ပြည့်စုံတဲ့အတွက် ၂၀၀၈ ခုနှစ်အခြေခံဥပဒေဟာ ဖက်ဒရယ်စနစ်ဒါမှမဟုတ် ဖက်ဒရယ်မူကို အခြေခံထားတဲ့ ဥပဒေဖြစ်ပါတယ်။ ဒါပေမယ့် သူ့ရဲ့အနေအထား၊ သူ့ရဲ့ရေးသားပုံ၊ ဖွဲ့စည်းပုံတွေကြောင့် ပြည်သူ တွေလိုလားတဲ့ ဖက်ဒရယ်အဆင့်ကို ရောက်ပြီလား၊ မရောက်သေးဘူးလား ဆိုတာကတော့ ကျွန်တော်မပြောနိုင်သေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့လိုချင် တဲ့ဟာကို တဖြည်းဖြည်းချင်းဖြည့်စွက်ပြီးတော့ ကျွန်တော်တို့ လုပ်လို့ရပါတယ်လို့ ကျွန်တော်ကတော့ ယုံကြည်ပါတယ်။

ဒုတိယအချက်အနေနဲ့ ၂၀၀၈ ခုနှစ်အခြေခံဖွဲ့စည်းပုံဥပဒေအရ ဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းခါစ ကျွန်တော်တို့တိုင်းပြည်မှာ သဘာဝသယံဇာတတွေ ပေါများလှတဲ့ တိုင်းပြည်မှာ ဒီအရင်းအမြစ်တွေကို ခွဲဝေမှုတွေမလုပ်တတ်ရင်၊ ဘဏ္ဍာငွေတွေကို ခွဲဝေမှုမလုပ်တတ်ရင် ကျွန်တော်တို့ အကြီးအကျယ်ကြီးမားတဲ့ ပြဿနာတွေ၊ စိန်ခေါ်မှုတွေ တွေ့လာနိုင်ပါတယ်။ ဒါပေမယ့် ဒီလိုသဘာဝသယံဇာတတွေနဲ့ ဒီဘဏ္ဍာငွေတွေခွဲဝေမှု၊ ကျေးလက်နဲ့ မြို့ပြဆင်းရဲချမ်းသာကွာဟမှုကျွန်တော်တို့ မဖြေရှင်းခင်မှာ ဒီအခြေခံဥပဒေနဲ့ ဒီတည်ဆဲ ဥပဒေတွေရဲ့ သဘောသဘာဝဆက်နွယ်ပုံတွေကို နည်းနည်း ပြောလိုပါတယ်။

ဘာလို့လဲဆိုတော့ ဗြိတိသျှလက်အောက်ကို ကျရောက် ပြီးကတည်းက ဒီနေ့ ၂၀၀၈ ခုနှစ်အခြေခံဥပဒေ အသက်ဝင်လာတဲ့ ၂၀၁၀ ခုနှစ်နောက်ပိုင်းအထိ ခေတ်ပေါင်းများစွာ ဖြတ်သန်းခဲ့ပါတယ်။ ဗြိတိသျှတွေ အုပ်ချုပ်တုန်းက သူတို့ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ၊ နောက်ပိုင်းလွတ်လပ်ရေးရ ပြီးတော့ ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ၊ တော်လှန်ရေးကောင်စီခေတ်တုန်းက သူတို့ပြဋ္ဌာန်းထားတဲ့တည်ဆဲဥပဒေတွေ၊ ဆိုရှယ်လစ်အစိုးရခေတ်တုန်းကပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ၊ တပ်မတော်အစိုးရ လက်ထက်က ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေတွေ ကျွန်တော်တို့မှာ တည်ဆဲဥပဒေပေါင်း ၄၀၀ ကျော်ရှိပါတယ်။

ယခုအစိုးရသစ်တက်လာပြီးတဲ့ နောက်ပိုင်းမှာ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေပေါင်း ၄၀ ကျော်ရှိတယ်လို့

ဒေါက်တာ
အင်ဒရူးဇွန်
ကျုံးလျန်

ကျွန်တော်တို့ သိရပါတယ်။ အဲဒီတော့ ကျွန်တော်တို့ နိစ္စဓူဝ ကျွန်တော်တို့တိုင်းပြည်ရဲ့ အစိုးရအုပ်ချုပ်ရေးယန္တရားရဲ့ ဒီလည်ပတ်စေတဲ့အရာက ၂၀၀၈ ခုနှစ် အခြေခံ ဥပဒေတောင် မဟုတ်သေးဘဲနဲ့ အမှန်ဆို ကျွန်တော်တို့ နိစ္စဓူဝ တည်ဆဲဥပဒေ တွေနဲ့ အသက်ရှင်နေရပါတယ်။

အစိုးရသစ်တက်လာပြီးတဲ့ နောက်ပိုင်းပြည်ထောင်စုလွှတ်တော်ကလည်း တချို့ဥပဒေကိုပြင်ဆင်တာတို့၊ ပြုပြင်တာတို့၊ ပြောင်းလဲတာတို့၊ အသစ် ပြဋ္ဌာန်းတာတို့လုပ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ အခုအချိန်မှာ အခြေခံဥပဒေအသစ်ရေးမလား၊ ဒါမှမဟုတ် လက်ရှိ ၂၀၀၈ ခုနှစ်ကို ပြင်မလားဆိုတဲ့အဆင့်ကို မရောက်ခင်တောင်မှ ၂၀၀၈ ခုနှစ် အခြေခံဥပဒေနဲ့ ကိုက်ညီခြင်းရှိ၊ မရှိဆိုပြီး တည်ဆဲဥပဒေ ၄၀၀ ကျော်ကို အရင်ကြည့်တာက ပိုပြီးတော့ အရေးကြီးတယ်လို့ ထင်ပါတယ်။

ဘာလို့လဲဆိုတော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေနဲ့မကိုက်ညီတဲ့ ဗြိတိသျှ အုပ်ချုပ်ရေးကို အကောင်အထည်ဖော်ဖို့ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေ တချို့ဟာ လက်ရှိ ၂၀၀၈ ခုနှစ် ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ဖို့ ပြဋ္ဌာန်းထားတာနဲ့ ဆန့်ကျင်တဲ့ဟာတွေ အများကြီးရှိပါတယ်။ အဲဒီလိုပဲ အစိုးရ အသွင်မတူတဲ့ ခေတ်အဆက်ဆက်က ပြဋ္ဌာန်းထားတဲ့ ဥပဒေဟာလည်း ကျွန်တော်တို့ ၂၀၀၈ ခုနှစ်နဲ့ မကိုက်ညီတဲ့အခါကျတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ လုံးဝအသက်ဝင်ပြီးတော့ အလုပ်လုပ်ကိုင်ဖို့ အတွက် အခက်အခဲဖြစ်စေပါတယ်။

အဲဒီတော့ ဒီဟာတွေကို ကျွန်တော်တို့ မဖြေရှင်းရင် ဘာဖြစ်မလဲဆိုတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရှေ့ကဆရာကြီးတွေ တင်ပြသွားသလို ဇယား(၁)ရှိတယ်။ ဇယား(၂) ရှိတယ်။ ဇယား(၃) ရှိပါတယ်။ ကျွန်တော်တို့ ဒီသုံးခုနဲ့အလုပ်လုပ်တဲ့အချိန်မှာ ဇယား(၁)နဲ့ ဇယား(၂) ကြားမှာ ပြဿနာအဖြစ်စေဆုံးက သူ့မှာပြဋ္ဌာန်းထားတဲ့ ပုဒ်မတွေမဟုတ်ဘဲနဲ့ အဲဒီဇယား(၁)နဲ့ ဇယား(၂) ဘယ်လိုအလုပ်လုပ်မလဲ၊ ဘယ်အချက်မှာ ဇယား (၁)အရ လုပ်ဆောင်မလဲ၊ ဘယ်အချက်မှာ ဇယား(၂)အရ လုပ်ဆောင်မလဲ၊ ဘယ်အချက်မှာဇယား(၃)အရလုပ်ဆောင် မလဲဆိုတဲ့ဟာက တည်ဆဲဥပဒေတွေ ဖြစ်ပါတယ်။ တည်ဆဲဥပဒေတွေသာ ကောင်းကောင်းမလုပ် ထားနိုင်ရင် ဇယား(၂)မှာ ဘယ်လောက်ပဲပြဋ္ဌာန်းပေးထားထား ကျွန်တော်တို့က ဇယား (၂)အရ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ သဘာဝသယံဇာတနဲ့ ပတ်သက်ပြီးတော့ လုပ်ကိုင်ဖို့အခွင့်အလမ်း တော်တော်နည်းပါတယ်။ ဥပမာအနေနဲ့ ကျွန်တော်သုံးခု တင်ပြလိုပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဇယား(၂)ထဲမှာ ဘာပေးထားသလဲဆိုတော့ ကျောက်မျက်ရတနာသယံဇာတကိစ္စမှာ ပြည်နယ်အစိုးရနဲ့ တိုင်းဒေသကြီးအစိုးရကို လုပ်ကိုင်ခွင့်ပေးထားပါတယ်။ ဒါပေမယ့် သူတို့က တိုင်းဒေသကြီးနဲ့ပြည်နယ်တွေက သယံဇာတ၊ ကျောက်မျက်ရတနာကိစ္စနဲ့ ပတ်သက်ပြီး ဥပဒေပြုပေမယ့် တကယ်တမ်း အကောင်အထည်ဖော်နေတာက အရင်တုန်းက သယံဇာတဆိုင်ရာ တည်ဆဲဥပဒေတွေနဲ့ အကောင်အထည်ဖော် နေပါတယ်။ အဲဒီမှာ ပြဿနာဖြစ်ပါတယ်။

ဒုတိယအချက်က စည်ပင်သာယာရေးကိစ္စနဲ့ ပတ်သက်ပြီးတော့ ပြည်နယ်တွေနဲ့ တိုင်းဒေသကြီးတွေကို ဥပဒေပြုခွင့်ပေးထားပါတယ်။ ဒါပေမယ့် ဒီနေ့ အထိ ကျွန်တော်တို့ တိုင်းပြည်မှာ ကျင့်သုံးနေတဲ့ စည်ပင်သာယာရေး တည်ဆဲဥပဒေတွေနဲ့ပဲ တိုင်းပြည်မှာ နိစ္စဓူဝစည်ပင်သာယာရေးကိစ္စတွေကို ဖော်ဆောင် နေတာဖြစ်ပါတယ်။ တတိယအချက်မှာ ရေချိုငါးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ ဥပဒေပြုခွင့်ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို ပေးထားပါတယ်။ ဒါပေမယ့် ရေချိုလုပ်ငန်းတော့ ထားပါတော့။ ငါးလုပ်ငန်းနဲ့ ပတ်သက်တဲ့လုပ်ငန်းတွေကလည်း လက်ရှိတည်ဆဲဥပဒေလုပ်ဆောင်နေတဲ့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လုပ်ပိုင်ခွင့်မရှိသလို ဖြစ်သွားတာပေါ့။

နောက်ဆုံးတစ်ခု ဥပမာပြချင်တာက သစ်လုပ်ငန်း ဖြစ်ပါတယ်။ သစ်တောနဲ့ ပတ်သက်ပြီး ကျွန်တော်တို့မှာ တည်ဆဲဥပဒေတွေနဲ့ လုပ်နေပါတယ်။ တစ်ဖက်မှာလည်း ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လုပ်ပိုင်ခွင့်ပေးထားတယ်။ ဒါပေမယ့် ကျွန်းသစ်အပါအဝင် သစ်မာမှအပ ကျန်တဲ့ဟာကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေ လုပ်ပိုင်ခွင့်ရှိပေမယ့် အဲဒီ့ထဲမှာမှ စာရင်းအရ (၁၅၀)လောက်ပါသွားတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအတွက် သစ်ကနေ သူတို့ဘဏ္ဍာငွေရဖို့က ဝါးပဲကျန်ပါတော့မယ်။

အဲလိုမျိုး အခြေခံဥပဒေတွေတော့ ကောင်းပါရဲ့၊ ဒါပေမယ့် အဲဒီ့ ကောင်းတဲ့ အခြေခံဥပဒေတွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်တဲ့အချိန်မှာ ကျင့်သုံးတဲ့ ဒီတည်ဆဲဥပဒေတွေကို ကျွန်တော်တို့ အရင်ဆုံးစိစစ်ရမယ်။ အဲဒီဟာတွေ စိစစ်ပြီးမှ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၁)ရယ်၊ (၂)ရယ်၊ (၃)ရယ် ကောင်းကောင်းလုပ်လာတဲ့အခါကျရင် ကျွန်တော်တို့ အဲဒီ့အခါမှ ဇယား(၁)ကနေ နည်းနည်းများနေမလား၊ ဇယား (၂)ကိုပြောင်းရင် မကောင်းဘူးလား၊ (၂)ကဟာကို(၃)ကိုပြောင်းရင် မကောင်း ဘူးလား၊ (၃)ထဲမှာ ဒီ(၁)နဲ့(၂)ကို ဘယ်လိုညှိမလဲဆိုတာကို အခြေခံဥပဒေပြုပြင် နေတဲ့ကိစ္စတွေကို လုပ်ဆောင်ရင်တော့ ကျွန်တော်တို့ နည်းလမ်းကျတယ်လို့ ထင်ပါတယ်။ ဘာလို့လဲဆိုတော့ ကျွန်တော်တို့ အကောင်းဆုံးသော မြန်မာပြည်အတွက် အကောင်းဆုံးသောအခြေခံဥပဒေရှိခဲ့တယ်ဆိုပါစို့။ အဲဒီ့ဥပဒေ တွေရဲ့အောက်မှာ တည်ဆဲဥပဒေတွေက အလုပ် လုပ်နေတာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ တည်ဆဲဥပဒေတွေကို မပြောင်းနိုင်ဘူးဆိုရင် ဘယ်လိုကောင်းတဲ့ အခြေခံဥပဒေမျိုးဖြစ်စေ ဖြစ်စေ၊ ကျွန်တော်တို့မှာ မကျေနပ်ချက်တွေကတော့ အမြဲတမ်းရှိနေမှာပဲ။ အဲဒီတော့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်က အသစ်ရေးဖို့ ကျွန်တော် လုံးဝမစဉ်းစားရပါဘူး။ ပြုပြင်ဖို့တောင်မှနည်းနည်းစောနေလား၊ တည်ဆဲ ဥပဒေတွေကို အရင်ပြုပြင်ပြီးတော့ အဲဒီ့အခါကျမှ တည်ဆဲဥပဒေ (၄၀၀)ကျော်နဲ့ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ လိုက်လျောညီထွေရှိတဲ့အခါကျမှ တကယ်တမ်း ၂၀၀၈ ခုနှစ်အခြေခံဥပဒေဟာတကယ်အလုပ်လုပ်နိုင်သလား၊ မလုပ်နိုင်ဘူးလား၊ ပြည်သူတွေရဲ့ လိုလားချက်ကို တကယ်ဆန္ဒ ဖြည့်စွမ်းနိုင်သလားဆိုတဲ့ဟာကို သိနိုင်မယ်လို့ ယူဆပါတယ်။

နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့မှာ ပုဒ်မ (၄၄၆) ရှိပါတယ်။ အဲဒီ့ (၄၄၆) က လက်ရှိတည်ဆဲဥပဒေတွေဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်ရင် အတည်ဖြစ်ရမယ်။ ဆန့်ကျင်ရင် ပျက်ပြယ်ရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မကိုက်ညီတဲ့ တည်ဆဲဥပဒေတွေ၊ နည်းဥပဒေတွေ၊ အက်ဥပဒေတွေ၊ အမိန့်တွေ၊ ကြေညာချက်တွေ၊ ပြန်တမ်းတွေအများကြီးရှိနေတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒီ့ဟာတွေကို လက်ရှိအခြေအနေနဲ့ ကိုက်ညီခြင်း ရှိ/မရှိ စုံစမ်းစစ်ဆေးပြီးတော့၊ သုတေသန ပြုပြီးတော့ အများပြည်သူသိဖို့၊ လွှတ်တော်တွေ သိဖို့၊

အချပ်ပို(၉)သို့

“နောက်ဆုံးအနေနဲ့ ပြောချင်တာကတော့ ကျွန်တော်တို့မှာ ပုဒ်မ (၄၄၆) ရှိပါတယ်။ အဲဒီ့ (၄၄၆) က လက်ရှိတည်ဆဲဥပဒေတွေဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မဆန့်ကျင်ရင် အတည်ဖြစ်ရမယ်။ ဆန့်ကျင်ရင် ပျက်ပြယ်ရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မကိုက်ညီတဲ့ တည်ဆဲဥပဒေတွေ၊ နည်းဥပဒေတွေ၊ အက်ဥပဒေတွေ၊ အမိန့်တွေ၊ ကြေညာချက်တွေ၊ ပြန်တမ်းတွေအများကြီးရှိနေတယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။ အဲဒီ့ဟာတွေကို လက်ရှိအခြေအနေနဲ့ ကိုက်ညီခြင်း ရှိ/မရှိ စုံစမ်းစစ်ဆေးပြီးတော့၊ သုတေသနပြုပြီးတော့ အများပြည်သူသိဖို့၊ လွှတ်တော်တွေ သိဖို့၊ အစိုးရတွေသိဖို့၊ အခြားသက်ဆိုင်ရာဌာနအသီးသီးတွေသိဖို့ လုပ်ပေးမယ့် ကော်မရှင်လိုဟာမျိုး တစ်ခုခုလောက်တော့ ကျွန်တော်တို့ တိုင်းပြည်မှာလိုအပ်နေတယ်လို့ ကျွန်တော်တော့ယူဆပါတယ်။”

အချပ်ပို(ဃ)မှ

အစိုးရတွေသိဖို့၊ အခြားသက်ဆိုင်ရာဌာနအသီးသီးတွေသိဖို့ လုပ်ပေးမယ့် ကော်မရှင်လိုဟာမျိုး တစ်ခုခုလောက်တော့ ကျွန်တော်တို့ တိုင်းပြည်မှာ လိုအပ်နေတယ်လို့ ကျွန်တော်တော့ယူဆပါတယ်။

ဦးသန်းအောင်။ ဟုတ်ကဲ့ပါခင်ဗျာ။ ကျေးဇူးတင်ပါတယ်။ ဒေါက်တာ အင်ဒရူးဆွေးနွေးသွားလိုက်တော့ သယံဇာတနဲ့ ဘဏ္ဍာငွေခွဲဝေမှုနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုခွဲဝေသင့်တယ်ဆိုတဲ့ အမြင်လေးကို ကျွန်တော်တို့ မမြင်သေးတဲ့အပိုင်းတွေလည်း အများကြီး တွေ့ရပါတယ်။ ပြီးတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ကြမလား။ အသစ်ရေးကြမလား ဝိဝါဒကွဲပြားနေတဲ့ အပေါ်မှာလည်း ဆရာအမြင်လေးကို ပြတ်ပြတ်ထင်ထင် မြင်သာတယ်လို့ ကျွန်တော်ယူဆပါတယ်ဆရာ။ ဆက်လက်ပြီးတော့ ဆရာဦးကျော်ဝင်း အနေနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ ပါဝင်တဲ့ လွှတ်တော်အသီးသီးမှာ တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေမှုနဲ့ ပတ်သက်ပြီး လက်ရှိအနေအထားအရထားရှိရမယ့် သဘောထားအမြင်လေးနဲ့ ပတ်သက်ပြီး ဆရာရဲ့အမြင်လေးကိုဆွေးနွေးပေးစေချင်ပါတယ်ခင်ဗျာ။

ဦးကျော်ဝင်း။ ကျွန်တော်ဉာဏ်မီ သလောက်ဆွေးနွေးကြည့်ပါမယ်။ ဒီကိစ္စပြောရရင်တော့ ကျွန်တော်တို့ တိုင်းပြည်တစ်ခုတည်း ကွက်ဖြစ်တာ မဟုတ်ဘူးလို့ ထင်ပါတယ်။ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဖြစ်တဲ့ ကိစ္စဖြစ်ပါတယ်။ သမိုင်းနဲ့ချီပြီး ပြောရရင် ကမ္ဘာပေါ်မှာကမ္ဘာစစ်ကြီးတွေ မတိုင်ခင်ကတော့ တပ်မတော်ဆိုတာ Professional Institution လွတ်လပ်တဲ့ အဖွဲ့အစည်းတစ်ခုပါ။ Political Metric ရဲ့ အပြင်ဘက်မှာလို့ ပြောလို့ရပါတယ်။ သို့သော် လက်တွေ့မှာ ကမ္ဘာပေါ်မှာ ကမ္ဘာစစ်ကြီး နှစ်ကြိမ်ဖြစ်လိုက်တော့ တိုင်းပြည်တိုင်းအတွက်က လုံခြုံရေးသည်ပင် နိုင်ငံရေး ဖြစ်လာပါတယ်။ အဲဒီတော့ တပ်မတော်ကိုယ်တိုင်ကလည်း Political Institution အဖြစ်ပြောင်းသွားတာလည်းရှိတယ်။

ဒါက ကျွန်တော်တို့ ကြိုက်ခြင်း၊ မကြိုက်ခြင်းနဲ့ သိပ်မဆိုင်ဘူးလို့ ထင် တယ်။ အခြေအနေကိုက ဒီလိုဖြစ်လာကြတာစစ်ပြီးခေတ်ရောက်တဲ့အခါဒီကိစ္စက တော်တော်များများ အများကြီးစဉ်းစားရမယ့်ကိစ္စဖြစ်တယ်လို့ ထင်ပါတယ်။ နိုင်ငံရေးမက်ထရစ်ထဲမှာ ထဲထဲဝင်ဝင်ပါလာတဲ့ တပ်မတော်ကို ဘယ်လိုနေရာချထားကြမလဲ၊ ဒီမိုကရေစီနဲ့ သဟဇာတဖြစ်အောင် ဘယ်လိုလုပ်ကြမလဲ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်လက်လှမ်းမီသလောက် ပထမဦးဆုံးထွက်တဲ့ကျမ်း၊ ဒီကျမ်းလို့ပြောနိုင်တဲ့ ၁၉၅၇ ခုနှစ်ကထွက်တဲ့ စာအုပ်ထဲမှာ အဲဒီမှာ ဂျပန်နဲ့ဂျာမနီသွားတဲ့လမ်းကြောင်း ဖြစ်ပါတယ်။ သူကတော့ စစ်ဝါဒကို ပြန်လည် ခေါင်းထောင်မလာရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ တပ်မတော်ကို Political Metric အပြင်ဘက်မှာထားတဲ့၊ တတ်နိုင်သလောက် မဖွံ့ဖြိုးအောင် ရည်ရွယ်ချက်ရှိရှိလုပ်ထားတဲ့ သဘောရှိပါတယ်။

စာစောစော ဖက်ဆစ်ဝါဒ၊ စစ်ဝါဒပြန်မပေါ်ရေးဆိုတဲ့ ရည်မှန်းချက် အောင်မြင်ပေမယ့် လုံခြုံရေးဘက်က ကြည့်ရင် ဂျပန်ရော၊ ဂျာမနီရောဟာ စစ်အေးခေတ်တစ်လျှောက်လုံးမှာ လုံခြုံရေးအားအနည်းဆုံးဖြစ်နေတယ်။ ကိုယ်ပိုင်လုံခြုံရေးအင်အားမရှိဘဲနဲ့ အမေရိကန်ထီးရိပ်ကို တစ်ဖက်သတ် မှီခိုနေရတဲ့ အနေအထားရှိပါတယ်။ အကျိုးဆက်အနေနဲ့ သူကစီးပွားရေးအရ ဆူပါပါဝါအဖြစ်တတ်နိုင်ပေမယ့် တကယ်ဆူပါပါဝါအဆင့် နှစ်နိုင်ငံစလုံး ရောက်မလာဘူး။

တပ်ကို လွတ်လိုက်တဲ့ Autonomous Institution တစ်ခုအနေနဲ့ ထားသင့်တယ်။ အဲဒီဘောင်ထဲမှာပဲ အမေရိကန်ရဲ့ ပေါ်လစီမှာ ဒီ Impact တွေ တော်တော်ပါတယ်လို့ ထင်ပါတယ်။

ကျွန်တော်နားလည်သလောက်ပြောရရင် အမေရိကမှာ Election နဲ့ မဟုတ်ဘဲနဲ့ Official Organization အရ ခွင့်ပြုထားတဲ့ အဖွဲ့အစည်းသုံးခု ရှိတယ်လို့ ထင်ပါတယ်။ တစ်ကတော့ တပ်မတော်၊ ပင်တဂွန်ပေါ့။ နောက်တစ်ခုကတော့ ရှေ့နေချုပ်၊ နောက်တစ်ခုက ဗဟိုဘဏ်ဥက္ကဋ္ဌ၊ အဲဒါက အမေရိကန်ဖွံ့ဖြိုးတိုးတက်မှုမှာ အားသာချက်လို့ သုံးသပ်ကြတာတွေလည်းရှိတယ်။ ဒါက

ဦးကျော်ဝင်း

တပ်ကို ဘယ်လိုနေရာချထားမလဲ ဆိုတဲ့ဟာပေါ့။ အဲဒီစာအုပ်ထဲမှာ ကျွန်တော်တို့ လွတ်လပ်ခါစ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် တိုက်ရိုက် သက်ဆိုင်တာ သိပ်မတွေ့ဘူး။ ကျွန်တော်တို့ကျတော့ ဒီပြင်နိုင်ငံတွေရဲ့ တပ်မတော်တွေနဲ့ကိုမတူဘူး။ ကျွန်တော်တို့ရဲ့ တပ်မတော်တွေက အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုနဲ့အတူ ပေါ်ပေါက်လာတာတွေများတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ တပ်မတော်ဆိုရင် ၁၃၀၀ ပြည့်မှာ သန္ဓေတည်တယ်၊ ဘီအိုင်အေ ခေတ်မှာ စမွေးဖွားလာတယ်။

ဖက်ဆစ်တော်လှန်ရေးနဲ့အတူ အရွယ်ရောက်တယ်။ စဖွဲ့ကတည်းက Volunteer ပုံစံဖြစ်တယ်။ လွတ်လပ်ရေးရတဲ့အခါမှာလည်း ကျွန်တော်တို့လို နိုင်ငံတွေမှာ ပြည်တွင်းစစ်တွေနဲ့ ကြုံရတယ်။ စစ်ဖြစ်နေတဲ့ တိုင်းပြည် တစ်ပြည်မှာဆိုရင် တပ်မတော်ရဲ့ အခန်းကဏ္ဍက အရေးကြီးတယ်။ ကျွန်တော်တို့ အိမ်နီးနားချင်းတွေ ပြန်ကြည့်ရင် ထိုင်းပဲဖြစ်ဖြစ်၊ တောင်ကိုရီးယားပဲဖြစ်ဖြစ်၊ အင်ဒိုနီးရှားပဲ ကြည့်ကြည့်၊ တိုင်းပြည်တွေရဲ့ အပြောင်းအလဲ မှာ တပ်မတော်ရဲ့ အခန်းကဏ္ဍက ထဲထဲဝင်ဝင်ပါနေတာ တွေ့ရတယ်။ သူတို့လည်း ဒီလိုပဲလို့ ထင်ပါတယ်။

ဒါပေမယ့် ၁၉၈၉ ခုနှစ် နောက်ပိုင်း တိတိကျကျပြောရရင် ဘာလင် တံတိုင်းပြိုပြီးနောက်ပိုင်း ပညာရှင်တွေ သတ်မှတ်တာက အပြောင်းအလဲ သုံးခုဖြစ်လာတယ်၊ တစ်ကတော့ ဒီမိုကရေစီ စနစ်ဟာ တစ်ကမ္ဘာလုံးသဘောဆောင်လာတယ်၊ နိုင်ငံအားလုံးက ဒီမိုကရေစီစနစ်ကို ဦးတည်လာတယ်။ နှစ်ကတော့ ဆိုဗီယက်ကွန်မြူနစ်ဝါဒ ကျဆုံးသွားတယ်။ သုံးက စစ်အေးပြီးသွားတယ်။

ဒီလိုအခြေအနေသစ်တွေအောက်မှာ တပ်တွေ ဘယ်လိုပြန်ပြီးတော့ နေရာချကြမလဲဆိုတဲ့ ခေါင်းစဉ်ကလည်း Current Affair လို့ထင်ပါတယ်။ တစ်ချိန်ကတော့ စစ်အေးရဲ့ အထွတ်အထိပ်ကာလပေါ့။ ၁၉၆၀ ပြည့်လွန် နှစ်ကာလဆိုတော့ ကျွန်တော်တို့နိုင်ငံတွေတင်မကပါဘူး။ လွတ်လပ်ခါစ နိုင်ငံတော်တော်များများနိုင်ငံတွေမှာ စစ်ဘက် အာဏာသိမ်းမှုတွေ ရှိခဲ့တာကိုး။

သို့သော် အခုစစ်အေးလွန်ခေတ် နောက်ပိုင်းရောက်တော့ တပ်ကို Professional Institution ဖြစ်အောင် ဘယ်လိုနေရာချကြမလဲ။ ဒီကိစ္စတွေကလည်း အတော်အရေးကြီးလိမ့်မယ်ထင်ပါတယ်။ သိပ်မကြာ သေးခင်က ဖတ်ရတဲ့ စာအုပ်တစ်အုပ်ဆိုရင် ဒါနဲ့အများဆုံးသက်ဆိုင်ပါတယ်။ အဲဒီစာအုပ်ထဲမှာ ကျွန်တော်တို့နဲ့တော်တော်အသွင်သဏ္ဌာန်တူတဲ့ အာရှနိုင်ငံတွေနဲ့လက်တင်အမေရိကနိုင်ငံတွေရဲ့ အပြောင်းအလဲတွေလည်းပါတယ်။ ရည်ရွယ်ချက်ကတော့ တပ်ကို Professional Institution ဖြစ်အောင် ဒီမိုကရေစီနဲ့ သဟဇာတ ဖြစ်အောင် ဘယ်လိုနေရာချထားကြမလဲ ဆိုတဲ့ ကိစ္စတွေပေါ့။

အားလုံးသိတဲ့အတိုင်းပဲ ကျွန်တော်တို့က တပ်မတော်အစိုးရ ကနေပြီးတော့ အရပ်ဘက်အစိုးရပြောင်းရေးအတွက် လိုအပ်ချက်အရ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်လာရ တာကိုး။ သို့သော် အဲဒီမှာ အငြင်းပွားကြတဲ့ ပြဿနာတစ်ခုကတော့ ၂၅ ရာခိုင်နှုန်းပေါ့။ ဒါကလည်း စောစောကဟာတွေနဲ့ ဆက်စပ်ပြီးတော့ လိုအပ်ချက်အရကိုက တပ်က Political Institution ဖြစ်တယ်။ နောက်တစ်ခုက ကျွန်တော်တို့တိုင်းပြည်မှာ အခုထိလည်းပြန်ပေါ်နေတာ လက်နက်ကိုင်အင်အားစုတွေထဲက အင်အားအကြီးဆုံးလို့ဆိုရမယ့် ဗမာပြည်ကွန်မြူနစ်ပါတီတော့မရှိတော့ပါ ဘူး။ အဲဒီအနေအထားမှာတောင် လက်နက်ကိုင်အင်အားစုပေါင်းလိုက်ရင် တစ်သိန်းအထက်မှာရှိတယ်လို့ ကျွန်တော်ကြားဖူးတယ်။ လူဦးရေနဲ့ အချိုးချကြည့်ရင် လက်နက်ကိုင်တိုင်းရင်းသားတွေ တော်တော်များနေသေးတဲ့ တိုင်းပြည်ဖြစ်ပါတယ်။ ဒီအချိန်မှာတပ်က လုံခြုံရေးအကြောင်းပြချက်ဟာ ကျွန်တော်တို့ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ဒါဟာမှန်းလို့တော် တော်ခက်တယ်ပေါ့။ နောက်ပြီး နှစ်ပေါင်းရာစုနှစ်တစ်ဝက်လောက် အဆက် ပြတ်နေတဲ့ ဒီမိုကရေစီစနစ်ကိုပြန်အသက်သွင်းရတာ၊ Constitution အသက်ဝင်တာကလည်း အခုနှစ်နှစ်ခွဲလောက်ပဲ ရှိသေးတယ်။ လ ၃၀ သာသာလောက်ပဲရှိသေးတယ်။ အပြည့်အဝ Function မဖြစ်သေးတာလည်း ဝန်ခံရမှာပဲထင်တယ်။

နိုင်ငံတော်သမ္မတကြီး ပြောတဲ့အထဲမှာလည်း ပါပါတယ်။ ဒီပွတ်တိုက်မှု တွေ ရှိနေဆဲဆိုတာ။ ကျွန်တော်တစ်ဦးချင်းအမြင်အရတော့ Constitution ဟာ အပြည့်အဝ Function မဖြစ်သေးတာနဲ့ပဲဆိုင်မယ်ထင်ပါတယ်။ ဒါက ဒုတိယအချက်ပေါ့။ နောက်တစ်ချက်ကတော့ ကုန်ခဲ့တဲ့လပေါင်း ၃၀ ကိုပဲ ပြန်ကြည့်၊ စိန်ခေါ်ချက်တွေက မျှော်မှန်းထားတာထက် အများကြီးပိုများတယ်။ ဒီလိုအခြေအနေမျိုးအောက်မှာ တပ်မတော်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းကို ဖယ်ရှားရေးဟာ ဘယ်လိုစိန်ခေါ်မှုတွေဖြစ်စေနိုင်မလဲ။ နောက် Constitution ဆိုတာဟာ ရေးဆွဲတဲ့ကာလ တစ်ခုမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေအားလုံး အလုပ်လုပ်လို့ရအောင် ကြားအဖြေတစ်ခုကို ထားရတဲ့ အခြေအနေတစ်ခုလို့ ထင်ပါတယ်။ အဲဒီတော့ ဒီမိုကရေစီနှုန်းစံတွေနဲ့ ကြည့်ရင်တော့ လိုအပ်ချက်တွေ ရှိကောင်းရှိမှာပေါ့။ ကျွန်တော်တို့ကိုပဲ မကြည့်နဲ့။ ဒီနေ့ ဒီမိုကရေစီ အရင့်ကျက်ဆုံးဆိုတဲ့ အမေရိကန်နိုင်ငံကိုပဲကြည့်ရင် ဒီမိုကရေစီစံအရကြည့်ရင် အားနည်းချက်တွေရှိမှာပဲ။ လူ့ယဉ်ကျေးမှုနဲ့ သိပ်မအပ်စပ်တဲ့ ကျွန်စနစ်တောင် ရှိသလောက်ရှိခဲ့သေးတာ။

ဒါကြောင့် ၂၅ ရာခိုင်နှုန်းသော တပ်မတော်သားကိုယ်စားလှယ်ကို ထည့်ထားတာလည်း လိုအပ်ချက်အရ ထည့်ထားတာလို့ မြင်ပါတယ်။ တစ်သက် လုံးရာသက်ပန်ထည့်မယ့် အနေအထားမရှိဘူးလို့ ကျွန်တော်နားလည်ထားတယ်။ ဘာကြောင့်လဲဆိုတော့ ပြန်ဖတ်ကြည့်တော့ ပြည်သူ့လွှတ်တော်ဖွဲ့စည်းပုံထဲမှာ ၁၁၀ ထက်မပိုသော တပ်မတော်သားကိုယ်စားလှယ်ဆိုပြီး ပါထားတယ်။ ၂၅ ရာခိုင်နှုန်းထက်မပိုသောဆိုတော့ ဒါဟာ အလွန်ဆုံးပါဝင်မှုပဲ၊ ဒီထက် မပိုတော့ဘူး၊ လိုအပ်ရင်လျှော့ချင်ရင် လျှော့သွားမယ့်သဘောလို့ ယူလို့ရမယ် ထင်ပါတယ်။

> “၂၅ ရာခိုင်နှုန်းသော တပ်မတော်သား ကိုယ်စားလှယ်ကိုထည့်ထားတာလည်း လိုအပ်ချက်အရ ထည့်ထားတာလို့ မြင်ပါတယ်။ တစ်သက်လုံးရာသက်ပန်ထည့်မယ့်အနေအထားမရှိဘူးလို့ ကျွန်တော်နားလည်ထားတယ်။ ဘာကြောင့်လဲဆိုတော့ ပြန်ဖတ်ကြည့်တော့ ပြည်သူ့လွှတ်တော်ဖွဲ့စည်းပုံထဲမှာ ၁၁၀ ထက်မပိုသော တပ်မတော်သားကိုယ်စားလှယ်ဆိုပြီး ပါထားတယ်။ ၂၅ ရာခိုင်နှုန်းထက်မပိုသောဆိုတော့ ဒါဟာ အလွန်ဆုံးပါဝင်မှုပဲ၊ ဒီထက်မပိုတော့ဘူး၊ လိုအပ်ရင် လျှော့ချင်ရင် လျှော့သွားမယ့်သဘောလို့ ယူလို့ရမယ် ထင်ပါတယ်။”

အမျိုးသားညီလာခံကာလကလည်း ကျွန်တော် မှတ်မိနေတာ တစ်ခုက ချင်းက တစ်သီးပုဂ္ဂလကိုယ်စားလှယ်က တပ်မတော်သားကိုယ်စားလှယ်

အချပ်ပို (စ)သို့

အချပ်ပို(င)မှ

၂၅ ရာခိုင်နှုန်းဆိုတဲ့ဟာကို လက်ရှိတော့ လက်ခံပြီးတော့ တဖြည်းဖြည်းနဲ့ အခြေအနေကြည့်ပြီးတော့ လျှော့ချမယ်ဆိုတာ ဆွေးနွေးခဲ့တာမှတ်မိနေပါတယ်။ သိပ်မကြာသေးခင်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ဒီသဘောတွေ ပြောခဲ့တာရှိတော့ ဒါတွေက တဖြည်းဖြည်းနဲ့ လျှော့သွားမယ့်အခြေ အနေရှိတယ်လို့ ထင်ပါတယ်။ လောလောဆယ် လျှော့ချဖို့ ဖြစ်နိုင်၊ မဖြစ်နိုင်။ အခုလက်ရှိအခြေအနေအရတော့ သိပ်မျှားစောနေဦးမလား။ တစ်ချိန်မဟုတ်၊ တစ်ချိန်တော့ ရှိလာနိုင်ပါတယ်။ လျှော့ချဖို့ဆိုရင် ကျွန်တော်စဉ်းစားမိသလောက် အခုရှိနေတဲ့ ပြည်တွင်းစစ်ရပ်ဖို့လိုတယ်။ တိုင်းပြည်ငြိမ်းချမ်းရေးရဖို့လိုတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံရေးလိုအပ်ချက်ညှိယူရတာ တော်တော် လျော့သွားမယ်။ နံပါတ်နှစ်ကတော့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ အပြည့်အဝ Function ဖြစ်အောင် ဝိုင်းကြိုးစားရဦးမယ်ထင်တယ်။ ကျွန်တော်တို့ ယဉ်ကျေးမှုအရကြည့်ရင် ယုံကြည်မှုက အားနည်းတော့ မြန်မာ့နိုင်ငံရေးသမိုင်းမှာ မကွဲဘူးတဲ့ နိုင်ငံရေးပါတီမရှိဘူး။ ဂိုဏ်းဂဏသဘော မကွဲကြသည့်တိုင် ပွတ်တိုက်မှုတွေကတော့ အများကြီး။ ဒီအချိန်မှာ Blancing Power အင်အားချိန်ခွင်လျှာထိန်းနိုင်တဲ့ အဖွဲ့အစည်းတစ်ခုရှိဖို့ မလိုပေ ဘူးလား။

နောက်တစ်ချက်ကတော့ ဒီမိုကရေစီရင့်ကျက်လာတာနဲ့အမျှ၊ Constitution Function ဖြစ်လာတာနဲ့အမျှ ဒီ ၂၅ ရာခိုင်နှုန်းသော တပ်မတော်သား ကိုယ်စားလှယ်လျှော့ချရေးဟာ ဖြစ်ကောင်းဖြစ်နိုင်တယ်လို့ ထင်ပါတယ်။ လောလောဆယ်က စောသေးတယ်လို့ထင်တယ်။ အခြား မလိုလားအပ်တဲ့ ဘေးထွက်ဆိုးကျိုးကို ဖိတ်ခေါ်သလိုလည်းဖြစ်သွား နိုင်တယ်လို့ ထင်ပါတယ်။ ဒါက ၂၅ ရာခိုင်နှုန်းနဲ့ပတ်သက်လို့ ကျွန်တော်ရဲ့ နားလည်ချက်ပါ။ အိမ်နီးချင်းတွေ ပြန်ကြည့်ရင်လည်း ဒီသဘောတွေ အများကြီး တွေ့ရတယ်လို့ ထင်ပါတယ်။ ဥပမာ အင်ဒိုနီးရှားနိုင်ငံဆိုရင် ၁၉၈၈ ခုနှစ်လောက်အထိ ၄၀ ရာခိုင်နှုန်းထားတယ်၊ ကျွန်တော်တို့ကမှ ၂၅ ရာခိုင်နှုန်းထားတယ်။ ၁၉၈၉ ခုနှစ်ရောက်မှ ၂၅ ရာခိုင်နှုန်း ဖြစ်သွားတယ်။ ဘယ်တော့မှ အပြီးလျှော့သလဲဆိုတော့ ၂၀၀၄ ခုနှစ်မှ လျှော့တယ်။ အဲဒီမှာ လည်း ပြန်ကြည့်ရင် အားချေးပြဿနာပြီးတော့မှ ဖြစ်တယ်။ အခုကျွန်တော် တို့က ပြည်တွင်းစစ်က ရှိနေဆဲ။ အခု ပြည်တွင်းစစ်ရပ်စဲရေးအတွက် အစိုးရသစ်လက်ထက်မှာ ထိထိရောက်ရောက် ကြိုးစားနေတာလည်း အမှန်ပါ။ သို့သော် တစ်ပြည်လုံးအတိုင်းအတာနဲ့ အပစ်အခတ်ရပ်စဲရေး မဖြစ်သေးဘူး။

ဦးသန်းအောင်

ပြီးရင်လည်း နိုင်ငံရေးဆွေးနွေးပွဲလုပ်ရဦးမယ်။ အားလုံးသဘောတူညီမှု ရ မရဆိုတာ ကံသေကံမ မပြောနိုင်သေးဘူး။ တော်တော်များများရဖို့တော့ ရှိပါတယ်။ အခုလိုအခြေအနေမှာ အခု ကိစ္စကိုစဖို့ မသင့်သေးဘူးလို့တော့ ထင်ပါတယ်။

Constitution ဆိုတဲ့သဘောကလည်း ဘယ် Constitution မှ ပြီးပြည့်စုံ တယ်လို့မရှိပါဘူး။ ဒီလိုပဲ ပြင်ရင်းပြင်ရင်းနဲ့ ကောင်းသွားကြတဲ့ သဘောရှိပါတယ်။ တစ်ခါပြန်ကြည့်ရင် ကျွန်တော် တို့ရဲ့ Constitution မှ မဟုတ်ပါဘူး။ တခြား Constitution လည်း ဒီအတိုင်းပဲ။ ပြင်လိုက် ပေမယ့်ပြီးပြည့်စုံသွားမှာ မဟုတ်ပါဘူး။ ကျွန်တော် တို့သက်တမ်းအတွင်းမှာ လိုအပ်ချက်တွေ အားလုံး ပြင်နိုင်သည်ပဲထားဦး၊ ကျွန်တော်တို့ သားသမီးတွေ လက်ထက်မှာ နောက်ထပ်ပြင်စရာတွေပေါ်ကောင်း ပေါ်လာမှာ ဖြစ်ပါတယ်။ ကျွန်တော် နားလည်သလောက်ကတော့ Constitution ဆိုတာ Generation အလိုက် လိုအပ်ချက်တွေကို ပြင်ပြင်သွားကြရတာမျိုးလို့ ထင်ပါတယ်။

ဒါကြောင့်လည်း Constitution ထဲမှာ တရားဝင်ပြင်ဆင်ရေးဆိုတဲ့ အပိုဒ်ကို ထည့်ထားကြဟန်တူပါတယ်။ အခုခက်နေတာက ကျွန်တော်တို့က ဘာမှ အသားမကျသေးတော့ အလွန်နုနယ်သေးတဲ့အချိန်မှာ လုံးဝဖျက်၊ အသစ်ရေးဆိုတော့ တော်တော်အန္တရာယ်များတယ်လို့ ထင်တယ်။ အဲဒီတော့ ဆရာတို့ကျတော့ ဥပဒေပညာရှင်အနေနဲ့ ဥပဒေရှုထောင့်က ဘယ်လိုမျိုးဆိုးကျိုးတွေပေါ်နိုင်မလဲ။ ဒါလေးကို ဆရာတို့က ဆက်ဆွေးနွေးပေးစေ ချင်ပါတယ်။

ဦးသန်းအောင်။ ဆရာဦးကျော်ဝင်းက ကျွန်တော့်ကို ဆွေးနွေးဖို့ တိုက်တွန်း လာတဲ့အတွက်ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ရေးကြမလား၊ ပြင်ကြမလားဆိုတဲ့ အကြောင်းအရာနဲ့ပတ်သက်ပြီး ကျွန်တော်သိထားသမျှလေးကို ဗဟုသုတနဲ့ ဥပဒေရှုထောင့်ကနေပြီး ရှင်းပြချင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဆရာဦးကျော်ဝင်း ပြောသွားတဲ့အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းဆိုတဲ့အခန်း၊ အခန်း ၁၂ မှာ ပါပါတယ်။ ပုဒ်မ ၄၃၃ ကနေပြီးတော့ ပုဒ်မ ၄၃၆ အထိ ရှိပါတယ်။ အခုပြောနေကြတာက ဖွဲ့စည်းပုံအခြေခံ ဥပဒေကို အသစ်ရေးကြမလား၊ ပြန်ပြင်မလားပြောနေကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ အသစ်ပြန်ရေးဖို့ဆိုတဲ့ ပြဋ္ဌာန်းချက် မပါရှိပါဘူး။ ပြင်ဆင်ဖို့ ပြဋ္ဌာန်းချက်ပဲ ပါပါတယ်။

အသစ်ရေးကြမယ်ဆိုရင်လည်းပဲ အကြောင်းတရား(၃)ရပ်အပေါ်မှာ အခြေခံပြီးတော့မှပဲ ဖွဲ့စည်းပုံအသစ်ရေးလေ့ရေးထ ရှိပါတယ်။ ပထမ အကြောင်းတရားကဘာလဲဆိုတော့နိုင်ငံတစ်နိုင်ငံကိုတပ်မတော်က အာဏာသိမ်းလိုက်တယ်။ နောက်လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းလိုက်တယ်။ အဲဒီအခါမျိုးမှာ အသစ်ရေးရတော့တာ။ ဒုတိယအကြောင်းတရားကတော့ လက်ရှိအစိုးရကိုပြည်သူတွေက မကြိုက်ကြတော့ဘူးဆိုရင် ဆူပူအုံကြွမှုတွေ ဖြစ်လာတယ်။ အစိုးရကိုဖြုတ်ချတယ်။ ကြားဖြတ်အဖွဲ့အစည်းတစ်ခုက အုပ်ချုပ်ရတယ်။ အဲဒီမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးကြရပါတယ်။ နောက်ဆုံးတစ်ခုကတော့ ပြည်သူတွေက လက်ရှိရှိနေတဲ့ စနစ်၊ နိုင်ငံရဲ့အသွင်သဏ္ဌာန်ကို ပြောင်းချင်တယ်။ ငြီးငွေ့လာကြပြီ။ စနစ်ဟောင်း ကနေစနစ်သစ် တစ်ခုကို ပြောင်းချင်ပြီ။ ပြည်သူ တွေရဲ့တညီတညွတ်တည်းသောဆန္ဒနဲ့ပေါ့လေ။အေးချမ်းတည်ငြိမ်စွာနဲ့ ပြောင်းချင်လာတဲ့အခါကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အသစ်ပြန်ရေးပြီး ပြောင်းကြတယ်။

ဒီအကြောင်းတရား (၃)ရပ်ကလည်း ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းကြောင်းမှာ ပြန်ကြည့်ရင်တောင် သာဓကအနေနဲ့ တွေ့နိုင်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံ အသစ်ကို ရေးကြမယ်။ ပြင်ကြမယ်။ အသစ်ရေးရင် ဘာတွေလိုအပ်ချက်တွေနဲ့ စိန်ခေါ်မှုတွေရှိနိုင်သလဲ။ ပြင်ဆင်ရင် ဘာလိုအပ်ချက်တွေ ရှိမလဲ။ စိန်ခေါ်မှုတွေရှိမလဲ။ ဘယ်လိုအကျိုးအပြစ်တွေ ရနိုင်မလဲဆိုတာနဲ့ ပတ်သက်ပြီးတော့ ဆက်ပြီးတော့ ဆွေးနွေးပါမယ်။

အသစ်ရေးတော့မယ်ဆိုရင် ဘာလိုအပ်လာလဲဆိုတော့ ပြန်လည်ပြုပြင်ရေး၊ ပြောင်းလဲရေးအတွက် အဲ့ဒီကာလအတွင်းမှာ ပြည်သူတွေရဲ့ အများသဘောဆန္ဒကိုရယူဖို့ လိုအပ်လာတယ်။ တကယ်လို့များ အများသဘော တူညီမှုမရဘူးဆိုရင် နိုင်ငံမတည်မငြိမ်မှုတွေ ဖြစ်လာမယ်၊ ကာလတွေ ရှည်ကြာတတ်ပါတယ်။ ဥပမာအားဖြင့် ကင်ညာနိုင်ငံကို ကြည့်လိုက်မယ် ဆိုရင် ကင်ညာနိုင်ငံမှာ ၁၉၉၇ ခုနှစ်ကနေပြီးတော့ ၂၀၁၀ခုနှစ်အထိ အဖြစ်ဆိုးနဲ့ ကြုံခဲ့ပါတယ်။ နောက်ဆုံး ၂၀၀၈ ခုနှစ်မှာ သူတို့နိုင်ငံမှာ အကြမ်းဖက်မှုတွေ ပေါ်ခဲ့တဲ့ နမူနာလေးရှိပါတယ်။

နောက်တစ်ခါ အသစ်ရေးတော့မယ်ဆိုရင် အသွင်ကူးပြောင်းရေး ကာလတစ်ခု လိုပါတယ်။ အဲ့ဒီအသွင်ကူးပြောင်းရေးကာလကလည်း ပဋိပက္ခနည်းရင် မြန်ပေမယ့် ပဋိပက္ခများရင် ကြာတတ်ပါတယ်။ နောက်တစ်ခုက အသွင်ကူးပြောင်းရေးကာလအတွင်းမှာ တရားမျှတမှုနဲ့ ပြန်လည်ရင်ကြားစေ့ရေးအတွက် လုပ်ငန်းစဉ်တွေ လိုအပ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးတဲ့အခါမှာလည်း ဘက်လိုက်မှုကင်းကင်းနဲ့ မျှမျှတတလုပ်ဖို့ လိုပါတယ်။ အဲ့ဒီလိုမှမလုပ်ဘူးဆိုရင် ကျွန်တော်တို့ အောင်မြင်မှုမရနိုင်ပါဘူး။

နိုင်ငံရေးမတည်ငြိမ်မှုတွေ ဖြစ်တတ်ပါတယ်။ ဥပမာအားဖြင့် လက်ရှိ ဖြစ်ပေါ်နေတဲ့ အီဂျစ်နိုင်ငံကိုကြည့်ရင် အဲ့ဒီပုံစံပါပဲ။ နောက်တစ်ခုက ဘက်စုံ ပြီးပြည့်စုံတဲ့ပါဝင်မှုမျိုး လိုပါတယ်။ ပြည်သူတွေရဲ့ လိုလားထောက်ခံမှုမျိုးလိုပါတယ်။ နောက်တစ်ခါ ကျွမ်းကျင်ပညာရှင်တွေရဲ့ အထောက်အကူတွေ လိုပါတယ်။ ဒါဟာ လိုအပ်ချက်တွေနဲ့ စိန်ခေါ်မှုတွေပါ။

အသစ်ရေးမယ်ဆိုရင် အကျိုးထက် အပြစ်က များပါတယ်။ အကျိုးကတော့ သိသာတဲ့ ပြောင်းလဲမှုဖြစ်ပေါ်မယ်။ နောက်တစ်ခါ အဲ့ဒီလို ရေးတဲ့အခါ ပြည်သူတွေရဲ့ လိုအင်ဆန္ဒနဲ့ ကိုက်ညီအောင် ဆောင်ရွက်နိုင်ရင် ပြည်သူတွေရဲ့ ထောက်ခံမှု၊ လိုလားမှုအပြည့်အဝရရှိမယ်။ နောက်တစ်ခါ ပြောင်းလဲနေတဲ့ ခေတ်အခြေအနေနဲ့ ထင်ဟပ်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်နိုင်မယ်။

ဒါပေမယ့် အပြစ်ပြန်ကြည့်လိုက်တဲ့အခါ အကျိုးစီးပွား၊ အတွေးအခေါ်၊ လူမှုစီးပွားတွေ ကွာဟချက်ကြီးမားတဲ့ လူ့အဖွဲ့အစည်းမျိုး ဖြစ်နေတဲ့အခါကျတော့ အဲ့ဒီမှာ မတည်ငြိမ်မှုတွေ ဖြစ်လာနိုင်တယ်။ ဒါ့ထက်ဆိုးတာက နိုင်ငံရေးမတည်ငြိမ်မှုတွေ၊ အကြမ်းဖက်မှုတွေ ဖြစ်လာနိုင်တယ်။

အဲဒီအခါကျတော့ စစ်ဘက်ကနေပြီး ဝင်ရောက်စွက်ဖက်ရတဲ့ကိစ္စမျိုးတွေ ပေါ်လာတတ်ပါတယ်။ နောက်တစ်ခါ ငွေကုန်ကြေးကျတွေ များလာမယ်။ အချိန်ကာလတွေ ကြာလာမယ်။ အဲ့ဒီလိုကြာလာတာနဲ့အမျှ ကျွမ်းကျင်မှုလိုအပ်ချက်တွေလည်း လိုလာမယ်။ ဒါ့ထက်ဆိုးတာက အသွင်ကူးပြောင်းတဲ့ ကာလအတွင်းမှာ ဖြစ်ပေါ်လာမယ့် အခက်အခဲတွေအများကြီး ကြုံတွေ့နိုင်ပါတယ်။

ဒါက အသစ်ရေးရင်တွေ့ရမယ့် ဆိုးကျိုး၊ အပြစ်တွေ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ကြမယ်ဆိုရင်ကော။ ဒါကတော့ အခုလက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ကျွန်တော်တို့ အခန်း (၁၂) မှာပါတဲ့ ပြင်ဆင်တဲ့နေရာမှာ လိုက်နာရတဲ့ သတ်မှတ်ထားတဲ့ အချက်တွေကို လိုက်နာဖို့လိုသလို အဲ့ဒီမှာ သတ်မှတ်ထားတဲ့ ဆန္ဒမဲအရေ

အချပ်ပို(ဆ)သို့

> “ **အသစ်ရေးမယ်ဆိုရင် အကျိုးထက် အပြစ်က များပါတယ်။ အကျိုးကတော့ သိသာတဲ့ ပြောင်းလဲမှုဖြစ်ပေါ်မယ်။ နောက်တစ်ခါ အဲ့ဒီလို ရေးတဲ့အခါ ပြည်သူတွေရဲ့ လိုအင်ဆန္ဒနဲ့ ကိုက်ညီအောင် ဆောင်ရွက်နိုင်ရင် ပြည်သူတွေရဲ့ ထောက်ခံမှု၊ လိုလားမှု အပြည့်အဝရရှိမယ်။ နောက်တစ်ခါ ပြောင်းလဲနေတဲ့ ခေတ်အခြေအနေနဲ့ ထင်ဟပ်ပြီးတော့ လုပ်ကိုင်ဆောင်ရွက်နိုင်မယ်။**
>
> **ဒါပေမယ့် အပြစ်ပြန်ကြည့်လိုက်တဲ့အခါ အကျိုးစီးပွား၊ အတွေးအခေါ်၊ လူမှုစီးပွားတွေ ကွာဟချက်ကြီးမားတဲ့ လူ့အဖွဲ့အစည်းမျိုး ဖြစ်နေတဲ့အခါကျတော့အဲ့ဒီမှာ မတည်ငြိမ်မှုတွေ ဖြစ်လာနိုင်တယ်။ ဒါ့ထက်ဆိုးတာက နိုင်ငံရေး မတည်ငြိမ်မှုတွေ၊ အကြမ်းဖက်မှုတွေ ဖြစ်လာနိုင်တယ်။** ”

အချပ်ပို(စ)မှ

အတွက် ထောက်ခံဆန္ဒမဲရဖို့ လိုအပ်မှာဖြစ်ပါတယ်။

နောက်တစ်ခါ လွှတ်တော်အတွင်းမှာ အချင်းချင်းသဘောတူညီမှု ရအောင်သဘောထားကြီးကြီးနဲ့ စိတ်ရှည်ရှည်နဲ့ထားပြီး စည်းရုံးရမယ့်၊ ညှိနှိုင်းရမယ့် နိုင်ငံရေးရင့်ကျက်မှုလေးတွေလည်း လိုပါတယ်။ ဘဏ္ဍာငွေ လိုအပ်ချက်ရှိမယ်။ ကျွမ်းကျင်မှုအထောက်အကူတွေ လိုအပ်တာတွေ ရှိမယ်။ ဒါတွေက လိုအပ်ချက်တွေနဲ့ စိန်ခေါ်မှုတွေပါ။ အဲ့ဒီတော့ ပြင်ဆင်တဲ့နေရာမှာတော့ အကျိုးနဲ့အပြစ် ပြန်ကြည့်လိုက်တဲ့အခါကျတော့ သူက အပြစ်ကနည်းပါတယ်။ အကျိုးရှိတာ များပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်တဲ့အခါကျတော့ အချိန်တိုအတွင်းမှာ ပြင်ဆင်တာကတော့ ပြီးသွားနိုင်မယ်။ ဒါဟာ လွှတ်တော်တွင်းကိစ္စဖြစ်နေတာမို့ ပြင်ဆင်တာအချိန်တိုအတွင်းမှာ ပြီးသွားနိုင်တယ်။ အသစ်ရေးတဲ့နေရာမှာကြုံတွေ့ရမယ့် အကြမ်းဖက်မှုတွေ၊ နိုင်ငံရေးမတည်ငြိမ်မှုတွေလည်း မတွေ့နိုင်ဖို့ ပိုပြီးတော့ များပါတယ်။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်နဲ့ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲသွားနိုင်တဲ့ အနေအထားတွေနဲ့လည်း ကြုံနိုင်ပါတယ်။

နောက်တစ်ခါ ပြင်ဆင်ဖို့အတွက်ဆိုရင်လည်း ပုဒ်မတစ်ခုချင်း အလိုက်ပဲဖြစ်စေ၊ အခန်း တစ်ခန်းချင်းစီအလိုက်ပင်ဖြစ်စေ၊ အချင်းချင်းပြေလည်အောင်ညှိနှိုင်းပြီး အပေးအယူသဘောနဲ့ ညှိနှိုင်းကြရင် လွယ်လွယ်ကူကူနဲ့ ပြင်ဆင်တဲ့နေရာမှာ ဆောင်ရွက်လို့လွယ်သွားနိုင်တဲ့ အနေအထားတွေ ရှိပါတယ်။ ဒါကြောင့်အသစ်ရေးမလား၊ ပြင်ဆင်မလားဆိုတာနဲ့ပတ်သက်ရင် ပြည်သူတွေကို သိစေချင်တာက အသစ်ရေးတယ်ဆိုတာက ဆရာဦးကျော်ဝင်း ပြောသွားသလို၊ဆရာဒေါက်တာအင်ဒရူးပြော သွားသလိုအန္တရာယ်ကြီးတဲ့အလုပ်တစ်ခုပဲ ဖြစ်ပါတယ်။

ပြင်မယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါတဲ့ ဥပဒေကပြဋ္ဌာန်းပေးထားတဲ့ ပြင်ဆင်ရာမှာ လိုက်နာရမယ့် အချက်ကလေးတွေရရှိအောင် ညှိနှိုင်းပြီး၊ ဆွေးနွေးပြီး နိုင်ငံရေးရင့်ကျက်မှုနဲ့ လုပ်သွားကြမယ်ဆိုရင် ကောင်းသွားမှာ ဖြစ်ပါတယ်။ ပြင်ဆင်ရင်းနဲ့ပဲ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဟာ တဖြည်းဖြည်းနဲ့ အားနည်းချက်တွေမရှိတော့ဘဲ အားသာချက်တွေနဲ့ ပြည့်စုံသွားနိုင်တဲ့ အနေအထားမျိုး ရှိနိုင်ပါတယ်။

ကျွန်တော့်အနေနဲ့ကတော့ ပြင်ဆင်တာနဲ့ပတ်သက်ပြီးတော့ ဆရာ ဦးကျော်ဝင်း ခုနက ပြောသွားသလို အသစ်ရေးမလား၊ ပြင်ဆင်မလားဆိုတဲ့အပိုင်းလေးကို ဥပဒေရှုထောင့်မှ အမြင်လေးကို တင်ပြဆွေးနွေးတာပါ။ အားလုံးလည်း ဆွေးနွေးပြီးပြီဆိုတော့ ဆက်ပြီးတော့ ဆရာဦးသောင်းညွန့်ကို ထပ်မံဆွေးနွေးဖို့များရှိသေးလား၊ ရှိသေးတယ်ဆိုရင် ဆွေးနွေးပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။

ဦးသောင်းညွန့်။ တက်ရောက်လာတဲ့ ပုဂ္ဂိုလ်ကြီးများက ကိုယ်တွေ့ကြုံလာခဲ့တဲ့ အတွေ့အကြုံလေးတွေအပေါ်မှာ အခြေခံပြီးတော့မှ ဆွေးနွေးသွားတာဟာ နိုင်ငံတော်အတွက် အကျိုးဖြစ်စေမယ့်အခြေအနေကို ဖန်တီးနိုင်အောင် ဆွေးနွေးသွားတာဖြစ်တဲ့အတွက်ကြောင့် အင်မတန်မှ ကောင်းမွန်ပါတယ်။ စောစောက ဦးကျော်ဝင်း ဆွေးနွေးသွားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ တပ်မတော်ရဲ့အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး လွှတ်တော်တွေမှာ ၂၅ ရာခိုင်နှုန်း ပါဝင်သင့်တယ်ဆိုတဲ့အချက်နဲ့ ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ဆွေးနွေးသွားတာ ကောင်းပါတယ်။

၂၅ ရာခိုင်နှုန်း ပါဝင်မှုနဲ့ပတ်သက်ပြီး အမျိုးသားညီလာခံ ကျင်းပစဉ် ကတည်းက ဒီအချက်နဲ့ပတ်သက်လို့ လေးလေးနက်နက် စဉ်းစားခဲ့ကြပါတယ်။ စဉ်းစားတဲ့အခါမှာ အချက်နှစ်ချက်အခြေခံပြီး စဉ်းစားခဲ့ကြပါတယ်။ နံပါတ်တစ်အချက်က ကျွန်တော်တို့နိုင်ငံရဲ့ ယနေ့ရှိနေတဲ့ အခြေအနေအရပ်ရပ်အရ ဖွဲ့စည်းပုံအခြေခံဥပဒေထဲမှာ လွှတ်တော်ဖွဲ့စည်းမှု၊ အုပ်ချုပ်ရေးအပိုင်းမှာတပ်မတော်ပါဝင်သင့်တယ်လို့ တော်တော်လေးလေးနက်နက်စဉ်းစားပြီးတော့မှ အခြေခံမူတစ်ရပ်အနေနဲ့ ချမှတ်ခဲ့တယ်ဆိုတာကို ပြောလိုပါတယ်။

နောက်တစ်ချက်ကတော့ တပ်မတော်ဆိုတဲ့ အင်စတီကျူးရှင်းကြီးဟာ ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးသမိုင်းမှာ အင်မတန်အစဉ်အလာကြီးမားတဲ့ တပ်မတော်ဖြစ်ပါတယ်။ ဒီတပ်မတော်ကို စတင်တည်ထောင်ခဲ့တာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ဖွဲ့စည်းပြီး တစ်ဆင့်ပြီးတစ်ဆင့် လက်ဆင့်ကမ်းပြီးတော့ လက်ရှိအခြေအနေအထိ ရောက်လာတဲ့ ဒီတပ်မတော်ဟာ နိုင်ငံမှာပေါ်ပေါက်လာတဲ့ အခက်အခဲတွေ၊ ပြည်တွင်း၊ ပြည်ပပြဿနာတွေ အပေါ်မှာ ဖြေရှင်းဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ တပ်မတော်မှာ တိုင်းရင်းသားတွေအားလုံး တူညီစွာပါဝင်ဖွဲ့စည်းထားပါတယ်။

တိုင်းရင်းသားတွေအားလုံး ဖွဲ့စည်းထားတဲ့ တပ်မတော်ကြီးဟာ နိုင်ငံတော်ကို တကယ့်အရေးကြုံလာတဲ့အခါတိုင်းမှာ ကာကွယ်ခဲ့တဲ့ အစဉ်အလာ ကြီးမားတဲ့ တပ်မတော်ကြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒီလိုအခြေအနေတွေကို လျစ်လျူမရှုသင့်ဘူးဆိုပြီးတော့ ဆွေးနွေးကြပြီးတော့မှ ဒီအချက်နှစ်ချက်ပေါ်မှာ အခြေခံပြီး အခြေခံမူတွေချတဲ့အခါ တပ်မတော်ပါဝင်ရမည်လို့ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်အသီးသီးမှာ တပ်မတော်ကိုယ်စားလှယ်တွေ ပါနေတယ်။ ပါနေတဲ့ ကိုယ်စားလှယ်တွေဟာ ဒီမိုကရေစီနိုင်ငံ ထူထောင်တဲ့အခါမှာ၊ ဒီမိုကရေစီ ကျင့်စဉ်ကို ဖော်ဆောင်နေတဲ့အခါမှာ တပ်မတော်ကိုယ်စားလှယ်တွေက ကပျက်ကယက်လုပ်ခဲ့ခြင်း ရှိခဲ့သလား။ အခုထိမရှိခဲ့ပါဘူး။ သူတို့ဟာလည်း လက်ရှိအခြေအနေမှာ တပ်မတော်သည် ဒီမိုကရေစီကို လိုလားသော တပ်မတော်လို့ မြင်ပါတယ်။

“ လက်ရှိ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ လွှတ်တော် အသီးသီးမှာ တပ်မတော်ကိုယ်စားလှယ်တွေ ပါနေတယ်။ ပါနေတဲ့ ကိုယ်စားလှယ်တွေဟာ ဒီမိုကရေစီနိုင်ငံ ထူထောင်တဲ့အခါမှာ၊ ဒီမိုကရေစီကျင့်စဉ်ကို ဖော်ဆောင်နေတဲ့အခါမှာ တပ်မတော်ကိုယ်စားလှယ်တွေက ကပျက်ကယက်လုပ်ခဲ့ခြင်း ရှိခဲ့သလား။ အခုထိမရှိခဲ့ပါဘူး။ သူတို့ဟာလည်း လက်ရှိအခြေအနေမှာ တပ်မတော်သည် ဒီမိုကရေစီကို လိုလားသော တပ်မတော်လို့ မြင်ပါတယ်။

တပ်မတော်ပါဝင်မှုနဲ့ပတ်သက်လို့ အခြေခံဥပဒေမှာသုံးထားတဲ့ အသုံးအနှုန်းစကားအသုံးအနှုန်းကလည်း ၂၅ရာခိုင်နှုန်းအထိဆိုပြီး တော့ တဖြည်းဖြည်းချင်း လျှော့ချသွားလို့ရအောင်၊ သို့သော် စဉ်းစားဖို့က အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိပါတယ်။ လက်ရှိ အခြေအနေနဲ့ လက်ရှိအချိန်အခါမှာတော့ တပ်မတော်ရဲ့ ပါဝင်ပတ်သက်မှုရှိနေသေးသင့်တယ်လို့ ပြောလိုပါတယ်။ ”

ဒါဟာ အချက်တစ်ချက်ပါ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်တိုင်လည်း ဒီမိုကရေစီ လိုလားပြီးတော့ တဖြည်းဖြည်းဖြေလျှော့ဖို့ ပြောဆိုခဲ့တဲ့ အချက်တွေလည်း ရှိပါတယ်။ တပ်မတော်ပါဝင်မှုနဲ့ပတ်သက်လို့ အခြေခံဥပဒေမှာ သုံးထားတဲ့အသုံးအနှုန်း စကားအသုံးအနှုန်းကလည်း ၂၅ ရာခိုင်နှုန်းအထိဆိုပြီးတော့ တဖြည်းဖြည်းချင်း လျှော့ချသွားလို့ရအောင်၊ သို့သော် စဉ်းစားဖို့က အခြေအနေနဲ့ အချိန်အခါဆိုတာ ရှိပါတယ်။ လက်ရှိအခြေအနေနဲ့ လက်ရှိအချိန်အခါမှာတော့ တပ်မတော်ရဲ့ ပါဝင်ပတ်သက်မှု ရှိနေသေးသင့်တယ်လို့ ပြောလိုပါတယ်။

နောက်တစ်ခုက ဒေါက်တာတူးဂျာ ဆွေးနွေးသွားတဲ့ ကိစ္စလေးတွေ၊ နောက် ဒေါက်တာအင်ဒရူး ဆွေးနွေးသွားတဲ့ ကိစ္စလေးတွေ၊ Self Determination ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတာကလည်း ဥပဒေဆိုတာဟာ အခြေခံ ဥပဒေရော၊ တည်ဆဲဥပဒေရော အားလုံးဟာ it is the living law အမြဲတမ်း ရှင်သန်နေရမယ်။ အခြေအနေနဲ့ အချိန်အခါပေါ်မှာ မူတည်ပြီးတော့ ပြင်သင့်ရင်လည်း ပြင်ရမယ်။ ဖြည့်စွက်သင့်ရင်လည်း ဖြည့်စွက်ရမယ်။ ဒါတွေဟာ အားလုံးတိုင်တိုင်ပင်ပင်၊ ညှိညှိနှိုင်းနှိုင်း ဆွေးနွေးပြီးတော့ သဘောတူညီချက်နဲ့ လုပ်လို့ရှိရင် ပြင်လို့လည်းရတယ်။ ဖြုတ်လို့လည်း ရတယ်။ ဖျက်လို့လည်း ရတယ်။

ဒီတော့ ခုနက ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နဲ့ပတ်သက်လို့ ၂၀၀၈ အခြေခံဥပဒေမှာ ဥပဒေပြုစာရင်း၊ ဥပဒေပြုဇယားဆိုပြီးတော့ ဖော်ပြထားတာလည်း ပါပါတယ်။ ပြည်ထောင်စုဥပဒေပြုစာရင်း၊ တိုင်းဒေသကြီးနဲ့ပြည်နယ် ဥပဒေပြု စာရင်း၊ နောက်ပြီးတော့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥပဒေပြုစာရင်း။ ဒါတစ်ပိုင်း၊ နောက်တစ်ပိုင်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေရပိုင်ခွင့်ရှိသောသယံဇာတနဲ့ပတ်သက်တဲ့ အခွန်အကောက်တွေ၊ လုပ်ပိုင်ခွင့်တွေ၊ ဒါတွေဇယားတစ်ခုပါပါတယ်။

ဒီတော့ ဒါတွေဟာ အားလုံးညှိညှိနှိုင်းနှိုင်းနဲ့ ဘယ်ကိစ္စဖြင့် ဗဟိုက ပြဋ္ဌာန်းတဲ့ဥပဒေဟာ တိုင်းဒေသကြီးအတွက် လုပ်လို့ ကိုင်လို့မရဘဲဖြစ်နေတယ်။ ဥပမာ-စောစောက ပြောသွားတဲ့ ကျောက်မျက်ကိစ္စ၊ ကျောက်မျက်ကိစ္စဆိုလို့ ရှိရင် လုပ်လို့မရဘူး။ ကိုင်လို့မရဘဲဖြစ်နေတယ် စသည်ဖြင့် အဲဒီလိုဖြစ်နေလို့ရှိရင် ဒါလေးတွေကတော့ အားလုံးညီညီညာညာနဲ့ သဘောထားကြီးစွာနဲ့ပေါ့လေ။ အရေးအကြီးဆုံးကတော့ သဘောထားကြီးဖို့ အရေးကြီးပါတယ်။ သဘောထားကြီးစွာနဲ့ ညှိနှိုင်းတိုင်ပင်ပြီးတော့ လုပ်လိုက်ရင် သိပ်ခဲယဉ်းတဲ့ ကိစ္စမဟုတ်ဘူးလို့ ကျွန်တော့်အတွေ့အကြုံအရ အဲဒီလို မြင်ပါတယ်။

တိုင်းဒေသကြီးနဲ့ပြည်နယ်တွေမှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်အောင်တော့ ရှိသင့်တယ်။ အဲဒီလိုရှိဖို့အတွက် သူတို့မှာ သူတို့ဒေသမှာရှိတဲ့ Resources တွေနဲ့ပတ်သက်လို့ သူတို့ရပိုင်ခွင့်ကလေးကိုလည်းပဲ အားလုံးညှိနှိုင်းပြီးတော့ အတိုင်းအတာတစ်ရပ်အထိ ဘယ်လောက် ဘယ်မျှ ယူမယ်ဆိုတာလေးတွေ ဆွေးနွေးလိုက်လို့ရှိရင် ဒါတွေဟာ မဖြစ်နိုင်စရာအကြောင်းမရှိဘူးလို့ ကျွန်တော်တော့ မြင်ပါတယ်။

အချပ်ပို(၈)သို့

အချပ်ပို(ဆ)မှ

တိုတိုပြောရရင် လိုတိုး ပိုလျှော့ပေါ့လေ။ အဲဒီလို လိုတိုးပိုလျှော့လုပ်ခြင်းအားဖြင့် အခြေခံဥပဒေကြီး တစ်ရပ်လုံးအသစ်ဆွဲကြစို့ဆို တဲ့အမြင်ထက် လိုတဲ့အပိုင်းလေးတွေကိုပဲ စိတ်ရှည်လက်ရှည် သဘောထားကြီးစွာနဲ့ ပြင်ဆင် သွားကြစို့ဆိုလို့ရှိရင် နိုင်ငံတော်အတွက်လည်း အကျိုးရှိမယ်။ ပြည်သူ တွေအတွက်လည်း အကျိုးရှိမယ်။ တိုင်းဒေသကြီး နဲ့ပြည်နယ်တွေ၊ အထူးသဖြင့် ပြည်နယ် တွေပေါ့လေ၊ ပြည်နယ်တွေအတွက် သူတို့လို လားတဲ့ လိုလားချက်တွေရယ် ပြည့်စုံလိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ အဲဒီလို သုံးသပ်ရရှိပါတယ်။ ဒါလောက်ပါပဲ။

ဦးသန်းအောင်။ ဟုတ်ကဲ့ပါခင်ဗျာ၊ ဆရာ ဖြည့်စွက်ဆွေးနွေးသွားတဲ့ အတွက်လည်း ကျေးဇူး တင်ပါတယ်။ ဆရာဒေါက်တာမနန်တူးဂျာအနေနဲ့ ရော ဘာများဖြည့်စွက်ဆွေးနွေးချင်တာလေးတွေ ရှိဦးမလဲ ခင်ဗျ။

ဒေါက်တာမနန်တူးဂျာ။ ကျွန်တော် နည်းနည်း ဖြည့်စွက်ဆွေးနွေးချင်တာက တိုင်းရင်းသားအခွင့် အရေးမှာ ယခင်ပြဋ္ဌာန်းခဲ့တဲ့၊ သုံးစွဲခဲ့တဲ့ အခြေခံ ဥပဒေများမှာမပါတဲ့ တိုင်းရင်းသား အခွင့်အရေး တစ်ရပ်လို့ ဆိုလို့ရတဲ့ အချက်တစ်ခု ဒီလက်ရှိ အခြေခံဥပဒေမှာပါနေတယ်။ အဲဒါဘာလဲဆို တိုင်းရင်းသားရေးရာဝန်ကြီး ခန့်အပ်နိုင်တဲ့အချက် တစ်ခု ဖြစ်ပါတယ်။ ဒါလည်း ထူးခြားတဲ့တိုင်းရင်း သား အခွင့်အရေးတစ်ရပ်လို့ မှတ်ယူလို့ ရပါ တယ်ဆိုတာကို ကျွန်တော်ဖြည့်စွက် ပြောကြား လိုပါတယ်။

ဦးသန်းအောင်။ ဟုတ်ကဲ့ပါခင်ဗျာ။ ဒေါက်တာ အင်ဒရူးအနေနဲ့ရောဘာများ ဖြည့်စွက်ဆွေးနွေး ချင်တာလေးတွေ ရှိသေးလဲခင်ဗျ။

ဒေါက်တာအင်ဒရူးငွန်ကျုံးလျန်။ သဘာဝ သယံဇာတအရင်းအမြစ် ဝင်ငွေ ခွဲဝေရေး၊ နောက်ပြီးတော့ ကျေးလက်နဲ့ မြို့ပြဖွံ့ဖြိုးမှု ကွာဟချက်တွေကို လျှော့ချနိုင်ရေးအတွက် ဒီသဘာဝတစ်ခုကိုပဲ မကြည့်ဘဲနဲ့ ထပ်ပြီးတော့ တစ်ဆင့်ကြည့်ဖို့က လူသားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးပဲ ဖြစ်ပါတယ်။ ဒီကိစ္စမှာ လက်ရှိ ၂၀၀၈ အခြေခံဥပဒေမှာ ပညာရေးနဲ့ ကျန်းမာ ရေးနဲ့ ပတ်သက်တဲ့ဟာတွေ အများစုဟာ ပြည်ထောင်စုရဲ့ ဥပဒေပြုခွင့်၊ ဒါမှမဟုတ် လက်ရှိတည်ဆဲဥပဒေအရ ပြည်ထောင်စုအစိုးရ အဆင့်ကနေ ကိုင်တွယ်တဲ့ဟာတွေ များပါတယ်။ အဲဒီတော့ ကျွန်တော့် အမြင်မှာတော့ ကျွန်တော်တို့ ရဲ့ အနေအထားနဲ့ကိုက်ညီတဲ့ တိုင်းရင်းသားတွေ၊ ကျေးလက်မှာနေတဲ့လူတွေရဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ထဲကလူတွေ တဖြည်းဖြည်းနဲ့ ဒီဟာကို အခုချိန်ကနေ ပြောင်းပြီးတော့ ဥပဒေပြုဇယား(၂) ထဲမှာပြောင်း၊ ဒါမှမဟုတ်လို့ရှိရင် တိုင်းဒေသကြီးနဲ့ ပြည်နယ်ရဲ့ လုပ်ပိုင်ခွင့်ထဲမှာ တဖြည်းဖြည်း ပြန်ပြီး တော့ Incrementally ပေးသင့်တယ်လို့ ကျွန်တော်ယူဆပါတယ်။ အဲဒီလိုမလုပ် လို့ရှိရင် မြို့ပြနဲ့ကျေးလက်ဒေသက ဆင်းရဲချမ်းသာကွာဟမှု၊ နောက်ပြီးတော့ ဖွံ့ဖြိုးမှု ကွာဟမှုတွေကို တိုက်ဖျက် နိုင်မှာ မဟုတ်ပါဘူး။

ဒုတိယအချက်အနေနဲ့ ပြောချင်တာက ဇယား (၁)၊ ဇယား(၂)မှာ ဇယား (၂)ကို တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေကို လုပ်ပိုင်ခွင့်ပိုပြီးတော့ ပေးသင့် တယ်လို့ ယူဆတဲ့အချက်တွေဖြစ်ပါတယ်။ အဲဒီလို မပေးခင်မှာလည်း ခုနက ဒီလိုပေးပြီးတော့ တကယ်တမ်းအလုပ်မလုပ်နိုင်တဲ့ဟာတွေကိုလည်း အလုပ်မဖြစ်အောင် အဟန့်အတားဖြစ်နေတဲ့ တည်ဆဲဥပဒေတွေကိုပါ တစ်ခါတည်း နှစ်ခုစလုံး အခြေခံဥပဒေလည်း ပြုပြင်ရင်း၊ လိုတိုးပိုလျှော့ လုပ်ရင်းနဲ့လည်း တစ်ဖက်မှာတည်ဆဲဥပဒေကို အနှောင့်အယှက်ပေးနေတဲ့ ဒီဥပဒေလေး တွေကို လည်း ပြုပြင်ရင်း၊ နောက်ပြီးတော့ ဇယား(၅) မှာလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက ကောက်ခံနိုင်တဲ့ အခွန်အတုတ်တွေကိုလည်း သူတို့ ဘဏ္ဍာငွေ ပိုပြီးတော့တိုးလာအောင် နည်း နည်းပြန်တိုးပေးဖို့တော့ လိုပါတယ်လို့ ယူဆပါ တယ်။ အဲဒီလို တဖြည်းဖြည်းနဲ့သွားတယ်ဆိုလို့ ရှိရင် ၂၀၀၈ အခြေခံဥပဒေကနေ ကျွန်တော်တို့ကို ခင်းပေးထားတဲ့ ဒီမိုကရေစီလမ်းကြောင်းဟာ ဆက်ပြီးတော့ လမ်းကြောင်းမှန် လျှောက်နိုင် မယ်လို့ ထင်ပါတယ်။ အဲဒီလို မဟုတ်ဘဲနဲ့ ဒီလမ်း ကြောင်းကိုဖြတ်တောက်ပြီးတော့ နောက်လမ်း ကြောင်း အသစ်တစ်ခု ထွင်မယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့မှာ တော်တော်ကြီးမားတဲ့ ပြဿနာ တို့၊ စိန်ခေါ်မှုတို့၊ အခက်အခဲတို့ ကြုံတွေ့ရလိမ့် မယ်လို့ယူဆပါတယ်။

ဦးသန်းအောင်။ ဆရာဖြည့်စွက်ဆွေးနွေးသွား တာလည်း ကောင်းပါ တယ် ခင်ဗျ။ ဆက်ပြီးတော့ ဆရာဦးကျော်ဝင်း ဘာများဆွေးနွေးချင်တာ လေးများ ရှိသေးလဲခင်ဗျ။

ဦးကျော်ဝင်း။ ကျွန်တော်တို့ နားလည် သလောက်ဆိုရင်ပေါ့။ အခြေခံ ဥပဒေတစ်ခု နဲ့ပတ်သက်ရင် လက်တွေ့အလုပ်လုပ်ကြည့်ရင်းနဲ့ ရှေ့ဆက်ဖို့ အဟန့်အတားဖြစ်နေတယ်၊ အခက် အခဲရှိနေတယ်ဆိုတာမျိုးတွေ တွေ့ရင်တော့ ညှိနှိုင်းပြင်ဆင်သင့်ပါတယ်။ ကျွန်တော်ဉာဏ်မီ သလောက် စဉ်းစားကြည့်တော့ သွားနေတဲ့ အပြောင်းအလဲက သုံးပွင့်ဆိုင်ပေါ့၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုနဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်ပေါ့။ ငြိမ်းချမ်းရေးဖြစ်စဉ် ရှေ့ဆက်ဖို့ဆိုရင်တော့ ဆရာဒေါက်တာတူးဂျာတို့၊ ဒေါက်တာအင်ဒရူးတို့ ပြောတဲ့ထဲလည်း ပါပြီးပါပြီ။ ပြည်နယ်နဲ့ ဗဟိုအစိုးရအကြား Power Sharing တို့၊ Resourse Sharing တို့ ဒါလေးတွေကိုတော့ အကျေအလည်ညှိပြီးတော့ သဘောထားကြီးကြီးနဲ့ ညှိနှိုင်းကြရင် ပိုပြီးအဆင်ချောမယ်ထင်ပါတယ်။

တပ်ကိစ္စကျတော့ ဒီနေ့သွားနေတဲ့အပြောင်း အလဲကို ကတိမ်းကပါးဖြစ်စေတဲ့ အဟန့် အတားဖြစ်စေတဲ့ အပြုအမူတွေ ကျွန်တော်လည်း အခုထိတော့ မတွေ့ဘူး။ အထူးသဖြင့် ကျွန်တော် သတိပြုမိတာက ဒါလည်း လွှတ်တော်ထဲ ရောက် ပြီးမှပါ။ တပ်က တပ်ရဲ့ရပ်တည်မှုက ဘယ်နိုင်ငံ ရေးပါတီတစ်ခုနဲ့မှ သိပ်မပတ်သက်ဘူး။ သူ့မူနဲ့သူ သွားနေသလိုပဲ။ အဲဒါလည်း လွတ်လပ်တဲ့ Professional Institution ဖြစ်ဖို့ အတွက်ကျ အလားအလာကောင်း တစ်ခုလို့မြင်ပါတယ်။ ချုပ်လိုက်ရင်တော့လောလောဆယ် တပ်ကိစ္စ ၂၅ရာခိုင်နှုန်းကိစ္စက အဆောတလျင် ကိုင်စရာ လည်း မလိုသေးဘူး။ ကိုင်လည်း မကိုင်သင့်ဘူးလို့ ထင်ပါတယ်။ အကုန်လုံးချုပ် လိုက်ရင်တော့ ဒါတော့ ကျွန်တော်တစ်ဦးချင်းနဲ့ပဲ ဆိုင်ပါတယ်။ ကျွန်တော်တို့ တစ်သက်တာ အတွက်တော့ အခုကြုံနေတဲ့ အပြောင်းအလဲလို စိတ်ကူးတွေနဲ့ မျှော်လင့်လို့ရတာမျိုးကို ပွင့်ပွင့်လင်းလင်း ပြော ရရင် ကျွန်တော်တစ်ခါမှ မကြုံဖူးဘူး။ အဲဒီ တော့ ဒီဟာလေးကိုတော့ တန်ဖိုးထားစေချင် ပါတယ်။ အထူးသဖြင့် ဒီအပြောင်းအလဲကို ကတိမ်းကပါး မဖြစ်စေချင်ဘူး။ ဘာကိုပဲ ဆုံးဖြတ် ဆုံးဖြတ်၊ လက်ရှိအပြောင်းအလဲကို ကတိမ်း ကပါး မဖြစ်စေဖို့ဆိုတဲ့ဟာလေးကို သတိချပ် ထားရင် ပိုကောင်းမယ်ထင်ပါတယ်။

နောက်ဆုံးကျွန်တော်ဖတ်ဖူးတဲ့ စာသားတစ်ခု ပါ။ ဒီမိုကရေစီအပြောင်းအလဲမှာ ပြဿနာများ နိုင်တဲ့၊ မသေချာမရေရာနိုင်တဲ့ကိစ္စတွေကို သိပ်အာရုံ မပြုမိပါစေနဲ့၊ ဒါတွေကမစပါနဲ့၊ အကျိုး ရလဒ်သေချာပေါက်ရနိုင်မယ့်ကိစ္စတွေ ကိုအာရုံ စိုက်ပါ။ ဒါကစတာ ပိုသင့်လျော်ပါတယ်ဆိုတဲ့ စကားပါ။ ကျွန်တော် အဲဒါလေးကိုလည်း ဖျတ်ခနဲ သတိရမိတယ်။ အဲဒီတော့ သဘောထားကြီးကြီးနဲ့ အမြော်အမြင်ကြီးကြီးနဲ့လုပ်ကြရင်တော့ ကျွန်တော် တို့ မျှော်လင့်သလို ဖြစ်မယ် ထင်ပါတယ်။

ဦးသန်းအောင်။ ဆွေးနွေးသွားတာတွေ ကြား လိုက်ရတဲ့အခါကျတော့ ဆရာတို့ဆွေးနွေးတဲ့ အပေါ်မှာ ဘာသွားထပ်ပြီး တွေ့လိုက်သလဲဆိုတော့ အားလုံးခြုံကြည့်လိုက်ရင် ကျွန်တော်တို့နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီနေ့ထိဆိုရင် သုံးခုရှိ သွားပါပြီ။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကလည်း သူ့အကြောင်းတရားနဲ့သူ လွတ်လပ်ရေးရရှိဖို့အတွက် ရေးဆွဲ ခဲ့တဲ့ဥပဒေပါ။ ၁၉၇၄ ခုနှစ် ဥပဒေကတော့ ကျွန်တော်တို့နိုင်ငံကို ဆိုရှယ်လစ် စနစ်နဲ့ ချီတက်မယ်ဆိုပြီးတော့ ရေးဆွဲ ခဲ့တဲ့ဥပဒေပါ။ အခု ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကတော့ လူတွေက ဆိုရှယ်လစ် စနစ်ကို မကြိုက်ကြတော့ဘူး။ လက်မခံကြတော့ဘူး။ ဒါကြောင့် ပါတီစုံဒီမိုကရေစီစနစ်နဲ့ သွားမယ် ဆိုပြီးတော့ ရေးဆွဲခဲ့ကြတာပါ။ ကျွန်တော်တို့ နိုင်ငံသမိုင်းကို ပြန်ကြည့်လိုက်တဲ့ အခါကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခုစလုံးဟာ သူ့ အကြောင်း တရားနဲ့သူ ပြည်သူတွေကနေ ပြောင်းလဲ ချင်တဲ့စိတ်တွေပေါ်လာပြီး စနစ် တစ်ခုကနေတစ်ခုကို ပြောင်းချင်တဲ့ ဆန္ဒတွေ ပေါ်လာပြီးတော့ ပြောင်းလာတဲ့ အနေအထား၊ အသစ်ရေးလိုက်ရတဲ့အနေအထားမျိုး ဖြစ်ပါ တယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေဆိုရင် (၁၅) နှစ်လောက် လက်ခံကျင့်သုံး လိုက်ရပါတယ်။ (၇၄) ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုရင်လည်းပဲ (၁၄) နှစ်လောက် လက်ခံ ကျင့်သုံးလိုက်ရပါတယ်။ အခု ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေက သုံးနှစ်တောင်မပြည့်သေးပါဘူး။ အမှန်အတိုင်း ပြောရရင်တော့ ဒီမိုကရေစီလမ်း ကြောင်းပေါ်မှာစပြီးတော့ လျှောက်လှမ်း နေစ၊ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းနေတဲ့ သုံးနှစ်မပြည့်သေးတဲ့ ကလေးတစ်ယောက်နဲ့တူ ပါတယ်။ သုံးနှစ်ဆိုတာဟာ လမ်းလျှောက်တတ်ခါစ အရွယ်ပါ။

အခုအချိန်မှာ ဒီဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်လိုက်ပြီး အသစ်ရေးလိုက်မယ်ဆိုရင် သုံးနှစ် သားလမ်းလျှောက်တတ်ခါစ ကလေးတစ်ယောက် ရဲ့ ခြေထောက်ကို ရိုက်ချိုးလိုက်သလိုများ တူသွား မလားလို့ စိုးရိမ်ပါတယ်။ စောစောကလည်း ဆရာတို့လည်း အဲဒါကို ပြောသွားပါတယ်။ ဖွဲ့စည်း ပုံ အခြေခံဥပဒေနဲ့ပတ်သက်ပြီးတော့ အဓိကက ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါတဲ့ ပြဋ္ဌာန်းချက် တွေနဲ့ ပတ်သက်ပြီးတော့ ဒီနေ့အထိ အပြည့်အဝ အနှစ်သာရပေါ်လွင်အောင် အကောင်အထည် မဖော်ရသေးဘူးလို့ပဲ ကျွန်တော် မြင်ပါတယ်။ အခုမှ လုပ်ကိုင်တုန်းအနေအထားပဲ ရှိပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အကောင်အထည်ဖော် တဲ့ အဖွဲ့အစည်းတွေအနေနဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာပါတဲ့အချက်တွေကို ပြည့်ပြည့်ဝဝနဲ့ အကောင်အထည်ဖော်မှုလည်း ဒီဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ အနှစ်သာရဟာ ပေါ်လွင်ပါ တယ်။ နိုင်ငံနဲ့ပြည်သူအတွက်လည်း အကျိုးရှိ ပါတယ်။

အဓိကကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ကြတဲ့ အဖွဲ့ အစည်းတွေအနေနဲ့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါတဲ့ ပြဋ္ဌာန်းချက်တွေကို အတိအကျ လိုက်နာ ပြီးတော့ ဆောင်ရွက်ဖို့လိုပါတယ်။ မဆန့်ကျင် မိဖို့လည်း လိုပါတယ်။ ဒါကတော့ နိုင်ငံတိုင်းကို ပြန်ကြည့်လိုက်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေအနေ အချိန်အခါအလျောက် လိုအပ်လာရင် ပြင်ရတာချည်းပါပဲ။ မပြင်ရတဲ့နိုင်ငံဆိုတာ မရှိပါဘူး။ ပြင်သင့်ရင်တော့ ပြင်ရမှာပါ။ အသစ်ရေးတယ် ဆိုတာဟာ အန္တရာယ်အလွန်ကြီးပါတယ်။ ပြင်ဆင်ခြင်းအားဖြင့် ကျွန်တော်တို့နိုင်ငံဟာ လက်ရှိလျှောက်လှမ်းနေတဲ့ ဒီမိုကရေစီလမ်း ကြောင်းပေါ်မှာ တည်တည်ငြိမ်ငြိမ်၊ အေးအေး ချမ်းချမ်းနဲ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက် သွားနိုင်မယ့် အနေအထားတွေ အများကြီး တွေ့ နေရပါတယ်။

အခုဆိုရင်လည်း ဒီခေါင်းစဉ်နဲ့ပတ်သက်ပြီး တော့ ဆရာတို့ဝိုင်းဝန်း ဆွေးနွေးခဲ့ကြတာဟာ တော်တော်လေးလည်း စုံသွားပါပြီ။ ပြည်သူတွေ အနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက် ပြီးတော့ မသိသေးတာကိုလည်းသိ၊ ဗဟုသုတတွေ လည်း တိုးပွားရရှိကြမယ်လို့ ယုံကြည်ပါတယ်။ ဒီလိုမအားလပ်တဲ့ကြားထဲက လာရောက်ပြီးတော့ ဆွေးနွေးပေးကြတဲ့ ဆရာဦးသောင်းညွှန့်၊ ဒေါက်တာမနန်တူးဂျာ၊ ဒေါက်တာအင်ဒရူးနဲ့ ဆရာဦးကျော်ဝင်းတို့ကို ကျေးဇူးအထူး တင်ရှိပါ ကြောင်း ပြောကြားလိုပါတယ်။ ။

“ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ကြတဲ့ အဖွဲ့အစည်းတွေအနေနဲ့ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်တွေကို အတိအကျ လိုက်နာပြီးတော့ ဆောင်ရွက်ဖို့ လိုပါတယ်။ မဆန့်ကျင် မိဖို့လည်း လိုပါတယ်။ ဒါကတော့ နိုင်ငံတိုင်းကို ပြန်ကြည့်လိုက်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေအနေ အချိန်အခါအလျောက် လိုအပ်လာရင် ပြင်ရတာချည်းပါပဲ။ မပြင်ရတဲ့နိုင်ငံဆိုတာ မရှိပါဘူး။ ပြင်သင့်ရင်တော့ ပြင်ရမှာပါ။”